ဥက္ကပိဋ္ဌ၊ တဆူကဝိ၊ ပညာရှိသုခမိန်ဖြစ်သော။ ဆရာဂျူဗ္ဗဝင်

ရေးသားစီရင်အပ်သောလောဂျစ်တက်ကျမ်းကို။ အမှိ

သဟဲပြု၍။ ဗုဒ္ဓဘာသာ၊ မြန်မာတိုင်းပြည်နှင့်

လျော်အောင်။ လောကီလောကုတ်။

အထူးထူးသောပြယုဂ်တို့ဖြင့် တန်းဆာဆင်၍

ဝန်ထောက်မင်း-မောင်ရွှေစံအောင်ပြုရ၊ စီရင်ရေးသား

အပ်သော

# တက္ကိကနယဒီပနီ

အမည်ရှိသောပညာရှိတို့၏

လက်စွဲ

# တက်ကျမ်း။

သက္ကရာဇ် ၁၂၇၂-ခု။ ဒုတိယဝါဆိုလအတွင်း
ပုံနှိပ်၍ပြီးသည်။

ရန်ကုန်မြို့။

၂၅-လမ်းစာဆိုတန်း။ တိုက်နံပါတ်-၄၃
ကဝိမျက်မှန်စာပုံနှိပ်တိုက်။

pdf creator - Wanna Soe

# အမှားကိုအမှန်ပြင်ချက်စာရင်း။

| စာမျက်နှာ | ကြောင်းရေ | အမှား။ | အမှန်။ |
|---|---|---|---|
| ၄ | ၅ | ဈာယဘေဒခဏ်း | ဈာယဘေဒခဏ်း။ ဌာနဘေဒခဏ်း။ |
| ၁၀ | ၃ | ၃၈၆ | ၃၈၅ |
| ၁ | ၂ | မေါတဿ .... | နမောတဿ |
| ၁၉ | ၉ | မရူမဝါ .... | ရူမဝါ |
| ၎င်း | ၂၄ | "ဈာယရိတိနယာသ | "ဈာယရိတိနယ" |
| ၂၃ | ၆ | မှကား .... | မှာကား |
| ၈၆ | ၂၈ | မပေ၊ .... | ပေါ |
| ၉၈ | ၈ | သာဓယျ .... | သာဓေျ |
| ၎င်း | ၉ | ဝိဓယျ .... | ဝိဓေျ |
| ၁၀၀ | ၂၄ | ပဋိညာတမျိုး .... | ပဋိညာမျိုး |
| ၁၀၂ | ၂ | ဗျဒ္ဒက .... | ပဋိညာ |
| ၁၀၅ | ၁ | ပဋိညာ ... | ပဋိညာ |
| ၎င်း | ၁၈ | မနှံ့သော .... | မကုန်သော |
| ၁၁၄ | ၂၆ | ညီး .... | ထည်း |
| ၁၃၈ | ၁၇ | "အသော .... | သော |
| ၎င်း | ၁၈ | လျှင်ချို .... | လျှင်"အချို။ |
| ၁၅၆ | ၁၁ | အဘိဓာန်မဟုတ် | အဘိဓာန်မဟုတ် |
| | | ဆန်း ဆန်းမဟုတ် | ဆန်း ဆန်းမဟုတ် |

# အမှားကိုအမှန်ပြင်ချက်စာရင်း။

| စာမျက်နှာ | ကြောင်းရေ | အမှား။ | အမှန်။ |
|---|---|---|---|
| ၁၇၄ | ၂၇ | ဖြင့်ရှင်း .... | ဖြင့်သော်ရှင်း |
| ၂၁၀ | ၂၅ | တို့ကြောင့် "ဂ" ဟူသမျှ "ခ" မဟုတ်။ ။ | ထိုကြောင့် "ဂ" ဟူသမျှ "က" မဟုတ်။ ။ |
| ၂၂၆ | ၃ | ချွာ"ယ .... | ချွာယ" |
| ၂၄၁ | ၁၁ | မဆတ်သော .... | မစစ်သော |
| ၂၅၇ | ၁ | ၅၇၂ .... | ၂၅၇ |
| ၂၆၁ | ၂၅ | သချွာယဒေါသ | သရချွာယဒေါသ |
| ၂၇၆ | ၁၇ | သေးသလော .... | လေသလော |
| ၂၈၇ | ၁၁ | တပေတွင် .... | တပေ၌ |
| ၃၀၃ | ၂၆ | ဆလ .... | ဆရာ |
| ၃၁၂ | ၄ | $\frac{က+ခ}{က+ခ}$ | $\frac{က+ခ}{က\times ခ}$ |
| ၃၁၉ | ၃ | $\frac{၁}{မ}\times\frac{၁}{န}-၁$ | $\frac{၁}{မ}+\frac{၁}{န}-၁$ |
| ၃၁၉ | ၁၄ | ×၃ပိုင်း၁ပိုင်း= | +၃ပိုင်း၁ပိုင်း-၁= |
| ၃၂၆ | ၁၉ | တွင် ဗ် .... | တွင်ဖြစ် |
| ၃၂၉ | ၂၀ | ကျ င .... | ကျင် |
| ၃၃၆ | ၄ | ၃၀×၃၀×၃၀ | ၃၀×၃၀+၃၀ |
| ၃၇၁ | ၁၃ | ရေတက် .... | ရေထက် |
| ၃၈၄ | ၃ | ရင်းချုပ်၏ .... | ၍ချုပ်၏ |

# အမှားကိုအံမှန်ပြင်ချက်စာရင်း။

| စာမျက်နှာ | ကြောင်းရေ | အမှား။ | အမှန်။ |
|---|---|---|---|
| ၃၈၇ | ၆ | အသီးအခြာ .... | အသီးအခြား |
| ၃၉၁ | ၁၁ | သူတပါးစကား | သူတပါးအား |
| ၃၉၂ | ၁၁ | ပြော်ခဲ့တတ်ရမဥ | ပြောဆိုတတ်မည် |
| ၃၉၃ | ၁၇ | မှားကဲ့သို .... | မှားသကဲ့သို့ |
| ၎င်း | ၎င်း | မှားသခဲ၏။ ... | မှားခဲ၏ |
| ၃၉၅ | ၃ | ပုံသဏ္ဍာန်ပြော | ပုံသဏ္ဍာန်ကိုပြော |
| ၄၀၈ | ၂၄ | အသဟာသာယ | အသတသာဟ |

## နိဒါန်း။

---

တက္ကဟူသည့်ကားဆင်ခြေသဘောတခုမှဖြစ်စေ၊ အများမှဖြစ်စေ၊တပါးသောဆုံးဖြတ်ချက်တခုကိုကြံခြင်းတည်း။ ထိုတက္ကသည် ရုတ်တရက်ဇာဝနညာဏ်ဖြင့် ကြားသဘောမရှိဘဲ၊ လျှင်မြန်စွာကြံခြင်းဟုဆိုအပ်သောအနန္တရိကတက္က၊ အာဝဇ္ဇနညာဏ်ဖြင့် ကြားသဘော အားဖြင့် ကြံခြင်းဟုဆိုအပ်သော အနန္တရိကတက္က ဟူ၍နှစ်ပါးပြား၏။ ။ထိုတွင်အနန္တရိကတက္ကသည်အရာကျယ်သော သဘောမှ၊ အရာကျဉ်းသော သဘောကိုကြံခြင်းဟုဆိုအပ်သော သာမည-ဝိသေသတက္ကလည်းတပါး၊ ဖြန့်သောအားဖြင့်အရာကျဉ်းသော သဘောမှ၊ အရာကျယ်သောသဘောကိုကြံခြင်းဟု ဆိုအပ်သော ဝိသေသ-သာမညတက္ကလည်း တပါးဟူ၍နှစ်ပါးပြားပြန်၏။ ။ထိုနည်းအတူ၊ အနန္တရိကတက္ကလည်း နှစ်ပါးပြားသင့် သည့်သာလျှင်ကတည်း။

တနည်း၊ တက္ကသည်အချုပ်သဘောတည်းဟူသော သာမညဓမ္မမှ၊အကျယ်သဘောတည်းဟူသောဝိသေသဓမ္မကိုကြံခြင်းဟုဆိုအပ်သောသာမည-ဝိသေသတက္ကလည်းတပါး၊ အကျယ်သဘောဝိသေသဓမ္မမှ၊ အချုပ်သဘော သာမညကိုကြံခြင်းဟုဆိုအပ်သော ဝိသေသ-သာမညတက္ကလည်းတပါး၊ဝိသေသဓမ္မမှ၊ဝိသေသဓမ္မကိုကြံခြင်းဟုဆိုအပ်သောဝိသေသ-ဝိသေသတက္ကလည်းတပါး၊ဤသို့သုံးပါးပြား၏။ ။ထိုတွင်၊ သာမည-ဝိသေသတက္ကသည်အနန္တရိကတက္က၊အနန္တရိကတက္ကဟူ၍ပြား၏၊ထိုတွင်အနန္တရိကတက္ကလည်းဈာယရုပ်ဖြင့် ကြံခြင်းဟုဆိုအပ်သောဈာယိကတက္က၊ ဈာယ...ပ်မပါဘဲ ကြံခြင်းဟုဆိုအပ်သောအဈာယိကတက္ကဟူ၍ပြားပြန်၏။ ဤအဈာယိကတက္ကမှာတွက်ချက်ခြင်း ပညာတို့နှင့် သက်ဆိုင်သော သင်္ချာတက္ကစသည်တို့တည်း။

အနန္တရိကတက္ကမှာအပြန်အလှန်ကြံခြင်းဟုဆိုအပ်သော ပရိယာယတက္ကအမျိုးမျိုးနှင့်ဝိရုဒ္ဓတ္တတက္ကစသည်တို့တည်း၊ ဝိသေသ–သာမညတက္ကလည်း အန္တရိက၊ အနန္တရိကဟု ပြားသင့်၏။ ။ထိုမှတပါးလည်း။အနုမာနဉာဏ်ဖြင့် တွေး ၍ကြံခြင်းဟုဆိုအပ်သောပရိကပ္ပနတက္က။တနည်း။အနေက ကတက္က။ဥပမာအားဖြင့်ကြံခြင်းဟုဆိုအပ်သော ဥပမာတ ဓာတ်ခွဲခြင်းနှင့် သက်ဆိုင်သော ဓာတုတက္က၊ နှိုင်းရှည့်ခြ တွက်ချက်ခြင်းစသည်တို့ဖြင့်ကြံခြင်းဟု ဆိုအပ်သော ပရိ နတက္က။ပမာဏတက္က။သင်္ချာတက္ကစသည်ဖြင့်ရှိသေး၏။

ပရိကပ္ပနတက္ကဖြင့်တွေးဆ၍ ကြံအပ်သော အချုပ်ဖြစ် ဖြစ်သောပရိကပ္ပနသဘောတခုမှ၊ ချာယရုပ်ဖြင့် တပါးသေ အကျယ်ဖြစ်၍ ဖြစ်သော ပရိကပ္ပန သဘောတခုကို ကြံ သော်။သာမည–ဝိသေသတက္ကနှင့်အကျုံးဝင်သော ပရိကပ္ပ စနသချာယိကတက္ကဖြစ်၏။

ဝိသေသ–ဝိသေသတက္ကနှင့်သဘောတခုမှ မိမိထက်အရ ကျဉ်း၊မကျယ်သောသဘောတခုကိုကြံ၏။

ဤသို့အထူးထူးအပြားပြားသောတက္ကမျိုးတို့ကို။ ကြံနည် နှင့်တကွ။ ပြရပြကြောင်း ဖြစ်သော ဤတက္ကကနယဒီပနီ မည်ရှိသောကျမ်းသစ်ကိုမိတ်ဆွေများ တောင်းပန်အပ်သ နှင့်ဝန်ထောက်မင်း မောင်ရွှေစံအောင်ရေးသားစီရင်၍ ပည ရှိတို့ မှီဝဲ သုံးဆောင် ခြင်းငှာ ကဝိမျက်မှန် စာပုံ နှိပ်တိုက် ကောင်းစွာသိုက်မြိုက်ပုံရိုက်ပါသတည်း။

# တက်ကျမ်းမာတိကာ။

## တက္ကအမျိုးမျိုးကိုပြသောနိဒါန်း။


ပထမကဏ္ဍ။

ကျမ်း၏အကျိုးနှင့်တက္က ပိဋကတ္တဆေးပါးကို ပြရာ၊ ပြကြောင်းဖြစ်သော သပ္ပယောဇန ပိဋကတ္တခဏ်း။ စာမျက်နှာနံပါတ်–၁–က–၅–ထိ။

ဒုတိယကဏ္ဍ။

ကျမ်းနက်တည်းဟူသောဂန္ထာဘိဓေယျခဏ်း။ စာမျက်နှာနံပါတ်–၆–က–၉–ထိ။

တတိယကဏ္ဍ။

ကျမ်း၏ပရိစ္ဆေဒတ္တယခဏ်း။ စာမျက်နှာနံပါတ်–၉–က–၁၉–ထိ။

စတုတ္ထကဏ္ဍ။

ပုဒ်၏အပြား–ပဒဘေဒခဏ်း။ စာမျက်နှာနံပါတ်–၂၀–က–၄၄–ထိ။

ပဉ္စမကဏ္ဍ။

ပုဒ်နက်လျှည်းပါးခြင်း–ပဒတ္ထသသံသယခဏ်း။ စာမျက်နှာနံပါတ်–၄၅–က–၅၄–ထိ။

ဆဋ္ဌကဏ္ဍ။

သကတ်၊ ခြွမ်ခွဲခြင်း–သကတ္တဒွေတ္တခဏ်း။ စာမျက်နှာနံပါတ်–၅၅–က–၆၉–ထိ။

သတ္တမကဏ္ဍ။

ဝေါဟာရဘာသာဝုမ္မိခဏ်း။ စာမျက်နှာနံပါတ်–၇၀–က–၇၄–ထိ။

အဋ္ဌမကဏ္ဍ။

သိခြင်း အင်္ဂါလေးတန်-သဒ္ဒတ္တ ဗုဒ္ဓိခဏ်း။ စာမျက်နှာနံပါတ်-၇၅-က-၈၀-ထိ။

နဝမကဏ္ဍ။

ဝါကျ၊ပဋိညာဝိသေသခဏ်း။စာမျက်နှာနံပါတ်-၈၁-က-၉၄-ထိ။

ဒသမကဏ္ဍ။

ပဋိညာအပြား-ပဋိညာဘေဒခဏ်း။ စာမျက်နှာနံပါတ်-၉၅-က-၁၁၃-ထိ။

ဧကာဒသမကဏ္ဍ။

သမ္ဗန္ဓတ္တဝိဘာခဏ်း။ စာမျက်နှာနံပါတ်-၁၁၄-က-၁၂၁ ထိ။

ဒွါဒသမကဏ္ဍ။

ပဋိညာပဏ္ဍတ္တခဏ်း။စာမျက်နှာနံပါတ်-၁၂၂-က-၁၃၄ ထိ။

တေရသမကဏ္ဍ။

-ပဋိညာဝိကာရနှင့် အနန္တရိက တက္ကခဏ်း။ စာမျက်နှာနံပါတ်-၁၃၅-က-၁၄၃-ထိ။

စုဒ္ဒသမကဏ္ဍ။

ဝါစက်ထိုက်သောပဒခဏ်း။ တက္ကိကဘေဒခဏ်း။တက္ကိကဝစနတ်ခဏ်း။စာမျက်နှာနံပါတ်-၁၄၄-က-၁၆၇-ထိ။

ပန္နရသမကဏ္ဍ။

တက္ကနယခဏ်း၊စာမျက်နှာနံပါတ်-၁၆၈-က-၁၇၅-ထိ။

သောဠသမကဏ္ဍ။

တက္ကဓမ္မခဏ်း။ဥာယဓမ္မခဏ်း။ စာမျက်နှာနံပါတ်-၁၇၆-က-၁၈၉-ထိ။

သတ္တရသမကဏ္ဍ။

ချာယောပဒေသခဏ်း။ ဌာနဘေဒခဏ်း။ စာမျက်နှာနံပါတ်-၁၉၀-က-၂၀၁-ထိ။

အဋ္ဌာရသမကဏ္ဍ။

ချာယဘေဒခဏ်း။ စာမျက်နှာနံပါတ်-၂၀၂-က-၂၁၄-ထိ။

ဧကူနဝီသတိမကဏ္ဍ။

ဌာနဝိပရိယာယခဏ်း။ စာမျက်နှာနံပါတ်-၂၁၅-က-၂၂၄-ထိ။

ဝီသတိမကဏ္ဍ။

ဝိသမရူပချာယခဏ်း။ချာယဆန်း။မိဿကချာယခဏ်း။ ချာယစပ်။စာမျက်နှာနံပါတ်-၂၂၅-က-၂၃၆-ထိ။

ဧကဝီသတိမကဏ္ဍ။

လက္ခဏတဏ္ဍ-ချာယခဏ်း။ စာမျက်နှာနံပါတ်-၂၃၇-က ၂၅၃-ထိ။

ဗါဝီသတိမကဏ္ဍ။

တက္ကိကဒေါသခဏ်း။ စာမျက်နှာ နံပါတ်-၂၅၄-က်-၂၆၂-ထိ။

တေဝီသတိမကဏ္ဍ။

ညာယဝိရောဓိဒေါသခဏ်း။ စာမျက်နှာနံပါတ်-၂၆၃-က ၂၉၉-ထိ။

စတုဝီသတိမကဏ္ဍ။

ဝါစကပဒသချာခဏ်း။ စာမျက်နှာနံပါတ်-၃၀၀-က-၃၀၅-ထိ။

ပဉ္စဝီသတိမကဏ္ဍ။

ပရိကပ္ပနဝစနတက္က။ တနည်း။အနေကဿိကတက္ကခဏ်း။ စာမျက်နှာနံပါတ်-၃၀၆-က-၃၂၂-ထိ။

ဆဗ္ဗ ိသတိမကာတ္ထာ။

နယခဏ်း။စာမျက်နှာနံပါတ်-၃၂၃-က-၃၂၇-ထိ။

သဗ္ဗာ ဝိသတိမကာတ္ထာ။

ဝိသေသ-သာမညတက္ကခဏ်း။စာမျက်နှာနံပါတ်-၃၂၊ က-၃၃၃-ထိ။

အဋ္ဌဝိသတိမကာတ္ထာ။

ပမာဏတက္ကခဏ်း။သင်္ချာတက္ကခဏ်း။ ဥပမာတက္ကခဏ်း စာမျက်နှာနံပါတ်-၃၃၄-က-၃၃၉-ထိ။

ဧကူနတိံသမကာတ္ထာ။

ဗဟုသသုတ၏ ဒသသန၊တနည်း၊ ဒွိဋ္ဌအင်္ဂါနှင့်ဖုသန၊ ဧ နည်း။ ဖုဋ္ဌအင်္ဂါခဏ်း။ စာမျက်နှာနံပါတ်-၃၄၀-က-၃၄ ထိ။

တိံသမကာတ္ထာ။

ဝိသေသ-သာမညတက္ကနယခဏ်း။ စာမျက်နှာနံပါတ် ၃၄၉-က-၃၆၀-ထိ။

ဧကတိံသမကာတ္ထာ။

ပရိမာနသင်္ချာနယခဏ်း။ စာမျက်နှာ နံပါတ်-၃၆၁-က- ၃၆၆-ထိ။

ဗာတ္တိံသမကာတ္ထာ။

ဝေါမိဿကတက္ကနယခဏ်း။ စာမျက်နှာနံပါတ်-၃၆၇- က-၃၇၂-ထိ။

တေတ္တိံသမကာတ္ထာ။

သဒ္ဒါရုဓမ္မခဏ်း။အကြောင်းယုတ္တိခဏ်း။အကျိုးပေးခွင့်မရ သော အကြောင်းအပါကကမ္မခဏ်း။အတွေး-ပရိကပ္ပနဝစန- ပရိကပ္ပန တက္ကခဏ်း။ အယူဝါဒခဏ်း။ စာမျက်နှာနံပါတ်- ၃၇၃-က-၃၈၄-ထိ။

စတုတ္ထံ သမကဏ္ဍ။

ဓာတိဘေဒကရဏာနုယာခဏ်း။ဓာတိတက္ကခဏ်း။သကမ္မနိဒ္ဓါရဏာခဏ်း။စာမျက်နှာနံပါတ်-၃၇၆-က-၃၉၀-ထိ။

ပဉ္စမံ သမကဏ္ဍ။

ပရမတ္ထ-ပညတ္တိခဏ်း။ စာမျက်နှာနံပါတ်-၃၉၁-က-၃၉၉-ထိ။

ဆဋ္ဌံ သတိမကဏ္ဍ။

ဝိသေသ-သာမညတက္ကဒေါသခဏ်း။စာမျက်နှာနံပါတ်-၄၀၀-က-၄၀၃-ထိ။



## တက္ကိကနယဒီပနီကျမ်းသစ်။

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဌမကဏ္ဍ။

ကျမ်း၏အကျိုးနှင့်တကွ။လေးပါးသောပိဏ္ဍတ္ထကိုပြရာ ပြကြောင်းဖြစ်သောသပ္ပယောဇနပိဏ္ဍတ္ထခဏ်း။

သဗ္ဗတရားကို သိတော်မူထသော မှန်သော စကားကိုလည်း ဆိုတော် မူတတ်ထသော မြတ်စွာ ဘုရား ကိုလည်း ကောင်း။မှန်သောတရားတော်မြတ်ကိုလည်းကောင်း။မှန်သော တရားတော်နှင့်အညီကျင့်တော် မူကြသော အရိယာ သင်္ဃာ။ သမ္မုတိသင်္ဃာတော်မြတ်တို့ကိုလည်းကောင်း။အကျွန်ုပ်သည် လက်စုံမိုး၍။ရှိခိုးပါ၏။ရှိခိုးပြီး၍။ဂန္ထပ္ပယောဇနတည်းဟူသော ကျမ်း၏အကျိုးနှင့်တကွ။ ဂန္ထပ္ပကာရတည်းဟူသောကျမ်းပြု ခြင်း၏အစီအရင်။ဂန္ထာဘိဓာနတည်းဟူသောကျမ်း၏အမည် ကိုပြပေအံ့။

ကလေး သူငယ် တို့သည်။ မီးကို တကြိမ် ကိုင်ဘူးလျှင်။ နောက်ထပ်၍မီးကိုကိုင်ခဲ၏။အဘယ်ကြောင့်ဆိုသော်။ ယခင် မီးနှင့်နောက်မီးကို။ နှိုင်းရှည့်၍ စင်းစားဆင်ခြင် ပြီးလျှင်။ ဤ နောက်မီးလည်းရှေ့မီးကဲ့သို့ပင် လောင်တတ်သော သဘောရှိ ၏ဟူ၍။မိမိ၏အသိဉာဏ်၌ဖြစ်ပေါ်လာသောကြောင့်တည်း။ ။ စကားပြောတတ်သည်မှစ၍။လုံတိုင်းပင်ဤကလေးသူငယ်ကဲ့

သို့၊ တူသောအကြောင်းရှိလျှင်။ တူသောအကျိုးဖြစ်ပေါ်
မည်ဟူ၍။ ဧဝံဓမ္မတာနည်းဖြင့်။ အလိုအလျောက်ကြံဆ
သောကြောင့်။ တက္ကိ ပုဂ္ဂိုလ်ချည်း ဖြစ်ကြပေ၏။ (တက္က
အသသတ္တိတဒ္ဓိတ်။ ဤပစ္စည်း)။ တက္ကိပုဂ္ဂိုလ်ချည်းဖြစ်ကြလျှ
တက္ကကျမ်းကိုသင်ကြားတတ်မြောက်ရန်လိုကြသေးသ
ဟူငြားအံ့။လို၏။ အဘယ်ကြောင့်ဆိုသော်။ လူတိုင်းပင်မိမိ
၏ဘာသာဝေါဟာရကို ပြောဆိုတတ်ကြသော်လည်း။ သ
ကျမ်းကိုသင်ကြားတတ်မြောက်မရှိက။ မှန်မှန်ကန်ကန်အ
မပြုနိုင်သကဲ့သို့လည်းကောင်း။ တနည်း။ လူတိုင်းပင်ပကတိ
သဘောအားဖြင့်။ ချန်သွားနိုင်ကြသော်လည်း။ ကျွမ်းအတ
ကိုဆရာကောင်းထံနည်းနာခံ၍။ သင်ကြားမှုသာလျှင်။ ကျွ
သွားကောင်း ဖြစ်နိုင်သကဲ့သို့လည်းကောင်းမှတ်ရာ၏။ ကြ
သောအတတ်တို့၌လည်းဤနည်းတူပင်ဖြစ်၏။

တက္ကိပုဂ္ဂိုလ် အမျိုးမျိုး အစားစား ရှိကြရာတွင်။ အ
သည်အမှားကို အမှန်ကြံတတ်၏။ အချို့ကားအမှန်ကိုအမှာ
ကြံတတ်၏။ ဤသို့နှစ်ဌာနနှစ်ခွအကြံ လွဲသူတို့ကို။ တက္ကခွန်းပ
၍မှတ်အပ်၏။ "တက္ကခွန်း" ကို "တက္က+ခွန္ဒ" ဟူ၍ပုဒ်ဖြတ်။
ရာ်တွင်သိရောမဏိစသောတက္ကကျမ်းတို့ကို။ သင်ကြားတတ်
မြောက်သော သူတို့သည်။ တက္ကိကဆရာမည်၏၊ ။ ("အ
တေ, အနက်၌။ "ဏ္ဍက" ပစ္စည်း)။

သမ္ဗုဒ္ဓစိန္တာဆရာ။ မဟာသံဃာရက္ခိတ မထေရ်မြတ်သည်
မိမိစီရင်အပ်သောသုဗောဓာလင်္ကာရကျမ်း၏တတိယပိုင်းအ
ဆုံး၌။ သဒ္ဒါ။ အဘိဓာန်။ ဆန်း။ အလင်္ကာ။ ဤလေးကျမ်းကိုတတ်
မြောက်လျှင်။ ကျမ်းမပြုသော်လည်း။ ကျမ်းတတ်ကဝိပညာရှိ
ဟူ၍သမုတ်ရေတွက်အပ်ကြောင်းနှင့်။ နောက်သားနောင်လာ
တို့အား။ ၎င်းလေးကျမ်းကို သင်ကြားလေ့လာစေရန်။ တိုက်
တွန်းနှိုးဆော် လေသည်ကို ထောက်လျှင်။ တက္ကကျမ်းကိုမ
သင်ကြားနှင့်ဟူ၍။ ထားဆီး ဖိတ်ပင်ရာ မရောက်ပါလောဟု

ပြွားအုံ။ရောက်သည်မထင်။ အဘယ်ကြောင့်ဆိုသော်။ တက္ကကျမ်းနှင့်လည်း သက်ဆိုင်သောပုဒ်တို့၏သကတ်။ ဒြဗ်အနက်တို့ကို။ သဒ္ဒါငယ်တို့၌ များစွာပြကြသဖြင့်။ ပိဋကတ်သမိုင်း၌။မိုင်းခိုင်းမြို့စားသည် တက်ကျမ်းကိုသဒ္ဒါဗျာကရဏ်းကျမ်းတွင်သွင်း၍။ သင်္ဂြိုဟ်ရေတွက်အပ်ပြီ။ ထိုကြောင့် သာလျှင်။ သက္ကတဘာသာမှ။ ကလာပ်အက္ခရာဖြင့်ရေးသားအပ်သော။ တက္ကိုကသိရောမဏိကျမ်းကိုလည်း။ ရန်ကုန်မြို့ အစိုးရသိပ္ပံကျောင်းကြီးအနီး။ ဗားနန့်ပိဋကတ်တိုက်၌။ သဒ္ဒါကျမ်းအမျိုးမျိုးနှင့်ရော၍ထားရှိ၏။ (လူတို့၏အထွတ်အထိပ်ဦးခေါင်း၌ပန်ဆင်အပ်သော အဘိုးအနဂ္ဃထိုက်တန်သော ကျောက်မြတ်ရတနာနှင့်တူသောကြောင့်။၎င်းကျမ်းကို။ "သိရောမဏိ"ဟူ၍ခေါ်တွင်၏)။

တက္ကကျမ်းသည်။ သဒ္ဒါကျမ်းနှင့် အလင်္ကာကျမ်းကြား၌။ တက္ကိုကဆရာတို့လေ့လာသင်ကြားအပ်သောကျမ်းဖြစ်၏။ ထိုကြောင့်သဒ္ဒါငယ်ဆရာတို့သည်။ပုဒ်၏သကတ်၊ ဒြဗ်၊အနက်တို့ကိုခွဲခြား၍ပြ၏၊ အလင်္ကာဆရာလည်း။ တက္ကိုကဒေါသအချို့အဝက်ကိုပြ၏။ ။သို့ရာတွင်။ သဒ္ဒါကျမ်းနှင့်အလင်္ကာကျမ်းကိုတတ်မြောက်ရုံနှင့်မလုံလောက်သေး။ တက်ကျမ်းကိုလည်းတတ်မြောက်ပါမှ။ မှန်မှန်ကန်ကန် စင်းစားဆင်ခြင် တတ်၍။ အသိအလိမ္မာဉာဏ်ပညာတိုးပွားချေမည်။ တက်ကျမ်းသည် ဉာဏဗလကိုတိုးပွားစေ၏။

ကာယဗလ။ဉာဏဗလ။ နှစ်ဌာနရှိသည်တွင်။ လူတို့သည် ကာယဗလ၌။ဆင်တိရစ္ဆာန်ကိုမမှီနိုင်ကြသော်လည်း။ဉာဏဗလတည်းဟူသောလူတို့၏အားဖြင့်။ နှိပ်ကွပ်ဆုံးမသောအခါ။ အားခွန်ဗလ။ ကြီးမား လှစွာသော ဆင်သတ္တဝါ ကြီးတို့ပင် ယဉ်ကျေးလိမ္မာ၍။ စေခိုင်းခြင်းအမှု၌ အသုံးဝင်၏။ သို့ဖြစ်၍ ဉာဏဗလကို ကြီးကျယ်စွာ ဖြစ်ထွန်းစေတတ်သော တက်

ကျမ်းသည်။လူအပေါင်းတို့အား။အကျိုးကျေးဇူးများကြောင်း ကိုသိအပ်၏။

တက်ကျမ်းကို တတ်မြောက်လျှင်။ မိစ္ဆာဉာဏ် ပျောက် လျက်။ ဟုတ်မှန်တိုင်းသဘောသို့သက်၍။ စကားအိရာအင်္ဂါ လေးတန်တွင်။ သစ္စာအင်္ဂါနှင့်ပြည့်စုံသဖြင့်။ တိတ္ထိတက္ကဒွန်းတို့ ၏အယူဝါဒကို။သုတ်သင်ရှင်းလင်းနိုင်သည့်ပြင်။လောကာယ တိက်ကျမ်းတတ်စကားကတ် ပြောလေ့ရှိသော ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့၏။ စကားသွင်း။ စကားတင်း။ စကားမွေ။ စကား ထွေ။စကားနှော်။ စကားချော်။စကားနှိပ်။ စကားချိတ်။စကား လှယ်။စကားဖယ်။ စကားမြူ။စကားချူ။စကားပေါ့။ စကား လျော့။စကားခေါ်။စကားချော်။စကားရှက်။စကားဖက်။စကား လှိုင်း။စကားဝိုင်း။စကားလှန်။စကားဖန်စသည်တို့ဖြင့်။ဆင်ခြေ တက်ခြင်း။ ဆင်ခြေကန်ခြင်း။ ဆင်ခြေလှန်ခြင်းတို့ကိုပြုသော ရန်သူတို့ကိုတွန်းလှန်ဖြိုဖျက်အောင်မြင်ခြင်းငှာ တတ်စွမ်းနိုင် ၏။ ။မြန်မာပြည်တွင်နေလတဆုကဲ့သို့ထင်ရှားသောဘင်္ဂလား ဆရာတော်ဘုရားကြီးထံ။ ကျွန်ုပ်တို့ဝင်ရောက်ချောက်ထား မေးမြန်းစုံစမ်းကာလ။ ပညာရှိတို့၏ခံတွင်းကို တန်းဆာဆင် တော်သောဝိဒဂ္ဂမုခမဏ္ဍနီမည်သောဝိဒဂ်ကျမ်းကားရှိ၏။၎င်း ဝိဒဂ်ကျမ်းသည် အကျိုးမများကြောင်းကိုသာ ပြောပြတော်မူ ၏။ဝိဒဂ်ဒဏ္ဍီကျမ်းစသည်ကို ကြားဘူးသော သူအချို့လည်း ဤဝိဒဂ်ကျမ်းနှင့်။ ဝိတက်ကျမ်းကို လျဉ်းပါးသကဲ့သို့ ရှိကြ ၏။သို့ရာတွင် တက်ကျမ်းသည်။ ဝိဒဂ်ကျမ်းမှ ထူးသည်ကို။ ပိဋကတ် သုံးပုံစာတမ်းတွင် ကြည့်၍ သိအပ်၏။ ထိုမှတပါး လည်းဤကျမ်း၏အပြီး၌ နောက်ဆက်တွဲတွင် တက်ကျမ်းဆ ရာတို့၏ စာရင်းကိုမြင်၍သိအပ်၏။ ရှေးအခါကဤမျှလောက် တက်ကျမ်းကို လေ့လာသင်ကြားကြ လေသော်လည်း။ ယခု အခါ ဗုဒ္ဓဘာသာဝင် ရှင်လူရဟန်းတို့သည် တက်ကျမ်းကို မလေ့လာကြခြင်း အကြောင်းမှာ။ သုဗောဓ လက်ာရကျမ်း

ကိုကဲ့သို့ မဂဓဘာသာသို့ ပြန်မည့်သူ မရှိလေ ခြင်းကြောင့် တည်းဟူ၍ယူရမည်။မြတ်စွာဘုရား၏အလိုတော်မကျ၍ပယ်သည်ဟူ၍ မမှတ်အပ်။ ။အဘယ်ကြောင့် ဆိုသော်။ ရှင်ဓမ္မကိတ္တိပြုသော တက္ကနူသယကျမ်း၏ဋီကာဖြစ်သော ဝါဒနျာယဗျာချာကျမ်းကိုပြုသောရှင်ဝိနိတဒေဝသည် မိမိ၏ကျမ်းဦးပဏာမ၌ တက္ကိကဆရာ တကာတို့တွင် အလိုလိုတတ်၍ အမြတ်ဆုံးဖြစ်တော်မူသောဗုဒ္ဓမြတ်စွာဘုရားကိုရှိခိုးပြီး၍ ဤဋီကာကျမ်းကိုရေးသားစီရင်ပေအံ့ဟုဒါရှိ၏။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်နောက်။သာသနာသက္ကရာဇ်၂၀၀ ခု လောက်တွင် အလွန် ကျော် စောကိတ္တိရှိသောယောနကတိုင်းသားဂရိက်လူမျိုး။ အရိသတောတိလ အမည်ရှိသော ဆရာကြီး တဦးသည်။ မဇ္ဈိမတိုင်း၌ရှိသောတက်ကျမ်းကို။ ကောင်းစွာတတ်မြောက်လေသည့်လက္ခဏာရှိ၏။ အဘယ်ကြောင့်ဆိုသော်။ ၎င်းဆရာကြီးသည်။မိမိ၏ဂရိက်ဘာသာဖြင့်။ တက်ကျမ်းတစောင်ကို ရှေးဦးစွာပြုရလေသည်။ ၎င်းကျမ်းကိုယခုထက်တိုင် သိုးဆောင်းလူမျိုးတို့အမှီသဟဲပြု၍။မိမိတို့၏ဘာသာအသီးအသီးဖြင့် တက်ကျမ်းကိုရေးသားစီရင်ကြလေ၏။တက်ကျမ်းကို အင်္ဂလိပ်ဘာသာ၌လောဂျိက်ဟူ၍ခေါ်၏။ထိုသို့ခေါ်ရခြင်းစကားရင်းမှာ။ ဂရိက်ဘာသာ၌။ လော ဂေါသ် ဟူသော သဒ္ဒါသည်။ စကား ဟူသောအနက်၌ဖြစ်၏။ သို့ဖြစ်၍ထိုကျမ်းကို။ စကားအရာလိမ်မာရေးခြားရှိစေသောကြောင့်။ စကားတတ်ကျမ်းဟူ၍ဆိုလို၏။ ။စကားကတတ်ကျမ်းကိုပါဠိဘာသာမှာ။လောကာယတိကကျမ်းဟူ၍ ခေါ်ဝေါ်သောကြောင့်။ ၎င်းသဒ္ဒါနှစ်ခုသည်နီးစပ်သည်ထင်၏။

ဤသိုးဆောင်းလောဂျိက်ခေါ်။ တက်ကျမ်းမှ။ ဗုဒ္ဓဘာသာတရားတော်နှင့် လျော်စွာ ထုတ်နုတ်၍။ ဤတက္ကိကနယ ဒီပနီကျမ်းသစ်ကို၊မြန်မာဘာသာဖြင့်ရေးသားပေအံ့။

## ဒုတိယကဏ္ဍ။

### ကျမ်း၏အနက်ဟူသောဂန္ထာဘိဓေယျခေါင်း။

ပဌမကဏ္ဍ၌ငါးပါးသောပိဏ္ဍတ္ထတို့တွင်။ ရတနာသုံးပါးကိုရှိခိုးခြင်းဟူသော ရတနတ္တယပဏာမ။ ကျမ်းပြုခြင်း၏ အခြင်းအရာဟူသောဂန္ထပ္ပကာရ။ ကျမ်း၏အမည်ဟူသောဂန္ထာဘိဓာန။ ကျမ်းပြုခြင်း၏အကျိုးဟူသော ဂန္ထပ္ပယောဇနတို့ကို ပြပြီး၍။ ယခုအခါကျမ်း၏အနက်ဟူသောဂန္ထာဘိဓေယျကိုပြပေအံ့။

'တက္ကကျမ်း,ဟူသည်ကား။ သိအပ်ပြီးသော တရားတို့ကို အခြေပါဒပြု၍။ တနည်း။ သိအပ်ပြီးသောတရားတို့မှ။ ယုတ္တိအသင့်အား လျော်စွာ ကြံရာ၌ အခြေပါဒပြုအပ်၊ ပြုထိုက်သော တက္ကနိယာမ ဓမ္မတို့နှင့်အညီ၊ ပညိန္ဒြေ စေတသိက် ဟူသော ဉာဏ်ဖြင့်၊ မသိမမြင်သေးသည့်ကိုကြံ၍။ မှန်ကန်စွာပြောဆိုစေနိုင်သောအတတ်ပညာပေတည်း။

တက္ကနိယာမဓမ္မတို့ကို အပြားအားဖြင့် ထိုးထွင်း၍သိစေတတ်သောကြောင့် တက္ကကျမ်းသည်ပညာမည်၏။ ၎င်းဓမ္မတို့ကိုအပြားအားဖြင့် ထိုးထွင်းသိပြီး၍။ မှန်ကန်စွာ စကားပြောဆိုစေတတ်သောကြောင့်သိပ္ပလည်းမည်၏။ ဤသို့တက္ကကျမ်းတကျမ်းတည်းကိုပင် သိပ္ပနှင့်ပညာဟူ၍သိုးဆောင်းဆရာတို့ခွဲခြား၍မှတ်သားကြ၏။

'တက္ကနိယာမဓမ္မ,*ဟူသည်ကား။ ကြံရာ၌ မဖောက်မပြန်မှန်သောတရားဖြစ်၍။ အကြံမမှားစေခြင်းငှါ ကြံသောတက္ကိပုဂ္ဂိုလ်တို့အမြဲလိုက်နာအပ်သော သဘောတရားဟူလိုသည်။ ၎င်းသဘောတရားတို့သည် ကြံသောသူ၏အလိုသို့လိုက်၍ မဖြစ်ကြကုန်။ ဥပမာ။ ဝတ္ထုနှစ်ခုကိုတတိယဝတ္ထုတခုနှင့်နှိုင်း

---

*တက္ကနိယမဓမ္မတို့ကိုသတ္တမကဏ္ဍ၌ပြလတ္တံ့။

ရှည့်သော်။ ၎င်းတတိယဝတ္ထုနှင့် အသီးသီးတူကြလျှင်။ ထို ဝတ္ထုနှစ်ခုအချင်းချင်းလည်းတူ၏ဟူသော တက္ကနိယမခမ္ဘကို မည်သူတစုံတယောက်မျှကျူးလွန်၍မကြံနိုင်၊ မကြံကောင်း၊မ ကြံအပ်၊မကြံသင့်၊မကြံထိုက်။

၎င်းတက္ကခမ္ဘသဘောကို အမှတ်သင်္ကေတအားဖြင့် အောက် ပါအတိုင်းမှတ်အပ်၏။

'က,သည်'ခ,ဖြစ်၏။
'ခ, သည်'ဂ,ဖြစ်၏။
ထို့ကြောင့်'ဂ,သည်'က,ဖြစ်၏။

ဤက။ ခ။ ဂ။ အက္ခရာတို့အစား။မည်သည့်သဘောတရား မျိုးကိုမဆိုအသုံးပြုနိုင်၏။ ဥပမာ။ 'က,နေရာ၌သုတ်၊ပိနည်းတို့ ထက်လွန်မြတ်သောတရား။ 'ခ,နေရာ၌၊ အမြတ်ဆုံးသော တ ရား။'ဂ,နေရာ၌၊အဘိဓမ္မာတရားကိုထည့်သွင်းရလျှင်၊အောက် ပါအတိုင်းဖြစ်၏။

(၁) သုတ်ပိနည်းတို့ထက် လွန်မြတ်သောတရားသည်။ အမြတ်ဆုံးသောတရားဖြစ်၏။

(၂) အမြတ်ဆုံးသော တရားသည်၊ အဘိ ဓမ္မာ တရား ဖြစ်၏။

(၃) ထို့ကြောင့်အဘိဓမ္မာတရားသည်။ သုတ်ပိနည်းတို့ ထက်လွန်မြတ်သောတရားဖြစ်၏။

'က,နေရာ၌အသုံးအကျဆုံးသောသေတ္တာ။'ခ,နေရာ၌သံ။'ဂ, နေရာ၌အပေါဆုံးသော သေတ္တာကိုထည့်သွင်းပြန်လျှင်လည်း၊ အကြောင်းသာကွဲ၍။သဘောမှာမလွဲပြီ။ဥပမာ။

(၁) အသုံးအကျဆုံးသောသေတ္တာသည်သံတည်း။

(၂) သံသည်အပေါဆုံးသောသေတ္တာတည်း။

(၃) ထို့ကြောင့် အပေါဆုံးသောသေတ္တာသည်အသုံးအ ကျဆုံးသောသေတ္တာတည်း။*

တက္ကနိယာမ ဓမ္မတို့ကို ကျူးလွန်၍ ကြံသော သူတို့သည် တက္ကဒေါသ†သင့်၏။

တက္ကကျမ်း၌ ဟောအပ်သော အနက်သည် ဒဂ်ါးခတ်နှိပ်သောတံဆိပ်ပုံနှင့်တူ၏။ လောကီလောကုတ္တရာ ပညာအရပ်ရပ်တို့၌ဟောအပ်သောအနက်တို့သည် ဒင်္ဂါးတံဆိပ်ပုံဖြင့်ခတ်နှိပ်အပ်သောရွှေဒင်္ဂါး၊ငွေဒင်္ဂါး၊ကြေးဒင်္ဂါးစသည်တို့နှင့် တူကုန်၏။တနည်း။ရန်ကုန်မြို့၌။အိမ်မဆောက်မီအိမ်ပုံစံထုတ်ကြ၏။ ၎င်းအိမ်ပုံစံအရ၊ တိုက်တာတည်မည်ဆိုလျှင်လည်းတည်ရ၏။ သစ်သား ပျဉ်ထောင်အိမ် ဆောက်သုပ် လိုလျှင်လည်း ဆောက်လုပ်နိုင်၏။ဝါးအိမ်ဆောက်ခွင့်ရလျှင်လည်းဆောက်လုပ်နိုင်၏၊ တက္ကကျမ်း၌ပြအပ်သော တက္ကဓမ္မတို့သည်အိမ်ပုံစံနှင့်တူ၏။ ပရမတ္ထဓမ္မနှင့်တကွ လောကီပညာအရပ်ရပ်တို့၌ ဆည်းပူးအပ်သော လောကဓမ္မတို့သည် အုတ်၊ သစ်၊ ဝါး စသည်တို့နှင့်တူကြ၏။ ဤသို့လောကီလောကုတ္တရာပညာအရပ်ရပ်တို့နှင့်သက်ဆိုင်ရကား တက္ကကျမ်းသည်အရာကျယ်ဝန်း၏။သချာအမျိုးမျိုးမှစ၍၊ နက္ခတ္တဒီပနီမည်သော အပ်စကြော နိမိပညာ။ ရူပဝိကာရဒီပနီမည်သောဗိဇိက်သျှပညာ။ ဓာတုဘေဒဒီပနီမည်သော ကမ္မိစတြီပညာ။ ပထဝီဘေဒဒီပနီမည်သော ဂျီအော်လိုဂျီပညာ။ မဏိဘျတ္တရဒီပနီမည်သော မိနာရလ်လိုဂျီပညာ။ ရုက္ခဘေဒ ဒီပနီမည်သော ဗေါတနီပညာ။ တိရစ္ဆာန ဘေဒဒီပနီမည်သော ဇုအော်လိုဂျီပညာ။ ခန္ဓအင်္ဂဘေဒဒီပနီမည်သော အနတ္တမီပညာ။ ခန္ဓကိစ္စဘေဒဒီပနီမည်သော ဖိဇိအော်လိုဂျီပညာ။ ဇီဝိတဒီပနီမည်သော ဗိုက်အော်လိုဂျီပညာ။ ပဋိသန္ဓိဒီပနီမည်သော အမ်းဗြိအော်လိုဂျီ ပညာ စသော လောကီပညာအရပ်ရပ်တို့၏ အခြေအမြစ်ဖြစ်သည့်ပြင်။အဘိဓမ္မာကိုလည်းကျေးဇူးများစွာပြုသေး၏။ ထို့ကြောင့် တက္ကကျမ်းကို သိပ္ပါမိသိပ္ပဟူ၍လည်းကောင်း။ ပညာမိပညာ

†တက္ကဒေါသအပြားကိုဗာဇီသတိမကဏ္ဍ၌ပြလတ္တံ့။

ဟူ၍လည်းကောင်းသိုးဆောင်းတို့ခေါ်ဝေါ်အပ်ပြီ။ ထိုမှတပါး လည်း။ ။ဒိသာ ပါမောက္ခဿ အာစရိယဿ သန္တိကေ သိပ္ပုဂ္ဂဟဏတ္ထာယတက္ကသိလံဂတ္တော။ ။ဟူသောဓမ္မပဒအဋ္ဌကထာပါဠ်နှင့်အညီ။ ဒိသာပါမောက္ခဆရာကြီးသည်အတတ်ပညာအမျိုးမျိုးကို သင်ကြားပို့ချ ပြသလျက်နေသောပြည်ကို သိပ္ပသိလံ။ပညာသိလံဟူ၍မခေါ်ဝေါ်ဘဲ။တက္ကသိလံဟူ၍ခေါ်ဝေါ်ပြောဆိုကြ၏။ဤသို့ခေါ်ဝေါ်ရခြင်း၏ အကြောင်းရင်းမှာ။ ၎င်းတက္ကသိုလ်၌ပညာအမျိုးမျိုးတို့၏အခြေအမြစ်ဖြစ်၍။ပညာရှိတို့အမြဲတွဲကိုင်အပ်သော လက်နက်နှင့်တူသော တက္ကကျမ်းကိုရှေးဦးစွာ လေ့လာ သင်ကြားကြပြီးမှ။ မိမိတို့လိုရာ လိုရာဆေးဝါးအတတ်။ လေးမြားအတတ်စသော ပညာတရပ်ရပ်ကိုသင်ကြားကြသောကြောင့်'တက္ကသိလံ, ဟူ၍ခေါ်ဝေါ်ကြသတည်း။ ('တက္ကသိလံ,ကို'တက္က,အကြီ။'သိလံ, အလေ့ဟူ၍ ပုဒ်ဖြတ်အပ်၏။)

---

## တတိယကဏ္ဍ။
## ကျမ်း၏အပိုင်းအခြားဟူသော
## ဂန္ထပရိစ္ဆေဒတ္တယခဏ်း။

ဒုတိယကဏ္ဍတွင်ကျမ်း၏အနက်ဟူသော အဘိဓေယျတ္ထကိုပြပြီး၍။ ယခုအခါထိုကျမ်းအနက်၏အပိုင်းအခြား ပရိစ္ဆေဒသုံးပါးကိုပြပေအံ့။

### သင်္ကေတရာသီ။

"လူသည်စား၏,, ဟူသောစကား တခွန်းသည် ကိရိယာ ကာရကနှင့်ပြည့်စုံ၏။ ဤသို့အပြီးသတ်သောစကားတရပ်ကို သဒ္ဒါဆရာတို့'ဝါကျ,ဟူ၍ခေါ်ကြ၏။ ဤဝါကျ၌ လူဟူသော ပုဒ်။စား၏ဟူသော ပုဒ်နှစ်ပုဒ်ကို 'ကိရိယာ ကာရက သမ္ဗန်, သည်စပ်၏။ ၎င်းဝါကျ၌ရှေးအစွန်းဖြစ်သောပုဒ်ကိုနောက်အ

ဝွန်းဖြစ်သောပုဒ်သည်ဟောအပ်သောကြောင့်“ဝါစ္စ„ ဟူ၍ နောက်အစွန်းဖြစ်သောပုဒ်သည်။ ရှေးအစွန်း ဖြစ်သော ပုဒ်ကို ဟောတတ်သောကြောင့်“ဝါစက„မည်၏။ ။ဤဝါစ္စ၊ ဝါ ကတို့ကို။ သဒ္ဒါငယ်ဆရာတို့ များစွာချဲ့ကြကုန်၏။ တက္ကိက ဆရာမှာမူကား။ ကတ္တုဝါစ္စ တပါးတည်းကိုသာ “တက္ကိက ဝါစ္စ„အဖြစ်ဖြင့်အလိုရှိ၏။ကြွင်းသောဝါစ္စခုနစ်ပါးကို“တက္ကိ ကဝါစက„အဖြစ်ဖြင့်လိုအပ်၏။ထိုကြောင့်ဤကျမ်း၌ ဝါစ္စဝါ စကဟူ၍သာမန်ဆိုသော်လည်းတက္ကိကဝါစ္စ။ တက္ကိက ဝါစ ကကိုသာယူအပ်၏။

တက္ကိကဝါစ္စ။ တက္ကိကဝါစကနှင့်ပြည့်စုံသော တက္ကိက ဝါကျကိုတက်ကျမ်းဆရာတို့သည်ပဋိညာဟူ၍ ခေါ်ဝေါ်ကြ ၏။သဒ္ဒဝါကျနှင့် ပဋိညာ၏အထူးကို နောက်နဝမ ကဏ္ဍသို့ ရောက်မှပြမည်။ပဋိညာ၌ဝါစ္စနှင့်ဝါစက၏ အစပ်ကို “ဗျဉ္ဇန သမ္ဗန်„။ဟူ၍ခေါ်ဝေါ်ပေအံ့။ဥပမာ။ သံသဉ်သေတ္တုတမျိုးဖြစ် ၏ဟူသော တက္ကိကဝါကျ၌။သံသဒ္ဒါသည် တက္ကိက ဝါစ္စပုဒ် မည်၏။သေတ္တုသဒ္ဒါသည်တက္ကိကဝါစကမည်၏။ ဖြစ်၏ ဟူ သောသဒ္ဒါသည် ဗျဉ္ဇနသမ္ဗန်မည်၏။ ထိုသဒ္ဒါ သုံးပါး၏ အ ပေါင်းသည်ပဋိညာမည်၏။ ၎င်းသဒ္ဒါသုံးပါး အပေါင်း၏ အ နက်တခုလုံးသည်ပဋိညတ္တမည်၏။

ပဋိညာသုံးခု၏အပေါင်းကို“ဉာယ„။ ပဋိညတ္တ သုံးခု၏အ ပေါင်းကို“တက္က„ဟူ၍ခွဲခြားခေါ်ဝေါ်ပေအံ့။(ဉာသကို ဉာသ် ဟူ၍ရေးသကဲ့သို့။ ဉာယကိုဉာယဟူ၍ ရေးလိုလျှင်လည်း ရေး အပ်သည်သာလျှင်တည်း။ဤကားစကားချပ်)ဥပမာ။ သံသည် သေတ္တုဖြစ်၏ဟူသောပဋိညာလည်းတပါး။ သေတ္တုဟူသမျှမူ လဓာတ်ဖြစ်၏ဟူသောပဋိညာလည်းတပါး။ ထိုကြောင့်သံသည် မူလဓာတ်ဖြစ်၏ဟူသောပဋိညာလည်းတပါး။ ပေါင်း သုံးပါး ကိုဉာယတခုဟူ၍မှတ်အပ်၏။ ဉာယတွင်။ တတိယ ပဋိညာ ရှေး၌။“ထိုကြောင့်„ဟူသော စကားပါရှိသည်ကို သတိပြုရာ

၏။ ဗုဒ်းသဒ္ဒါဖြင့် အကြံကိုမှတ်၏။ ။ချာယတခု၏ အနက်သည်တက္ကတခုမည်၏။

တက္ကကျမ်း၌ဝါစ္စ။ဝါစကဖြစ်ထိုက်သော ပုဒ်အမျိုးမျိုး တို့ကိုရှေးဦးစွာ ပြပြီးမှ။ ပဒိုဒ္ဒာ အမျိုးမျိုးတို့ကို ပြအပ်၏။ ထိုနောက် ချာယအမျိုးမျိုးတို့ကိုပြကြ၏။ထိုကြောင့် တက္ကကျမ်း၌ အပိုင်းအခြားပရိစ္ဆေဒ သုံးပါးရှိ၏ဟူ၍ တက္ကိကဆရာတို့ဆိုအပ်ပြီ။

တက္ကကို ချာယဖြင့်။ ချာယကိုပဒိုဒ္ဒာတို့ဖြင့်။ ပဒိုဒ္ဒာကိုပုဒ်တို့ဖြင့်အသီးသီးပြအပ်သောကြောင့် တက္ကိကဆရာဧဗ္ဗလိ၏အလိုအားဖြင့်။တက္ကကျမ်းသည်“စကား„ သက်သက် နှင့်သက်ဆိုင်၏။ ဆရာဟမ္ဗိလတန်၏ အသိုအားဖြင့်ကား။ တက္ကကျမ်းသည်ဝဒန္တပုဂ္ဂိုလ်၏စိတ်သဘော‘အကြံ, သက် သက်နှင့်သက်ဆိုင်၏။ဆရာမိလ၏အလိုအားဖြင့်ကား။ထိုစိတ်သည့်ကြံအပ်သော‘အာရုံ,သက်သက်နှင့်သက်ဆိုင်၏ဟူ၍ ဝါဒသုံးပါးကွဲပြားလျက်ရှိကြ၏။ ငါတို့အလိုသော်ကား။ တက္ကကျမ်းသည်အာရုံ။အာရမ္မဏိက။ ဝစီဘေဒသဒ္ဒါ သုံးပါးလုံးနှင့်ပင်သက်ဆိုင်၏။ အဘယ်ကြောင့်ဆိုသော်။ ဗိတက်စေတသိက်သည်မိမိ၏သမ္ပယုတ္တဓမ္မတို့ကို အာရုံသို့ရှေးဦးစွာ တင်မှ အကြံဖြစ်နိုင်၏။ထိုသို့ဖြစ်သော အကြံကို စကားဖြင့် ပြောဆိုမှသော်လည်းကောင်း။စာဖြင့်ရေးမှတ်မှ သော်လည်းကောင်းသူတပါးသိနိုင်ရာသောကြောင့်တည်း။

မိမိ၏အကြံကိုသူတပါးအားသိနားလည်စေလိုသော် ‘ဝစီဘေဒသဒ္ဒါ,ကိုအသုံးပြုမှ။သုဏန္တပုဂ္ဂိုလ်သည် နားလည်မည်ဖြစ်ခဲ့လျှင်။ တက္ကကျမ်းသည်သဒ္ဒါကျမ်းမှ အသို့ ထူးပါသနည်း ဟူငြားအံ့။သဒ္ဒါဆရာမှာ ဝေါဟာရ ဘာသာအလို့ငှာသာ။ ဝစီဘေဒသဒ္ဒါကို“သဒ္ဒနယ„ဖြင့်ဝေဘန်၍ပြ၏။ တက္ကိကဆရာမှာမူကား။အကြံကိုမှတ်ကြောင်း လက္ခဏာအလို့ငှာ

သာဝစီဘောဒသဒ္ဒါကို "အဋ္ဌနယ„ဖြင့် ဝေဘန်၍ အသုံးပြု၍
ဤကားအထူးတည်း။

ထိုမှတပါးလည်း။ စကားအရာအင်္ဂါ လေးတန် တွင်'သု
ဘာသိတ အင်္ဂါ,သည်သဒ္ဒါဆရာ၏ အရာဖြစ်၏။'ဓမ္မအင်္ဂါ,
သည်ပရမတ်ဆရာ၏အရာဖြစ်၏။'ပိယအင်္ဂါ,သည်အလင်္ကာ
ဆရာ၏အရာဖြစ်၏။ 'သစ္စအင်္ဂါ,သည်တက္ကိကဆရာ၏အရာ
ဖြစ်၏။ ထိုတွင် 'ပိယအင်္ဂါ,ထက် 'သစ္စအင်္ဂါ,မြတ်ကြောင်း
ကို။ ။ရှည်တိုလေးပေါ့။ အလျော့အတင်း။ သူနား တွင်းသို့
သွတ်သွင်းမိအောင်။ ပျော်ပါးဆောင်၍။ တထောင် စကား
ဆိုစွမ်းငြားလည်း။ မှန်ကိုအမှား။ ပျက်ဆိုငြားသော်။ စကား
တတ်လင်္ကာသို့မရောက်ချေ။ ။ဟူ၍စပ်ဆိုအပ်ပြီ။

ထိုတွင်သစ္စအင်္ဂါဟူသည်ကား။ဟုတ်မှန်ခြင်းတည်း။ပိယ
အင်္ဂါဟူသည်ကား။ သူတပါးနား၌ သာယာနာပျော်ဘွယ်ရှိ
ခြင်း။ နာလိုဘွယ်ရှိခြင်းတည်း။ ။ထိုကြောင့်စကားခြောက်
ခွန်း။ လျှို့ထွန်း။ လေးခွန်းကိုပယ်။နှစ်ခွန်းတယ်ဟူရာ၌။ တယ်
အပ်သောစကားနှစ်ခွန်းကား။

၁။  ဟုတ်၏။သူမနာလို။ကိုယ်အကျိုးရှိသော စကားတ
ခွန်း။

၂။  ဟုတ်၏။ သူလည်းနာလို၍။ ကိုယ်လည်း အကျိုးရှိ
သောစကားတခွန်း။ ။ဟူ၍နှစ်ခွန်းဖြစ်၏။

ဤစကား နှစ်ခွန်းတွင်။ ဒုတိယ စကားသည် ပဌမစကား
ထက်သာ၍ သင့်မြတ်သည်ကားမှန်၏။ သို့ရာတွင်ပိယအင်္ဂါ
နှင့်မပြည့်စုံ၍။ သူတပါးမနာလိုငြား သော်လည်း။သစ္စအင်္ဂါ
နှင့်ပြည့်စုံ၍ ကိုယ်အကျိုးရှိလျှင်။၎င်းစကားကို ပြောဆိုအပ်
သောကြောင့်။ ပိယအင်္ဂါထက် သစ္စအင်္ဂါအရေးသာ၍ ကြီး
ကြောင်းထင်ရှား၏။

တက္ကကျမ်းကို အလင်္ကာကျမ်းလောက်အရေး မယူမည်
ကိုစိုး၍။ အလျဉ်းသင့်သဖြင့် စကားချပ်လိုက် ပါသည်။ အ

လက်ာကျမ်းကိုရှုပ်ချလိုသော သဘောနှင့် ရေးသား ခြင်းမဟုတ်ချေ။

တက္ကတရကို စကားအားဖြင့် ပြောဆိုသော အခါ၌ဖြစ်စေ။စာအားဖြင့် ရေးမှတ်သော အခါ၌ဖြစ်စေ။ ပုဒ်။ပဋိညာ။ ဉာယဟူသောသုံးပိုင်းသုံးဌာနအားဖြင့်ပိုင်းခြားဝေဘန်အပ်သကဲ့သို့။ စိတ်ထဲ၌အကြံတက္ကတရ၏ဖြစ်ပုံ၊ဖြစ်စဉ်ကိုလည်းသုံးပိုင်းသုံးဌာနအားဖြင့်ပင်။အောက်ပါအတိုင်းဝေဘန်အပ်၏၊

စိတ်ကို။တနည်း။ သမ္ပယုတ္တဓမ္မတို့ကို အာရုံသို့ရှေးဦးစွာ ပစ်တင်ခြင်းဟူသော ပဌမ ဌာနလည်းတပါး။ (တရားကိုယ်အားဖြင့်ပိတက်စေတသိက်ကိုရ၏။)

ဤသို့ပစ်တင်ရာဖြစ်သောအာရုံတို့ကိုဆုံးဖြတ်ခြင်းဟူသော ဒုတိယဌာနလည်းတပါး။ (တရားကိုယ်အားဖြင့် အဓိမောက္ခစေတသိက်ကိုရ၏။)

ငင်းဆုံးဖြတ်ချက်များကို စင်းစားဆင်ခြင်၍ ကြံခြင်းဟူသော တတိယ ဌာနလည်းတပါး။ (တရားကိုယ် အားဖြင့် ပညိန္ဒြေစေတသိက်ကိုရ၏။)

ဤသို့သုံးပိုင်းသုံးဌာနရှိသည်တွင် ပဌမဌာနကို ရှေးဦးစွာပြပေအံ့။ ။သုဏ္ဏန္တပုဂ္ဂိုလ်သည်။သံဟူသောပစ္စုပ္ပန်သဒ္ဒါရုံကို ပဌမသောတဒွါရဝီထိဖြင့်ကြား၏။ဒုတိယတဒနုဝတ္တကမနောဒွါရဝီထိဖြင့် အတိတ်သဒ္ဒါရုံကိုအာရုံပြု၏။ တတိယနာမပညတ္တိဝီထိဖြင့်သံဟူသောနာမပညတ်ကိုအာရုံပြု၏။ စတုတ္ထအတ္ထပညတ္တိဝီထိဖြင့်သံဟူသောဒြဗ်အနက်ကိုအာရုံပြု၏။ ဤသို့အနည်းဆုံးလေးဝီထိကျမှသံ၏ဒြဗ်အနက်ကိုသိ၏။ သံဟူသောသဒ္ဒပညတ်ဖြင့် သံဟုဆိုအပ်သော အတ္ထပညတ်ကိုသိ၏ဟူလို။ ။ဤကားသုဏ္ဏန္တပုဂ္ဂိုလ်အဘို့တည်း။

ဝဒန္တပုဂ္ဂိုလ်သည်ကား ရှေးဦးစွာသော အတ္ထပညတ္တိဝီထိဖြင့်သံ၏ ဒြဗ်အနက်ဟုဆိုအပ်သော အတ္ထပညတ်ကိုအာရုံပြု၏။ ထိုနောက်နာမပညတ္တိဝီထိဖြင့် သံဟူသောသဒ္ဒပညတ်ကို

အာရုံပြု၍။ ထိုနောက်သံဟူသော ဝစီဘေဒသဒ္ဒါကို ရွတ်ဆို၍။ ။ဤကားဝဇ္ဇပုဂ္ဂိုလ်အဘို့တည်း။

သံကိုမြင်ရာ၌လည်း။ ပဌမစက္ခုဒွါရဝီထိဖြင့်ပစ္စုပ္ပန်ရုပါရုံကိုမြင်၍။ ဒုတိယတဒနုဝတ္တကမနောဒွါရဝီထိဖြင့် အတိတ်ရုပါရုံကိုအာရုံပြု၍။ တတိယနာမပညတ္တိဝီထိဖြင့် သံ၏အမည်ပညတ်ကိုအာရုံပြု၍။ စတုတ္ထအတ္ထပညတ္တိဝီထိဖြင့် သံ၏ဖြစ်အနက်ကိုအာရုံပြု၍သိ၏။

ပဉ္စဒွါရဝီထိ၌ဒွေပဉ္စဝိညာဉ် ၁၀ တွင်ဝိတက်စေတသိက်မပါ။ ။ထိုမှတပါး။ ဝိတက်စေတသိက်သည် မိမိနှင့်သမ္ပယုတ္တဓမ္မတို့ကို အာရုံအသီးသီးသို့ "ပစ်တင်ခြင်း"သည်ပဌမဌာနမည်၏။ ။ဤပဌမဌာန၌ဖြစ်အနက်ကိုသိသော်လည်း။ သကတ်* အနက်ကိုမသိသေး။ထိုနည်းတူ။ နေ။ လ။ လူ။ ပန်း။ ရန်ကုန်မြို့စသော နာမ ပညတ်တို့သည် ဖြစ်တည်း ဟူသော အတ္ထပညတ်ကိုသိစေကြ၏။

ဤသို့ပဌမဌာန၌ သိအပ်ပြီးသောဖြစ်နှစ်ခုတို့၏တူမတူဟူသောအခြင်းအရာတို့ကိုနှိုင်းရှည့်ခြင်းသည်အာရုံကို "ဆုံးဖြတ်သည်"မည်၏။ ။ဥပမာ။ကြာသပတေးဂြိုဟ်နှင့်ကြယ်တခုကိုရုတ်တရက်နှိုင်းရှည့်သော်။အလုံးသေးငယ်ခြင်း။ အရောင်တောက်ထွန်းခြင်း။ အမြန်အနှေး သွားခြင်းတို့၌ တူယောင်ယောင်ထင်မိ၏။ အသေအချာကြည့်ရှုပြန်သော်။ ဂြိုဟ်မှာမြဲစွဲသောအရောင်ဖြင့် ထွန်းတောက်ခြင်းရှိ၏။ ကြယ်မှာမူကား။ လက်လက်။လက်လက်မျှဖြစ်သောအရောင်ဖြင့် ထွန်းတောက်ခြင်းရှိ၏။ နောက်ကြာမြင့်စွာကြည့်ရှုစစ်ဆေးပြန်သော်ကား။ ဂြိုဟ်မှာ ကြယ်များ၏ အကြားတွင်။ တနေ့တနေ့ နေရာရွှေ့ပြောင်း၏။ကြယ်မှာမူကား။ တပါးသောကြယ်များနှင့်အချင်းချင်းအဝေးအကွာအားဖြင့် မြဲ၍တည်၏။ ထိုနောက် ထပ်၍ကြည့်ရှုပြန်သော်။ ဂြိုဟ်နှင့်တူသောဝတ္ထုကားအလွန်နည်း၏။

---

*သကတ်နှင့်ဖြစ်ကို ဆန္ဒကဏ္ဍ၌ခွဲ၍ပြလတ္တံ့။

ကြယ်နှင့်တူသော ဝတ္ထုကြား အလွန်ပေါများ၏။ ၎င်းတာရာ တို့၏ တခုသည် တခုနှင့်တူသော ဂုဏ် အပေါင်း ကြောင့် "ဇာတ်,,ဖြစ်၏။ ထိုဇာတ်ကို ငဲ့၍ ကြယ်ဟူ သော "ဇာတိ ပညတ်,,ဖြစ်လာ၏။ ထိုနည်းတူ။ ဂြိုဟ်ဟူသောဇာတိပညတ် လည်းဖြစ်လာ၏။ ။ဤဇာတိပညတ်နှစ်ရပ်ကိုအသိဉာဏ်၌ စပ်၍ နှိုင်းရှည့်ရာ။ မတူသော အခြင်းအရာကို ထောက်၍ "ဂြိုဟ်သည်မြဲသောကြယ်တာရာမဟုတ်,,ဟူ၍ဆုံးဖြတ်၏။ ။ "ရွှေသည်ဝါ၏,,ဟူ၍ဆုံးဖြတ်ရာ၌လည်း။ရွှေနှင့်အဝါဟူသော ပညတ်နှစ်ရပ်၏ တူသောအခြင်းအရာကို နှိုင်းရှည့်ခြင်း ပင် တည်း။

ဇာတိပညတ်၌ ဝါဒကွဲပြားကြသည်ကို သေးတုဇနတို့ ဉာဏ်ပွါးစေခြင်းအလို့ငှာအောက်၌ချပ်၍ပြပေအံ့။

ဇာတိပညတ်သည် ဒြဗ်အသီးသီးတို့၏ တူသောဂုဏ်အ ပေါင်းကိုစွဲ၍ ပေးအပ်။ မှည့်အပ်။ ထားအပ်သော အမည် သညာမျှသာ ဖြစ်သောကြောင့်။ ပရမတ္ထအားဖြင့် ထင်ရှားရှိ သောဒြဗ်တို့ကို မထိ မရောက်ဟူ၍ "နာမ,,ကို အလိုရှိသော "နာမပဒတ္ထိကဆရာ,,တို့ဆိုကြ၏။

ဗျာဒို့အမည်ရှိသော ဆရာကဲ့သို့ "ဒြဗ်,,ကို အလိုရှိသော "ဒဗ္ဗပဒတ္ထိကဆရာ,,တို့၏ဝါဒကား။ဇာတိပညတ်သည်ဟော အပ်သောဒြပ်အထူးတခုရှိ၏။ ၎င်း"ဒြဗ်ဝိသေသ,,၌။ဇာတ်ကို ဖြစ်စေတတ်သောဂုဏ်အပေါင်းသည်မချွတ်မယွင်းအပြည့်အ စုံရှိ၏ဟူ၍ဆို၏။ဤဆရာတို့၏အလိုအားဖြင့်။ ဒြဗ်ဝိသေသနှင့် တစိတ်တဒေသအားဖြင့်တူသော "ဒြဗ်သာမည,,တို့ကိုလည်း ၎င်းဇာတိပညတ်ဖြင့်ပင်တင်စား၍ ခေါ်ဝေါ်ပြောဆိုကြ၏ဟူ လို။ ထိုကြောင့်သာလျှင်ဒြဗ်သာမန်တို့မှာ တဇာတ်တည်းဆို လျက်။တခုနှင့်တခုမတူပြားကြ၏ဟုဆို၏။ ဤဝါဒ၌ဒြဗ်အထူး သည်မြဲ၏။၎င်းဒြဗ်အထူး၌ဖြစ်သောဇာတိသဒ္ဒါသည်လည်းမြဲ သောကြောင့်။နိစ္စဝါဒီဆရာတို့၏ဝါဒနှင့်တူပြီ။ ။ဤဆိုအပ်

ခဲ့ပြီးသည့် ဝါဒနှစ်ပါးလုံးကို ယခုအခါ ကေစိဝါဒဟူ၍ဆို ကြပြီ။

ပါဇဗျာယနော အမည်ရှိသော ဆရာကဲ့သို့။ "ဇာတ်"ကိုအလိုရှိသော "ဇာတိပဒတ္ထိကဆရာ" တို့၏ အလိုအားဖြင့်ကား။ ဇာတိပဒတ်သည်ဟောအပ်သော။တနည်း။ဇာတိပဒတ်ဖြင့် မှတ်အပ်သော ဒြဗ်အသီးသီးတို့၌ တူသော ဂုဏ်အပေါင်း သည်အသိဉာဏ်၌ထင်၏။ ဤသို့ထင်သောအာရုံသည်ပင်လျှင် ဇာတိပဒတ်မည်၏။ ။ဥပမာ။လူဟူသောဇာတိပဒတ်ကို အာရုံပြုရာ၌။ လူ၏အဖြစ်ဟူသောဂုဏ်အပေါင်းတို့၏တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်ကိုသာလျှင် အာရုံပြု၏။ မောင်ဖြူ။မောင်နီစသောဒြဗ်တို့ကိုအာရုံပြုသည်မဟုတ်။ ။ ထိုကြောင့်သာလျှင်။ ယာယသဒ္ဒါယ။အကြွင်းမဲ့အစရှိသော သဒ္ဒါဝါတို့၏ တခုသည်တခုနှင့်တူသော အခြင်းအရာဟုဆို အပ်သောသာမညဖြင့်။တိန္နေသု။ပြားကုန်သော။ သဗလာဒီသု။ နွားပြောက်၊ဖြူကျားအစရှိသောအနက်တို့၌။ အဘိန္နဓိသဒ္ဒါ၊ မပြားသောအသိဉာဏ်သဒ္ဒါတို့သည်။ဝတ္တန္တိ။ဖြစ်ကုန်၏။ ဣ တိတဿ။ထိုကြောင့်။ သာသဒ္ဒါ။ထိုနွားအစရှိသောသဒ္ဒါဝါ တို့၏တခုသည်တခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော သာမညသည်။ ဇာတိ။ဇာတ်မည်၏။ သော စ။ထိုဇာတ်သည် လည်း။ မာလာသုတ္တံ ဣဝ။ ပန်းသီတံ၊ပန်းသီချည်သည် အထူး ထူးသောပန်းဒြဗ်သို့လိုက်သကဲ့သို့၊ အန္ဝိတာ။အထူးထူးသော ဒြဗ်သို့အစဉ်လိုက်၏။ ။ဟူ၍ သဒ္ဒတ္ထဘေဒစိန္တာဆရာမိန့်ဆို အပ်ပြီ။ ။ဇာတိသဒ္ဒါဖြစ်ခြင်း၏အကြောင်းနှင့် ဧင်းဇာတိ သဒ္ဒါကို ဝိဂြိုဟ်ဝစနတ်ပြုနိုင်ကြောင်းသည် နောက်၌ထင်ရှား လတ္တံ့။

ယခုအခါတတိယဌာနကိုဆိုပေအံ့။ ။ဆုံးဖြတ်ချက် တ ခုခုကိုစကားအားဖြင့် ပြောဆိုသော်လည်းကောင်း။ စာအား ဖြင့် ရေးသော်လည်းကောင်း။ ပဋိညာဖြင့်ဆို၍၊ ရေးရသော

ကြောင့်။ဆုံးဖြတ်ချက်သည်ပဋိညာဉ်ပင်တည်း။ ။ဆုံးဖြတ်ချက်ဟူသောပဋိညာဉ်နှစ်ရပ်ကိုစပ်၍။ တနည်း၊ အခြေပါဒပြု၍။ အသိဉာဏ်၌ပဋိညာဉ်သစ်တရပ်ဖြစ်ပေါ်လာသည်ကို "ကြံသည်,,ဟူ၏။ ။ဥပမာ။"သင်္ခါရတရားဟူသမျှမမြဲကုန်,,ဟူသောဆုံးဖြတ်ချက်တရပ်ကိုသိပြီး၍။"လူသည်သင်္ခါရဖြစ်၏,, ဟူသော ဆုံးဖြတ်ချက်တရပ်ကိုသိလျှင်ပင်၊ တလောကလုံး၌ဖြစ်ပြီးသောလူသတ္တဝါတို့ကိုချန်လှပ်၍။ ဖြစ်ဆဲလူဖြိဗ် အသီးသီးတို့မြဲမမြဲကို နှံ့စပ်အောင် သွားရောက်မစိစစ်ဘဲ သော်လည်းကောင်း။နောက်နောက်ဖြစ်လတ္တံ့သော လူသတ္တဝါတို့မြဲမည်မမြဲမည်ကို စိစစ်ရအောင်၊ ဆိုင်းငံ့၍မနေဘဲ သော်လည်းကောင်း။" လူဟူသမျှမမြဲကုန်,,ဟူ၍ဆုံးဖြတ် နိုင်ခွင့်ရှိပြီ။ ။ဤသို့တပါးသောဆုံးဖြတ်ချက်တို့မှဆောင်၍ ဆုံးဖြတ်သည်ကိုပင်"ကြံသည်,,ဟူလို။ ။ဤအကြံဖြစ်သော တက္ကကိုအောက်ပါ ဍာယဖြင့်ပြအပ်၏။

(၁) သင်္ခါရတရားဟူသမျှတို့သည်မမြဲကြကုန်။
(၂) လူဟူသမျှတို့သည်သင်္ခါရချည်းတည်း။
(၃) ထို့ကြောင့်လူဟူသမျှတို့သည်မမြဲကြကုန်။

ဤဍာယ၌အခြေပါဒပြုအပ်သော(၁)နှင့် (၂)ပဋိညာဉ် နှစ်ခုကို။"ပါဒက,, ပဋိညာဉ်။ထိုနှစ်ရပ်ကိုစပ်၍ ရအပ်သော (၃) ပဋိညာဉ်ကို"နေယျ,,ပဋိညာဉ်ဟူ၍ ခေါ်အပ်၏၊ အကြောင်းမှာ။ (၁)နှင့်(၂)သည်။(၃)ကိုဆောင်သောကြောင့်တည်း။

သို့ရာတွင်တက္ကိကဆရာတို့သည် ပါဒကကို။ "ဥဒါဟရဏ,,။"ဥပနယန,,(သို့မဟုတ်ဥပနယ။) ဟူ၍ခွဲကြ၏။ နေယျကို "နိဂမန,,ဟူ၍ခေါ်ဝေါ်ကြ၏။ဥဒါဟရဏ၊ ဥပနယည်းကိုအခြေပါဒပြု၍ရအပ်သော "အဆုံးအဖြတ်,, ဖြစ်သောကြောင့် တည်း။

သန္ဒတ္တဘောဒစိန္တာဆရာသည်။ ။ပဋိညာ ဥပမာဟေတု။ ဥဒါဟာရဏာနိဂ္ဂမ။ဝသေနာဝယဝါပဉ္စ။ ဝိဓာဝါကျေယထာရ ဟံ။ ။ဟူ၍ဆို၏။ ။သန္ဒါဆရာသည်ဤစကားကိုတက်ကျမ်းမှ ထုတ်နုတ်၍ဆိုကြောင်းကိုထင်ရှားစေရန်အနည်းငယ်ပြလိုက် ပေအံ့။အန္နံဘဋ္ဋဆရာစီရင်သော တက္ကသင်္ဂဟာကျမ်း၌ပဋိညာ ဟေတုဒါဟာရဏောပနယနိဂမနာနိပဉ္စာဝယဝါဟူ၍ ပါရှိ၏။ အနက်ကား။ ပဋိညာ၊ဟိတ်၊ဥဒါဟာရုဏ်၊ဥပနယသည်း၊ နိဂုံးတို့ သည်ငါးပါးသောအစိတ်ဖြစ်ကုန်၏။ ။ဤငါးပါးတို့ကိုအောက် ပါအတိုင်းသိအပ်၏။

(၁) ပဋိညာ=ပဗ္ဗတောအဂ္ဂိမာ။ ။တောင်သည်မီးရှိ၏။

(၂) ဟေတု=ဓူမဝတ္တာ။ ။မီးအခိုးထွက်ခြင်းကြောင့်တည်း၊

(၃) ဥဒါဟာရဏ=ယောယော ဓူမဝါ။ သောသော အဂ္ဂိမာ။ ယထာမဟာနသံ။ ။အကြင် အကြင် ဝတ္ထုသည်အခိုးထွက်၏။ထိုထိုဝတ္ထုသည်မီးရှိ၏။ ဧဖိုအိမ်ကဲ့သို့တည်း။

(၄) ဥပနယ=တထာစအယံ။ ။ဤဝတ္ထုသည်လည်း ထိုအတူတည်း။

(၅) နိဂမန=တသ္မာတံတထာ။ ။ထိုကြောင့်ထိုဝတ္ထု သည်ထိုအတူပင်တည်း။

ဤ၌တက်ကျမ်းဆရာ၏ ဥပနယအစား သန္ဒါဆရာသည် ဥပမာကိုထည့်၏။

ရှေးတက်ကျမ်းဆရာတို့သည် ဈာယကို ဤသို့ငါးပါးအား ဖြင့်စိတ်သော်လည်း။ သိုးဆောင်း တက်ကျမ်းဆရာတို့သည် (၃)(၄)နှင့်(၅)ကိုသာအလိုရှိကြ၏၊ ၎င်းသုံးပါးတွင်တခုတခု သည်ပဋိညာဖြစ်ကြောင်းကိုအောက်ပါအတိုင်းသိအပ်၏။

(၁) ယောယောရူမဝါ။သောသောအငိမာ။
(၂) အယံပဗ္ဗတောရူမဝါ။
(၃) တသ္မာတံပဗ္ဗတောအဂ္ဂိမာ။

ဤချာယ၌ ပဗ္ဗတောဟူသော ပုဒ်သည် ဓမ္မီမည်၏။ အချို ကျမ်း၌ပက္ခဟူ၍လည်းထင်သကဲ့သို့ရှိ၏။ အဂ္ဂိမာဟူသောပုဒ် သည်ဓမ္မမည်၏။သာရျလည်းမည်၏။ထိုကြောင့်သာလျှင်။ဓမ္မီ နော၊ဥပမေယျဖြစ်သောသီး၏။အသိဒ္ဓိတော မထင်ရှားသည်၏ အဖြစ်ကြောင့်ဟူ၍သဒ္ဒတ္ထဘောဒိစိန္တာကျမ်း၌ဆိုအပ်ပြီ။ပါဒက ၌နှစ်ကြိမ်ထပ်သောမရူမဝါပုဒ်သည်ဟေတုမည်၏။လိင်ဟူ၍ လည်းအချို့တက္ကဆရာတို့ခေါ်ကြ၏။ သာဓနဟူ၍လည်းအချို့ ခေါ်ကြ၏။ ယုတ္တိဟူ၍လည်း ခေါ်ဝေါ် ပြောဆိုသင့်၏။ ထို ကြောင့်။ချာယေအဝယဝါဥဒါဟရဏောပနယနိဂမနဝသေန တိပိဓာဟူသောပါဌ်ကိုပြုအပ်ပြီ။ ။အနက်ကား။ ။ချာယေ။ချာ ယ၌။ တနည်း။ချာယတခုတခု၌။ အဝယဝါ။အစိတ်အစိတ်တို့ သည်။ တနည်း။ အစိတ်အစိတ်ဖြစ်၍ဖြစ်ကုန်သော ပဋိညာတို့ သည်။ ဥဒါဟရဏောပနယနိဂမနဝသေန။ ဥဒါဟရဏ်၊ဥပန ယည်း၊နိဂုံးတို့၏အစွမ်းဖြင့်။တိပိဓာ။သုံးပါးအပြားရှိကုန်၏။

ဤဥဒါဟရဏ်။ဥပနယည်း။ နိဂုံးတို့ကိုနောက်ဆိုင်ရာ အ ခဏ်းသို့ရောက်မှပြမည်။

ဤသို့တက္ကကျမ်းကို၊ အများအားဖြင့်သုံးပိုင်း သုံးဌာနပြု၍ ပိုင်းခြားဝေဘန်လေ့ ရှိကြသေ်လည်း။ ပုဒ်တို့ကိုပဋိညာ၌၊ ပဋိညာတို့ကိုချာယ၌စိစဉ်အပ်သကဲ့သို့။ ချာယတို့ကို လည်း။ ဒေသနာ၌စီစဉ်အပ်၏ဟူ၍ ချာယတို့၏အစီအစဉ်ကို ပြရာပြ ကြောင်းဖြစ်သောနည်းဟုဆိုအပ်သော"ချာသရိတိနယသကို စတုတ္ထပိုင်းအဖြစ်ဖြင့် အချို့တက္ကိက ဆရာတို့အလို ရှိကြ၏။ သို့ရာတွင်ဇင်းစတုတ္ထပိုင်းသည်၊ နည်းကိုသင်သော။ တနည်း။ ထတ်မြောက်သော"နေယျာယိကဆရာ„တို့၏အရာဖြစ်သည်

ဟူ၍ထင်၏။ ။အစိအကုံးအဖွဲ့အနွဲ့၌စကားအစိအစဉ်သည် အလင်္ကာဆရာ၏ အရာသာ မဟုတ်ပါလော ဟူ၍ပြောအံ့။ အလင်္ကာဆရာမှာ"ဝါစာသိလိဋ္ဌစကားပြေပြစ်၍ သူတပါးနား၌သာယာနာပျော်ဘွယ်ရှိစေခြင်းငှာ"စိစဉ်၏။ နေယျာယိက ဆရာနှင့်စတုဋ္ဌပိုင်းကို အလိုရှိသော တက္ကိက ဆရာတို့မှာကား"သူတပါးဉာဏ်၌အလွယ်တကူသိနားလည်စေခြင်း ငှာ" စိစဉ်၏။ ။ဤကားအထူးတည်း။

---

## စတုဋ္ဌကဏ္ဍ။
## ပုဒ်အပြားကိုပြသောပဒဘေဒခဏ်း။

တက္ကကျမ်းကိုပုဒ်။ပဋိညာ။ နျာယဟူသောပရိစ္ဆေဒသုံးပါးတို့ဖြင့်။ဝေဘန်ပိုင်းခြားကြောင်းကို။တတိယကဏ္ဍ၌ ပြဆိုခဲ့ပြီ။ ထိုသုံးပါးတို့တွင် ပဌမပရိစ္ဆေဒ ဖြစ်သော ပုဒ်၏ အပြားကိုယခုအခါပြဆိုပေအံ့။

တခုသောပဋိညဏ္ဍ၌ အင်္ဂပညတ်နှစ်ပါးတို့ ၏တူမတူဟူသော အခြင်းအရာကို ဆုံးဖြတ်၏ဟု ပြဆိုခဲ့ပြီး ဖြစ်သောကြောင့်။ထိုပဋိညဏ္ဍကိုဟောသောပဋိညာ၌ အင်္ဂပညတ်တို့ကိုသိစေတတ်သောသဒ္ဒပညတ်။ တနည်း။နာမပညတ် နှစ်ပါးကိုဗျဉ္ဇနသမ္ဗန်သည်စပ်၏။ ။ဥပမာ။ "လူသည် စား၏" ဟူသောပဋိညာ၌လူဟူသော ဝါစ္စပုဒ်။စား၏ဟူသော ဝါစကပုဒ်တို့သည်နာမပညတ်ဖြစ်ကြ၏။ ဤပညတ်နှစ်ပါးကို စပ်တတ်သောဗျဉ္ဇနသမ္ဗန်သည်ငုပ်၍ ကွယ်ဝှက်ရကား။ ရင်းကိုမမြင်နိုင်ချေ။သို့ရာတွင်စား၏ဟူသော ဝါစကပုဒ်ကို။ စားသောသူဟုမြိမ်ထင်ရှားစေခြင်းငှာ"လူသည်စားသောသူဖြစ်၏"ဟုဆိုလျှင်။ ငုပ်၍ကွယ်ဝှက်သော သမ္ဗန်သည်ပေါ်၍ ထင်ရှား၏။ လူ၏စားစွမ်းနိုင်ခြင်းသည် "သတ္တိရုပ်"။ ထိုအစွမ်း ထင်ရှား

ခြင်းသည်''ဗျတ္တိရုပ်,,ဟူ၍။အချို့သော သဒ္ဒါဆရာတို့သည်ခွဲ၍ပြကြ၏။

နာမပညတ်သည်ဒြဗ်ဟု ဆိုအပ်သော အတ္ထပညတ်ကိုသိစေ၏။ဓာတ်ပညတ်ဖြစ်မူ ဓာတ်ကိုလည်းပြ၏။ သမ္ဗန်မူကား ဒြဗ်ဖြစ်စေ၊ဓာတ်ဖြစ်စေ၊အချင်းချင်းတူမတူဟူသော အခြင်းအရာကိုသာပြ၏။ဤသမ္ဗန်၏အနက်ကို ကြံရကြံ့ကြောင်းဖြစ်သောသမ္ဗန္ဓတ္ထစိန္တာကိုဧကာဒသမကဏ္ဍ၌ချဲ၍ပြလတ္တံ့။

''ရဟန်းသည်သူတော်ကောင်းဖြစ်၏,,ဟူသော ပဋိညာဉ်၌ ရဟန်းဟူသောဝါစ္စပုဒ်။သူတော်ကောင်းဟူသောဝါစက ပုဒ်တို့သည်''ဧကပဒပုဒ်,,ဖြစ်ကြ၏။ ထိုဝါစ္စဝါစက ပုဒ်တို့သည် ဧကပဒပုဒ်သာဖြစ်ကြသည်မဟုတ်။ ''အနေကပဒပုဒ်,,လည်း ဖြစ်နိုင်ကြ၏။ ။ဥပမာ။''အလွန်အကြူး ထူးသောသီလသမာဓိဂုဏ်စသည်နှင့် ပြည့်စုံသောရဟန်းသည် ပူဇော်ခြင်းကိုခံထိုက်သော ဗုဒ္ဓိုလ်သူတော်ကောင်း အလောင်း အလျာပေတည်း,,ဟူသောပြယုဂ်၌အလွန်အကြူးထူးသော။ လ။ ရဟန်းဟူသောဝါစ္စပုဒ်။ ပူဇော်ခြင်းကို။လ။ အလောင်း အလျာ ပေတည်းဟူသော ဝါစကပုဒ်တို့သည် အနေကပဒပုဒ်ဖြစ်ကြ၏။ ထိုကြောင့်အာရုံတခုကိုဟောစွမ်းနိုင်သော အနေကပဒဖြစ်၍ဖြစ်သော ပုဒ်အပေါင်းသည် ဝါစ္စဝါစကပုဒ်ဖြစ်နိုင်၏။ ဤ၌ ''အာရုံတခု,,ဟူသည်ကား အနက်တခုကို ဆိုလို၏။ ''အနက်တခု,,ဟူသည့်လည်းဒြဗ်တခုကိုလည်းကောင်း၊ ဒြဗ်အပေါင်းအစုတခုကိုလည်းကောင်း။ဂုဏ်တခုကိုလည်းကောင်း။ ဂုဏ်အပေါင်းအစု တခုကိုလည်းကောင်းဆိုလို၏။ (သိုးဆောင်းကျမ်းတို့၌ကား ဒြဗ်ကိုအထူးပြုတတ်သောသကတ်ကို။ ဂုဏ်ဟူသောအမည်တခုတည်းဖြင့်။ခေါ်ဝေါ်ပြောဆိုသောကြောင့် ဤ၌ဂုဏ်သာမညကို ဆိုသော်လည်း။ ဆဋ္ဌကဏ္ဍ၌ ဆိုလတ္တံ့သောသကတ်၅စ်ပါးတို့တွင် တပါးပါးကိုပင်ယူအပ်၏။ တနည်း။ ဒဗ္ဗသကတ်မှတ္တြင်းသောသကတ်တို့ကိုယူအပ်၏။ ဤ

ကားအမှာ)။ ဤသို့အနက်တခုကို ဟောစွမ်းနိုင်သော ပုဒ်အပေါင်း၌နာမ်ပုဒ်သာပါဝင်နိုင်သည်မဟုတ်။ တပါးသောသဗ္ဗနာမ်ပုဒ်စသည်တို့လည်းပါဝင်နိုင်ကြ၏။

ဝါစ္စဝါစက ပုဒ်တို့သည် နာမပညတ် ဖြစ်ကြရကား အမည်သာတည်း။ "အမည်,, ဟူသည်လည်း အနက်၌ ညွတ်တတ်။ ၎င်းအနက်ကို မိမိသို့ညွတ်စေတတ်သော လောကသင်္ကေတအမှတ်သညာဖြင့်ပြီးသော မှတ်ကြောင်းလက္ခဏာတခုပင်တည်း။ ဤ၌အမည်သည် အနက်၌ညွတ်တတ်၏ဟူသောပဌမပိကပ်ကိုဝဒ္ဓပုဂ္ဂိုလ်ကိုရည်၍ဆို၏။အနက်ကိုမိမိသို့ညွတ်စေတတ်၏။ တနည်း။ အနက်သည်အမည်၌ညွတ်၏ဟူသောဒုတိယပိကပ်ကိုသုတာန္တပုဂ္ဂိုလ်ကိုရည်၍ဆို၏။ ဝဒ္ဓပုဂ္ဂိုလ်သည် အနက်ဒြဗ်ကိုရှေးဦးစွာအာရုံပြုပြီးမှ အမည်ကိုရွတ်ရသောကြောင့်၊ နောက်ရွတ်သောအမည်သည် ရှေးအာရုံဖြစ်သော အနက်ဒြဗ်သို့ညွတ်၏။ (အနက်ဒြဗ်ရှိမှသာသဒ္ဒါဖြစ်သောကြောင့်။ သဒ္ဒါသည်အနက်ဒြဗ်သို့ ညွတ်၏ဟူလို။) သုတာန္တပုဂ္ဂိုလ်သည်ကား။ အမည်ကိုရှေးဦးစွာ ကြားပြီးမှအနက်ဒြဗ်ကိုအာရုံပြု၍သိရသောကြောင့်။ နောက်သိရသောအနက်ဒြဗ်သည် ရှေးကြားပြီးသောအမည်၌ညွတ်၏။ (သဒ္ဒါရှိမှသာအနက်ကိုသိသောကြောင့်။ အနက်သည်သဒ္ဒါ၌ညွတ်၏ဟူလို။) ဤသို့အမည်နှင့်အနက်နှစ်ခုတွင်။ ရှေးနောက်ကျ၍တခုသည်တခုသို့ညွတ်ပုံကိုမှတ်အပ်၏။

ထိုစကားကိုချဲဦးအံ့။ ရှေးလူတို့သည်မြင်းဒြဗ်ကိုမြင်သောအခါ။သဒ္ဒါကိုကြံ၍။ မြင်းသဒ္ဒါသည်၎င်းတို့၏အသိဉာဏ်၌ဖြစ်၏။တနည်း။ မြင်းဟူသောအမည်ကိုပေးကြလေ၏။ ဤသို့ပေးသည့်မှစ၍။မြင်းသဒ္ဒါသည်မြင်းဒြဗ်ကိုအစဉ်ဟော၏။ယခုကာလ၎င်းလောကသင်္ကေတကိုကြားဘူးသိဘူးသောဝဒ္ဓပုဂ္ဂိုလ်တို့သည် မြင်းဒြဗ်ကို နောက်မြင်တိုင်း မြင်တိုင်း ရှေးလူတို့၏အသိဉာဏ်၌ဖြစ်သော မြင်းသဒ္ဒါသည် မြင်းဒြဗ်ကို အစဉ်

ဟောဝ၏ဟု သိကြ၏၊ တနည်း။ ထိုရှေးလူတို့ ပေးသောမြင်း ဟူသောအမည်ကိုအမြဲသတိရ၍ရွတ်ဆိုကြ၏။ ဤသို့မြင်းသဒ္ဒါ သည့်မြင်းခြင်ကိုအစဉ်ဟော၍၊ မြင်းခြင်ကိုမြင်တိုင်းမြင်တိုင်း မိမိကြားဘူးသော ထိုသဒ္ဒါကိုအစဉ်သတိရကြသည့်ကိုပင် လျှင်။ မြင်းသဒ္ဒါသည်မြင်းခြင်၌ညွှတ်သည်ဟူ၏။ သုတာန္တပုဂ္ဂိုလ် မှကား ရှေး၌ကြားဘူးသော မြင်းသဒ္ဒါကို ကြားတိုင်း ကြား တိုင်းအနက်ကိုကြံ၍ရှေး၌မြင်ဘူးသောမြင်းခြင်ကို အမြဲသတိ ရ၏။ ဤသို့မြင်းသဒ္ဒါသည်မြင်းခြင်ကိုသတိရစေ။ သိစေသည့် ကိုပင်လျှင်။ အမည်၌အနက်ကိုညွှတ်စေသည်ဟူ၏၊ မချအား ဖြင့်ကား။ ဝဒန္တပုဂ္ဂိုလ်၏စိတ်သာလျှင်အနက်သို့ညွှတ်သည်ကို ဝဒန္တပုဂ္ဂိုလ်ရွတ်ဆိုအပ်သော သဒ္ဒါသည် အနက်၌ညွှတ်၏ဟု ကာရဏူပစာအားဖြင့်ဆို၏။ ထိုအတူ သုတာန္တပုဂ္ဂိုလ်၏ စိတ် သာလျှင် အနက်၌ညွှတ်သည်ကို မိမိကြားအပ်သောသဒ္ဒါသို့ အနက်သည်ညွှတ်၏ဟုဥပစာအားဖြင့်ဆို၏။ ။ဝဒန္တပုဂ္ဂိုလ် ရွတ်ဆိုအပ်သောအမည်သည်၊သုတာန္တပုဂ္ဂိုလ်သည်မိမိ၏စိတ် ၌ရှေးအခါက ရောက်ဘူးသော အာရုံကိုသိစွမ်းနိုင်ရန် လက္ခ ဏာမျှသာဖြစ်၏။

ဤသို့အာရုံကို သိကြောင်း လက္ခဏာ ဖြစ်သော အမည် သည်ကား။

(၁) အနက်၌ညွှတ်တတ်။ မိမိသို့ အနက်ကို ညွှတ်စေ တတ်သောအမည်ဟူသောနာမ။

(၂) အနက်၌ညွှတ်သည်ဖြစ်၍။ ပြုအပ်၊ မှည့်အပ်သော နာမကမ္မ။

(၃) အနက်၌ ညွှတ်သည် ဖြစ်၍။ ထားအပ်သော နာ မဓေယျ။

(၄) ထုတ်၍ ဆိုအပ်သော ဝိကြုပ်တည်း ဟူသော နာမနိရုတ္တိ။

(၅) အနက်ကို ပြတတ်သော ဝါကျဟု ဆိုအပ်သော သောနာမဗျဉ္ဇန။
(၆) အနက်ကိုရှေးရှုဟောဘတ်၊ ခေါ်တတ်သောသဒ္ဒါ ဟူသောနာမဘိလာပ။

ဤသို့အားဖြင့် ပရမတ်ဆရာဘို့၏ အလိုအားဖြင့် ခြောက်ပါးအပြားရှိ၏။ ဤအမည်ခြောက်မျိုးကိုသဒ္ဒါကျမ်းတို့၌မတွေ့ဘူးချေ။ သဗ္ဗိဟ်ကျမ်းပစ္စည်းပိုင်း၏ အဘွင့်ဋီကာစသည်တို့၌ကြည့်၍လည်းကောင်းစွာမရှင်းနိုင်ဖြစ်သည်။ အချို့သောသူတို့အလိုအားဖြင့်။ ဗုဒ္ဓဟူသောသဒ္ဒါတရတည်းပင် ဤအမည်ခြောက်မျိုးကိုရ၏။အဘယ်ကြောင့်ဆိုသော်။ ဗုဒ္ဓဟူသောပုဒ်သည်သဒ္ဒါဖြစ်၍နာမနိရုတ္တိမည်၏။ ထိုဗုဒ္ဓဟူသောအမည်ကိုဘုရားမြတ်၌ ပြုအပ်သောကြောင့် နာမကမ္မမည်၏။ ထိုဗုဒ္ဓဟူသော အမည် သည်ပင်လျှင် ဘုရားမြတ်၌ ညွှတ်တတ်သောကြောင့်နာမမည်၏။ ၎င်းဗုဒ္ဓဟူသောအမည်ကိုပင်ဘုရားမြတ်၌ထားအပ်သောကြောင့် နာမဓေယျမည်၏။ ၎င်းဗုဒ္ဓဟူသောအမည်သည်ပင်လျှင်ဘုရားမြတ်ကိုပြတတ်သောကြောင့် နာမဗျဉ္ဇနမည်၏။ ၎င်းအမည်သည်ပင် ဘုရားမြတ်ကို ရှေးရှုဟောတတ်၊ ခေါ်တတ်သောကြောင့် နာမာဘိလာပမည်၏ဟူ၍ ဆို၏။ ။အချို့လည်းနာမဓေယျကိုနာမဓေယျရေး၍အမည်ဖြစ်ကြောင်းကိုစွဲ၏။ အချို့လည်းနာမနိရုတ္တိမှာပိဋိဟ်ကိုကောက်၏။ နာမဗျဉ္ဇနမှာဝါကျကိုအလိုရှိ၏။ အချို့လည်း။ ဗုဒ္ဓါတိတိဗုဒ္ဓေါ။ ဘဂဝါဟူ၍ပိဋိဟ်ဝစနတ်ပြုခ၍။ ဗုဒ္ဓေါဟူသောအမည်သည်နာမလည်းဟုတ်၏။ နာမကမ္မလည်းဟုတ်၏။ဗုဒ္ဓါတိဟူသော သဒ္ဒါသည် နာမဓေယျလည်း ဟုတ်၏။ နာမနိရုတ္တိလည်းဟုတ်၏။ ဘဂဝါဟူသောပရိယာယ်သဒ္ဒါသည် နာမဗျဉ္ဇနလည်းဟုတ်၏။ နာမာဘိလာပလည်းဟုတ်၏ဟူ၍ ဆို၏။ နာမဗျဉ္ဇနကိုဝါကျဟူ၍ကောက်လျှင်၊ ဤပရိယာယ်သဒ္ဒါကိုမရ။ဗုဒ္ဓါတိသဒ္ဒါကိုပင်ရ၍။နာမနိရုတ္တိနှင့်တူပြန်၏။ ဤသို့တူပြန်

ကလည်း။ အမည်ခြောက်မျိုးဟူ၍ သရုပ်ခွဲခြင်းငှါအကျိုးမရှိ။ ငါတို့အလို သော်ကား။ "ဘုရားဟူသည်ကား သိဘတ်သော ပုဂ္ဂိုလ်တည်း„။ ဟူရာ၌"ဘုရား„ဟူသောအမည်သည်ဘုရား ဖြစ်၍ညွှန်တတ်သောကြောင့် နာမမည်၏။ ၎င်းအမည်သည် ပင်လျှင် လောကသင်္ကေတကို ပြုသောသူတို့ကိုရည်၍ နာမ ကမ္မ။ နောက်နောက်သော လူတို့ကိုရည်၍ နာမဒွေယျဖြစ်၏။ "ဟူသည်ကား„ဟူသောပုဒ်ကား။ဘုရားဟူသောအမည်၏အ နက်ကိုပြတတ်သောကြောင့်နာမဗျဉ္ဇနဖြစ်၏။"သိဘတ်သော„ ဟူသောပုဒ်ကား။ဘုရားအမည်၏သကတ်အနက်ကို ထုတ်၍ ဆိုအပ်သောကြောင့် နာမနိရုတ္တိဖြစ်၏။ "ပုဂ္ဂိုလ်တည်း„ ဟူ သောပုဒ်သည်ဘုရားဟူသောအမည်၏ အနက်ကိုမိမိသို့ရှေး ရှုခေါ်တတ်သောကြောင့်နာမာဘိလာပဖြစ်၏။ ဤသို့ယူလျှင် သရုပ်ကွဲ၏။ဤကား စာသင် သားတို့ မိမိတက္ကဉာဏ်ဖြင့် အ သီးသီးကြံကြစေရန်နည်းပြမျှဖြစ်သောနောတက္က။ အဏ္ဏနော မတိမျှသာတည်း။မည်သည့်ဝါဒသင့်၍။မည်သည့်ဝါဒမသင့် ကြောင်းကိုရှင်းလင်းအောင်ဆရာကောင်းတို့ထံမေးလေ။

အနက်ကိုသိခြင်း၏အကြောင်းဖြစ်သော အက္ခရာအပေါင်း ကိုပုဒ်ဟူ၍သဒ္ဒါဆရာတို့ဆို၏။ သို့ရာတွင်ပြဆိုခဲ့ပြီးသော အ မည်ဟူသမျှသည် ပုဒ်ဖြစ်သော်လည်း။ ပုဒ်ဟူသမျှ သည် အ မည်မဟုတ်ချေ။အဘယ်ကြောင့်ဆိုသော်နိပါတ်ပုဒ်။ ကိရိယာ ဝိသေသနပုဒ်စသည်တို့သည်အမည်မဟုတ်ကြသော ကြောင့် တည်း။၎င်းပုဒ်တို့သည် အမည်မဟုတ်၍။ ပဋိညာဉ်၌ ဝါစ္စဝါစ ကမဖြစ်ကောင်း၊ ။ဥပမာ။ "ကောင်းစွာသည်မဆိုး„ ဟူ၍ မပြောမဆိုနိုင်။ အဘယ်ကြောင့် နည်းဟူမူ။ ကောင်းစွာ ဟူ သောပုဒ်သည် အမည်မဟုတ်၊ ကိရိယာဝိသေသန ပုဒ်မျှသာ ဖြစ်သောကြောင့်တည်း။ သို့ရာတွင်"'ကောင်းစွာ, ဟူသော သဒ္ဒါသည်'မဆိုး,ဟူသော အနက်၌ဖြစ်၏„ဟူ၍ မှုကားပြော ဆိုနိုင်၏။အဘယ်ကြောင့်ဆိုသော်၊ ကောင်းစွာဟူသော ပုဒ်

သည်ဝါစ္စပုဒ်၏ ပြည့်ကြောင်း ပဒပူရဏ မျှသာ ဖြစ် သော ကြောင့်တည်း။

ပဋိညာဉ်၌ ဝါစ္စဖြစ်ထိုက်၊ ဖြစ်ကောင်းသော ပုဒ်မျိုးကား "နာမ်ပုဒ်"နှင့်နာမ်ပုဒ်ကဲ့သို့အသုံးပြုသောပုဒ်တည်း။ နာမ်ပုဒ်၌ သမာသ်နာမ်။ တဒ္ဓိတ်နာမ်။ကိတ်နာမ်။ ကိရိယာ နာမ်တို့ကို လည်းသွင်း၍သဂြိုဟ်အပ်၏။ (ပါဠိသဒ္ဒါ၌ ကိတ်နာမ်မှကိရိယာနာမ်ကိုအသီးထုတ်၍မဆိုသော်လည်း။ဘော အနက်၌ဖြစ်သောသွားခြင်း၊စားခြင်းစသောများပြားလှစွာသော "ကြိယာ၊ တို့၏အမည်"ကိုကြိယတ္ထဝါစကာသဒ္ဒါ၊ လ။ကြိယာနာမ္တိ၊ ဟူသော ကာရိကာပါဌ်နှင့်အညီ၊ ကြိယာနာမ်ဟူ၍ဆိုလိုက်သည်။ဤသို့ဆိုအပ်သောကြိယာနာမ်သည် ပုဒ်စစ် ဆရာတို့ထုတ်အပ်သောပါစကောစသော ကြိယာနာမ်နှင့်လည်း မတူကြောင်းကိုနောက်၌ပြမည်။ဤကားအမှာ။)

နာမ်ပုဒ်ကဲ့သို့ အသုံးပြုသော ပုဒ်ဟူသည်ကား၊ သဗ္ဗနာမ် တည်း။ပါဠိသဒ္ဒါ၌သဗ္ဗနာမ်သည်။

(၁) သည်(ဟာ)၊ ဤ(ဟာ)။ထို(ဟာ)။အကြင်(သူ)။ ထို(သူမ)စသောပယောဂဝစ္စသဗ္ဗနာမ်။
(၂) ငါ။သင်။သူစသောဝစနသဗ္ဗနာမ်။
(၃) အညီ။အရွေ။တနည်း။ညီသော။ရွေသော စသော ဂုဏသဗ္ဗနာမ်။
(၄) အဘယ်သူစသောပုစ္ဆာသဗ္ဗနာမ်။
(၅) အနည်းငယ်။အနည်းငယ်သောစသော ပမာဏ ကသဗ္ဗနာမ်။
(၆) အလုံးစုံ။အလုံးစုံသောစသောသဗ္ဗသဗ္ဗနာမ်။
(၇) အရှေ့။အနောက်စသောဒိသာသဗ္ဗနာမ်။
(၈) တချ။တချသောစသောသင်္ချာသဗ္ဗနာမ်။

(၉) အရှည်။ အတို။ ရှည်သော။ တိုသော စသော အဝတ္ထုသဗ္ဗနာမ်။

(၁၀) ယခုအခါစသောကာလသဗ္ဗနာမ်။

ဟူ၍ဆယ်ပါးရှိ၏။ထိုတွင်ပယောဂဝန္တသဗ္ဗနာမ်မှာ ယှဉ်ဘက်ကိုထုတ်ဆောင်၍ဆိုမှ ဝါစ္စဖြစ်နိုင်၏။ ပုဗ္ဗသဗ္ဗနာမ် မှာ အခါခပ်သိမ်းတက္ကိက ဝါစ္စမဖြစ်ကောင်း။ ပမာဏိက သဗ္ဗနာမ်။သဗ္ဗသဗ္ဗနာမ်။သင်္ချာသဗ္ဗနာမ်တို့မှာ' သော,ဟူသောအဓိတ်သဒ္ဒါမပါမှဝါစ္စဖြစ်နိုင်၏။ဂုဏသဗ္ဗနာမ်နှင့်အဝတ္ထုသဗ္ဗနာမ်တို့မှာ'သော,ဟူသောသဒ္ဒါကိုချေ၍။ 'အ,ဟူသော သဒ္ဒါကိုရှေး၌ထည့်မှဝါစ္စဖြစ်နိုင်၏။ ဝစနသဗ္ဗနာမ်ကို နောက်ဖြစ်မြန်မာသဒ္ဒါတို့၌နာမ်စားဟူ၍ခေါ်ကြ၏။

ဝါစကဖြစ်ထိုက်၊ ဖြစ်ကောင်းသောပုဒ်မျိုးကား နာမ်ပုဒ်။ ပုဗ္ဗသဗ္ဗနာမ်မှတပါးသောသဗ္ဗနာမ်ပုဒ်။အာချာတ်ပုဒ်တို့သာတည်း။ "လူသည်ကောင်းသော,,ဟူ၍မဆိုနိုင်ရကား။သဗ္ဗနာမ်ပုဒ်သည်ဝါစကပုဒ်ဖြစ်ကောင်းဟူပြောအံ့၊လူသည် ကောင်းသောဟူ၍ပင်မဆိုနိုင်သော်လည်း။"လူသည်ကောင်း၏,,ဟူ၍မူကားဆိုနိုင်၏။ဤ၌ကောင်း၏ဟူသောပုဒ်ကို အာချာတ်ပုဒ်ဟုမှတ်မူ၍။သဗ္ဗနာမ်ပုဒ်ဟူ၍သာမှတ်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ။"လူသည်ကောင်းသောသူဖြစ်၏,, ဟူ၍ ဒြဗိထင်ရှားစေခြင်းငှာဆိုသင့်ဆိုထိုက်သောကြောင့်တည်း။ "ဤသူသည်လူကောင်းဖြစ်၏,,ဟူရာ၌လည်း "ကောင်းသောလူဖြစ်၏,,ဟူ၍အဓိပ္ပာယ်ရောက်သောအားဖြင့်ဆိုလို၏။

ဤဆိုအပ်ခဲ့ပြီးသည့်ပုဒ်မျိုးတို့မှကြွင်းသောပုဒ်မျိုးတို့သည် ဝါစ္စ၊ဝါစကပုဒ်ပြည့်ကြောင်းပဒပူရဏ အကျိုးငှာအသုံးဝင်၏။ဤကားတက္ကကျမ်းသည် သဒ္ဒါနှင့်မကင်း ကောင်းသောကြောင့်သဒ္ဒါကျမ်းနှင့်ယှဉ်၍ပြသောဝိတ္ထာရနည်းတည်း။

ယခုအခါသင်္ခေပ နည်းကို ဆိုဦးအံ့၊ဝါစ္စ ဝါစက ပုဒ်တို့

သည် နာမပညတ်ဖြစ်ရကား အမည်ဖြစ်ကြ၏။ အမည်ဖြစ်သောကြောင့်လည်း။ နာမ်ပုဒ်ဟူ၍သာ အချုပ်သဘော အားဖြင့်ဆိုသင့်ဆိုထိုက်၏။ဤကား။သညာရူပေနဉာတဗ္ဗာ။ ကောဝိသညိဝိဓိယတေ။နာမန္တိ။ ဟူသောကာရိကာ ပါဌ်နှင့်အညီတည်း။ ။သဗ္ဗနာမ်ပုဒ်ကိုနာမ်ပုဒ်၌သွင်း၍ သင်္ဂြိုဟ်လိုလျှင်၊ နာမ်ပုဒ်ဟူ၍ဆိုတန်စေ။သဒ္ဒါဆရာတို့အာချာတ်ပုဒ် ခေါ်သော ကိရိယာပုဒ်ကိုနာမ်ပုဒ်ဟူ၍ခေါ်ရမည်မှာကား မသင့်ဟူ ဖြားအံ့။ "လူသည်သွား၏,, ဟူရာ၌သွား၏ဟူသော ကိရိယာဝါစကကို "သွားသောသူ,,ဟူ၍ပရိယာယ်အားဖြင့်ဒြဗ်ထင်ရှားစေခြင်းငှာစကားပြောင်းလဲ၍ဆိုသော်။ ၎င်းကိရိယာဝါစကသည်နာမဝါစကဖြစ်၏။ ထိုမှတပါးလည်း သွား၏ ဟူသောသဒ္ဒါသည်သွားခြင်းကိရိယာ၏အမည်ပင်ဖြစ်၍။ ကြိယာဝ္ဂဝါစကသဒ္ဒါ။လ။ကြိယာနာမန္တိ၊ဟူသော ယခင်ကာရိကာ ပါဌ်နှင့်အညီကြိယာနာမ်ဖြစ်၏၊ထိုကြောင့်သင့်၏ဟူလို။ ထိုသို့ဖြစ်လျှင်၊ သဒ္ဒပညတ်ဟူသမျှသည် နာမပညတ်ဖြစ်သောကြောင့် နာမ်ပုဒ်ချည်းဖြစ်ရာ၏ဟူပြန်အံ့၊တလုံးသော အက္ခရာဖြင့် ပြီးသောကေက္ခရပုဒ်သော်လည်းအမည်၏အဖြစ်ဖြင့်သုံးလျှင်။ နာမ်ပုဒ်ဖြစ်၏။ ။ဥပမာ။ "ကသည်ခဖြစ်၏,,ဟူသောပဒိုညာဉ်၌'က,နှင့်'ခ,တို့သည်တက္ကိကဆရာအလိုအားဖြင့်နာမ်ပုဒ် ဖြစ်ကြ၏။ ဤသို့ဖြစ်မှုကားယခင်'ကောင်းစွာ, ဟူသောအနေကက္ခရ ကြိယာဝိသေသနပုဒ်သည်နာမ်ပုဒ်ပင်မဖြစ်ရာလော။ အဝ္ဂ ပဒဝ္ဂကဖြစ်သျှင်။တနည်း။အနက်သာပုဒ်နက်ရှိလျှင်မဖြစ်။ သဒ္ဒပဒဝ္ဂကဖြစ်မှုကား။ တနည်း။သဒ္ဒါသာလျှင် ပုဒ်နက် ရှိမှုကား ဖြစ်၏။ဤသဒ္ဒပဒဝ္ဂကအနက်ကို ထင်ရှားစေလို၍ (စသဒ္ဒေါ။ဝ၊ သဒ္ဒါသည်စသည်ဖြင့်)'သဒ္ဒါ,ပုဒ်နှင့်ယှဉ်၍သုံးလေ့ရှိကြ၏။ ဤသို့ကာရိကာပါဌ်နှင့်အညီဆိုအပ်သော နာမ်ကိုသဒ္ဒနာမ်မှထုတ်စေခြင်းငှာ။တက္ကိကနာမ်ဟူ၍ခေါ်အပ်၏။ ပဒိုညာဉ်ဝါစ္စ ဝါဝကဖြစ်ကောင်းလျှင်တက္ကိကနာမ်ဟူ၍မှတ်အပ်၏။

တက္ကကျမ်းသည် မြန်မာဘာသာ၌ကျမ်းသစ် ဖြစ်ရကား။ သဒ္ဒါကျမ်းမှလည်းကောင်း။အထက်ာကျမ်းမှလည်း ကောင်း။ သဂြိုဟ်ကျမ်းမှလည်းကောင်း။ သင်္ကေတပုဒ်တို့ကိုသုံးစွဲရ၏။ ဤသို့သုံးစွဲရသော်လည်း။ထိုထိုသောကျမ်းတို့၌ ဟောသောအနက်ဟောင်းနှင့်တူသည့် အခါလည်းရှိ၏။ မတူသည့် အခါလည်းရှိ၏။အနက်သစ်၌သုံးစွဲသောအခါ။ထိုထိုသော ကျမ်းတို့ကိုတတ်မြောက်ပြီးသောပုဂ္ဂိုလ်တို့၏စိတ်၌ အနက်ဟောင်းနှင့် လျှဉ်းပါးမည်ကိုစိုးရိမ်ရ၏။ ထိုကြောင့်သဒ္ဒသင်္ကေတပုဒ်နှင့် တက္ကသင်္ကေတပုဒ်တို့ကို နှိုင်းရှည့်လို၍ တက္ကိက နာမ်ကိုအနည်းနည်းသောဒုကနယတို့ဖြင့်မဝေဘန်မီ။ရှေးဦးစွာ သဒ္ဒနာမ်ကိုပုဒ်စစ်ဆရာတို့အလိုအားဖြင့်ဝေဘန်၍ပြပေအံ့။

သဒ္ဒါဆရာတို့၏အလိုအားဖြင့်။

(၁) ကိရိယာကိုစွဲ၍ဖြစ်သောအမည်သည် ကိရိယာနာမ်မည်၏။ ပြယုဂ်ကား။ ပါစကော။ချက်တတ်သောသူ။စဖိုသည်ကိုရ၏။

(၂) ဂုဏ်ကိုစွဲ၍ဖြစ်သောအမည်သည်ဂုဏနာမ်မည်၏။ပြယုဂ်ကား။ ဘဂဝါ။ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်။ဘုရားကိုရ၏။

(၃) ဇာတ်ကိုစွဲ၍ဖြစ်သော အမည်သည် ဇာတိနာမ်မည်၏။ပြယုဂ်ကား။မြင်း၊နွားစသည်တည်း။

(၄) အကြောင်းမဲ့သက်သက်ခေါ်လိုရာကိုမှည့်သော အမည်သည်ယာဒိစ္ဆကနာမ်မည်၏။ ပြယုဂ်ကား။ တိဿ၊သာရိပုတ္တရာ။

ဤလေးပါးတို့တွင် အဘက်သုံးပါးသည်အနွတ္ထသညာဖြစ်၍။ ဝိဂြိုဟ်ပြုကောင်း၏။နောက်ဆုံးဆိုအပ်သော ယာဒိစ္ဆကနာမ်ကား ရုဠှီသညာဖြစ်၍။ဝိဂြိုဟ်မပြုကောင်း။

(၅) ဇာတ်ကို စွဲ၍ဖြစ်သော အမည်သည် သာမည နာမ်မည်၏။ ပြယုဂ်ကား။ မြင်း။
(၆) ကြေညာသော အကြောင်းကိုစွဲ၍ဖြစ်သော အမည်သည်ကိတ္တိမနာမ်မည်၏။ ပြယုဂ်ကား။ တေမိ။
(၇) ရှေး ပညတ်ဟောင်း၌ ကျတတ်သော အမည်သည် ဩပပါတိက နာမ်မည်၏။ ပြယုဂ်ကား။ နေ၊ လ။

(၈) အခိုက်အတန့်ကိုစွဲ၍ဖြစ်သောအမည်သည် အာဝတ္ထိကနာမ်မည်၏။ ပြယုဂ်ကား။ သွားငယ်။
(၉) အပဝတ္တုဗြဒ်ဖြင့် မှတ်အပ်သောအသွင်ကို စွဲ၍ ဖြစ်သော အမည်သည် လိင်္ဂိကနာမ်မည်၏။ ပြယုဂ်ကား။ လှံစွဲ။
(၁၀) ရင်းအသွင်မှတပါးသောအတွင်းဂုဏ်ဟုဆိုအပ် သော အကြောင်းကိုစွဲ၍ဖြစ်သော အမည်သည် နေမိတ္တကနာမ်မည်၏။ ပြယုဂ်ကား။ တေပိဋ္ဌော၊ ဘာဂဝါ။

(၁၁) အကြောင်းကိုမစွဲမူ၍၊ တနည်း။ အကြောင်းနှင့် ကင်း၍ မှည့်အပ်သော အမည်သည် အဓိစ္စသ မုပ္ပန္နနာမ်မည်၏။ ပြယုဂ်ကား။ တိဿ၊ ဘိုးစော။
(၁၂) အပေါင်းကို စွဲ၍ဖြစ်သောအမည်သည် သမူဟိ ကနာမ်မည်၏။ ပြယုဂ်ကား။ ပုဆိုး၊ အိုး၊ တော။
(၁၃) အစိတ်ကိုစွဲ၍ ဖြစ်သော အမည်သည် ပစ္စေက နာမ်မည်၏။ ပြယုဂ်ကား။ ဝါး၊ ချည်မျှင်။
(၁၄) ပရမတ္ထအားဖြင့် ထင်ရှားမရှိဘဲ။ စိတ်ဖြင့်ကြံ စည်အပ်သော အမည်သည် ဝိကပ္ပနာမ်မည်၏။ ပြယုဂ်ကား။ အရပ်၊ ကာလ၊ အချိန်အခါ။
(၁၅) ယှဉ်ဘက်အားဖြင့် အနက် ဝိသေသကို ဟော

သောအမည်သည် သံယောဂိကနာမ်မည်၏။ ပြယုဂ်ကား။မည်းနက်သောမြွေ။

(၁၆) စပ်၍အနက်ပိုသေသကိုဟောသောအမည်သည် သမ္ဗန္ဓိကနာမ် မည်၏။ ပြယုဂ်ကား။ နှတ်သွီး၏ သား။

(၁၇) ဆန့်ကျင်ဘက် အားဖြင့် အနက် ပိသေသ ကို ဟောသော နာမ်သည် ပဋိပက္ခနာမ်မည်၏၊ ပြယုဂ်ကား။ကြိုသောသူ၊ဆူသောသူ၊

ဤ၌(၂)နှင့်(၁၀)။(၃)နှင့်(၅)တို့သည်သဘောအားဖြင့်တူကြ၏။ (၄)။(၆)နှင့်(၁၁)တို့ကိုနောက်ဖြစ်မြန်မာသဒ္ဒါတို့၌နာမနာမ်ဟူ၍ခေါ်ကြ၏။ (၁၅)နှင့်(၁၆)တို့မှာ အနေကပဒပုဒ်ဖြစ်ကြ၏။ဤကားသဒ္ဒါဆရာတို့၏အလိုတည်း။

ယခုအခါသိုးဆောင်းတက္ကဘျမ်းနှင့်အညီ တက္ကိကဆရာ တို့၏အလိုကိုပြပေအံ့။

တက္ကိကနာမ်ပုဒ်ကို ပစ္စေကနာမ်။ သာမည့နာမ်ဟူ၍။ဒုက သဘောအားဖြင့် တက္ကိကဆရာတို့ ဝေဘန်ကြ၏။ "ပစ္စေက နာမ်,,ဟူသည်ကားဝတ္ထု။ တနည်း။ အနက်တခုတည်း၏ အ မည်တည်း။ ၎င်းနာမ်ကို နောက်ဖြစ်မြန်မာသဒ္ဒါတို့၌ ဧကဒိဓ နာမ်ဟူ၏။ပြယုဂ်တို့ကား။ငါတို့မြတ်စွာဘုရား။ ဂေါတမမြတ် စွာဘုရား၏ လက်ျာရံ။ ယခုသာသနာပိုင်ဆရာတော်ဘုရား။ ရွှေတိဂုံစေတီတော်ကြီး။ မင်းတုန်းမင်းတရားကြီး။ နတ်ရွာစံ အင်္ဂလိပ်ဘုရင်မဘုရား။ ၁၉၀၆–ခုနှစ်၌ အိန္ဒိယနိုင်ငံကိုအုပ် ချုပ်တော်မူသောလက်ဘုရင်ခံချုပ်ကြီး။ယခုမြန်မာနိုင်ငံဘုရင် ခံမင်းမြတ်။မဟာဗန္ဓုလစစ်သူကြီး။မြန်မာပြည်။ဟံသာဝတီစီ ရင်စု။ရန်ကုန်မြို့။ရန်ကုန်မြို့အစိုးရသိပ္ပံကျောင်းတော်။မြင်းမိရ် တောင်။ တနင်္ဂနွေကြိုဟ်၊ တိဿရဟန်း။ မောင်ဘိုးဟန်။ ငမောက်ကျောက်စသည်တို့တည်း။

ငါတို့မြတ်စွာဘုရားဟူသော ပြယုဂ်၌ ငါတို့ဟူသောပုဒ်ဖြင့်အထူးမပြုလျှင်။ ဂင်္ဂါဝါဠုသဲလုံးနှင့်အမျှ ပွင့်တော်မူးလွန်ပြီးသော မြတ်စွာဘုရား အများနှင့်ဆက်ဆံ၍၊ ဆိုလတ္တံ့သောသာမညနာမ်သာဖြစ်ရာ၏။ ထိုအတူယာခုသာသနာပိုင်ဆရာတော်ဘုရားဟူသောပြယုဂ်၌လည်း။ သခုဟူသောပုဒ်ဖြင့်အထူးပြုခြင်းကြောင့် အဆက်ဆက်သောသာသနာပိုင်တို့နှင့်မဆက်ဆံရကား၊ ပစ္စေကနာမ်ဖြစ်၏။ ကြွင်းသောအနေကပဒပြယုဂ်တို့၌လည်း၎ိုနည်းကိုသိလေ။ ရန်ကုန်မြို့၊မောင်ဘိုးဟန်စသောပြယုဂ်တို့ကို မြင်သဖြင့် သဒ္ဒါဆရာတို့၏ ယာဒိစ္ဆကနာမ်၊ကိတ္တိမနာမ်။အဓိပ္ပါယ်သရုပ္ပနာမ်တို့သည် ပစ္စေကနာမ်ပုန်ချည်းဖြစ်ကြ၏ဟုသိအပ်၏။အဘယ်ကြောင့်ဆိုသော်။ မောင်ဘောဟူသောအမည်သည် မောင်ဘောအခေါ်ခံသောလူဟူသမျှ၏အမည်သညာပင်ဖြစ်သော်လည်း၊ "မောင်ဘောသွား၏,, ဟုရာ၌ တဦးတယောက်သောမောင်ဘောသာသွား၏ဟုလိုသည်။ "အကျွန်ုပ်အလုံမှာနေ၏,,ဟုရာ၌လည်း၊ ရန်ကုန်မြို့အလုံအရပ်၌ သော်လည်း ကောင်း။ အထက်မုံရွာ အလုံ၌ သော်လည်းကောင်းနေသည်ဟု ဆိုလိုသည်။ နှစ်ရပ်လုံး၌ တပြိုင်နက်နေသည်ဟူ၍ကား အဓိပ္ပါယ် မရောက်နိုင်ချေ။ ထိုကြောင့် ရုဠီ့သဒ္ဒနာမ်၊တနည်း။နာမနာမ်ဟူသမျှသည်ပစ္စေကနာမ်ပုန်ချည်းဖြစ်၏။

"သာမညနာမ်,,ဟူသည်ကား။ဂုဏ်တူသောများစွာသောဝတ္ထုတို့တွင်အမှတ်မရှိတခုခုသောဝတ္ထု၏အမည်တည်း။ ထိုနာမ်သည် ဇာတ်ကိုဋ္ဌဲသောကြောင့် ဇာတိနာမ်။ အများနှင့်ဆက်ဆံသောကြောင့်သာဓာရဏနာမ်လည်းမည်၏။ နောက်ဖြစ်မြန်မာသဒ္ဒါတို့၌ကား။ဝေါဟာရနာမ်ဟူ၍ခေါ်ကြ၏၊ ။

ဥပမာ။ သေတ္တာဟူသောအမည်သည်၊ ရွှေ၊ငွေ၊ကြေးနီ၊သံဖြင့်စသောဝတ္ထုများစွာတို့၏ အမည်ဖြစ်၍သာမညနာမ်မည်၏။ ဤသာမညနာမ်ဖြစ်သောအမည်ဖြင့် နောက်နောက် ပေါ်ပေါက်

လတ္တံ့သော သေတ္တု တို့ကိုလည်း ခေါ်ဝေါ် နိုင်၏။ ပဋ္ဌေက နာမ်၌သဒ္ဒါဆရာတို့ထုတ်အပ်သော ဝါးဟူသောအမည်သည် များစွာသော ဝါးလုံးတို့နှင့်ဆက်ဆံရကား၊ သာမညနာမ်ဟူ၍သာ တက္ကိကဆရာဆိုလို၏။ ဤသာမညနာမ်နှင့် ဆိုလတ္တံ့သော သမူဟိက နာမ်တို့ကို ရှုပ်ထွေးခြင်းမရှိစေရန် နှုလုံးသွင်းရာ၏။

"သမူဟိကနာမ်"ဟူသည်ကားများစွာသောဒြဗ်အပေါင်း၏အမည်တည်း။ပြယုဂ်ကား။စစ်တပ်။ ပိဋကတ်တိုက်။ ဥပေါသထသိမ်။ပရိသတ်။ကော်မီတီ။နွားအုပ်။ငှက်ပျောခိုင်။ တနှစ်စသည်တို့တည်း။စစ်တပ်ဟူသော ပြယုဂ်၌ စစ်တပ်သည် ၄ လုံး။ ရဲတင်စသောစစ်သား အများဖြင့်ပြီး၏။ ထိုတွင် ၄လုံး။ ရဲတင်စသောအမည်တို့သည်ပဋ္ဌေကနာမ်ဖြစ်ကြ၏။ စစ်သားဟူသောအမည်သည်သာမညနာမ်ဖြစ်၏။ ထိုစစ်သား အသီးအသီးဟုဆိုအပ်သောအစိတ်၌စစ်တပ်ဟူသော အမည်သည် မဖြစ်နိုင်ချေ။ စစ်သားအပေါင်း၌ သာလျှင်။ ထိုစစ်တပ်ဟူသောအမည်သည်ဖြစ်၏။ ထိုအတူပိဋကတ် တိုက်ဟူ သော ပြယုဂ်၌လည်း။သဂြိုဟ်။သစ္စသံခိပ်။အဘိဓမ္မာဝတာရစသော ကျမ်းအသီးသီးဟုဆိုအပ်သော အစိတ်၌ ထိုပိဋကတ်တိုက် ဟူသောအမည်သည်မဖြစ်နိုင်ချေ ကျမ်းအပေါင်း၌ သာလျှင်။ ၎င်းပိဋကတ်တိုက်ဟူသော အမည်သည်ဖြစ်ကောင်း၏။ကြွင်းသောပြယုဂ်တို့၌လည်းဤနည်းကိုသိလေ။

နာမ်ပုဒ်တို့ကိုသာမညနာမ်။ သမူဟိကနာမ်ဟူ၍ ဒုကသဘောအားဖြင့် ဝေဘန်ခြင်းငှာမသင့်။ အဘယ် ကြောင့် ဆိုသော်။တခုတည်းသောပုဒ်သည်ပင်လျှင်။ ရံခါသာမညနာမ်။ ရံခါသမူဟိကနာမ်ဖြစ်တတ်သောကြောင့်တည်း၊ ။ဥပမာ။ စစ်တပ်ဟူသော အမည်သည်ရွှေလှံဗိုလ်တပ်။ မဟာဗန္ဓုလတပ်စသောစစ်တပ်အသီးအသီးဟု ဆိုအပ်သော အစိတ်အ

ဓိတ်ကိုရည်လျှင်၊ သာမညနာမ်ဖြစ်၏။ ၎င်းအမည်သည်ပ
လျှင်။စစ်သည်တပ်သားတဦးတယောက်စီ အဓိတ်အဓိတ်
ရည်မှုကား၊သမ္မုတိကနာမ်ဖြစ်ပြန်၏။သို့အတူ။ ကော်မီတီ
သောအမည်သည် ရန်ကုန်မြို့ မြူနီစီပါယ်ကော်မီတီ၊မန္တလေး
မြို့ကော်မီတီစသောကော်မီတီအသီးအသီးကို ထောက်လျှ
သာမညနာမ်ဖြစ်၏။မြူနီစီပါယ်လူကြီး အသီးအသီးကို ထော
မှုကား။သမ္မုတိကနာမ်ဖြစ်၏။ကြွင်းသောပြယုဂ်တို့၌ လည်း၍
နည်းကိုသိလေ။

သမ္မုတိကနာမ်၏ပြယုဂ်၌သဒ္ဒါဆရာတို့သည်ပုဆိုး။ အိုး
သည်တို့ကိုထုတ်ကြရာ၌ ပရမတ်ဆရာ၏ သမူဟပညတ်သ
ဘောကိုယူ၍ထုတ်ကြသည့်လက္ခဏာရှိ၏။ပရမတ်ဆရာ၏အ
လိုအားဖြင့်။အိမ်။စားပွဲ။လှည်း။ရထား။စာအုပ်စသည်တို့သည်
သမူဟပညတ်ချည်းဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော်။မည်
သည့်ဝတ္ထုမဆို သမူဟသဘောမှလွတ်နိုင် ခဲသောကြောင့်
တည်း။ ။ဥပမာ။ စာအုပ်သည် စာရွက်တို့၏ အပေါင်း
မောင်ကြီးသည် ခန္ဓာငါးပါး၏ အပေါင်း ဖြစ်သော ကြောင့်
သာမညနာမ်။ယာဒိစ္ဆက နာမ်သော်လည်း သမူဟပညတ်ပင်
ဖြစ်၏။သို့ရာတွင်တက္ကိကဆရာ၏အလိုအားဖြင့်ကား။ တော
အိမ်။လှည်း။ရထားစသည်တို့ကို သာမညနာမ် ဟူ၍သာမှတ်
အပ်၏။ ။ဤကားပဋ္ဌမဒုကနယဖြင့် နာမ်ပုဒ်တို့ကို ဝေဘန်
ခြင်းတည်း။

တနည်း။နာမ်ပုဒ်တို့ကိုဒဗ္ဗနာမ်။ဂုဏနာမ်ဟူ၍တက္ကိကဆရာ
တို့ဝေဘန်ကြသေး၏။

"ဒဗ္ဗနာမ်" ဟူသည်ကား၊ ဒြဗ်ရှိသော ဝတ္ထု၏ အမည်
တည်း။ဤ၌ဒဗ္ဗဒြဗ်သက်သက်ကိုလိုသည်။ ။ပြယုဂ်တို့ကား။
လူ။မြူသောစက္ကူ။ရွှေကောင်း။ စမိုသည်။ဘဂဝါ။ တေဝိဇ္ဇော
သဒ္ဒါဆရာတို့သည် စမိုသည်ကို ကိရိယာနာမ်။ဘဂဝါ။တေ
ဝိဇ္ဇောတို့ကို ဂုဏနာမ်။ နေမိတ္တကနာမ် ဟူ၍ထုတ်ကြ ရာ၌။

ဒဗ္ဗဂ္ဂဝါစကာသဒ္ဒါ။လ။ ဒဗ္ဗနာမန္တိ ဟူသောကာရိကာ ပါဌ် နှင့်မညီ။၎င်းပြယုဂ်တို့သည်ကိရိယာနှင့်ဂုဏ်ကိုစွဲ၍ ဖြစ်သော် လည်း။ဒြဗ်ကိုလိုရင်းဖြစ်သောကြောင့်။တနည်း။ဒြဗ်၏ အမည် ဖြစ်သောကြောင့်ဒဗ္ဗနာမ်ဟူ၍သာ တဒ္ဓိတ ဆရာတို့ ဆိုကြ ၏။ထိုမှတပါးလည်းဘောအနက်၌ဖြစ်သောကိရိယာ နာမ်ကို ပင်လည်း။ဒဗ္ဗနာမ်၌တဒ္ဓိတဆရာတို့သွင်း၍ သင်္ဂြိုဟ် ကြ၏။ ဥပမာ။"လူ၏စားခြင်း" ဟူသောပုဒ် အပေါင်းသည် စားနေ သောလူ၏ဒြဗ်သို့ဆိုက်၏၊ ရောက်၏ဟူလို။ အဘယ် ကြောင့် နည်းဟူမူ။စားခြင်းကြိယာသည် ကြိယာ ဝန္တဒြဗ်ကို မှီသော ကြောင့်တည်း။

"ဂုဏနာမ်" ဟူသည်ကားဂုဏ်၏အမည်တည်း။ ဤကား ဂုဏဝဂ္ဂဝါစကာသဒ္ဒါ။ လ။ဂုဏနာမန္တိဟူသော ကာရိကာ ပါဌ်နှင့်အညီတည်း။ဤ၌ဂုဏ်သာမန်ဆိုသော်ဒဗ္ဗဒြဗ်မှ ကြွင်း သမျှကိုယူအပ်၏။တနည်း။ဒဗ္ဗ သကတ်မှကြွင်းသော သကတ် တို့ကိုယူအပ်၏။ ပြယုဂ်တို့ကား၊ အဖြူ။ ဖြူခြင်း။ ဖြူသောအ ဆင်း။ဘုန်း။တန်းခိုး။အသိ။ ပညာ။ကာလ။သီလ။ သမာဓိ။ ။ ဂုဏ်ကိုမိမိသည်မှီအပ်သောဒြဗ်မှ အသီးထုတ်၍၊ စိတ်၌ဆင် ခြင်ရုံသာဆင်ခြင်နိုင်၏။ ဤသို့အာရုံပြုနိုင်သော်လည်း ဂုဏော ဖြစ်သောဒြဗ်နှင့်ကင်း၍ မဖြစ်ကောင်း။ ။စိတ်၌ကြံ၍ သိအပ် သောကာလစသောပြယုဂ်တို့ကို မြင်သဖြင့်။ သဒ္ဒါဆရာတို့ ၏ဝိကပ္ပနာမ်ကိုလည်း။ ဤတဒ္ဓိတ ဆရာ၏ ဂုဏနာမ်၌ ပင် သွင်း၍သင်္ဂြိုဟ်၏ဟုမှတ်အပ်၏။

'သော,ဟူ၍အနက်ပေးရသောသဗ္ဗနာမ်ပုဒ်ကို နောက်ဖြစ် မြန်မာသဒ္ဒါတို့၌နာမဝိသေသနဟူ၏။ ၎င်းနာမဝိသေသန ပုဒ် တို့သည်ဂုဏနာမ်မဟုတ်ချေ။ဒဗ္ဗနာမ်သာ ဖြစ်ကြ၏ ဟူ၍။မိ လစသောဆရာတို့ဆိုကြကုန်၏။ အဘယ်ကြောင့်ဆိုသော်။ညို သောဟူသောဂုဏ်ပုဒ်နောင်။နွား။ပုဆိုးစသောဂုဏောဒြဗ်သည်

သာလိုရင်းဖြစ်သောကြောင့်တည်း။ညိုသောပုဆိုးဟူရာ၌ ညို
သောဟူသောပုဒ်ဖြင့်။ ပုဆိုး၌ြဗ်ကိုဟော၏။ ပုဆိုးဟူသော
ပုဒ်ဖြင့်လည်း။ထိုပုဆိုး၌ြဗ်ကိုပင်ဟောသောကြောင့်။ညိုသော
ဟူသော ပုဒ်ကိုတုလျာဓိ ကရဏ ဝိသေသန ဟူ၍ လည်း
ကောင်း။တုလျတ်ဟူ၍လည်းကောင်း သဒ္ဒါဆရာတို့ခေါ်ကြ
၏။ပုဆိုးဟူသော ပုဒ်ကိုကားလိင်္ဂတ်ဟူ၍ခေါ်ကြ၏။ ။အချို့
တက္ကိကဆရာတို့ကားနာမဝိသေသနပုဒ်ဟူသမျှကို ဂုဏနာမ်
ပုဒ်အဖြစ်ဖြင့်သာအလိုရှိကြ၏။

ဂုဏနာမ်ပုဒ်ကိုပဋ္ဌေကနာမ်။ သာမညနာမ်ဟူ၍။ဒုက၏အ
ရွမ်းအားဖြင့်။ ခွဲသင့်မခွဲသင့်ဝိဝါဒဖြစ်ပွား။ အယူကွဲပြားကြ
၏။အချို့ တက္ကိကဆရာတို့၏ အလိုအားဖြင့်။ ဂုဏ နာမ်ကို
ပဋ္ဌေကနာမ်။သာမညနာမ်ဟူ၍ခွဲရန်မလိုဟူ၏။ အချို့ဆရာတို့
၏အလိုအားဖြင့်။ ဂုဏနာမ်သည် ပဋ္ဌေကနာမ် သက်သက်၊
သာမညနာမ်သက်သက်သာဖြစ်၏ ဟူလိုသည်။ တပါးသော
ဆရာတို့၏အလိုအားဖြင့်ကား၊ပဋ္ဌေကနာမ်။ သာမညနာမ် ဟူ
၍ခွဲသင့်၏။ဂုဏနာမ်သည် သာမညနာမ်ဖြစ်သော အခါ၊ ဒဗ္ဗ
နာမ်နှင့်သဘောတူ၏ဟူ၍လည်း အချို့ဆို၏။ ကျမ်းလေးမည်
ကိုမှီး၍။ထိုဝါဒအသီးသီးတို့၏ယုတ္တိကိုမရေးသိုက်ပြီ၊

သို့ရာတွင် အဖြူ"ဂုဏ်သာမည"ကိုသကာတ်။ နွားစသည်
တို့၏အဖြူ "ဂုဏ်ဝိသေသ"ကို၌ြဗ်ဟူ၍။ သဒ္ဒါဆရာတို့ခွဲ၍ပြ
တော်မူကြသည်ကိုထောက်လျှင်။ ဂုဏနာမ်ကိုပဋ္ဌေကနာမ်၊
သာမညနာမ်ဟူ၍ခွဲသင့်သည်ဟုမှတ်အပ်၏။

ဒဗ္ဗနာမ်ကိုပဋ္ဌေကနာမ်။ သာမညနာမ် ခွဲသင့်၏ဟူ၍ ယု
သောဝါဒ၌ကား ဆရာတို့ညီညွတ်ကြ၏။ ။ဤကားဒုတိယ
ဒုကနယဖြင့်နာမ်ပုဒ်တို့ကိုဝေဘန်ခြင်းတည်း။

တရုံတခုသောဂုဏ်ရှိမရှိဟူသောအခြင်းအရာကိုစွဲ၍။ ပ
ဋိပက္ခပုဒ်ဖြစ်ကြ၏။ "ပဋိပက္ခပုဒ်" ဟူသည်ကား၊ ဆန့်ကျင်
သောအနက်၌ ဖြစ်သောပုဒ်တည်း။ အကြင်အခါ ဂုဏ်တ

သည်ရှိ၏။ ထိုအခါပုဒ်သည်"သကပက္ခပုဒ်,,မည်၏။ဖြယုဂ်တို့ကား၊ ညီသော၊ကျေးဇူးများသော၊အကျိုးရှိသော။ ။ရင်းဂုဏ်နှင့် ကင်းသောအခါ "ပရပက္ခပုဒ်,, မည်၏။ ဖြယုဂ်တို့ကား။ မညီသော၊ကျေးဇူးမများသော၊ အကျိုးမရှိသော။ ။ဤသို့ နာမပိသေသနပုဒ်သာ ပဋိပက္ခပုဒ်ဖြစ်နိုင်သည်မဟုတ်။ နာမ်လည်းဖြစ်နိုင်၏။ ရင်းနာမ်သည် ဒဗ္ဗနာမ်။ ဂုဏနာမ်ဖြစ်ကောင်း၏။ဖြယုဂ်ကား။ပိန်သောသူ၊မပိန်သောသူတို့သည်ဒဗ္ဗနာမ်တို့တည်း။ အဖြူ၊ အဖြူမဟုတ်တို့ကားဂုဏနာမ်တို့တည်း။ စားသည်၊မစားသည်တို့ကား ကြိယာပက္ခပုဒ်တို့တည်း။

အလင်း။မှောင်။ ကောင်းသော။ဆိုးသော။ အိပ်၏။နိုး၏။အတိုး။အဆုတ်။လူပိန်။လူဝ။ဘွင့်၏။ပိတ်၏။ချင်းသာ၏။ဆင်းရဲ၏စသည်တို့လည်း ပဋိပက္ခပုဒ်တို့ပင်တည်း။ အဘယ်ကြောင့်ဆိုသော်။ မှောင်ဟူသဖြင့် အလင်း မရှိသည်ကို ဆိုသောကြောင့်တည်း။ ကြွင်းသော ဖြယုဂ်တို့၌လည်း ဤနည်းကိုသိလေ။ ။အချို့သောပုဒ်မှာရုပ်အားဖြင့် ပရပက္ခ၌ဖြစ်သော်လည်းသကပက္ခပုဒ်၏သဘောဖြစ်၏။ ဥပမာ။မချမ်းသာဟူရာ၌ဆင်းရဲခြင်းရှိ၏ဟူ၍အဓိပ္ပါယ်အားဖြင့်ရောက်၏။မကျန်းမာဟူရာ၌လည်း။အနာရောဂါရှိ၏ဟူ၍အဓိပ္ပါယ်ရောက်၏။

ဤသို့သော ပဋိပက္ခပုဒ်တို့သည် ဝေါဟာရ၌ ရှိသည်ဖြစ်စေ။မရှိသည်ဖြစ်စေ။ တက္ကိုကဆရာအလို့၌ ပုဒ်ဟူဟူသမျှ၌မိမိနှင့်အနက်ဆန့်ကျင်သောပရပက္ခပုဒ်သည်ရှိ၏ဟူ၍ယူအပ်၏။ ဥပမာ။ လူဟူသောပုဒ်၏ ပရပက္ခသည်ကား၊ လူမဟုတ်တည်း။ ထို့အတူ။ ပုဏ္ဏားဟူသောပုဒ်၏ပရပက္ခသည်ပုဏ္ဏားမဟုတ်တည်း။

သဒ္ဒါဆရာတို့၏ အလိုအားဖြင့်။ အမနုဿ–လူမဟုတ်ဟူရာ၌ဘီလူးကို။ အဗြာဟ္မဏ–ပုဏ္ဏားမဟုတ်ဟူရာ၌ ပုဏ္ဏားတရကိုရ၏ဟူ၍။ တစိတ်တဒေသတူသော"သဒိသအနက်,,ကိုပြ၏။တက္ကိုကဆရာတို့၏အလိုအားဖြင့်ကား။ဆန့်ကျင်သော

“ဝိရောဓိအနက်,,ကိုသာ အလိုရှိကြ၏။ ဤကားအထူးတည်း။ သဒိသအနက်ကိုပြသော မ-သဒ္ဒါသည် ပရိယုဒါသပဋိသေဓမည်၏။ ဝိရောဓိအနက်ကို ပြသော မ-သဒ္ဒါသည်ပသဇ္ဇပဋိသေဓမည်၏။ ။ဤစကားကိုချဲဦးအံ့။ ။“ပရိယုဒါသပဋိသေဓ,,ဟူသည်ကား နှိုင်းရည့်အပ်သောအနက်ကိုယူ၍ ဖြစ်အပ်သောအနက်ကိုကြဉ်သော။တနည်း။ကြဉ်ခြင်းကိုပြသော ပဋိသေဓသဒ္ဒါတည်း။ ဥပမာ။အဓမ္မဟူရာ၌ အ-သဒ္ဒါဖြင့်နှိုင်းရည့်အပ်သော အကုသိုလ်ဓမ္မကိုယူ၍ဖြစ်အပ်သော ကုသိုလ်ဓမ္မကိုကြဉ်၏။ မတရား ဟူရာ၌လည်း မ-သဒ္ဒါဖြင့် ကောင်းသောတရားကိုကြဉ်၍၊ပယ်၍၊ဖြစ်၍၊မိမိနှင့်နှိုင်းရည့်အပ်သော ဆိုးသောတရားကိုယူ၏။ ထိုကြောင့်ဤ အ-သဒ္ဒါ။မ-သဒ္ဒါတို့သည် ပရိယုဒါ သပဋိသေဓမည်၏။ ။ပသဇ္ဇပဋိသေဓဟူသည်ကား။ ဖြစ်အပ်သောအနက်နှင့်တူသောအနက်တပါးကို မငဲ့မူ၍။ခပ်သိမ်းသောအပြားအားဖြင့်ဖြစ်အပ်သောအနက်ကို နှစ်စေသောပဋိသေဓသဒ္ဒါတည်း။ ဥပမာ။ သစ်ပင်မဟုတ်ဟူရာ၌သစ်ပင်နှင့်တစိတ်တဒေသတူသောဝါးပင်ကိုမငဲ့မူ၍။ဖြစ်အပ်သောသစ်ပင်ကိုနှစ်စေ၏။ ထို့အတူ ကျောင်းမဟုတ်ဟူရာ၌စရပ်ကိုမငဲ့မူ၍။ ကျောင်းကိုသာ နှစ်စေ၏။ ဤသို့နှစ်စေတတ်သော မ-သဒ္ဒါသည်ပသဇ္ဇပဋိသေဓမည်၏။

ပဋိပက္ခပုဒ်တို့ကို ပက္ခစစ်။ပက္ခတုဟူ၍ခွဲအပ်၏။ ပက္ခစစ်ဖြစ်လျှင်။ အနက်သည်တိုက်ရိုက်ဆန့်ကျင်၏။ ထိုတိုက်ရိုက်ဆန့်ကျင်သောအနက်ကို ပသဇ္ဇပဋိသေဓဖြစ်သော မ-သဒ္ဒါဖြင့်သိအပ်၏။ ။ဥပမာ။ ဖြူသည်။ မဖြူ။ တနည်း။ဖြူသည်မဟုတ်။အမဲ။အမဲမဟုတ်စသည်တို့သည် ပက္ခစစ်ဖြစ်သောပုဒ်တို့တည်း။ဤ၌မဖြူဟူသောပရပက္ခပုဒ်ဖြင့် အမဲတခုတည်းကိုသာရသည်မဟုတ်။အမဲမှကြွင်းသောအနီ။အညို။အပြာ။အဝါစသည်တို့ကိုလည်းရ၏။ ထိုကြောင့်ဖြူသည်။မဲသည်ဟူသောပုဒ်တို့သည်ပက္ခစစ်မဟုတ်။ ပက္ခတုဟူ၍သာမှတ်အပ်၏။ ဤ

ပက္ခတုမျိုးကို ဝေါဟာရတ္ထပကာသနီဆရာသည်ဝေါဟာရပက္ခဟူ၍ခေါ်သကဲ့သို့။ ပက္ခစစ်ကိုတက္ကကဆရာသည် တက္ကပက္ခဟူ၍ခေါ်အပ်၏။တက္ကပက္ခကိုကေန္တပက္ခ။ဝေါဟာရပက္ခကိုအနေကန္တပက္ခဟူ၍လည်းခေါ်အပ်၏။ ။ထိုနည်းတူ။ ပူသည်။ မပူဟူသောပုဒ်တို့သည်ပက္ခစစ်။ ပူသည်။ဧးသည်ဟူသောပုဒ်တို့ကား ပက္ခတုဟု ခွဲ၍မှတ်အပ်၏။ ဤ၌ဧးသည်ဟုဆိုကာမျှဖြင့်အပူမရှိဟုမဆိုလို။ အပူနည်း၏ဟူ၍မျှကိုသာဆိုလိုသည်။ ထိုကြောင့်သာလျှင် ပရမတ်ဆရာတို့သည် သိတဥဏှသဘောနှစ်ပါးလုံးကိုပင် တေဇောဟူသော အမည်တခုတည်းဖြင့်ခေါ်ဝေါ်ပြောဆိုကြ၏။ ထိုအတူ။သိုးဆောင်းပညာရှိတို့လည်း။ ဤအပူအဧး သဘောနှစ်ပါးလုံးကိုလောကဓာတ်ပညာကျမ်းဂန်တို့၌ အမည်ပညတ် တခုတည်းဖြင့် ခေါ်ဝေါ်ပြောဆိုကြ၏။ ထိုကြောင့်ပူသည်ဧးသည်ဟူသောပုဒ်တို့သည်ပရိမာဏအနက်၌ဖြစ်၏ဟုသိအပ်၏။ ။“ပရိမာဏအနက်„ ဟူသည်ကား နှိုင်းယှဉ့်ခြင်းတည်း။ ။ဥပမာ။ များသော။ သာ၍များသော။ အများဆုံးသော၊ ကြီးသော။ သာ၍ ကြီးသော။အကြီးဆုံးသော စသောပုဒ်တို့သည် ပရိမာဏ ပုဒ်တို့တည်း။

ဤပရိမာဏပုဒ်တို့၌လည်းပက္ခစစ်။ပက္ခတုကို ခွဲအပ်သည်သာလျှင်တည်း။ ။ဥပမာ။‘သာ၍များသော,ဟူသော ပရိမာဏပုဒ်၏ပက္ခတုသည်‘သာ၍နည်းသော, ဟူသော ပုဒ်တည်း။ ပက္ခစစ်ကား‘သာ၍မများသော,ဟူသောပုဒ်တည်း။ ဤ‘သာ၍မများသော,ဟူသောပက္ခစစ်၌။‘တူသော,။‘ သာ၍နည်းသော, ဟူသောသဘောနှစ်ခုတို့တွင်တခုခုဖြစ်နိုင်၏။ ထိုစကားကိုချဲ့ဦးအံ့။ဝေါဟာရ၌အယုတ်၊ အလတ်။အမြတ်တို့ဖြင့် နှိုင်းယှဉ့်လေ့ရှိ၏။တက္ကကျမ်း၌ကား။ပက္ခအားဖြင့်သာနှိုင်းယှဉ့်၏။ ။ ထိုကြောင့် ဝေါဟာရပက္ခနှင့် တက္ကပက္ခတို့၏ အထူး သည် အောက်ပါတိက်၊ဒုက်သဘောဖြင့်ထင်ရှား၏။

| ဝေါဟာရတိက်။ | တက္ကဒုက်။ |
|---|---|
| (၁) ဆင်းရဲ၏။ | (၁) ဆင်းရဲ၏။ |
| (၂) မဆင်းရဲသော်လည်း မရည်တတ်။ (၃) ချမ်းသာ၏။ | (၂) မဆင်းရဲ။ |
| (၁) ချမ်းသာ၏။ | (၁) ချမ်းသာ၏။ |
| (၂) ချမ်းသာသည်လည်းမဟုတ်။ ဆင်းရဲသည်လည်းမဟုတ်။ (၃) ဆင်းရဲ၏။ | (၂) မချမ်းသာ။ |
| (၁) ယုတ်၏။ | (၁) ယုတ်၏။ |
| (၂) မယုတ်မမြတ်။ အလယ်အလတ်။ (၃) မြတ်၏။ | (၂) မယုတ်။ |
| (၁) မြတ်၏။ | (၁) မြတ်၏။ |
| (၂) အလယ်အလတ်။ (၃) ယုတ်၏။ | (၂) မမြတ်။ |

ဤပြယုဂ်တို့ကို သိမြင်ရသဖြင့်။ ဝေါဟာရပက္ခ၏ကြား၌ သာ အလယ်သဘောတပါး ဝင်နိုင်သည်ကို သတိမူကုန်ရာ သည်။ တက္ကပက္ခ၏ကြား၌ကား သဘောတပါးမဝင်နိုင်။ ဤ စကားသည်နောက်တက္ကဓမ္မတို့ကိုပြရာ၌ထင်ရှားလတ္တံ့။

အချို့တက္ကိကဆရာတို့သည်ချို့တဲ့သောအနက်၌ဖြစ်သော “ဝေကလ္လပုဒ်„တို့ကိုအသီးထုတ်၍ပြကြ၏။ ဥပမာ။သေသည်။ ကာဏ်းသည်။ ပင်းသည်။ ဆွံ့သည်။ အသည်။ ကျိုးသည်။ပွဲ့ သည်။

သေသည်ဟူသော စကားကိုရှေးအခါအသက်ရှင်ဘူးသူ၌

သာပြောဆိုထိုက်၏။ မရှင်ဘူးသောသူကို သေသည်ဟူ၍ မပြောဆိုသင့်။ ဥပစာအားဖြင့် နာရီသေသည်။မီးသေသည်ဟူရာနိုက်လည်း။ နာရီသွားဘူးသည်။ မီးတောက်ဘူးသည် ကိုသာစွဲ၍ပြောဆိုနိုင်၏။ ။ကာဏ်းသည်။ပင်းသည်စသည်တို့၌ရှေးအခါမြင်ဘူး။ ကြားဘူးသည်ကိုစွဲရမည်ဆိုသော်။ ဇစ္စန္ဓပုဂ္ဂိုလ်စသည့်တို့ကိုကာဏ်းသည်။ပင်းသည်စသည်ဖြင့်မပြောဆိုရပြီလောဟူငြားအံ့။ဤသို့ပဋိသန္ဓေအားဖြင့် ကာဏ်းသော။ပင်းသောသူတို့ကို။ပဋိသန္ဓေအားဖြင့်မကာဏ်း။ မပင်းသောသူတို့နှင့်နှိုင်းရှည့်၍ပြောဆိုနိုင်၏ဟူလို။ ။ဤသည်တို့ကား။ပုဒ်တို့ကိုတတိယဒုကနယဖြင့် ဝေဘန်ရာဆိုသော စကားရပ်တို့တည်း။

တနည်း။ ။ပုဒ်ကိုသပ္ပစ္စယ။အပ္ပစ္စယဟူ၍လည်းတဒ္ဓိကဆရာတို့ဝေဘန်ကြသေး၏။

ထိုတွင်။ သပ္ပစ္စယပုဒ်သည်ပစ္စည်း။ ပစ္စယုပ္ပန်အားဖြင့် နှစ်ပါးပြား၏။ ဤပစ္စည်းပုဒ်။ ပစ္စယုပ္ပန်ပုဒ်တို့၌ အချင်းချင်းငဲ့ခြင်းဟု ဆိုအပ်သော "အညောညာပေက္ခလက္ခဏာ" ရှိ၏။ ထိုကြောင့် ပစ္စည်းပုဒ်သည်ပစ္စယုပ္ပန်ပုဒ်ကိုပြဓ္ဓာန်း၏။ ပြန်သောအားဖြင့်။ပစ္စယုပ္ပန်ပုဒ်သည်လည်းပစ္စည်းပုဒ်ကိုပြဓ္ဓာန်း၏။ ဤသို့ပဓာနပုဒ်ဖြင့်။တနည်း။ ပဓ္ဓာနပုဒ်ဖြင့်အပဓ္ဓာနပုဒ်ကိုတနည်း။အပဓာနပုဒ်ကိုယူရသောနည်းသည်ပဓ္ဓာနနည်း။ သို့မဟုတ်။ ပဓာနနည်းမည်၏။ဤပဓါနနည်းဖြင့်ပစ္စည်း။ ပစ္စယုပ္ပန်နှစ်ပုဒ်တို့တွင်။ ရာဇာအာဂတောဟူသောပြယုဂ်၌ကဲ့သို့တခုရသောပဓာနပုဒ်ကိုဝဒန္တပုဂ္ဂိုလ်ရွတ်ဆိုလျှင်။ ထိုပုဒ်နှင့်ဆက်ဆံသောအပဓာနပုဒ်ကိုသုဏန္တပုဂ္ဂိုလ်၏ စိတ်၌အမြဲသတိရစေခြင်းကိုပင်ဤ၌ပြဓ္ဓာန်းသည်ဟူလို၏။ ။ဥပမာ။မိဘဟူသောပုဒ်သည်သားသမီးဟူသောပုဒ်ကိုငဲ့၏။ သားသမီးဟူသောပုဒ်သည်လည်းမိဘဟူသောပုဒ်ကိုပြန်၍ငဲ့၏။သားသမီးမမွေးက။ မိဘဟူသောအမည်ကိုမရနိုင်။ သားသမီးရှိမှသာလျှင် မိဘဟူ၍ အခေါ်ခံရ

၏။ မိဘမရှိကာလည်း။ သားသွီးမဖြစ်နိုင်ဟူသို။ ဤသို့အချင်းချင်းငဲ့သောကြောင့် မိဘဟူသော ပဓာနပုဒ်ကို ရွတ်ခဲ့သည်ရှိသော်။ သားသွီးဟူသောအပဓာနပုဒ်ကိုပြဋ္ဌာန်း၏။ သားသွီးဟူသောပုဒ်ကို ပဓာနပြု၍ ဆိုပြန်လျှင်လည်း။ မိဘဟူသောအပဓာနပုဒ်ကို သတိရသောအားဖြင့်။ ယင်းပုဒ်ကိုပြဋ္ဌာန်း၏။ အောံပါသပ္ပဋိယပုဒ်၏ပြယုဂ်တို့၌လည်းဤနည်းကိုသိလေ။

လင်၊မယား။ညီ၊အစ်ကို။ညီ၊အမ၊တူ၊ဦးရီး။ ဆရာ၊တပည့်၊ အကြောင်း၊အကျိုး။ ခင်း၊တိုင်းသူပြည်သား။

"အပ္ပဋိယပုဒ်"ဟူသည်ကား။ဤဆိုအပ်ပြီးသောအခြင်းအရာဖြင့်ငဲ့အပ်သောပုဒ်တပါးမရှိသောပုဒ်တည်း။ ဤ၌တက္ကိကဆရာတို့သည်။ရေ။မီး။သစ်ပင်စသည်တို့ကို ပြယုဂ်ထုတ်ကြ၏။ ။ကံ။စိတ်။ဥတု။အာဟာရဟူသောအကြောင်းတရားလေးပါးတို့သည်ပြုပြင်စီရင်အပ်သောကြောင့်။ဤရေ မီးစသည်တို့သည်။ ပရမတ်ဆရာ၏အလိုအားဖြင့်ကား။ အပ္ပဋိယမဟုတ်၊ သပ္ပဋိယသာမည်ကုန်၏။ ထိုမှတပါးလည်း။ ရေဟု ဆိုသျှင်။ "ရေ-မဟုတ်"ဟူသောပက္ခပုဒ်ကိုသတိရစေ၏။သေသည်ဟုဆိုလျှင်။မသေဟူသောပက္ခပုဒ်ကို သတိရစေ၏။ ထိုကြောင့် မည်သည့်ပုဒ်မဟူ။ အမှတ်မရှိ တခုခုသောပုဒ်သည်။ မိမိ၏ပဋိပက္ခဖြစ်သောပုဒ်ကို အမြဲသတိ ရစေတတ်သောကြောင့်၊ အလုံးစုံသောပုဒ်တို့သည် သပ္ပဋိယချည်းဖြစ်ကြသကဲ့သို့ရှိ၏၊ သို့ရာတွင်တက္ကိကဆရာအလိုအားလျော်စွာ။ ကာလအားဖြင့်လည်းကောင်း။ ဒေသအားဖြင့်လည်းကောင်း။ အခြားမဲ့စပ်၍ဖြစ်ခြင်းဟူသောအနန္တရပစ္စည်း။ ကောင်းစွာ အခြားမဲ့စပ်၍ဖြစ်ခြင်းဟူသော သမနန္တရပစ္စည်း။ အတူတကွ ဖြစ်ခြင်းဟူသောသဟဇာတပစ္စည်း။ ရှေ့နောက်ဖြစ်ခြင်းဟူသော ပုရေဇာတပစ္စည်း။ ပစ္ဆာဇာတ ပစ္စည်း စသော ပစ္စည်းတို့ ဖြင့်ဆက်ဆံလျက်။ အချင်းချင်းငဲ့ခြင်းဟုဆိုအပ်သော အခြင်းအရာအထူးကိုယူ၍သာပုဒ်တို့ကိုသပ္ပဋိယ။ အပ္ပဋိယဟုခွဲအပ်၏

ဟူလို။ ။ဤကားစတုတ္ထဒုကနယဖြင့်ပုဒ်တို့ကိုဝေဘန်ခြင်းတည်း။

---

## လေ့ကျက်ရန်။

သောတုဇနတို့၏ ပဒဘောဒဉာဏ် ထက်သန် စေခြင်းငှာ။ အောက်ပါပုဒ်တို့ကိုတဂ္ဂိကနယဖြင့်စိစစ်လေ။

### စိစစ်ရန်နည်းလမ်းကား။

(၁) ပရိုညာဉ်၌ဝါစ္စ၊ဝါစကဖြစ်နိုင်မည်။ မဖြစ်နိုင်မည်ကို ရှေးဦးစွာစိစစ်အပ်၏။

(၂) ဝါစ္စ၊ဝါစကဖြစ်ကောင်းလျှင်။

(က) ဧကပဒပုဒ်လော။အနေကပဒပုဒ်လော။

(ခ) ပဒတ္ထကနာမ်ပုဒ်လော။သာမညနာမ်ပုဒ်လော။

(ဂ) သမူဟိကနာမ် ဖြစ်လျှင်။သာမညနာမ်ဖြစ်နိုင်မည်လော။ဖြစ်နိုင်လျှင် အဘယ်ကဲ့သို့ ဖြစ်သနည်း။

(ဃ) ဒဗ္ဗနာမ်လော။ဂုဏနာမ်လော။ ။ဂုဏနာမ်ဖြစ်လျှင်ပဒတ္ထက။သာမညခွဲပါ။

(င) ပဋိပက္ခပုဒ်လော။ဝေကလ္လပုဒ်လော။ပရိမာဏပုဒ်လော။ ။ပဋိပက္ခဖြစ်လျှင်ပက္ခစစ်။ပက္ခတုကိုခွဲပါ။

(စ) သပ္ပစ္စယပုဒ်လော။အပ္ပစ္စယပုဒ်လော။ ။ဤသို့စိစစ်ရမည်။

ရှင်ဘုရင်။ မဟုတ်။လျှင်။ သိပေါမင်း။ အမတ်ကြီး။လူ။ သတ္တဝါ။ နတ်။ဖြဟ္မာ။ အစည်းအဝေး။၌။ သို့သော်လည်း။နှင့်။

တကူ။ တိရစ္ဆာန်။ဗြာနု။ဗြာနီ။ သညာ။သညီ။ နားထိုင်း၏။နား
လေးသည်။ ဝေဒနာ။လူ့ဘဝ။လူ့ဘုံ။အသင်း။ ဘာသာ။မဲနက်
သော။ကံ။စိတ်။မျက်စိမှုံ၏။မျက်စိသီ၏။မျက်စိဝေ၏။ မျက်စိ
မွဲ၏။ခန္ဓာ။လူရု။ဝေဘန်ခြင်း။ဥတု။ အာဟာရ။ဆဒ္ဒန်ဆင်မင်း။
အာကာသ။ ဝိပါက်။ ဆံဖြူ၏။ ဂိုဏ်း။ မနော ဝိညာဏခေတ်။
အာရုံ။ ရူပါရုံ။ ဌက်ပျောဘီး။ သွားကျိုး၏။ မျက်မမြင်။မျက်
ကါဏ်း။သေဘ္တွဲ။လာမာရဟန်းမင်း။ဘိုးသူတော်။မယ်သီလ။
အစုအရုံး။လူစာတင်း။အစည်း။သမက်။ချွေးမ။ဘာဝရုပ်။ဆူးလေ
နတ်။ကျမ်းဂန်။ဝိညတ်ရုပ်။ စိရင်ရ။တူမ။အဒေါ်။ပညာ။မဟာ
မြတ်ရနီဘုရားကြီး။ သဒ္ဒါကျမ်း။ သတ္တမတန်း။ လက္ခဏာရုပ်။
ပထဝီခေတ်။ပထဝီမြေကြီး။ဒုပ်ရ။သေလါပထဝီ။ယောက္ခမ။
နွေးဒေါ်။ အစည်းအရုံး။ ဥာဏ်။တရား။ ကမ္ဘဋ္ဌာန်း။ဝိပဿနာ
ဘာဝနာ။ ဝါးစည်း။ ဘထွေး။ အဘိုးကြီး။ အမယ်အိုကြီး။
မိန်းမ။ယောကျ်ား။လောက။အစွမ်း။ သတ္တိ။အား။မြတ်ကျွန်းရ။
အသက်။ အမြတ်ဆုံးသော။ နိမ့်သော။ ဒုသီလ။ သုသီလ။
ကိုယ်။လျှပ်စစ်ခေတ်။ အဋ္ဌကလာပ်။စကြဝဠာ။ ပရိဗိုဇ်။လင်္ကာ။
အလင်္ကာ။ဗုဒ္ဓသာသနသမာဂမအသင်း။

## ပဉ္စမကဏ္ဍ။

### ပုဒ်နက်လျှဉ်းပါးခြင်းတည်းဟူသော ပဒတ္ထသသံသယခဏ်း။

စတုတ္ထကဏ္ဍ၌ ပုဒ်၏အပြားကို ပြပြီးသည်၏ အခြားမဲ့၌၊ ပုဒ်၏အနက်ကို ကောင်းစွာသိအပ်သောကြောင့် အနေကတ္ထ ပုဒ်တို့၏ အနက်လျှဉ်းပါးခြင်းကို ယခုအခါပြပေအံ့။ ။အလင်္ကာကျမ်း ဂဏ်ပိုင်းတွင် အနက်ထင်ခြင်း တည်းဟူသော အတ္ထဗျတ္တိဂုဏ်ကိုသာ တကူကဆရာ လိုအပ်သောကြောင့် ပုဒ်တို့၏အနေကတ္ထကိုသိအပ်၏။ ။အနက်များ၍ လျှဉ်းပါးဘွယ်ရှိသောပုဒ်သည်“သသံသယပုဒ်„မည်၏။ ။သသံသယဒေါသကို သုဗောဓာလင်္ကာရ ကျမ်းန္တိက် အသီးထုတ်၍ မပြဆိုသော်လည်း ပဒဒေါသရှစ်ပါးတွင် အန္တောဂတ ဟူ၍ မှတ်အပ်၏။ ။နေ့စဉ်သုံးစွဲသောဝေါဟာရ၌သော်လည်း ဤဒေါသသင့်ရောက်သောပုဒ်၊များစွာပါဝင်၏။ ။ဥပမာ။

(၁) အပြစ်ဒဏ်ထားခြင်းသည်မကောင်း။

(၂) မကောင်းသည်ကိုပယ်အပ်၏။

(၃) ထိုကြောင့်အပြစ်ဒဏ်ထားခြင်းကိုပယ်အပ်၏။

ဟူသောပြယုဂ်၌“မကောင်း„ဟူသောပုဒ်သည်သသံသယဒေါသသင့်၏။ ။အဘယ်ကြောင့်ဆိုသော်ရှေ့ပုဒ်သည်အပြစ်ဒဏ်ခံရသော သူ့ အဘို့ကိုရည်၍ဆိုသည်။နောက်ပုဒ်ကား လူအများကိုရည်၍ဆိုသောကြောင့်တည်း။ ။တရွာလုံးလိုက်လာ၏။ ထိုအခါတရွာလုံးကို မီးလောင်၏ဟူသောပြယုဂ်၌ ပဌမပုဒ်ဖြင့် ရွာသားများကိုဆိုလိုသည်။ ဒုတိယပုဒ်ဖြင့် ရွာရှိအိမ်ခြေကိုဆိုလိုသည်။

“သူတော်ကောင်း သူမြတ်မိလောင်းဟူက။ဒက္ခိတသတ္တဝါ

ကိုမသနားဘဲမရှိနိုင်ရာ။ အဘယ်ကြောင့် ဆိုသော်လူတို့သည် ကံစေ့ဆော် စိရင်သဖြင့်ကိုသာပြုကျင့်နိုင်ကြ၏။ ကံကိုလွန် မြောက်၍တစုံတခုသောတရားမဖြစ်နိုင်သောကြောင့် ဒုက္ခိတ သတ္တဝါကိုသနားရာ၌။ တနည်း။သနားသော်လည်း။ ကုသိုလ် မဖြစ်,,။ ။ဟူသောပြယုဂ်၌ကံဟူသောပုဒ်။"မ-နိုင်,,ဟူသော ပုဒ်တို့သည် သသံသယဒေါသသင့်၏။ အဘယ်ကြောင့် ဆို သော် "မရှိနိုင်,,ဟူသောပုဒ်ဖြင့် ယခုပစ္စုပ္ပန် စေတနာကံကို ရည်သည် "မဖြစ်နိုင်,,ဟူသောပုဒ်ဖြင့် အတိတ်ကံကို ရည် သည်။ထိုကြောင့်သာလျှင် ပြုလျှင်အသစ်၊ဖြစ်လျှင်အဟောင်း၊ ဟူ၍လူကြီးသူမြတ်တို့ဆိုအပ်ပြီ။ ။အတိတ်ကံသက်သက်စေ့ ဆော်တိုက်တွန်း၍သာ လူသူတော်ကောင်းတို့သည် ယခုဘဝ ၌ဒုက္ခိတသတ္တဝါကိုသနားကြရသည်ဟူ၍ယူချေသော်။ ဗုဒ္ဓ ကတပဟာတဒေါ်မှီဖြစ်၏။ ဤသို့အတိတ်ကံကစေ့ဆော် တိုက် တွန်း၍ မသနားဘဲမနေသာသောကြောင့် သနားကြရနိုက် ကုသိုလ်မဖြစ်နိုင်ဟူ၍ယူခြင်းသည်ကာနတ္ထိကဒေါ်မှီဖြစ်၏။ ။ ထိုကြောင့် နေ့စဉ်သုံးစွဲသောဝေါဟာရပင် ဖြစ်သော်လည်း။ သသံသယဒေါသလွတ်ကင်းအောင် သတိထားကြရာ၏။ မ လွတ်ကင်းနိုင်ကဲ့သော်။ သဒ္ဒါ၊အစပ်၊ အသင့်၊ကာလ၊ ဒေသ တည်းဟူသော ငါးပါးသောအခြင်းအရာအားဖြင့်။ အနက်ကို အယူအဆမှန်အောင်သတိထားရာ၏။

ပုဒ်ကိုဧကတ္ထ။အနေကတ္ထဟူ၍ဝေဘန်အပ်၏။ ထိုတွင်"ဧ ကတ္ထပုဒ်,, ဟူသည်ကား အနက်တခုတည်းသာ ရှိသောပုဒ် တည်း။ "အနေကတ္ထပုဒ်,,ဟူသည်ကား အနက်တခုထက်ပို သောပုဒ်တည်း။ ။ဥပမာ။စရပ်ဟူသောပုဒ်သည် စရပ်အ များ၏အမည်ပင်ဖြစ်သော်လည်း အနက်တခုတည်းသာ ရှိ၍ ဧကတ္ထပုဒ်မည်၏။ ကျောင်းဟူသောပုဒ်ကားစာသင်ကျောင်း။ ဘုန်းကြီးကျောင်း ဟူသော အနက် နှစ်ပါး၌ ဖြစ်နိုင်သော ကြောင့်အနေကတ္ထပုဒ်မည်၏။ ။ဧကတ္ထပုဒ်တို့ကို လောကီ

ပညာအရပ်ရပ်နှင့်အဘိဓမ္မာကျမ်းဂန်တို့၌တွေ့အပ်၏။ ။ဥပမာ။ဝေါဟာရ၌ထမင်း၊ရေစသည်။လက်မှုပညာ၌ရှူး၊ဆောက်စသည်။ အင်္ဂရိတ်ပညာ၌ ရွှေ၊ငွေစသည်။ သဗ္ဗိုဟ်ကျမ်း၌ဝိတက်၊ဝိစာရစသည်တို့သည်ဧကဋ္ဌပုဒ်ဖြစ်ကြ၏။ ။ဤသို့ဧကဋ္ဌပုဒ်များစွာရှိငြားသော်လည်း အနေကဋ္ဌ ပုဒ်တို့လည်းများပြားလှသေးသည်သာလျှင်ကတည်း။ ထိုကြောင့်သာလျှင်သဒ္ဒါ၌တန္တနည်း။ ပဒီပနည်း။ဘိန္နသဋ္ဌိနည်း။ သိလေသနည်းတို့ကိုပြ၏။ ထိုတွင်။တန္တနည်းဟူသည်ကားတခုတည်းသောသဒ္ဒါသည် အနက်နှစ်ခုကို ဟောစွမ်းနိုင်သော နည်းတည်း။ တပုဒ်တည်းဖြစ်လျက်များသောအနက်ကို ဟောစွမ်းနိုင်ခြင်းကား ပဒီပနည်းမည်၏။ ဤသို့တခုတည်းသော သဒ္ဒါသည် အစွမ်းသတ္တိ ပြားသဖြင့် သာလျှင် များသော အနက်တို့ကို ဟောစွမ်းနိုင်ခြင်းသည် ဘိန္နသဋ္ဌိနည်းမည်၏။ တပုဒ်တည်းဖြစ်လျက် အချင်းချင်းစပ်သဖြင့် များသောအနက်ကို ဟောစွမ်းနိုင်ခြင်းသည်ကားသိလေသနည်းမည်၏။ ။အကျယ်ကိုလိုလျှင်သဒ္ဒါပုဒ်စစ်ကျမ်းစသည်တို့၌ကြည့်လေ။

သသံသယဒေါသသင့်ရောက်သော အနေကဋ္ဌ ပုဒ်တို့ကို အောက်၌ကိုက် ပြထားသည့်အတိုင်းသုံးဌာနအားဖြင့် ဝေဘန်အပ်၏။

(၁) အသံတူသောပုဒ်များ။
(၂) အရေးတူသောပုဒ်များ။
(၃) အသံတူ၊အရေးတူသောပုဒ်များ။

(၁) အသံတူ၍အရေးမတူသောပြယုဂ်များကို ရှေးဦးစွာထုတ်ပေအံ့။

ဘိန်းဘင်းကဖော် လှော်ဇာ၌“ဘိန်း„ဟူ၍ရေး၏။ လှည်းဘီးစသည်၌“ဘီး„ကိုဘိန်းဟူ၍ဘတ်ရွတ်ကြ၏။

ရေနစ်သူကို ကယ်ဆယ်ရာ၌“ဆယ်သည်„ဟူ၍ ရေး၏။

တမံ"ဆည်သည်,,ကိုလည်းဆယ်သည်ဟူ၍ပင်ဆိုကြ၏။ ၊ တပါးသောပြယုဂ်တို့ကား။ အခန်း။အခက်း။အခမ်း။အချင်း။ အခြင်း။ အနာ့တရ။အနာ့ဒရ။အံသည်။အန်သည်။ အန်းသည်၊ အမ်းသည်။ အပျောက်။ အပြောက်။အပျား။အပြား။ အဖတ်၊ အဘတ်။ အဖျင်း။ အဖျဉ်း။ အယဉ်။အရင်။ အရိုး။အရည်း။ အယှက်။အရှက်။ အရှဉ်း။အရှင်း။အစုတ်။ အစုပ်။ဥပဒ်။ဥပါဒ်။ ကလပ်။ကလာပ်။ ကတ်သည်။ ကပ်သည်။ ကျပ်သည်။ ကြပ်သည်။ ကျွန်းမာသည်။ ကြမ်းမာ သည်။ ကျောက် သည်၊ ကြောက်သည်။ ကဖွန်း(ဥ)။ ကစွန်း(ရွက်)။ ခပ်သည်။ ခတ်သည်။ ချိုး။ခြိုး။စင်သည်။စဉ်သည်။ ဆုတ်သည်။ဆုပ်သည်၊ တမံ။ တမန်၊ ထုတ်သည်။ ထုပ်သည်။ ထိန်း(သိမ်း)သည်၊ ထိမ်း(မှတ်)သည်။ နီးသည်။ နည်းသည်။ နွားပျောက်။ နွား ပြောက်။ ပညတ်။ပညပ်။ ပါဌ်။ ပါဒ်၊ ပုဒ်။ပုတ်။ ပုတ်သည်၊ ပုပ်သည်။ ဖုံ။ဘုံ။ ပျင်းသည်။ပျဉ်းသည်။ ဖိတ်သည်။ ဘိတ် သည်။ဖုတ်။ဘုတ်။ရဒိန်း။ရဒိမ်း။ရွန်းသည်။ရွမ်းသည်။လှဲသည်၊ လှည်းသည်။ ဝဋ်။ဝတ်။ဝန်။ဝံ။သက်န်း။သင်္ကမ်း။ သိတင်း။သိ တင်း။သတင်း။ သကြား။သိကြား။ပုရပိုက်။ပရိဗိုဇ်။ ။က ဖွန်းဥမှာ ကန္တသဒ္ဒါကလာသောကြောင့် ဖ-အက္ခရာနှင့် ရေး သင့်ကြောင်းကို ဝေါဟာရ လီနတ္ထဒီပနီဆရာဆို၏။ ကစွန်း ရွက်မှာရေကန်၏ အစွန်းအနားမှာ ပေါက်ရောက်တတ်သော ကြောင့်စ-အက္ခရာနှင့်ရေးသင့်၏ဟုထင်၏။

အသတ်အလတ်။အရစ်အပင့်။သင့်မသင့်။ရာမရောကိုမလိမ် မာချေက။ အဘတ်အရွတ်။အမှတ်အသား။ အဓိပ္ပာယ်အယူ အဆပျက်၍မကောင်းကျိုးရောက်ရာသည်။ ။ဘုန်းတော်ကြီး တပါးသည်စာကို"ထုတ်,,ချင်၍"ထုပ်ပါ,,ဟုအရေးမှားမိလေ သောကြောင့် မိမိထုတ်လိုသောစာကို မရလေသည့်ပုံထုံးကို နှလုံးသွင်း၍။ မြို့ဝန်လည်းတောဝံမဖြစ်ရလေအောင်။အရေးအ သားနှင့်သတ်ပုံသတ်ညွှန်းမှန်ကန်အောင်သတိထားရာသည်။

(၂) အရေးတူ၍အဘတ်မတူသောပြယုဂ်တို့ကို ယခုအခါထုတ်ပေအံ့။

(ဘီလူး)‘ဘမ်းစားသည်,, ဟူရာ၌ ဘမ်း၍စားသည်ကိုဆိုလိုသည်။(နတ်)“ဘမ်းစားသည်,,ကိုကား ဘမ်းဇားသည်ဟူ၍ဘတ်ရ၏။ ။ကသော မြင်းမကို“က–မြင်းမ,,ဟူ၍ ကနှင့်မြင်းကိုအနည်းငယ်အသံခြား၍ ဘတ်အပ်၏။ ကလက်သောမိန်းမကိုကား“ဂမြင်းမ,,ဟူ၍ ဂ–အသံနှင့်မြင်းကို ပေါင်း၍ဘတ်အပ်၏။ ။ခေါင်းဘီးကို“ဘီး,,ဟူ၍ ဘတ်၍။ ဖွည်းဘီးကို “ဘိန်း,,ဟူ၍ဘတ်၏။ပိုက်ကွန်ကို“ပိုက်,,။ဝမ်းပိုက်ကို“ဗိုက်,,ဟူ၍ဆိုကြ၏၊

(၃) အသံလည်းတူ၊အရေးလည်းတူသောပုဒ်တို့ကိုရချ၊အရချသဒ္ဒါ၏အစွမ်းအားဖြင့် ဝေဘန်အပ်၏။ထိုတွင်။

(က) အနက်ကွဲသောရချသဒ္ဒါ၏ ပြယုဂ်တို့ကိုရှေးဦးစွာထုတ်ပေအံ့။ ။

“စိန်,,ဟူသော ပုဒ်ဖြင့် ကျောက်စိန်လော၊ အမြောက်စိန်လော၊အဆိပ်စိန်လောဟူ၍တွေးတောစရာဖြစ်၏။

“အနက်,, ဟူသောပုဒ်ဖြင့် အနက် အဓိပ္ပါယ်ကို ဆိုလိုသလော၊ အနက်ဒြဗ်ကိုဆိုလိုသလော၊ နက်သောအရောင်ကိုဆိုလိုသလော၊ စောက်အနက်ကိုဆိုလိုသလောဟူ၍ ရှုးစမ်းဘွယ်ရှိ၏။

“ဆရာ,,ဆိုလျှင် ဆေးဆရာလော၊ ကျောင်းဆရာလော၊ ကမ္မဋ္ဌာန်းဆရာလောဟူ၍မေးဘွယ်ရှိ၏။ ။တနည်း။ ဗိန္ဒောဆံရာလော၊ခေတ်ဆရာလော၊ ပယောဂဆရာလောဟူ၍လည်းတဆင့်မေးဘွယ်ရှိ၏။

“ဆေး,,ဟူရာ၌ မှူးတတ်သောဆေးရွက်။ အနာပျောက်စေတတ်သောဆေး။ပန်းချီရေးအပ်သောဆေးဟူသောအနက်တို့၌လျှဉ်းပါးစရာရှိ၏။

“နှုလုံးနာသည်,,ဟူသောစကားသည်။ နှလုံးသည်းပွတ်ကို

အနာရောဂါ စွဲသည်ဟူသောအနက်။ စိတ်နှလုံးနာသည်ဟူ
သောအနက်တို့၌ဖြစ်ကောင်း၏။

"အကြောင်း,,ဟူသောပုဒ်သည်။ အဋ္ဌုပ္ပတ္တိဟူသော အ
နက်၊ ယုတ္တိဟူသောအနက်၊မျဉ်းကြောင်းဟူသောအနက်၊ ဇ
ဟူသောအနက်တို့၌ဖြစ်၏။ ။ဥပမာ။အကြောင်းအရာဟူရာ၌
အဋ္ဌုပ္ပတ္တိကိုဆိုလိုသည်။ အကြောင်းပြသည်ဟူရာ၌ယုတ္တိ
သည်အဓိပ္ပါယ်ရောက်၏။ အကြောင်းထင်သည်ဟူရာ၌ မျဉ်း
ကြောင်းပေါ်သည်ဟူ၏။ အကြောင်းကုန်သည်၊အကြောင်းဆုံ
သည်၊အကြောင်းမကောင်းစသည်တို့၌ကံအနက်ကိုလိုသည်။

"အရာ,,ဟူသော ပုဒ်လည်း ရာဂထာန်းဟူသော အနက်
ဝတ္ထုဟူသောအနက်၊ ရာထူးဌာနန္တရဟူသောအနက်၊ အမှတ်
ဟူသောအနက်တို့၌ဖြစ်၏။

"ရူ,,ဟူသောပုဒ်သည်။ ရက်ကန်းရူ၊ရူမောင်း၊ရူပိုးကောင်
ရူနာ။ရူငါးစသောအနက်တို့၌ဖြစ်၏။

"ခန့်သည်,, ဟူသောပုဒ်သည်။ ချင့်တွက်သည်၊ ရှိသေ
သည်၊ လေးမြတ်အပ်သည်၊ ရာထူးပေးသနားသည် ဟူသော
အနက်တို့၌ဖြစ်၏။

"မောင်း,,ဟူသောပုဒ်သည်။ လက်မောင်း၊ ဆံဖွပ်မောင်း
ရေတင်မောင်း၊သေနတ်မောင်းစသောအနက်တို့၌ဖြစ်၏။

"သဘော,, ဟူသောပုဒ်ဖြင့်။ သဘောတရား၊ သဘော
လက္ခဏာ၊စိတ်သဘော၊အကြံသဘော၊အလိုသဘောစသည်
တို့တွင်။ မည်သည့်သဘောမျိုးကို ဆိုလိုသနည်းဟူ၍ မေး
ဘွယ်ရှိ၏။ ။ဥပမာ။ ရေ၏သဘောမှာ နိမ့်ရာသို့စီးတတ်၏
ဟူရာ၌။ရေ၏လက္ခဏာကိုဆိုလိုသည်။ထို့ကြောင့်။သဘာဝ
ဝါ။သာမညဝါ။ ဟူ၍လက္ခဏာကို ဋီကာဆရာတို့ ဘွင့်အပ်
ပြီ။ ။ဤသူသည်သဘောမကြီးဟူရာ၌။ စိတ်သဘောကိုလို
သည်။သူသဘောမကျဟူရာ၌။သူ၏အလိုမပြည့်၊ သူမကြိုက်
မနှစ်သက်၊စိတ်မကျေနပ်ဟူ၏။

"ပေ,, ဟူသောပုဒ်သည်။ ပေပင်၊စာရေးသည့် ပေရွက်၊ ပေတိုင်းပေတန့်၊ပေခုံစသောအနက်တို့၌ဖြစ်၏။

ကံတရား၊နာမ်တရား၊ရုပ်တရား၊ဈာန်တရား၊နိဗ္ဗာန်တရား၊ ပညတ်တရား၊ ဝတ်တရားစသည်ဖြင့် တရားမှလွတ်သော အရာမရှိရကား "တရား,, ဟူသောပုဒ်ဖြင့် ရုံး၍ခွဲဆိုသော အမှုတရားလော။ ဝမ်းထဲ၌ရှိသော သိလ သမာဓိ အကျင့်တရားလော၊ကမ္မဋ္ဌာန်းဆရာပေးသောတရားလော၊ ကျမ်းဂန်၌ဟောပြောသော ဒေသနာတရားလော။ မည်သူမျှ မဟော၊ ဓမ္မတာသဘောတရားလော၊ လောကသုံးပါး၌ အဖြစ်အပျက်ဟု ဆိုအပ်သော တေဘူမကသင်္ခါရတရားလောစသည့်ဖြင့် များစွာလျှဉ်းပါးစရာဖြစ်၏။

ယခုအခါ"ခတ်,,ဟူသောပုဒ်ကိုများစွာအသုံးပြုကြ၏။ ။ ဥပမာ။ စိတ်ခတ်၊ပထဝီခတ်၊ အာပေါခတ်၊ မရဏခတ်၊ ဇရာခတ်၊ တေဇောခတ်၊ သံလိုက်ခတ်၊ လျှပ်စစ် ခတ်၊ ကြွေးနန်းခတ်၊ခတ်ဆရာ၊ခတ်ခွဲဆရာ၊အရိုးခတ်၊ခတ်မီး၊ ခတ်လက်စွပ်၊ခတ်ရထား၊ခတ်ဆေး၊ ခတ်စာ၊ခတ်စက်ကြိယာ၊ခတ်ကျော်။

(၁) အရချသဒ္ဒါဟူသည်ကားတင်စား၍ ပြောဆိုသော ဥပစာရပုဒ်တည်း။ ။ဥပမာ။လွှတ်တော်၏စီရင်ချက်ဟူရာ၌ လွှတ်တော်မင်းကြီး၏ စီရင်ချက်ဟူလို။ ထိုအတူ၊ ခုံရုံးဖြတ်သည်ဟူရာ၌။ တရားသူကြီး ဆုံးဖြတ်သည် ဟူလို။ ဘုရားကို သတိရ၏ဟူရာ၌ဘုရား၏ ဂုဏ်တော်ကိုသတိရ၏ဟူလို။

တပြည်လုံး ထကြွ သောင်းကျန်းသည်။ လှုံသွားသည်၊ ညောင်စောင်းကြွေးကြော်သည်၊ ကျောင်းစာအံသည်စသော ဥပစာပုဒ်အမျိုးမျိုးကို သဒ္ဒါပုဒ်စစ်ကျမ်း စသည်တို့၌ ကြည့်လေ။

၏ဥပစာပုဒ်တို့တွင်။သဒိသူပစာပုဒ်တို့သည်များပြားစွာဝေါ

ဟာရန္တိရှိ၏။ ။ဥပမာ။ချိုသည်ဟူသောပုဒ်၌။နွတ်ချိုသည်။နား
ချိုသည်။ အသံချိုသည်။ ဟင်းချိုချိုသည်။ မျက်နှာချိုသည်
ဈေးချိုသည်စသည်တို့တည်း။

တပါးသော ဖြယုဂ်တို့ကား။ ပူစပ်သည်။ အနာစပ်သည်
မျက်ခမ်းစပ်သည်။အနာကျက်ပြီ။ ဆေးအိပ်ပြီ။နာရီသေနေပြီ
မီးသေပြီ။ အရောင်ရိုက်သည်။ ခတ်ရိုက်သည်။ သတင်းမွှေး
သည်။ နှလုံးသွင်းသည်။ အမျက်ထွက်သည်။ ရိုင်းသောသူ
လောတပြီသည်။

ထိုမှတပါးရုပ်တရားနှင့်ဆက်ဆံသောစကားများကိုနာမ်
တရားနှင့်သုံးသောအခါ။ သဒ္ဒီသူပစာဖြင့် အသုံးပြုကြ၏။
ဥပမာ။စိတ်နှင့်တွေ့သည်။စိတ်ငြိမ်ဝပ်သည်။ စိတ်တည်ကြည်
သည်။စိတ်ပျံ့လွင့်သည်။ စိတ်အိုက်သည်။စိတ်ပူသည်။ စိတ်
ညှိုးငယ်သည်။ စိတ်နောက်သည်။စိတ်ညစ်သည်။ စိတ်ကြည်
ထင်သည်။ စိတ်ကောက်သည်။ စိတ်ဖြောင့်သည်။ စိတ်ရှည်
သည်။စိတ်တိုသည်။စိတ်နူးညံ့သည်။ စိတ်ကြမ်းသည်။စိတ်ကြွ
သည်။စိတ်ကွက်သည်။စိတ်ထွက်သည်။

## လေ့ကျက်ရန်။

အနေကဋ္ဌဉာဏ်ထက်သန်စေခြင်းငှာအောက်ပါပုဒ်တို့၏
အနေကဋ္ဌကိုစိစစ်လေ။

အကောက်။အကောင်။ အကျည်း။ အကျော်။ အကျိုး။အ
ခက်။အချင်း။အချိန်။အချီ။အင်။အင်္ဂါ။အင်း။အစား။ အစစ်။အ
စပ်။အစိမ်း။အစေ့။အစို့။အစွန်း။ အဆ။အဆင့်ခံ။ အဆစ်။အ
ဆောင်။အညှောက်။အတာ။အတိုင်။အတွေး။အတိုး။အထည်

အဝီး။အထောက်။အနူ။အနား။အနံ့။အပြော။အဖေါ်။အဖေါက်။အဖျော်။အဖျား။အဘိုး။အမျက်။ အမျိုး။အမြစ်။အမှု။ အရော။အရေ။အရေး။အရက်။ အရင်း။အရည်။ အရိပ်။အရိုး။ အရှင်။အရှေ့။အလံ။အလုပ်။အလောင်း။အသွား။အသွေး။အံ။ အာသည်။ အိသည်။အူသည်။အပ်သည်။ဧးခြင်း။ဩဇာ။ကာသည်။ ကရင်နီ။ကင်းသည်။ကုတ်သည်။ ကပ်သည်။ကယ်သည်။ကုန်း။ ကူသည်။ ကောက်သည်။ကိုင်း။ ကျင်သည်။ ကျင်းသည်။ကျစ်သည်၊ကျပ်။ကျပ်သည်။ကျိန်းသည်။ ကျေး။ကျောက်။ ကျော်သည်။ကြူသည်။ ကြိုသည်။ ကြိုး။ ကွာသည်။ ခက်သည်။ခင်ပွန်း။ခတ်သည်၊ခသည်။ခိုင်းသည်။ ချစ်သည်။ ချည်သည်။ချပ်သည်။ချောသည်။ချောက်ချားသည်။ချိုးသည်။ ခြောက်သည်။ ခွါ။ခွေသည်။ခွဲသည်။ဂတိ။ငန်း။ငါး။ငိုသည်။ငှက်။ စက်သည်။စစ်သည်။ငမ်းသည်။စည်သည်။စတီ။စရိတ်။စာ။စားသည်။စိပ်သည်။စိရင်သည်။စိမ်းသည်။စီးသည်။စုတ်သည်။ စွဲသည်။စွန်။စွန်သည်။စွန်းသည်။ ဆစ်သည်။ ဆန်းသည်။ဆိတ်သည်။ဆုတ်သည်။ဆူသည်။ဆော်သည်။ဆိုင်သည်။ဆိုင်းသည်။ဆိုင်း။ ဆိုးသည်။ဆွတ်သည်။ဇက်။ဇာတ်။ညီသည်။ညှိသည်။တပ်သည်။တုပ်သည်။တူ။တူးသည်။ တောက်သည်။ တော်သည်။ တိုက်သည်။တိုးသည်။တောင်။ တွက်သည်။တွင်သည်။ တင်သည်။ထပ်သည်။ထုသည်။ထုံသည်။ထုံး။ ထူသည်။ထူးသည်။ ထေ့သည်။ဒန်း။ဒိုင်း။နှန်း။နာသည်။ပုံ။ပန်းသည်။ပဲ။ပန်သည်။ ပေါင်သည်။ပေါင်းသည်။ပို။ပို့သည်။ပိုး။ပျက်သည်။ပြည်။ ပြာသည်။ပြုတ်သည်။ပြောသည်။ ပြောင်သည်။ ပြောင်း။ ဖန်သည်။ ဖါ။ဖား။ဖုံ။ဖဲ။ဖျော်သည်။ဘင်။ဘုံ။ဘူး။ မင်း။မဲ။မိတ်။ မိန်းမ။မိန်းမရှာ။မုတ်။မောင်းသည်။မိုက်။မိုက်သည်။ မျက်နှာ။ မျောသည်။မျောက်။မြက်သည်။မြင်း။မြင်းခွာ။မြစ်။မြုံသည်။ မွေးသည်။မွဲသည်။မှည့်သည်။မှန်သည်။မှိသည်။မှော်။ မြှောက်သည်။ယုတ်သည်။ယောကျ်ား။ ယောက်မ။ ရာသီ။ရဲသည်။ရွာ။ ရှုပ်သည်။

ရှိက်သည်။လူရိုး။လက်တွေ့။လိပ်။လျှးသည်။လေး။ လေးသည်
လဲသည်။လောင်းသည်။လျှော်သည်။လွန်၊လွန်း။လွယ်သည်။
သည်။ဝန်။ဝဋ္ဋ။ဝေသည်။ဝဲ။ သတင်း။ သရက်ရွက်။ သက်
သေ။သင်။သင်သည်။သင်းသည်။သစ်သည်။ သတ်သည်။သံ
သား။သိပ်သည်။ သိမ်။သိသည်။သီးသည်။ သုတ်သည်။သွန်း
သည်။သွေးသည်။ဟပ်သည်။ဟောက်သည်။

## ဆဋ္ဌကဏ္ဍ။

## သကတ်၊ဒြိမ်ခွဲခြင်းတည်းဟူသော သကဋ္ဌဒဗ္ဗဋ္ဌခဏ်း။

ပဉ္စမကဏ္ဍ၌ပုဒ်နက်လျဉ်းပါးခြင်းကိုပြပြီး၍ ယခုအခါပုဒ်၏သကတ်၊ဒြိမ်အနက်ခွဲခြင်းကိုပြပေအံ့။

မည်သည့်ပုဒ်မဆိုသကတ်၊ဒြိမ်၊လိင်၊သချ်ာ၊ ကာရကဟူ၍အနက်ငါးပါးစိရှိကြောင်းကိုသဒ္ဒါဆရာတို့ဆိုအပ်ပြီ။ ထိုတွင်သကတ်နှင့်ဒြိမ်ကိုသာ တက္ကိကဆရာတို့ လိုအပ်သောကြောင့်ဋင်းတို့၏အထူးကိုကောင်းစွာမှတ်အပ်၏။

သကတ်၊ဒြိမ်တို့ကိုသဒ္ဒါငယ်ဆရာတို့ များစွာခွဲကြကုန်၏။ ထိုဆရာတို့၏ အလိုကို သဒ္ဒါမသင်ကြားဘူးသော သူများအတွက်အနည်းငယ်ပြလိုက်ပေအံ့။

သဒ္ဒါသည် ရချသဒ္ဒါ၊ ဥပစာသဒ္ဒါဟူ၍နှစ်မျိုးပြား၏။ ထိုတွင်ဥပစာသဒ္ဒါကို။ ထိုက်သည်အားလျော်စွာ။ ပဉ္စမကဏ္ဍ၌အကျဉ်းအားဖြင့်ပြအပ်ပြီ။

ရချသဒ္ဒါသည်။ဇာတိသဒ္ဒါ၊ဂုဏသဒ္ဒါ၊ကြိယာသဒ္ဒါ၊ဒဗ္ဗသဒ္ဒါ၊နာမသဒ္ဒါဟူ၍ငါးပါးပြား၏။

ရချသဒ္ဒါဖြစ်စေ၊ ဥပစာသဒ္ဒါဖြစ်စေ၊ ပုဒ်ပြီးတပုဒ်ပုဒ်တွင်သကတ်၊ဒြိမ်စသောနာမဋ္ဌ၊တနည်း၊ သဒ္ဒဋ္ဌငါးမျိုးစိရှိ၏။ ထိုတွင်။သကတ်၊ဒြိမ်၊လိင်၊ သချ်ာကိုလိင်္ဂတ်ဟူ၍ သဒ္ဒါဆရာတို့ခေါ်ကြကုန်၏။ ။ထိုတွင်သကတ်ဟူသည်ကားဒြိမ်ကိုအထူးပြုတတ်သောဝိသေသနတည်း။ ဒြိမ်ဟူသည်ကားသကတ်သည်အထူးပြုအပ်သောဝိသေသျတည်း။ ။ပဒတ္ထံဒဗ္ဗသညိတံဟူသောပါဠ်နှင့်အညီ၊ဒြိမ်ကိုပဒတ္ထလည်းဟူ၏။ ။သကတ်သည်သုတိသကတ်၊ ဇာတိသကတ်၊ဂုဏသကတ်၊ကြိယာသကတ်၊

ဒဗ္ဗသကတ်၊နာမသကတ်၊သမ္ဗန်သကတ်၊သဒိသဘောသကတ် ဟူ၍ရှစ်ပါးပြား၏။ထိုတွင်။

သုတိသကတ် ဟူသည်ကား။ အရိက်တိုက်၌ ဆိမ်းသည် ဝဏ္ဏတို့ကိုပြအပ်သကဲ့သို့၊တနည်း၊ ဆိမ်းသည်ဆိမ်း၏အဖြစ် ကိုပြအပ်သကဲ့သို့၊အပေါင်းဖြစ်သောသဒ္ဒါသည် ပြအပ်သော တလုံးတလုံးသောသဒ္ဒါ၏အဓိပ်အင်္ဂါဘည်း။ ။ဘုရားဟု သောသဒ္ဒါ၌"ဘု,,ဟူသောအက္ခရာ၊"ရား,,ဟူသော အက္ခရာ တို့သည်သုတိမည်ကြ၏။

ဇာတိသကတ်ဟူသည်ကားအမျိုးဟုဆိုအပ်သော အထူး ထူးသောဒြဗ်တို့၏တူသောအခြင်းအရာတည်း။ ဤတူသောအ ခြင်းအရာသည်ပြားသောဒြဗ်တို့၌မပြားသော အသိဉာဏ်ဖြစ် ကြောင်းပင်တည်း။

ဂုဏ်သကတ် ဟူသည်ကား အထူးထူးသော ဒြဗ်တို့ကိုခွဲ ခြား၍သိခြင်းအကြောင်းတည်း။ ၎င်းဂုဏ်သည်ဒြဗ်ကိုမှီ၍ဖြစ် ၏။မှီမှီအပ်သောဒြဗ်၌လည်းထူး၏။ ဘောက်ပြန်တတ်သော သဘောလည်းရှိ၏။ဂုဏ်တပါးမှလည်းကင်း၏။

ကြိယာသကတ်ဟူသည်ကားမှီမှီအပ်သော ကြိယာဝန် ဟုဆိုအပ်သောဒြဗ်၏ခေတ်နက်ဟုဆိုအပ်သောပြုခြင်း၊ အား ထုတ်ခြင်းဗျာပါရတည်း။

ဒဗ္ဗသကတ်ဟူသည်ကားတပါးသော သကတ်တို့၏ တည် ရာ၊မှီရာဝတ္ထုတည်း။

နာမသကတ်ဟူသည်ကားအမည်ဘည်း။

သမ္ဗန်သကတ်ဟူသည်ကားအစပ်ကိုဆိုလိုသည်။ဤသမ္ဗန် သကတ်သည်၊ဆဋ္ဌီသမ္ဗန်၊ ကိရိယာကာရကသမ္ဗန်စသည်ဖြင့် ပြား၏။ထိုတွင်၊မင်း၏သားဟူသောသမ္ဗန္ဓိကနာမ်ပုဒ်၌မင်းနှင့် သားတည်း ဟူသော သမ္ဗန္ဓဒြဗ်နှစ်ခု၏အပေါင်းကိုမှီ၍ ဖြစ် သောအချင်းချင်းစပ်ခြင်းတည်း။ ။ကိရိယာကာရကသမ္ဗန်ဟူ သည်ကားကာရကနှင့်ကြိယာ၏အစပ်တည်း။ ဤကိရိယာကာ

ရကာသမ္ဗန်ကိုသဒ္ဒါ၌ အကျယ်ပြ၏။ သမ္ဗန္ဓစိန္တာကျမ်း၌ကြည့်လေ။ ထိုမှတပါးသော သမ္ဗန်တို့ကို ဤကျမ်းသမ္ဗန္ဓဋ္ဌစိန္တာအခဏ်းတွင်ကြည့်လေ။

သဒိသဘောသကတ်ဟူသည်ကား။အဘနှင့်သားတစိတ်တဒေသတူသကဲ့သို့ဒြဗ်နှစ်ခုတို့၏တူသောအဖြစ်တည်း။

သို့ရာတွင်၊ဤသကတ်ရှစ်ပါးတို့သည်သဒ္ဒါ၏ ဖြစ်ကြောင်းဟုဆိုအပ်သောဗျုပ္ပတ္တိနိမိတ်ငါးပါး။ တနည်း။ သဒ္ဒါ၏တည်ကြောင်းဟုဆိုအပ်သောသဒ္ဒပဝတ္တနိမိတ်ငါးပါးတွင် အကျုံးဝင်၏။ ဝင်ပုံကား သုတိသည် ဇာတ်၌ဝင်၏။ သမ္ဗန်သည်သမ္ဗန္ဓဒြဗ်၌။သဒိသဘောသည်သဒိသဒြဗ်၌ဝင်၏။

ထိုနိမိတ်ငါးပါးကား။ဇာတိ၊ဒဗ္ဗ၊ဂုဏ၊ ကြိယာ၊နာမတို့ပင်တည်း။ ။ဒြဗ်လည်းသကတ်ကဲ့သို့။ဇာတိဒြဗ်၊ ဂုဏဒြဗ်၊ကြိယာဒြဗ်၊ဒဗ္ဗဒြဗ်၊နာမဒြဗ်ဟူ၍ငါးပါးပင်ပြားပြန်၏။ ထိုကြောင့်ဒြဗ်ဆိုလျှင်အထည်ဝတ္ထုဒြဗ်ကိုချည်း မမှတ်အပ်။ ဒဗ္ဗဒြဗ်နှင့်ဒဗ္ဗသကတ်မှာသာအထည်ဝတ္ထုကိုယူရမည်။

သကတ်၊ဒြဗ်၏အနက်နှင့် အပြားကိုပြပြီး၍ သဒ္ဒါသရာတို့ပုဒ်ကိုသကတ်၊ဒြဗ်ခွဲပုံကိုယာခုအခါပြပေအံ့။

(က) "လေးကန္တ၌နွားရှိ၏,,ဟူရာ၌နွားဒြဗ်ကိုထိအောင်မပော၊ နွားဇာတ်ကိုပဓာနပြု၍ပြော၏။ ဇာတ်တည်းဟူသောနွားမျိုးသာစိတ်ထဲ၌ ဖြစ်မှန်းသည်ဟူလို။ ။ဤပြယုဂ်၌နွားဟူသော သုတိသည် သကတ်၊နွားဟူသမျှ နှင့်ဆက်ဆံသော "ဇာတ်သာမည,,သည်ဒြဗ်မည်၏။ ။(နောက်နောက်သုတိသကတ်ကိုမဆိုပြီ။ဤကားအမှာ)။ ။ထိုမှတပါး။နွားဇာတ်သာမညသည် သကတ်၊ တရသောနွားဒြဗ်၌တည်သော "နွားဇာတ်ဝိသေသ,,သည်ဒြဗ်မည်၏။

(ခ) "နွားသွား၏,,ဟူသောပြယုဂ်၌နွားဇာတ်သာမည၊ဝိသေသနှစ်ပါးလုံးပင်သကတ်၊နွားဒြဗ်သည်ဒြဗ်မည်၏။

(ဂ) "ဖြူသောအရောင်ရှိ၏,, ဟူသော ပြယုဂ်၌အဖြူ

ရောင်မျိုးသည်လောက၌ ထင်ရှားရှိသည်၏ အဖြစ်ဟုဆိုအပ်သောသတ္တာသဘောသည်သကတ်၊ အဖြူဂုဏ်သာမညသည်ဖြစ်မည်၏။

ဤ၌သဒ္ဒတ္ထဘေဒစိန္တာ ဆရာ၏ သုတိသကတ်အစား ဿယ်တီဆရာတော် ဘုရားက သတ္တာသကတ်ကို နည်းပြအားဖြင့် သွင်း၍ပြတော်မူသည်။ ။နောက်နောက် (ည) မှာမှတပါးသတ္တာသကတ်ကိုမဆိုပြီ။ဤကားစကားချပ်။

( ဃ ) "နွား၏ဖြူသောအဆင်း,,ဟူသောပြယုဂ်၌။အဖြူဂုဏ်သာမညသည် သကတ်၊ နွား၏အဖြူဂုဏ် ဝိသေသသည်ဖြစ်မည်၏။

( င ) "ဖြူသောနွား,,ဟူသောပြယုဂ်၌အဖြူဂုဏ်သာမညဝိသေသတို့သည်သကတ်၊နွားဖြစ်သည်ဖြစ်မည်၏။

( စ ) "သွားတတ်သောသူ,,ဟူရာ၌၊သွားခြင်းကိရိယာသည်သကတ်။သွားတတ်သောသူ၏ဇာတ်သာမညသည် ဖြစ်မည်၏။

( ဆ ) "သွားတတ်သောနွား,, ဟူရာ၌။ သွားခြင်းကိရိယာသာမည သည်ဇင်း။ သွားတတ်သော သူဇာတ် သာမညသည်ဇင်း။ နွား၏ သွားခြင်း ကိရိယာ ဝိသေသသည်ဇင်း သကတ်။နွားဖြစ်သည်ဖြစ်မည်၏။

( ဇ ) "ဦးချိုရှိသောသတ္တဝါ,,ဟူရာ၌ဦးချိုဖြစ်သည်သကတ်။ဦးချိုရှိသောသတ္တဝါဇာတ်သာမညသည်ဖြစ်မည်၏။

( ဈ ) "ဦးချိုရှိသောနွား,, ဟူရာ၌ ဦးချိုဖြစ် သာမညသည်ဇင်း။ဦးချိုရှိသောသတ္တဝါဇာတ်သာမညသည်ဇင်း။ နွားဦးချိုဖြစ် ဝိသေသသည်ဇင်းသကတ်။ နွားဖြစ်သည် ဖြစ်မည်၏။

(ည) "စိတ္တ,,ဟူသောအမည်၌သတ္တာသဘောသည်သကတ်။စိတ္တဟူသောအမည်သာမညသည်ဖြစ်မည်၏။

( ၃ ) "နွား၏စိတ္တအမည်,,ဟူရာ၌စိတ္တအမည်သာမညာ သည်သကတ်။နွား၏စိတ္တအမည်ဝိသေသသည်ဖြစ်မည်၏။

( ၄ ) "စိတ္တအမည်ရှိသောနွား,,ဟူရာ၌အမည်သာမညာ၊ အမည်ဝိသေသတ္တိသည်သကတ်။နွားဖြစ်သည်ဖြစ်မည်၏။

သဒ္ဒါဆရာ၏အလိုကိုပြပြီး၍ ယခုအခါတက္ကိကဆရာ၏အ လိုကိုပြပေအံ့။

သဒ္ဒါတရ၏သကတ္တ၊ဒဗ္ဗတ္တတည်းဟူသော၊ အနက်နှစ်မျိုး ကိုကောင်းစွာသိအပ်၏။

ဒဗ္ဗတ္တဟူသည်ကား သဒ္ဒါ တရသည် ဟောအပ်သောဖြစ် ဟူသမျှတည်း။

သကတ္တဟူသည်ကား ထိုဖြစ် အသီးသီး တို့၏ တူသော ဂုဏ်အပေါင်းကိုဆိုလိုသည်။ ။ဂုဏ်သာမန်ဆိုသော်လည်း သကတ်ရှစ်ပါးကိုပင်ယူ။ ။ဥပမာ။သေတ္တုဟူသောဇာတိ သဒ္ဒါ၏ဒဗ္ဗတ္တကား။ရွှေ၊ငွေ၊သံ၊ကြေးနီ၊စသည်တို့တည်း။ ။ဤ ရွှေ၊ငွေ၊သံ၊ ကြေးနီစသည်တို့ကိုအဘယ်ကြောင့် သေတ္တုဟူ၍ ခေါ်ရပါသနည်းဟူမူ။ထိုရွှေ၊ငွေ၊သံ၊ ကြေးနီစသောဖြစ်အသီး သီး၌"သဒ္ဒိသဂုဏ်,, ဟုဆိုအပ်သော တူသောဂုဏ်ရ ရှိသော ကြောင့်ဟူ၍ဖြေအပ်၏။ ၎င်းတူသောဂုဏ်ရ ကို သေတ္တုသဒ္ဒါ ၏သကတ္တဟူ၏။ ဤသို့တူသောဂုဏ်အပေါင်းဟုဆိုအပ်သော ဇာတိ သကတ် အနက်ကို မသိမိမည်သည့်ဝတ္ထုကို သေတ္တု ခေါ်ရမည်ဟု မသိနိုင်ချေ။ ။သေတ္တုမျိုး၏ သကတ်အင်္ဂါ သုံးပါးကိုဓာတုဗေဒဆရာကအောက်ပါအတိုင်းဆို၏။

(၁) သေတ္တုဟူသမျှမူလဓာတ်ဖြစ်၍၊သမူဟသဘောမ ဟုတ်ရကား၊ အဝယဝဓာတ်ခွဲစိတ်၍ မရကောင်းသောအင်္ဂါ တပါး။

(၂) တေဇောဓာတ်နှင့် လျှပ်စစ်ဓာတ်ကိုဆောင်လွယ် သောအင်္ဂါတပါး။

(၃) သေတ္တုရောင်ဟုခိုအပ်သော အရောင်ထူးမိသေ
သရှိခြင်းအင်္ဂါတပါး။

ဤသုံးပါးသောအင်္ဂါတို့ကို သိပြီးမှ၊ဤဝတ္ထုကား သေတ္တု
တည်း။ဤကားသေတ္တုမဟုတ်ဟူ၍ခွဲခြားပြောဆိုနိုင်မည်။ရှင်
အင်္ဂါသုံးပါးနှင့်ညီသော ဝတ္ထုဟူသမျှကိုသေတ္တု။ မညီသေ
ဝတ္ထုဟူသမျှကိုအသေတ္တုဟူ၍ခွဲခြားနိုင်ပြီဟူလို။

ဤသို့ညီမညီကိုရှေးဦးစွာတင်ကူး၍သိရှိနှင့်ပါမှ၊ပြားသေ
ရွှေ၊ငွေ၊သံ၊ကြေးနီ စသောဒြဗ်အသီးသီးတို့ကို အသိဉာဏ်နှမ
ပြားသကဲ့သို့ သေတ္တုဟူသော သဒ္ဒါတခုတည်းဖြင့် ခေါ်ဝေါ်
ပြောဆိုနိုင်ကြ၏။ ။ထိုကြောင့်ဤဆိုအပ်ပြီးသည့်အင်္ဂါသုံးပါး
သည် ရွှေ၊ငွေ၊စသောပြားသောဒြဗ်အသီးသီးတို့ကိုအသေတ္တု
တို့မှ အထူးပြုတတ်သောကြောင့်သေတ္တုသဒ္ဒါ၏ သကတ်အ
နက်မည်၏။

ရှင်ဘုရင်ဟူသောသဒ္ဒါ၏ ဒဗ္ဗတ္ထသည်မင်းတုံးမင်း။ အင်
လိပ်ရှင်ဘုရင်အပ်ခွတ်စသောဒြဗ်တို့တည်း။ သကတ္ထကားမိ
မိတိုင်းသူပြည်သားကိုအုပ်စိုးခြင်းဟု ဆိုအပ်သောဇာတိရိယ
ဂုဏ်တည်း။ ဤကားသဒ္ဒါဆရာတို့၏ဂုဏ်သကတ်ကို ပြသော
ပြယုဂ်တည်း။

မိုးသဘော်ဟူသောပုဒ်၏ဒဗ္ဗတ္ထသည်နဂါးမ၊နိဗ္ဗာန်၊ကျိုင်
စသော သဘော်ဒြဗ်တို့တည်း။ သကတ္ထကားရေနွေး အခိုး၏
တန်းခိုးအာနုဘော်ကြောင့်သွားခြင်းတည်း။ ။ဤကားသဒ္ဒါ
ဆရာတို့၏ကိရိယာသကတ်ကိုပြသောပြယုဂ်တည်း။

သတ္တဝါဟူသောပုဒ်၏ဒဗ္ဗတ္ထသည်မရေမတွက်နိုင်အောင်
များသော အသက်ရှိသော သတ္တဝါ တို့၏ ဒြဗ်တို့တည်း။ သ
ကတ္ထကားသွားခြင်း၊စားခြင်း၊ပွားခြင်းကိစ္စသုံးပါးတည်း။ တ
နည်း။ရူပါရုံစသည်တို့၌တပ်တတ်ခြင်းသဘောတည်း။

အချို့တက္ကိကဆရာတို့သည်ဒဗ္ဗတ္ထကို“အကျယ်အဓိပ္ပါယ်„
သကတ္ထ“ကိုအနက်အဓိပ္ပါယ်„ဟူ၍ခေါ်ကြ၏။

ယခုအခါဒဗ္ဗဋ္ဌနှင့် သကဋ္ဌအချင်းချင်း ဆက်ဆံပုံကိုပြ
ပေအံ့။

သတ္တဝါဟူသောပုဒ်နှင့်လူဟူသောပုဒ်၏ဒဗ္ဗဋ္ဌကိုနှိုင်းရှည့်
သော်။ သတ္တဝါပုဒ်၏ဒဗ္ဗဋ္ဌသည်လူပုဒ်၏ ဒဗ္ဗဋ္ဌထက်ကျယ်
၏။အဘယ်ကြောင့်ဆိုသော်။သတ္တဝါဟူသောပုဒ်၌လူသတ္တဝါ
အပြင်။ငှဲ၊ ပြိတ္တာ၊ အသုရကာယ်၊ နတ် ပြဟ္မာတို့ပါဝင်သေး
သောကြောင့်တည်း။ ထိုရာတွင်ယင်းနှစ်ပုဒ်၏သကဋ္ဌကိုနှိုင်း
ရှဉ့်သော်ကား။ လူဟူသောပုဒ်၏ သကဋ္ဌသည် သတ္တဝါဟူ
သောပုဒ်၏သကဋ္ဌထက်အရာကျယ်၏။ အဘယ်ကြောင့်ဆို
သော်၊သတ္တဝါ၏ ထင်ရှားဖြစ်ခြင်း သတ္တာသဘောနှင့် ရူပါရုံ
စသည်တို့၌တပ်တတ်ခြင်းသဘောအပြင်။မနုဿတ္တတည်းဟူ
သော လူ၏အဖြစ်ဟု ဆိုအပ်သော ဂုဏ်ထူး ပိုသောကြောင့်
တည်း။ "ကောင်းသောလူ,,ဟူသောပုဒ်၌ ကောင်းခြင်းသာရ
ဂုဏ်တခုတိုးပြန်၍ လူဟူသောပုဒ်ထက်သကဋ္ဌကျယ်၏။ထို
ရာတွင်ဆိုးသောလူဟူသမျှကို မပါမဝင်စေရသောကြောင့်။
လူဟူသောပုဒ်ထက်ဒဗ္ဗဋ္ဌကျဉ်း၏။

"သဘော်,,ဟူသောပုဒ်၏ဒဗ္ဗဋ္ဌသည်။ကမ္ဘာပေါ်တွင်ရှိရှိသ
မျှသော သဘော်ခြိမ်တို့တည်း။ သကဋ္ဌမှာ ရေခရီးဖြင့်သွား
လာကူးသန်းနိုင်စေခြင်းတည်း။ မီးဟူသောသဒ္ဒါဖြင့်မ-၍ဆို
သော်။မီးတန်းခိုးဖြင့်သွားလာကူးသန်းနိုင်စေခြင်း သကတ်တ
ခုတိုး၍။ယခင်ရှိရင်းသကဋ္ဌထက်ကျယ်၏။ ရွက်သဘော်ဟူ
သမျှကိုပယ်ရကား။"မီးသဘော်,,ဟူသောပုဒ်၏ဒဗ္ဗဋ္ဌသည်။
သဘော်ဟူသောပုဒ်၏ဒဗ္ဗဋ္ဌထက်ကျဉ်း၏။ ။စစ်ဟူသော
သဒ္ဒါဖြင့်ထပ်၍မ-ပြန်သော်။ စစ်တိုက်ခြင်း သကတ်တခုတိုး
ပြန်ရကား။ သကဋ္ဌကျယ်လာ၏။ထိုရာတွင် ကုန်မီးသဘော်
ဟူသမျှကိုပယ်ရကါ။"စစ်မီးသဘော်,,ဟူသောပုဒ်၏ဒဗ္ဗဋ္ဌ
သည်မီးသဘော်ဟူသောပုဒ်၏ဒဗ္ဗဋ္ဌထက်ကျဉ်း၏။ အင်္ဂလိပ်
ဟူသောသဒ္ဒါဖြင့်တဆင့်ထပ်၍မ-သော်ကား။ အင်္ဂလိပ်အစိုး

...ရယ်ပတ်ုးပြန်၍ သကဋ္ဌကျယ်၍
ပြန်သစ်၊ရုရှ၊ဂျာမံစသောနိုင်ငံတို့၏ အစိုးရများပိုင်သော စစ်
မီးသင်္ဘောတို့ကို ပယ်ရပြန်၍။ "အင်္ဂလိပ်စစ်မီးသင်္ဘော„ဟု
သောပုဒ်၏ ဒဗ္ဗဋ္ဌသည်စစ်မီးသင်္ဘောဟူသောပုဒ်၏ ဒဗ္ဗဋ္ဌ
ထက်ကျဉ်း၏။ အိန္ဒိယပင်လယ် ဟူသောသဒ္ဒါဆင့်၍မ-ပြန်
သေးသော်။အိန္ဒိယပင်လယ်သမုဒ္ဒရာ၌တိုက်ခိုက်ခြင်းကို ပြရ
မည့် သကာတ်တခုတိုး၍ သကဋ္ဌကျယ်၏။ တရုပ်ပင်လယ်၊
အင်္ဂလိပ်ပင်လယ်စသည်တို့၌တိုက်ခိုက်ရသောအင်္ဂလိပ်စစ်မီး
သင်္ဘောတို့ကိုပယ်ရပြန်၍။ "အိန္ဒိယပင်လယ်အင်္ဂလိပ်စစ်မီး
သင်္ဘော„ဟူသောပုဒ်၏ဒဗ္ဗဋ္ဌသည်ကျဉ်း၏၊ ရေကြောင်းစစ်
ဗိုလ်ချုပ်ကြီးစီးနင်းသောဟူသောသဒ္ဒါတို့ဖြင့် ထပ်လောင်း၍
မ-ပြန်သော်။ရေကြောင်းစစ်ဗိုလ်ချုပ်ကြီးစီးနင်းခြင်းသကာတ်
တခုတိုး၍သကဋ္ဌမှာကျယ်ထက်ကျယ်လာ၏၊ "ရေကြောင်း
စစ်ဗိုလ်ချုပ်ကြီး စီးနင်းသော အိန္ဒိယပင်လယ် အင်္ဂလိပ်စစ်
မီးသင်္ဘော„ဟူသောပုဒ်၏ဒဗ္ဗဋ္ဌကား သင်္ဘောတစင်းတည်း
သာဖြစ်တော့သည်။ ။ဤပြယုဂ်၌မီးဖြင့် သွားခြင်းသကာတ်၊
စစ်တိုက်ခြင်းသကာတ်၊ အင်္ဂလိပ်ပိုင်ခြင်း သကာတ်၊ အိန္ဒိယ
ပင်လယ်၌တိုက်ရခြင်းသကာတ်၊ ရေကြောင်းစစ်ဗိုလ်ချုပ်ကြီး
စီးခြင်းသကာတ်၊ ဤသကာတ်ငါးပါးတိုးခြင်းဖြင့် ကမ္ဘာပေါ်ရှိ
သင်္ဘောအများမှတစင်းတည်းသာကျန်တော့သည်။ ။ထို
ကြောင့်သကဋ္ဌကျယ်လျှင်ဒဗ္ဗဋ္ဌကျဉ်း၏။ ပြန်သောအားဖြင့်
ဒဗ္ဗဋ္ဌကျယ်ပြန်လျှင်လည်း သကဋ္ဌကျဉ်း၏ဟူ၍ကောင်းစွာ
သန္နိဋ္ဌာန် ကျမှတ်အပ်ပြီ။ ။သကာတ်တိုးက ဒြဗ်လျော့၏၊
သကာတ်လျော့ကဒြဗ်တိုး၏ဟူ၍လို။
လူဟူသောပုဒ်ကိုဆိုလျှင် ပြီးပါလျက်။ သတ္တဝါဟူသော
ပုဒ်နှင့်ပေါင်း၍လူသတ္တဝါဟုဆိုချေသော် ဒဗ္ဗဋ္ဌမှာတိုးလာ...
မတိုး။လျော့လည်းမလော...

နည်းအတူ၊မတိုးမလျော့သည်မှာ။ သဏ္ဍာဝါ၏အဖြစ်တည်းဟူသောသဏ္ဍာသဘောသည် လူ၏အဖြစ်တည်းဟူသောသဏ္ဍာသဘော၌အင်္ဂတဖြစ်ပြီးသောကြောင့်တည်း။ ။ဤသို့အကျုံးဝင်ပြီးဖြစ်သောဂုဏ်ကို ထပ်၍ထုတ်ဘော်ပြောဆိုသော်လည်း။တက္ကိကဆရာအလို့ငှာ အကျိုးမထူးပြီ။ နိရဏ္ဍကဒေါ်သသာရောက်၏။ တနည်း။ ပုနရုတ္တိဒေါသသာသင့်၏။ ။စကားပိုရုံရှိမည်ဟူလို။ ။အလင်္ကာဆရာအလို့ငှာကား။ဤသို့စကားပို များကိုဝါစာသိလိ၌စကားပြေပြစ်ချောမောစေခြင်းငှာအသုံးပြုရ၏။ ။ပြယုဂ်ကား။ပြည်ကြီးသေဌ်နှင်း ရွှေပြည်မင်း။ပေးကမ်းစွန့်ကြဲသည်။ အမှုကိစ္စကိုသည်မိုးရွက်ဆောင်သည်။ဥာဏ်ပညာ။စသည်တို့တည်း။

တဇာတ်လုံးနှင့်ဆက်ဆံသောဂုဏ်သည်။ “ဇာတိဂုဏ်„မည်၏။ မည်သည့်ပုဒ်မဆို။မိမိ၏ဇာတိဂုဏ်ပုဒ်ဖြင့်အထူးမပြုအပ်။ ။ဥပမာ။မင်းဟူသောပုဒ်၏ဇာတိဂုဏ်သည် တိုင်းသူပြည်သားကိုအစိုးရသောဣဿရိယဂုဏ်တည်း။ ထိုကြောင့်မင်းဆိုလျှင်တိုင်းသူပြည်သားကိုအစိုးရ၏ဟူ၍ သိကောင်းပြီဖြစ်၍“တိုင်းသူပြည်သားကို အစိုးရတော်မူသောမင်း„ဟူ၍။မိမိ၏ဇာတိဂုဏ်ပုဒ်ဖြင့် အထူးပြု၍ဆိုရာ၌ ကျေးဇူးမရှိ။သဒ္ဓါတရားကောင်းသောမင်း။ ပြည်သူပြည်သားကို သနားတတ်သောမင်း။မင်းကျင့်တရား ၁၀ပါးနှင့်ညီသောမင်းစသည်ဖြင့် ဇာတိဂုဏ်မှတပါးသောဂုဏ်တို့ဖြင့်သာအထူးပြု၍ဆိုအပ်၏ဟူလို။

ဒဗ္ဗဋ္ဌနှင့်သကဋ္ဌကိုပြပြီး၍။ ယခုအခါပုဒ်ကို နိဘဋ္ဌပုဒ်၊နေယျဋ္ဌပုဒ်ဟူ၍တက္ကိကဆရာတို့ခွဲခြင်းကိုပြပေအံ့။ ။တိုက်ရိုက်သိအပ်သော ဒဗ္ဗဋ္ဌရှိသောပုဒ်သည်“နိဘဋ္ဌပုဒ်„မည်၏။
တိုက်ရိုက်သိအပ်သော

ခုကိုဖြစ်စေ၊ ဂုဏ်တခုကိုဖြစ်စေတိုက်ရိုက် သိစေတတ်သော သဒ္ဒါသည်နိတဣပုဒ်တည်း။ ။ဥပမာ။မောင်စော၊ ဝဲခူးမြို့ မြန်မာပြည်စသောသဒ္ဒါတို့သည် ဒြဗ်တခုခုကိုပြသောနိတဣ ပုဒ်တို့တည်း။ ဖြူခြင်း၊အနီရောင်၊ ပြာသောအဆင်း၊ သိလ သောသဒ္ဒါတို့သည် ဂုဏ်တခုခုကို ပြသော နိတဣပုဒ်တို့ တည်း။

ဤနိတဣဂုဏ်ပုဒ်တို့ကိုပင်သဒ္ဒဣဘောဒဗ်ိတ္တာဆရာကနိဂ္ဂု ဏော။ဂုဏ်အထူးမှု။တနည်း၊ ဂုဏ်တပါးမှကင်းသောဟူ၍ ဆိုလေသည်။သို့ရာတွင်ဂုဏသကာတ်၊ဂုဏဒြဗ်နှစ်ဌာနရှိသည် တွင်။ဂုဏဒြဗ်ကိုလိုမှု။နိဂ္ဂုဏာမဟုတ်။ ။ဥပမာ။ရင့်သောအ နီ။နုသောအနီစသည်၌အနီဟူသောဂုဏ်ဒြဗ်သည်။ ရင့်သော၊ နုသော ဂုဏ်သကာတ်တို့ အထူးပြုအပ်သောကြောင့်။ ဂုဏ်အ ထူးမှမကင်းချေ။

ဂုဏောဒြဗ်ကို တိုက်ရိုက်သိစေပြီးမှ။ ဂုဏ်တခုကိုလည်း ဆောင်၍သိစေတတ်သောသဒ္ဒါသည်နေယျဣပုဒ်တည်း။ ဥပမာ။ ဖြူသော။ရှည်သော။ သိလကောင်းသောစသောသဒ္ဒါ တို့သည်။ နေယျဣပုဒ်ချည်း ဖြစ်ကြ၏။ အဘယ်ကြောင့် ဆို သော်။ ဖြူသောသဒ္ဒါသည်နှင်းခဲ။ စက္ကူ။ အင်္ကျီစသောဝတ္ထု ဂုဏောဒြဗ်တခုခုကို တိုက်ရိုက်ပြပြီးမှ။ ၎င်းဂုဏောဒြဗ် တခုခု၏ ဖြူခြင်းဂုဏ်ကိုလည်းဆောင်၍ ပြသောကြောင့်တည်း။ ဖြူ သောသဒ္ဒါသည် မိမိဆောင်၍ပြသော အဖြူဂုဏ်ကိုအထူးမ ပြု။ ။ဥပမာ။ဖြူသောအဖြူ။ဖြူသောဖြူခြင်းဟူ၍မဆိုကောင်း။ မိမိတိုက်ရိုက်ပြသော ဂုဏောဒြဗ်တခုခုကိုသာ အထူးပြုတတ် ၏။ ။ဥပမာ။ဖြူသောနွား။ ဖြူသောစက္ကူ။စသည်ဖြင့် သာဆို အပ်၏။

တနည်း။ဂုဏ်ပုဒ်သည် မိမိဂုဏ်ကိုမဟော။ ဂုဏောဒြဗ်ကို သာဟော၏။ ။ဥပမာ။လူဖြူ၏။ဤနွားသည်ဖြူသောတိရစ္ဆာန်

ဖြစ်၏၊ ဟူ၍ဆိုနိုင်၏၊ အဖြူရောင်သည်ဖြူ၏။ အနက်ရောင်သည်နက်၏ဟူ၍ကား မဆိုအပ်။

ဖြူသောနွားဟူရာ၌ ဖြူသော ဂုဏ်ရှိသော နွားဖြစ်ဟူ၏။ ဂုဏောနွားဖြစ်၌ဖြူခြင်းဂုဏ်၊ တနည်း၊ အဖြူဂုဏ်ရှိ၏ဟူလို။

ယခုအခါ။ ဇာတိသဒ္ဒါသည်နေယျတ္ထပုဒ်ဖြစ်ကြောင်းကိုပြပေအံ့၊ ။မောင်ကြီး၊မောင်ဘ၊မောင်ဘောစသောဖြစ်အသီးသီးတို့သည် မနုဿတ္တဂုဏ်၌တူခြင်းအခြင်းအရာကို"ဇာတ်„ဟူ၏။ ၎င်းဇာတ်၏အမည်သည်ဇာတိသဒ္ဒါတည်း။ ထိုဇာတိသဒ္ဒါသည်မောင်ကြီး၊မောင်ဘစသောဖြစ်အသီးသီး၌လည်းဖြစ်၏။ ထို့ကြောင့်၊လူဟူရာ၌မောင်ကြီး၊မောင်ဘစသည်တို့ကိုတိုက်ရိုက်ပြပြီးမှ ၎င်းတို့၏ မနုဿတ္တဂုဏ်ကို ဆောင်၍ ပြသောကြောင့်လူဟူသောဇာတိသဒ္ဒါသည်နေယျတ္ထပုဒ်ဖြစ်၏။ကြွင်းသောဇာတိသဒ္ဒါတို့လည်း၎င်းနည်းတူ။

ယခုအခါရုဋ္ဌိသဒ္ဒါကို နီတတ္ထ၊ နေယျတ္ထခွဲရာ၌ အဆုံးအဖြတ်ကိုပြပေအံ့၊

အနက်သို့မလိုက်ဘဲ တင်စား၍၊တနည်း၊ အတင်အားဖြင့်ဆိုသောနာမ်သည်"ရုဋ္ဌိသဒ္ဒနာမ်„မည်၏။ထိုရုဋ္ဌိသဒ္ဒါသည်ကေဝလ၊ အနေကတ္ထဟူ၍ပြား၏။ကေဝလရုဋ္ဌိ၏ပြယုဂ်ကား၊မောင်စောတည်း။ ။သို့ရာတွင်မောင်ဖြူဟူသောအမည်သည်၊ညိုသောသူ၏အမည်ဖြစ်လျှင် ရုဋ္ဌိ။ဖြူသောသူ၏အမည်ဖြစ်လျှင်အန္ဝတ္ထဖြစ်သောကြောင့် အနေကတ္ထရုဋ္ဌိ၏ပြယုဂ်ပေတည်း။အနေကတ္ထရုဋ္ဌိသည်ရံခါအန္ဝတ္ထဖြစ်၏ဟူလို။ ။အန္ဝတ္ထသဒ္ဒါဟူသည်ကား၊အနက်ကိုအစဉ်လိုက်၍ဖြစ်သောသဒ္ဒါတည်း။

တနည်း။ရုဋ္ဌိသည်အတင်ရုဋ္ဌိ၊ အတွင်ရုဋ္ဌိဟူ၍ပြား၏။ အတင်ရုဋ္ဌိ၌ဂေါ၊ မဟိံသစသောပြယုဂ်တို့ကိုထုတ်ကြ၏။အတွင်ရုဋ္ဌိ၌ ရဟန္တာပုဂ္ဂိုလ်၌ဖြစ်သော သတ္တပညတ်ကိုပြယုဂ်ထုတ်ကြ၏။အငြိမ်းစားမြို့အုပ်ကိုမြို့အုပ်မင်းဟူ၍ပင် ခေါ်ဝေါ်ကြသကဲ့သို့ယခုအခါစဉ့်အိုးမရောင်းသော်လည်း စဉ့်အိုးတန်း

ဟူ၍ တွင်ရာ။ ၎င်းအမည်သည် အတွင်ရုဋ္ဌိဟူ၍ယူရမည်။ဤ
ကားသဒ္ဒါဆရာတို့၏အလိုတည်း။

အန္ဝတ္ထလည်းဧကန္တ၊ အနေကန္တ ပြားသင့်၏။ အနေကန္တအ
န္ဝတ္ထမှာရံခါရုဋ္ဌိဖြစ်သောကြောင့်။အနေကန္တရုဋ္ဌိနှင့်တူပြီ။

ယာဒိစ္ဆကနာမ်၊အဓိစ္စသမုပ္ပန္နနာမ်ဖြစ်သော ရုဋ္ဌိသဒ္ဒါတို
သည်ခြစ်အသီးသီးကိုသာတိုက်ရိုက်ပြ၍၊ဂုဏ်ကိုဆောင်၍
ပြသောကြောင့် နိတတ္ထပုဒ်ဖြစ်၏။ ။ဥပမာ။အကလေးတ
ယောက်ကိုစောတင်ဟူ၍၎င်း။ ခွေးတကောင်ကိုညိုဟူ၍၎
အမည်မှည့်ရာခေါ်ဝေါ်လွယ်ရုံ၊ရုဋ္ဌိသညာမျှသာဖြစ်သည်။အ
နက်ကိုအစဉ်လိုက်၍မှည့်အပ်သောအန္ဝတ္ထသညာမဟုတ်၊ ၊
ခင်စောဟူ၍မပေးဘဲ၊စောတင်ဟူ၍ အမည်ပေးခြင်းမှာကိတ္တိ
မနာမ်၌ကဲ့သို့အကြောင်းတပုံတရာရှိလျှင်လည်းရှိတန်ရာ၏၊
ဥပမာ။မြန်မာလူမျိုးတို့မှာနေ့နံနှင့်ညီအောင် အမည်မှည့်တတ်
ကြ၏။ ထိုအခါ။ စောတင် ဟူသော အမည်သည် အနေကန္
အန္ဝတ္ထဖြစ်၏။ကိတ္တိမနာမ်ပုဒ်သည်ဆရာမိလ၏ အလိုအားဖြင့်
အန္ဝတ္ထမဟုတ်။အဘယ်ကြောင့်ဆိုသော်၊အမည်မှည့်၍ပေးပြီး
နောက်၊ အစဉ်ထားအပ်သော အမည်မှာ အကြောင်းရင်းနှင့်
ကင်းလွတ်လေပြီဖြစ်သောကြောင့်တည်း။ ။ဥပမာ၊ရန်ကုန်
သောကြောင့်ရန်ကုန်ဟူ၍ အမည်ပေးကြလေသည် ဖြစ်ခဲ့အံ့၊
ယခုအခါ ထိုရန်ကုန်ခြင်းအကြောင်းနှင့်ကင်းလွတ်ပြီ။ ရန်တ
ဘန်ဖြစ်ပြန်သော်လည်း၊ ဝေါဟာရ၌ရန်ကုန်ဟူသောအမည်
ကို စွန့်တော့မည်မဟုတ်။ ရန်ကုန်ဟူသောပုဒ်သည်အနေကန္
အန္ဝတ္ထပင်ဖြစ်ထြေားသော်လည်းယခုအခါအတွင်ရုဋ္ဌိမျှသာ
ဖြစ်တော့သည်ဟူလို။ ထိုနည်းအတူ၊ပုသိမ်၊သံတွဲ၊ ထားဝယ်၊
တွင်းညီနောင်တန်း စသည် တို့သည်အတွင် ရုဋ္ဌိဖြစ်ကြ၏။
ရှေးအခါကမန္တလေးမြို့၌ ခင်ပါသောအမည်သည်ဝန်သားတို့
၏ အမည်တည်းဟူ၍ သိရကြလေ၏။ ယခုကာလအောက်သု
ငါးဝိသည်မိမဲတူ၏ထွီးမို့ပုတ်ဆုံ သော်လည်း အထက်မန္တလေး

သို့တခါတခေါက်ရေဲဘူးရာ၊ခင်ကြီးကျက်လွန်း၍ ငယ်မည်ကို ပျော်၍ ခင်ဆုံဟူသော အမည်ဖြင့်ပြောင်းလဲ အခေါ် ခံသော ကြောင့်ခင်ဂါသော်လည်းဝန်သားသွီးဟူ၍ခွဲခြားမသိနိုင်ပြီ။အ ဘယ်ကြောင့်ဆိုသော်။ခင်ခေါ်ချခြင်းအကြောင်းရင်းနှင့်ကင်း လွတ်ပြီဖြစ်၍တည်း။ ။ရုဋ္ဌိသဒ္ဒါကိုနိတဣပုဒ်ဟူသောဆရာမိ လ၏ ဝါဒကိုယာရအခါ ကေစိဝါဒဟူ၍ ထိုးကြပြီ။ အဘယ် ကြောင့်ဆိုသော်ရန်ကုန်ဟူသောအမည်ကိုကြားရုံနှင့် ရှေးက ရန်ကုန်မြို့၏ အကြောင်းကိုသိဘူးသောသူဘ်၏ အသိဉာဏ်၌ ရန်ကုန်သည်မြန်မာနိုင်ငံတဝှမ်းလုံး၏ မြို့တော်။တိုက်ကြီးတာ ကြီးပေါများ၍အလွန်စည်ပင်သာယာသောသဘော်ဆိပ်ကမ်း မြို့ကြီးပေတကားဟူ၍သတိရကြ၏။မောင်ဖုးညိုယနေ့ည၊ က ပြမည်ဟူ၍မောင်းကြေးနင်း ခတ်လျှင်ပင်မောင်ဖူးညိုသည်အ လွန်ကျော်သောရုပ်သေးမင်းသွီးကောင်းဟူ၍ကြည့်ဘူး၊ကြား ဘူးသောမိန်းမယောကျ်ားတို့သိရကြ၏။ထိုကြောင့်ရန်ကုန်မြို့၊ မောင်ဖူးညိုစသောရုဋ္ဌိသဒ္ဒါတို့သည် နိတဣပုဒ်မဟုတ်။ နေ ယျဣပုဒ်သာဖြစ်သင့်၏ဟူလို။

မောင်ခင်ဆိုသောသူကို၊ကိုယ်တိုင်မသိမကျွမ်းမီ။ မောင် ခင်ဟူသောအမည်သည် အနက်မရှိသလော်ဖြစ်သော်လည်း။ ၎င်းမောင်ခင်သည်မြန်မာလူမျိုးတွင်မိန်းမမဟုတ်။ ယောကျ်ား ဟူ၍သိကောင်းသေး၏။ထိုနည်းအတူ။အစိရုပ်ကိုတရုပ်။ဆာ မိကိုကုလားချီးဟူ၍သိရ၏။ထိုကြောင့်ကေနရုဋ္ဌိသော်လည်း နေယျဣပုဒ်ဖြစ်၏ဟူလို။ (သို့ရာတွင်မြန်မာအမည်ကို တရုပ် ကုလားလူမျိုးတို့ကယူ၍မှည့်လျှင်မြန်မာဟူ၍ ထင်မိလျှင်မှား မည်။ ဤကားငါတို့၏အလိုတည်း)။ ။တရုပ်မောင်စောရင်။ ကလယ်မောင်ဘောကိုတခါကောင်းစွာ သိဘူးလျှင်ပင်၊ ယင်း တို့၏အမည်ကို ကြားရုံနှင့် ထိုသူတို့၏ဂုဏ်များကို ဆောင်၍ သိစွမ်းနိုင်ပြီ။ သို့ကြောင့်သာလျှင်ရင်းတို့ကို လမ်းမှာတွေ့လျှင်

မှတ်မိ၏။ ဤကားရှည် သဒ္ဒါတို့သည် နေယျတ္ထပုဒ်ဖြစ်ကြောင်း ကိုပြသောအပဒေရဝါဒတည်း။

ယခုအခါ၊ ဂုဏသဒ္ဒါတို့၏။ နိတတ္ထပုဒ်။ နေယျတ္ထပုဒ်အခွဲကို ပြပေအံ့။

ဂုဏသဒ္ဒါသည်ယေဘုယျအားဖြင့်နိတတ္ထပုဒ်။ အပွကအား ဖြင့် နေယျတ္ထပုဒ်ဟူ၍ ဆရာမိလဆို၏။ ။သိလ၊သမာဓိစ သော သဒ္ဒါတို့သည် သိလဂုဏ်၊ သမာဓိဂုဏ် စသည်တို့ကို တိုက်ရိုက်ပြသောကြောင့်နိတတ္ထပုဒ်။ ငါးပါးသီလ၊ရှစ်ပါးသီ လစသောသဒ္ဒါတို့ကား၊ ငါးပါး၊ ရှစ်ပါးစသောသိက္ခာပုဒ်တို့ ကိုတိုက်ရိုက်ပြ၍။ ၎င်းသိက္ခာပုဒ်တို့၏ဂုဏ်ကိုလည်း ဆောင်၍ ပြသောကြောင့် နေယျတ္ထပုဒ်ဟူ၏။ သို့ရာတွင်အထက်၌ပြဆို အပ်ပြီးသည့်အတိုင်း။သဒ္ဒါဆရာတို့၏အလိုအားဖြင့်ပုဒ်တပုဒ် တွင်သကတ်၊ ဒြဗ်အနက်နှစ်နက်ရကောင်းသောကြောင့် ပုဒ် ဟူသမျှနေယျတ္ထပုဒ်ချည်းဟူ၍မှတ်အင်၏။အဘယ်ကြောင့်ဆို သော်။ဒြဗ်ကိုပဓာနအားဖြင့်တိုက်ရိုက်ပြ၍သကတ်ကိုအပဓာ နအားဖြင့်ဆောင်၍ပြသောကြောင့်တည်း။

ထိုကြောင့်။ ငါတို့အလိုသော်ကား၊ ပုဒ်ကိုနိတတ္ထပုဒ်၊ နေ ယျတ္ထပုဒ်ဟူ၍မခွဲအပ် ပုဒ်၏အနက်ကိုသာနိတတ္ထ၊နေယျတ္ထဟူ ၍ခွဲအပ်၏။ ဤသို့ခွဲမှုကား။ နေယျတ္ထနှင့် သကတ္ထနှင့်တူပြီ။ နိ တတ္ထကိုဝစနီယတ္ထ။ နေယျတ္ထကို ဓောတနီယတ္ထဟူ၍လည်း ခေါ်ထိုက်၏။

---

## လေ့ကျက်ရန်။

(၁) အောက်ပါပုဒ်များကိုသကတ်၊ဒြဗ်ခွဲလေ။

မိးရထား။စက်။တိရစ္ဆာန်။မြို့။ လွှတ်တော်၊အိမ်။ ကျောင်း။ ရွှေတိဂုံစေတီတော်ကြီး။ ရွှေကျင်တိုက်။ မြို့နီစီပယ်ကော်မိတီ လူကြီး။သမာဓိမြို့ဝန်၊ ဘုရားလူကြီး။သင်းချိုင်းလူကြီး။တရုပ်၊

သီလ၊ သမာဓိ၊ ပညာ။ အာဇီဝဋ္ဌမကသီလ။ ဇ္ဈန္ဒြိယသံဝ ရသီလ။

(၂) အောက်ပါသဒ္ဒါ အစဉ်တခုချင်း၌ သကတ်ကျယ်လျှင်ခြုံမ်ကျဉ်းပုံ၊ခြုံမ်ကျယ်လျှင် သကတ် ကျဉ်းပုံကိုပြလော။

(က) ဆင်ပြူ။ဆင်။တိရစ္ဆာန်။ သတ္တဝါ။သင်္ခါရတရား။

(ခ) မဂဓသဒ္ဒါကျမ်း။သဒ္ဒါကျမ်း။ကျမ်း။

(ဂ) မိုးရထား။စာပို့ရထား။မန္တလေးစာပို့ရထား၊

(ဃ) စက်။ဆန်စက်။တရုပ်ဆန်စက်။ ခနောင်တိုတရုပ်ဆန်စက်။

(င) တဲ။အိမ်။တိုက်။

(စ) ကျောင်း။ပတ္တမြား။စိန်။

(ဆ) သတ္တဝါ။ဗြဟ္မာ။မဟာဗြဟ္မာ။

(ဇ) လူ။မြန်မာ။ယောကျ်ား။မောင်စိန်။

(ဈ) မူလခေတ်။သေတ္တူ။ရွှေ။

(ည) ဗုဒ္ဓ။ပစ္စေကဗုဒ္ဓ။သမ္မာသမ္ဗုဒ္ဓ။

(ဋ) သဃ်ာ။သမ္မုတိသဃ်ာ။အရိယသဃ်ာ။

(ဌ) သီလ။ငါးပါးသီလ။ရှစ်ပါးသီလ။ဆယ်ပါးသီလ။

(ဍ) သမာဓိ။ဥပစာရသမာဓိ။အပ္ပနာသမာဓိ။

(ဎ) ပညာ။လောကီပညာ။လောကုတ္တရာပညာ။

(ဏ) မဂ်။သောတာပတ္တိမဂ်။ သကဒါဂါမိမဂ်။အနာဂါမိမဂ်။အရဟတ္တမဂ်။

# သဒ္ဒမကဏ္ဍ။

ဝေါဟာရဘာသာ၌ သုံးစွဲသောစကားများ တနေ့တခြား တိုးပွားခြင်းကိုပြရာပြကြောင်းဖြစ်သောဘာသာဝုဍ္ဎိခဏ်း။

ပဉ္စမကဏ္ဍ၌ပုဒ်အနက်လျှဉ်းပါးခြင်း အကြောင်းသုံးပါးတို့ကိုပြအပ်ပြီ။ ယခုအခါထိုအကြောင်းသုံးပါးတွင် နောက်ဆုံးဆိုအပ်သောအကြောင်းကြောင့် ဝေါဟာရဘာသာ တိုးပွားနည်းကိုပြပေအံ့။

ဗျုပ္ပတ္တိနိမိတ်ကိုအကြောင်းခံ၍ ကမ္ဘာဦးသူတို့၌ရင်း။ နော လူတို့၌ရင်း သဒ္ဒါဖြစ်ပုံ။ ထိုနောက်။ သဒ္ဒ ပဝတ္တိနိမိတ်ကို အကြောင်းခံ၍သဒ္ဒါတည်ပုံကိုသဒ္ဒါကျမ်းတို့၌အကျယ်ပြ၏။ ထိုဖြစ်သော၊ တည်သောလောကသင်္ကေတသဒ္ဒါတို့တိုးပွားပုံကို သာဤအခဏ်း၌ပြလတ္တံ့။

ကာလရွေ့လျော၍ဝေါဟာရဘာသာသည်၊ သာမညကရဏနယအားဖြင့်ရင်း။ ဝိသေသကရဏနယအားဖြင့်ရင်း။ ဘော်ပြန့်တတ်၏။

"သာမညကရဏနယ„ဟူသည်ကား ဇာတိသဒ္ဒါတခုကို ရှေးကထက်များသောဒြဗ်တို့၌ဖြစ်စေခြင်းတည်း။

"ဝိသေသကရဏနယ„ဟူသည်ကားဇာတိသဒ္ဒါတခုကို ရှေးကထက်နည်းသောဒြဗ်တို့၌ဖြစ်စေခြင်းတည်း။

အမည်မရှိသေးသောဝတ္ထုတခုကိုတွေ့လျှင်တွေ့ဘူးသော ဝတ္ထုနှင့် တူမတူကိုနှိုင်းယှဉ်ကြည့်ရှု၍ တူလျှင်။ တနည်း၊ တူ သည်ဟုထင်လျှင်။ သဒိသဘောဟုဆိုအပ်သော တူသောအ ဖြစ်ကိုပြောဆိုလိုသောကြောင့် ယခင်ဖြစ်ပြီးသောဝေါဟာရ သဒ္ဒါဖြင့်ဝတ္ထုသစ်ကိုလည်းခေါ်ဝေါ်ပြောဆိုကြ၏၊ ။ဥပမာ၊ ရှေးအခါ လှေကြီးကို သင်္ဘောဟူ၍ ခေါ်ကြလေသည့်လက္ခ

ဟာရှိ၏။ထိုနောက်ရှက်သဘော်ပေါ်လာသည့်အခါ။ သဘော်ဟူ၍ပင်ခေါ်ဝေါ်ကြ၏။ထို့နောက်မီးသဘော်ပေါ်လာသည့်အခါ။ သဘော်ဟူသောအမည်ကိုပင်ထပ်၍ပေးကြ၏။ထိုကြောင့်သာလျှင်၊ဒဗ္ဗန္တုံ၊ သဒိသံဝါပိ၊ နိမိတ္တကာံ၊ ဟူ၍သဒ္ဒဝုတ္တိကျမ်း၌ဆိုအပ်ပြီ။ အနက်ကား။ ဒဗ္ဗန္တုံ။ သဘော်ဒြပ်၌ တည်သော။ သဒိသံဝါပိ။ တူသောရုဏ်ဟု ဆိုအပ်သော သဒိသဘောသည်လည်း။နိမိတ္တကာံ။ သဘော်ဟူသောအမည်ကို၊ နေခံပေါ်သော မီးသဘော်စသည်တို့အားပေးကြောင်းတည်း။

ဆပ်ပြာဟူသောအမည်ကိုလည်း နောက်နောက် ပေါ်လာသောဆပ်ပြာအမျိုးမျိုး၌ပင်ဖြစ်စေ၏။

ဆရာဟူသောအမည်ဖြင့်ကျောင်းဆရာ၊ ဆေးဆရာ၊မှော်ဆရာ၊အင်းဆရာ၊ဥပနိသျှည်းဆရာ၊ဥယျာဉ်ဆရာ၊ကမ္မဋ္ဌာန်းဆရာ၊ပရမတ်ဆရာ၊ကျမ်းပြုဆရာ၊ တရားဟောဆရာစသည်တို့ကိုခေါ်ဝေါ်ကြသည့်အပြင်။ ယခုအချို့အခေခံတို့သည်မိမိ၏အရှင်သခင်ကို ဆရာဟူ၍ ခေါ်ဝေါ်တတ်ကြ၏၊ ရုံခါကျေးတောသားတို့သည် ကျေးတိုင်အင်စပါက်တော်များကိုလည်း ဆရာဟူ၍ပင်ခေါ်ဝေါ်ကြသေး၏။

ခေတ်ဟူသောအမည်ကို ယခုအခါ လှူနာခေတ်စာမှ စ၍ခေတ်ပုံရိုက်သည်။ခေတ်မီး၊ခေတ်ရထား၊ ခေတ်ကားပြသည်စသည်တို့၌အသုံးပြုကြသည့်အပြင်။မောင်ဘိုးစိန်အသံကိုခေတ်လုံးသွင်းသည်၊စသည်ဖြင့် ပြောဆိုကြသေး၏။ သိုးဆောင်းလူမျိုးတို့ပြုလုပ်အပ်သော ကိရိယာတန်းဆာအထူးအဆန်း၏အကြောင်းကိုမသိလျှင်ခေတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ခေတ်ကိုသာပုံ၍ချလိုက်တော့သည်။ ။ဤသာမညာကရဏနယ၌ဒဗ္ဗဋ္ဌကိုချဲ၍သကဋ္ဌကိုကျဉ်းစေ၏။

ဆိုလတ္တံ့သော ဝိသေသကရဏနယသည်၊ သာမညာကရဏနယနှင့် တိုက်ရိုက်ဆန့်ကျင်၏။ ၎င်းနည်း၌သကဋ္ဌကိုချဲ၍ဒဗ္ဗဋ္ဌကိုကျဉ်းစေ၏ဟူလို။ ။ဥပမာ။သဘော်ဟူသောအ

မည်သာမညကိုရွက်သင်္ဘော၊ မီးသင်္ဘော၊ စစ်သင်္ဘော၊ ကု
သင်္ဘော၊သံသင်္ဘော၊ရေငုပ်သင်္ဘော၊လေသင်္ဘောစသည်ဖြ
ခွဲကြပြန်၏။

ဆပ်ပြာဟူသော အမည် သာမညကိုလည်း သဲဆပ်ပြာ
ချေးဆပ်ပြာ။သင်္ဘောဆပ်ပြာ၊ဆပ်ပြာမွှေးစသည်ဖြင့်ခွဲရပြ
၏။

ဆရာဟူသော အမည်သာမညကို ဗိသုကာ ဆရာ၊ ပန်
ထိမ်ဆရာ၊ပန်းချီဆရာ၊ပန်းပုဆရာ၊ပန်းရန်ဆရာ၊ဓာတ်ဆရာ
ဗေဒင်ဆရာ၊ အထက်ဆရာ၊ ဓာတုဗေဒဆရာစသည်ဖြင့်ခွဲ
အပ်ပြီ။

စက်ပေါ်ပြီးနောက်ဆန်ကိုစက်ဆန်။ မောင်းဆန်ဟူ၍ခွဲရ
၏။

ဘွားသက်သက်ဆိုလျှင်ဆေးဘွားကိုလိုအပ်၏။သို့ရာတွင်
ရင်းစကားကိုလယ်ဘွား။ ဓာတ်ဘွား။ ဆရာဘွားစသည်တို့ဖြ
လည်းသုံးကြ၏။

ထိုနည်းအတူ။ သူကြီးဆိုလျှင် ရွာသူကြီးကိုလို၏။ သို့ရာ
တွင်တရားသူကြီး၊ စစ်သူကြီး၊ ဗျာသူကြီးစသည်တို့ဖြင့်လည်း
ရင်းစကားကိုသုံးစွဲကြ၏။

ဝေါဟာရန္တဒိဋ္ဌိဆိုလျှင်မိစ္ဆာဒိဋ္ဌိကိုလိုအပ်၏။

ဝန်ဟူသောစကားသည်ပစ္စည်းဟူသောအနက်၌ဖြစ်သည့်
အပြင်၊တိုင်းပြည်၏ဝန်ကိုထမ်းရသောအမတ်ဟူသောအနက်
ထူး၌လည်းဖြစ်၏။

ညဥ့်အခါ၌ထန့်၍လူလူဟူ၍ ဟစ်အော်သောအခါလူဆိုး
သူခိုးထားပြေစသည်ကိုရည်သည်ဟုသိရကြ၏။

စိတ်မကောင်းဆိုလျှင်ရူးသွပ်သည်ဟူ၍အဓိပ္ပါယ်ရပြီ။

ဤဆိုအပ်ပြီးသည်ကားဝိသေသကရဏနယ၏ ဖြယုဂ်တို့
တည်း။ဤဝိသေသကရဏနယဖြင့်ပရိယာယသဒ္ဒါတို့၏အနက်
ကွဲပြားလက္ခဏာရှိ၏၊ ။ဥပမာ။ဝမ်းမြောက်သောမိန်းမ။အ

ရွှင်သောမိန်းမ။ ဤပရိယာယ်သဒ္ဒါနှစ်ခုတွင် နောက်ပုဒ်ဖြင့်မကောင်းသောအနက်အဓိပ္ပါယ် ကိုလို၏။ထမင်းဝသည်။ဤလူဝသည်ဟူရာ၌ ထမင်းဝသည်ဟူသည်ကား စားရာ၌ ကြေနပ်ခြင်း။အလိုပြီးပြည့်စုံခြင်းကို ဆိုလိုသည်။ လူဝသည်ဟူသည်ကားဆူဖြိုးသည်ကို ဆိုလိုသည်။ ထို့အတူ။ ရိုးသည်ဟူရာ၌ (ရိုး)ဖြောင့်သည်(ရိုး)ရိုက်သည်ဟူ၍အနက်နှစ်ခုကွဲ၏။

သဒိသူပစာ သဒ္ဒါတို့သည် သာမညကရဏနယဖြင့် ဖြစ်လာ၏။ ။ဥပမာ၊ဘုရားတည်းဟူသောနေမင်း၊ဘုရားတည်းဟူသော ခြင်္သေ့မင်း။ သံသရာစဲကြာ။ မဂ္ဂင်ဘောင်တော်။ သဒ္ဒါမျိုးစေ့။ ပညာလက်နက်။ မေတ္တာ ရေအေး။ ပုဒ်၏အဘွင့်။ အရသာရှူးသည်။အနံ့ရှူးသည်။အသံရှူးသည်။ဉာဏ်ရှူးသည်။ ဉာဏ်ပညာ ထက်သည်။ စိတ်ကြည်လင်သည်။ စိတ်နောက်သည်။စသည်တို့သည်သဒိသူပစာဖြစ်ကြ၏။

ဤသာမညကရဏနယ။ ဝိသေသကရဏနယ တည်းဟူသောနည်းနှစ်ပါးဖြင့်ပရိယာယ်သဒ္ဒါများဖြစ်ပေါ်လာ၏။သို့ရာတွင်ဝေါဟာရ၌ ပရိယာယ်သဒ္ဒါပေါများခြင်းကား တက္ကိကဒေါသဖြစ်ကြောင်းတွင်အင်္ဂါတပါးတည်း။

## လေ့ကျက်ရန်။

( ၁ ) အောက်ပါစကားတို့ကိုဝေါဟာရ၌ သဒိသူပစာအားဖြင့်အသုံးပြု၍ပြ။(ဥပမာ၊ လေးသည်ဟူသောပုဒ်၏အနက်ရင်းကား။ အချိန်များသည်ကိုဆိုသည်။ သို့ရာတွင် အလေးပြုသည်။ အလေးမူသည်။ လေးမြတ်သည်။ လေးလေးစားစားပြုသည်တို့ကားသဒိသူပစာ ဖြစ်ကြ၏။) ။ဖြောင့်သည်။ ကြမ်းသည်။ထက်သည်။ကောက်သည်။တိုသည်။ရှည်သည်။

( ၂ ) အောက်ပါပရိယာယ်သဒ္ဒါတို့၏ အနက်ထူးကိုခွဲပြ။ ။သယ်သည်၊ပိုးသည်၊ဆောင်သည်၊ရွက်သည်။စိတ်၊နှလုံး၊

နာသည်၊နေမကောင်း။ စည်းကမ်း၊နည်းလမ်း။ သတိပြုသည်
ဂရုစိုက်သည်။အပြန်၊အလှန်။ အရေးယူသည်၊အလေးမူသည်
မမေ့မလျော့၊မှတ်မိသည်၊သတိရသည်။ ကြောက်သည်၊ထိ
သည်၊လန့်သည်။စားသည်၊ခဲသည်၊ဝါးသည်။ သောက်သည်
မျိုသည်။ပေးသည်၊ကမ်းသည်၊လှမ်းသည်၊ စွန့်သည်၊ကြဲသည်
ဝေသည်၊ငှသည်။(မြန်မာဘာသာ၌ပရိယာယ်စကားပေါများ
၍ ပြယုဂ်လွယ်၏။ အနက်ထူးကို ပရိယာယသဒ္ဒဉာဏ်ထ
သန့်အောင်ကြံလေ)။

# အဋ္ဌမကဏ္ဍ။

သဒ္ဒါ၏အနက်၌ အသိဉာဏ်ဖြစ်ခြင်းတည်းဟူသော သဒ္ဒဗုဒ္ဓိခဏ်း။

သတ္တမကဏ္ဍ၌ ဝေါဟာရဘာသာ တိုးပွားလာခြင်းကိုပြအပ်ပြီ။ ယခုအခါသဒ္ဒါတို့၏အနက်၌အသိဉာဏ်ဖြစ်ခြင်းကိုပြပေအံ့။

သဒ္ဒါအနက်ကိုသိခြင်းအကြောင်းတို့ကား။

( ၁ ) ၎င်းသဒ္ဒါကိုရှေး၌ကြားဘူးရမည်။

( ၂ ) ထိုသဒ္ဒါဟောသောအနက်မြို့သည်ရှေး၌ အာရုံဖြစ်ဘူးရမည်။

( ၃ ) ထိုသဒ္ဒါသည် ထိုအနက်ကိုဟော၏။ တနည်း၊ ထိုသဒ္ဒါသည်ထိုအနက်၏လောကသင်္ကေတတည်း။ ဟူ၍ရှေး၌သိဘူးရမည်။

ဤအကြောင်းသုံးပါးနှင့် ပြည့်စုံမှသဒ္ဒါ၏ အနက်ကိုသိနိုင်ရာ၏။ ထိုကြောင့် သဒ္ဒဗုဒ္ဓိဘေဒစိန္တာ၌။ သဒ္ဒေါ။ သဒ္ဒါသည်။ သောတတာ လမ္ဗဏံ။ သောတဝိညာဏ်၏ အာရုံအဖြစ်သို့။ အာပန္နတ္တာ။ ရောက်သည်၏အဖြစ်ကြောင့်ရင်း။ သင်္ကေတေန။ လောကသင်္ကေတ ဝေါဟာရပညတ်ဖြင့်။ ဝဝတ္ထိတတ္တာ။ ပိုင်းခြားမှတ်အပ်သည်၏အဖြစ်ကြောင့်ရင်း။ အတ္ထဿ။ အနက်ကို။ ဉာပကော။ သိစေတတ်၏။ ကာရဏဒွယေ။ အကြောင်းနှစ်ခုတို့၏အပေါင်းသည်။ အသန္တေ။ မရှိသော်။ အတ္ထဿ။ အနက်ကို။ နဉာပကော။ မသိစေတတ်။ ။ဟူ၍ဆိုအပ်ပြီ။ ဤအကြောင်းတို့နှင့်ညီညွတ်သော်လည်းသဒ္ဒါတခုကိုအသုံးမပြုမီ၊ ၎င်းသဒ္ဒါ၏အနက်ကိုကောင်းစွာသိအပ်၏။ ။စကားအရာအင်္ဂါလေးတန်ဆိုသကဲ့သို့သဒ္ဒါ၏ အနက်ကို“ကောင်းစွာ သိခြင်း„၏အင်္ဂါလေးပါးကား။

(၁) ထင်ခြင်းပါကဋအင်္ဂါလည်းတပါး။
(၂) ရှင်းလင်းခြင်းအစဋအင်္ဂါလည်းတပါး။
(၃) လုံလောက်ခြင်းပဟောဋ္ဌဒိတအင်္ဂါလည်းတပါ။
(၄) ရေချ သိခြင်းကေ႑ကအင်္ဂါလည်းတပါး။

ရှေးဦးစွာအခရုံကို"ထင်မထင်,,ဟူ၍ဝေဘန်အပ်၏။အာ
ထင်မှရင်းအခရုံကိုနောက်မှတ်မိစွမ်းနိုင်၏။ မထင်သောအာ
ကိုကား မမှတ်မိနိုင်။ ။ဥပမာ။ နှင်းဆီပန်းကို တခါမြ
ဘူးရုံနှင့်၊ ထင်သော်နောက်နောက် ရင်းပန်းကို မြင်လျှင် မှ
မိနိုင်ပြီ။ ထိုကြောင့် မိတ်ဆွေရင်းချားကို မမေ့နိုင်။ လူစိ
တဦးကို တခါမြင်ဘူးရုံနှင့် မှတ်မိသည့် အခါနည်း၏။ မမှ
မိသည့် အခါကား များ၏။ ဤသို့ မမှတ်မိခြင်း အကြော
ကား အခရုံ မထင်ခဲ့၍တည်း။ ။ဤကား ထင်ခြင်းအင်္ဂ
အတွက်ဆိုသော စကားရပ်တည်း။

ရှင်းလင်းခြင်းအင်္ဂါမှာ။အသိကို"ရှင်းမရှင်း,,ဟူ၍ဝေဘ
အပ်၏။ထင်သောအခရုံကိုမှတ်မိ၏ဆိုသော်လည်းအပေါင်း
သာမှတ်မိ၍အစိတ်ကိုမမှတ်မိချေက။ငိုးအခရုံကိုသိခြင်းသည
မရှင်းလင်းသေး။အဘယ်ကြောင့်ဆိုသော်အခရုံ၏လက္ခဏာ
သံစသည်တို့ကိုခွဲခြမ်း၍ ပြောဆိုနိုင်မည်မဟုတ်သောကြော
တည်း။ ထိုကြောင့်"ချုပ်မှနောင်ရှင်းမည်,,ဟူသောစကား
အရနောင်ရှင်းရှင်းလင်းလင်းသိလိုသော်၊အခရုံ၏အစိတ်အစိ
ကိုယခုကပင်ခွဲခြမ်း၍မှတ်သားရမည်ဟူလို။လူတယောက်
ရုတ်တရက်မှတ်မိသည့်ဆိုသော်လည်း။ငိုးသူ၏အမှတ်အသား
ကိုပြောပြပါဟုဆိုလျှင်မပြောပြနိုင်ဘဲရှိတတ်ကြ၏။မိမိအိမ်
မွေးသောခွေးမြင်းစသည်တို့၏အရုပ်ကိုသော်လည်း ပန်းချီဆ
ရာမဟုတ်က၊ အသေအချာမရေးနိုင်ကြသည်မှာ ပန်းချီဆရ
ကဲ့သို့အိမ်ရှင်သည်မိမိ၏ခွေးမြင်းစသည်ကိုရှင်းရှင်းလင်းလင်း
မသိ၍တည်း။ ။ချိုချဉ်စပ်ငန်ဖန်ခါးရသခြောက်ပါးကိုသူတ
ပါးနားလည်အောင်ရှင်းလင်းစွာ မည်သူမျှမပြောမဆိုနိုင်ကြ

ငန်သည်ဟူရာ၌ဆားကိုစားကြည့်မှ၊စားဘူးမှသိနိုင်ရာသည်။ ထိုနည်းအတူ။ဖြူသည်နီသည် စသောအာရုံတို့ကိုလည်းသူတထူးနားလည်အောင်ရှင်းရှင်း လင်းလင်း မပြောပြနိုင်ချေ။ဇွ္ပန္ဒ ပုဂ္ဂိုလ်ကိုအဖြူ၊အနီကိုခွဲခြမ်း၍မည်သူတရုံတယောက်မျှရှင်း ရှင်းလင်းလင်းပြောပြနိုင်မည်မဟုတ်။ ။မျက်မြင်ပုဂ္ဂိုလ်ကို သော်လည်း အဖြူအနီကိုဒီ္ဌပြမှသာသိစေနိုင်ရာ၏။

လုံလောက်ခြင်းအင်္ဂါမှာ၊အသိကို"လုံလောက်မလုံလော်" ဟူ၍ ဝေဘန်အပ်၏။ ရှင်းလင်းခြင်းအင်္ဂါကိုပြရာ၌ အစိတ်ကို ခွဲခြမ်း၍ မှတ်သားမှ အသိရှင်းလင်း၏ဟူ၍ဆိုအပ်ပြီ။ဤသို့အစိတ်ကိုခွဲခြမ်း၍ မှတ်သားခြင်း၌ အရင်းသို့ကျရောံနိုင်သရွေ့ ကိုရောံအောင်ခွဲစိတ်နိုင်လျှင်အသိလုံလော်ပြီဟူ၍ဆိုအပ်၏။ ။ ဥပမာ။ ကျမ်းကျင်ရာလိမ္မာသည်ဟူသောစကားပုံအရ၊ စက်ဆရာတဦးသည်မိမိလုပ်ကိုင်နေသော စက်ကိရိယာကိုအလွန် ကျွမ်းကျင်သောကြောင့် ၎င်းစက် ကိရိယာ၏ အစိတ်အစိတ်ဖြစ်သောတန်းဆာတို့ကို တခုမကျန်သေသေချာချာ၊ဂ–ဂ–နနပြောဆိုနိုင်၏။သို့ရာတွင် ထိုအစိတ် အစိတ်ကို ပြီးစေတတ်သောသံသေတ္တုသည်အဘယ်ကြောင့်မာသနည်း။ဆီသည်အဘယ်ကြောင့်၎င်းသံကိုချောမွတ်စေသနည်း။မီးသည်အဘယ်ကြောင့်ရေကိုပူစေသနည်းဟူသောပုစ္ဆာတို့ကိုမဖြေမဆိုနိုင် သော်လည်း။ အရင်းသို့ရောက်နိုင်သရွေ့ကို ရောက်အောင်ခွဲခြမ်းပြောဆိုနိုင်ပြီးဖြစ်လေသောကြောင့် ထိုစက်ဆရာ၏အသိကိုလုံလောက်ပြီဟူ၍ပင်ဆိုအပ်တော့သည်။

သံ၌ပထဝီဓာတ်များ၍ကက္ခဠတ္တသဘော လက္ခဏာအားကြီးသောကြောင့် မာသတည်း။ ဟူ၍ပရမတ်ဆရာတို့ဖြေဆိုနည်းဖြင့်ဖြေဆိုလျှင်သံသည်မာ၍မာသည်တည်း။ ဟူ၍ဖြေဆိုရာမရောက်ပါလော။ဤကားစောဒနာ။

ထိုနည်းအတူမီးသည်တေဇောဓာတ်ဖြစ်၍။တနည်း။ မီး၌တေဇောဓာတ်များ၍။ ဥဏှတ္တသဘော လက္ခဏာအားကြီးရ

ကား။ ပူ၏ဟူရာ၌လည်း မီးသည်ပူသောကြောင့်ပူ၏ဟုဆို ရောက်သည်ထင်၏။

ဤသို့ဖြေဆိုကလည်း ကောင်းစွာဖြေဆိုသည်မမည်၊ မီး အပူသည်ပရမတ္ထသဘောဟူ၍သာပြောဆိုနိုင်တော့သည်၊

ရချသိခြင်းအင်္ဂါမှာအသိကိုရချသိခြြင်း။ လက္ခဏာအား ဖြင့်သိခြင်းဟူ၍ဝေဘန်အပ်၏။ ။ဥပမာ။အနားလေးဘက် သောစတုဂံ၏ ပုံကိုကျွန်ုပ်တို့ဒိဋ္ဌမြင်၍ရချသိကြ၏။ အနား သိန်းရှိသောသတသဟာသဂံ၏ပုံကိုဒိဋ္ဌသွဲ၍ မကြည့်ရသေး ကြောင့်ရချမသိ၊လက္ခဏာအားဖြင့်သာသိကြ၏။ သိုးဆောင် တို့ဂိုဏ်းဩမတ္တရိပညာခေါ် ပမာဏသင်္ချာအတတ်သည် ရချသိ ခြင်းနှင့်သက်ဆိုင်၏။ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာအတတ်တို့ ကားလက္ခဏိကသိခြင်းနှင့်သက်ဆိုင်၏။

ဆလိနီယံသည် ဒိုက်ယာဒ်ဓာတ်တည်း။ ဒိုက်ယာဒ်ဓာတ်ဟူ သည်ကား ဟိုက်ဒရိုဂျန် ဓာတ်နှစ်ဆ၏ နေရာကို ယူစွမ်းနိုင် သောဓာတ်တည်း။ ဟူ၍ဆိုလျှင် ဓာတုဗေဒကျမ်းကို မသင် ကြားဘူးသော သူတို့သည် တစုံတခုမျှ နားလည်မည်မဟုတ် သေ၁်လည်း။ဆလိနီယံသည် ဟိုက်ဒရိုဂျန်ဓာတ်နှစ်ဆ၏နေရာ ကိုယူစွမ်းနိုင်သောဓာတ်တည်း။ ဟူ၍ပြောဆိုနိုင်ခွင့်ကားရှိ၏၊ ဤသို့အနက်ကိုမသိဘဲပြောဆိုသောသူတို့မှာ လက္ခဏာအား ဖြင့်ပြောဆိုသည်မည်၏။ လောက၌ ဤသို့ ပြောဆိုခြင်းသည် များ၏။သဒ္ဒါပုဟ်ကျမ်းကို သဘော မပေါက်ဘဲ နှုတ်တက်ရ အောင်ကျက်၍ကျက်တူရွေးကဲ့သို့ပြောဆိုသောသူများသည် လက္ခဏာအားဖြင့်သာပြောဆိုကြ၏၊ဝိတက်၊ဝိစာရများသည် ဟူ၍ ရေးသည်များသော်လည်း ပြောဆိုတတ်ကြ၏။ ဝိတက် သည်အဘယ်နည်း။ ဝိစာရသည် အဘယ်နည်းဟူ၍မေးလျှင် ပြန်၍မပြောတတ်ပြီ။အချို့ကားအာရုံ။သမ္ပယုတ္တဓမ္မ။လက္ခဏာ ဟူသော ပုဒ်သုံးခုတို့၏အနက်ကို ကောင်းစွာ မသိဘဲလျက်ဝိ တက်သည် သမ္ပယုတ္တဓမ္မကိုအာရုံ၌ ဇောရှုပစ်တင်ခြင်း လက္

ထောဂ္ဂိ၏ဟူ၍အဋ္ဌကထာဋီကာစကားကိုယူ၍ အာစရိယဝါဒ သက်သက်ဖြင့် ပြောဆိုကြ၏။ ဟုတ်ဟုတ်ဟပ်ဟပ် သိသော သဗ္ဗညုဟ်ဆရာအဆျှုလည်း လောကဓာတ်ပညာကိုမကျွမ်းကျင်ရှာ၍ ထင်မိထင်ရာလောကူပမာကိုအလွဲထုတ်၍ ပြတတ်ကြ၏။ထိုဥပမာအလွဲကိုပင်တပည့်တို့ကအဟုတ်အဟပ်ထင်မှတ်များကြပြန်၏။၎င်းဆရာနှင့်တပည့်တို့ကား။ မျက်မမြင်သောသူတယောက်ကိုမျက်ကာဏ်းကလမ်းပြသည်နှင့်တူ၏။ ။ဥပမာမကောင်း၍ငင်း။ မမှန်၍ငင်း။ သဘောမှာအယူအဆလွဲတတ်ကြသည်ကို ဓမ္မကထိက ပုဂ္ဂိုလ်တို့ သတိကြပ်ကြပ်ထားရာသည်။

သုညာ။အနန္တ။အစိန္တေယျ၊ အပ္ပမေယျ။အသင်္ချေယျ။ ကပ္ပ။မဟာကပ္ပ။အဘာဝ။ နိဗ္ဗာန်စသောပုဒ်တို့၏ အနက်ကိုပုထုဇ္ဇန်တို့ရချမသိစွမ်းနိုင်။လက္ခဏာကာသိခြင်းဖြင့်သာ ပြောဆိုနေကြ၏ဟူလို။ ပုထုဇ္ဇန်တို့၏ဉာဏ်ပညာသည်အန္တဖြစ်၍။ တနည်း။ အဆုံးအဆရှိ၍။အဆုံးအဆရှိသောအရာကိုသာသိစွမ်းနိုင်၏။ အဆုံးအဆမရှိသောအရာကိုမသိစွမ်းနိုင်။ ။ဥပမာ။ပေကြိုးသည်အဆုံးအဆရှိသောအတိုင်းပမာဏတည်း။ ဤပေကြိုးဖြင့်အဆုံးအဆရှိသောအရာဟူသမျှကိုသာတိုင်းထွာ၍မည်မျှမည်ရွေ့ပမာဏရှိ၏ဟုသိစွမ်းပြောဆိုနိုင်၏။ အဆုံးအဆမရှိသောအရာကို မတိုင်းမထွာနိုင်။ ဤသို့မတိုင်းမထွာမသိစွမ်းနိုင်သောအခါ။အနန္တဟူ၍ပြောဆိုရ၏။

ထိုကြောင့်ပုထုဇ္ဇန်တို့မှာ အဆုံးအဆမရှိသောအရာကိုမသိဘဲလျက်။အနန္တဟူသောပုဒ်ကိုသုံးစွဲပြောဆိုကြသည်မှာ။အနန္တကိုကျွန်ုပ်တို့ပုထုဇ္ဇန်ဖြစ်၍ရချမသိဟူ၍ခံဝန်သည်နှင့်တူ၏။ တနည်း၊ခံဝန်သည်မည်၏။

## လေ့ကျက်ရန်။

အောက်ပါသဒ္ဒါတို့၏အနက်ကို ဝုတ္တိဖွင့်နည်းတို့သိခြင်း၊ ဖြည့်
ရုံ၊မဖြည့်ရုံသည်ကို။ ကောင်းစွာ သိခြင်း၏ ဆိုအပ်ပြီးသည့်
အင်္ဂါလေးတန်ဖြင့်စိစစ်လေ။

လျှပ်စစ်ဓာတ်။အနိစ္စ။ဒုက္ခ။ အနတ္တ။မြင်းမိုရ်။နဂါး။ အာသ
ဝေါ၊သမာဓိ၊ဈာန်၊အဘိညာဏ်၊ဖြဗ္ဗ၊နတ်၊ တဏှာ၊နေ၊ သုံ
ပါဒ်ဒေသသန္နိဋ္ဌာန်၊အာသက်။စိတ်။ကံ။

## ဝါကျနှင့်ပဒိုညာ၏အထူးကိုပြရာပြကြောင်း ဖြစ်သောဝါကျပဒိုညာ ဝိသေသခဏ်း။

ရှေးရှစ်ခဏ်းဖြင့်တဏ္ဍကျမ်း၏ပထမ ပရိစ္ဆေဒဖြစ်သော မူန်ပိုင်းကိုပြအပ်ပြီ။ထိုတွင် တတိယကဏ္ဍ၌ ပဒိုညာဏ်ခံ့ခဲ့ သည့်အတိုင်း။ ယခုအခါဝါကျနှင့် ပဒိုညာ၏အထူးကိုပြပေ အံ့။

သဒ္ဒါ၌ဝါကျဟူသည်ကား အထူးထူးသော ပုဒ်အပေါင်း ကိုဆိုလိုသည်။ထိုတွင်ဝိသေသန၊ဝိသေသျဖြစ်၍ ဖြစ်သောအ နက်ကိုပြသောဘေဒါ ဘေဒက ဘူတတ္တ နာနာပဒကို ဝါကျ တူ။ကြိယာကာရကနှင့်ပြည့်ရုံသောပုဏ္ဏတ္တနာနာပဒကိုဝါကျ စ်ဟူ၏။ ဤဒုတိယပိကပ်နှင့်အညီ "သဒ္ဒဝါကျ,, ဟူသည် ကားကြိယာကာရကနှင့်ပြည့်ရုံ၍ အပြီးသတ်သော စကားတ ချပ်ကိုဆိုလိုသည်ဟူ၍တတိယကဏ္ဍ၌ပြအပ်ပြီ။

၎င်းဝါကျသည်ကေကတ္တုကေကြိယာဝါကျ။ ကေကတ္တု နာနာကြိယာဝါကျ။အနေကကတ္တု ကေကြိယာဝါကျ။ အနေ ကကတ္တုနာနာကြိယာဝါကျဟူ၍လေးပါးပြား၏။

"လူသွား၏,,ဟူသော ဝါကျသည် ကတ္တုကာရက တခု။ ကြိယာလည်း တခုသာ ပါသောကြောင့် ကေကတ္တု ကေ ကြိယာဝါကျမည်၏။ ၎င်းကိုပင် သုဒ္ဓဝါကျဟူ၍ လည်းခေါ် အပ်၏။

"လူသည်စား၍သွား၏,, ဟူသောဝါကျသည်ကတ္တုကာရ ကတခုပါ၍။ ကြိယာမှာမူကားတခုထက်ပိုသောကြောင့်ကေ ကတ္တုနာနာကြိယာဝါကျမည်၏။၎င်းဝါကျ၌ လူသည်စား၏။ လူသည်သွား၏ဟူသောသုဒ္ဓဝါကျနှစ်ခုကိုရ၏။

“တလိုင်း၊မြန်မာ၊တရုပ်၊ကုလားတို့သည်လမ်းရှော်ကြ၏,,
သောဝါကျသည်ကတ္တုကာရကတခုသက်ပိုင်၍ ကြိယာဝ
သာပါသောကြောင့် အနေကကတ္တု ကေကြိယာ၀ါကျမ
၏။ဤဝါကျ၌တလိုင်းတို့သည် လမ်းရှောက်ကြ၏။ မြန်မာ
သည်လမ်းရှောက်ကြ၏။စသည်ဖြင့်သုဒ္ဓဝါကျ၄-ခုကိုရ၏။

“ယောကျ်ားကလေးတို့သည် ကျောင်းသွားကြ၍မိန်းမ
လေးတို့သည်အိမ်စောင့်ကြ၏,,ဟူသောဝါကျသည်တခုထ
ပိုသော ကတ္တုကာရကကြိယာပါရှိ၍ အနေက ကတ္တုနေ
ကြိယာဝါကျမည်၏။ဤဝါကျ၌သုဒ္ဓဝါကျနှစ်ခုကိုရ၏။

ထို့အတူ။“တလိုင်း၊မြန်မာ၊တရုပ်၊ကုလားတို့သည်သွား
၏။စားကြ၏။ အိပ်ကြ၏,,။ဟူသောဝါကျ၌သုဒ္ဓဝါကျ၁၂
ကိုရ၏။

“ဤယောကျ်ားနှင့်မိန်းမသည်လင်မယားဖြစ်ကြ၏,,ဟူသေ
ဝါကျ၌ဤယောကျ်ားသည်ဤသူမ၏လင်ဖြစ်၏။ဤမိန်းမသ
ဤသူ၏မယားဖြစ်၏ဟူ၍ ယထာလာဘနည်းဖြင့် သုဒ္ဓဝါ
နှစ်ခုကိုရ၏။

ဤသုဒ္ဓဝါကျတို့၏အပေါင်းသည်သရုဒါယဝါကျမည်
သံယောဂကဝါကျလည်းမည်၏။ ၎င်း၏အစိတ် အစိတ်ဖြ
သောအဝယဝဝါကျတို့သည်သမုဒါယိဝါကျမည်ကြ၏။ဤသ
မုဒါယိဝါကျတို့မှာအချင်းချင်း ယှဉ်ဘော်ယှဉ်ဘက်ဖြစ်
သော်လည်းတခုနှင့်တခုမစပ်ဘဲအသီးအခြားစီ တည်ကြ
“မစပ်,,ဟူသည်ကား တခုကိုတခုမမှီဟူလို။“မမှီ,, ဟူ
လည်းတခုသောသမုဒါယိဝါကျများသော်လည်း။တပါးသော
တနည်း၊ကြွင်းသောသမုဒါယိဝါကျတို့မမှားဟူလို။ ။ဥပမာ
လူသည်စား၍သွား၏ဟူသော သမုဒါယဝါကျ၌ လူသည်စာ
၏ဟူသောသမုဒါယိဝါကျသည်မှားခဲ့အံ့။ လူသည် သွား
ဟူသောသမုဒါယိဝါကျသည်လည်းမှားရမည်ဟူ၍ မဆိုနိုင်
အဘယ်ကြောင့်ဆိုသော်၊လူသည်မစားဘဲသည်းသွားနိုင်သေ

သောကြောင့်တည်း။ ထိုအတူ၊နောက်ဝါကျသည့် မှားခဲ့အံ့။ ရှေးဝါကျသည်မှားရမည်ဟူ၍မဆိုနိုင်။ လူသည်စားပြီးသော်လည်းမသွားဘဲနေနိုင်သေးသောကြောင့်တည်း။ ။

“သီလသမာဓိနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်အလှူရပ်၏,,ဟူသောဝါကျသည်မိဿကဝါကျမည်၏။ ဤမိဿက ဝါကျ၌ သီလသမာဓိနှင့် ပြည့်စုံသောဟူသော ပုဒ်သည် ဝိသေသန။ ပုဂ္ဂိုလ်ဟူသောပုဒ်သည် ဝိသေသျဖြစ်ရကား ထိုနှစ်ပုဒ်၏အပေါင်းသည် ဘေဒါဘေဒကဘူတဒွန္ဒနာနာပဒဟူသော ပထမဝိကပ်အရဝါကျတုမည်၏။ ၎င်းဝါကျတုကို ပုဗ္ဗာဒွန္ဒနာနာပဒဟူသောဒုတိယဝိကပ်အရဝါကျစစ်အဖြစ်သို့ပြောင်းလဲ၍ ဆိုလျှင်။ “ဤပုဂ္ဂိုလ်သည်သီလသမာဓိနှင့်ပြည့်စုံ၏,,ဟူသောသုဒ္ဓဝါကျတခုကိုရ၏၊ ဤသို့ရအပ်သောသုဒ္ဓဝါကျကို“ထိုပုဂ္ဂိုလ်သည်အလှူရပ်၏,,ဟူသောသုဒ္ဓဝါကျတပါးနှင့်စပ်၍ဆိုသောကြောင့်မိဿကဝါကျသည်သမ္ဗန္ဓိကဝါကျလည်းမည်၏။

သံယောဂိကဝါကျနှင့် သမ္ဗန္ဓိကဝါကျ၏ အထူးကိုသတိထားရာ၏။ဤကားအမှာ။ ။

သမ္ဗန္ဓိက ဝါကျ၌ မှီတတ်သော ဝါကျ သည် နိဿိတဝါကျ။မှီအပ်သော ဝါကျသည် နိဿယဝါကျမည်၏။ နိဿိတဝါကျသည် နိဿယဝါကျ၏ ဝါစ္စပုဒ်ကို သော် လည်းကောင်း။ဝါစကပုဒ်ကို သော်လည်းကောင်း။အထူးပြုတတ်၏။ သို့အထူးပြုတတ်သော သတ္တိကြောင့် ထိုနိဿိတ ဝါကျကိုဝိသေသနပုဒ်အဖြစ်ဖြင့် ပြောင်းလဲ၍ဆိုနိုင်၏။ ။ဥပမာ။“ဤသူသည်အလှူခံပုဂ္ဂိုလ်တည်း,,။“ထိုအလှူခံပုဂ္ဂိုလ်သည်သီလနှင့်ပြည့်စုံ၏,,။ဟူသောဝါကျနှစ်ခုကိုစပ်၍“ဤသူသည်သီလဝန္တအလှူခံပုဂ္ဂိုလ်တည်း,, ဟူ၍ဆိုနိုင်၏။ဤပြယုဂ်၌နိဿိတဝါကျ၏ အပြုဖြစ်သော သီလဝန္တ ဟူသော ဝိသေသန ပုဒ်သည် နိဿယဝါကျ၌ အလှူခံပုဂ္ဂိုလ်ဟူသောဝါစကပုဒ်ကို အထူးပြု၏။

နာမ်ပုဒ်ကိုအထူးပြုသော ဝိသေသနပုဒ်သည် တုလျာဓိ
ရဏဝိသေသနမည်၏။ကြိယာပုဒ်ကိုအထူးပြုသောဝိသေ
ကားဘိန္နာဓိကရဏဝိသေသနမည်၏။ ။ဥပမာ။မြင်းသ
မြန်မြန်ပြေး၏။ ဟူသောဝါကျ၌ "မြန်မြန်,,ဟူသောကြိယ
ဝိသေသနသည်"ပြေး၏,,ဟူသောကြိယာပုဒ်ကိုအထူးပြု၏
"ဝေဿန္တရာမင်းကြီးသည် ရှုကြည့်၍နေတော်မူစဉ်၊
ဇူစကာပုဏ္ဏားသည်ကဏှာနှင့်ဇာလီကို ဆောင်သွားလေ
ဟူသောဝါကျလည်း သမ္ဗန္ဓကဝါကျဖြစ်၏။ ဤဝါကျ၌သ
ဆရာတို့၏ အလိုအားဖြင့် ဝေဿန္တရာမင်းကြီးဟူသော
သည်အနာဒရိယဝန္တ။ရှုကြည့်၍ နေတော်မူစဉ် ဟူသော
ကား။လုယက်ပိုင်ဆိုင်ခြင်းကို ခံရသောကြောင့်၊ အနာဒရိယ
ထိုဇူစကာပုဏ္ဏားဟူသောပုဒ်သည်အနာဒရဝန္တ။ဆောင်သွ
လေ၏ဟူသောပုဒ်ကား။လုယက်ပိုင်ဆိုင်သောကြောင့်၊ အ
ဒရဟူ၏။ ။ဤကျမ်း၏အလိုအားဖြင့်ကား အနာဒရကြိယ
ဝန္တဝါကျသည် နိဿိတ။ အနာဒရိယ ကြိယာဝန္တဝါကျသ
နိဿယမည်၏။
"မြတ်စွာဘုရားသည်ကြွတော်မူသည်ရှိသော်။အလုံးစုံသေ
သေးအန္တရာယ်တို့သည် လမ်းခရီးမှဘဲ ကြဉ်ကုန်၏,,ဟူသေ
လက္ခဏာဝါကျသည့်လည်း သမ္ဗန္ဓကဝါကျဖြစ်၏။ လက္ခဏာ
နက်၌ဖြစ်သောဝါကျသည်နောက်ထင်ရှားလတ္တံ့။
"အပိဇ္ဈာချုပ်ခြင်းကြောင့်သဗ္ဗါရချုပ်၏,,ဟူသော။ကာ
ဏအနက်၌ဖြစ်သောဝါကျလည်းသမ္ဗန္ဓကဝါကျပင်တည်း။
"ဗုဒ္ဓဘာသာဝင်ဖြစ်သောလူသည်။ ထမင်းကိုချက်ပြီး၍
နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ။ ဆိမ်မှထွက်လျက်။ လမ်း၌အလှူရ
သောရဟန်းအားဆွမ်းကိုမိမိ၏လက်ဖြင့်ကပ်လှူ၏,,။ ။ပု
သောပြယုဂ်၌ (၁) ဤလူသည်ဗုဒ္ဓဘာသာဝင်ဖြစ်၏။ (၂) ထ
လူသည်ထမင်းကိုချက်ပြီး၏။ (၃) ထိုလူသည်နိဗ္ဗာန်မဂ်ဖိုလ်
ကိုအလိုရှိ၏။ (၄) ထိုလူသည်ဆိမ်မှထွက်၏။ (၅) ဤရဟ

သည်လမ်း၌အလွှာရပ်၏။(၆) ထိုလူသည်ထိုရဟန်းအားဆွမ်း
ကို။လ။ကပ်လှူ၏။ ။ဟူ၍-သုဒ္ဓဝါကျ ၆-ခုတို့တွင် နိဿိတ
ါကျတို့၏ မှီအပ်သော နိဿယဝါကျတို့သည် အချင်းချင်း
ာ့ည်ဘောဒ် ယှဉ်ဘက်ဖြစ်ကြ၏။ ထိုကြောင့် ဤပြယုဂ်သည်။
သမ္ဗန္ဓကနှင့် သံယောဂကဝါကျတို့ ရောနှော ရကား။သံသဋ္ဌ
ါကျမည်၏။

ဝါကျအမျိုးမျိုးကိုပြပြီး၍ဝါကျ၌။သဒ္ဒဝါစ္စ၊သဒ္ဒဝါစကတို့
နှတဒ္ဓိကဝါစ္စ၊ တဒ္ဓိကဝါစကတို့၏အထူးကိုယခုအခါ ပြ
ပေအံ့။

ဤသံသဋ္ဌဝါကျပြယုဂ်၌လူဟူသောပုဒ်သည် ကတ္တုဝါစ္စ။
ာမင်းဟူသောပုဒ်၊ဆွမ်းဟူသောပုဒ်တို့သည်ကမ္မဝါစ္စ။ လက်
ဟူသော ပုဒ်သည် ကရဏဝါစ္စ။ ရဟန်း ဟူသော ပုဒ်သည်
သမ္ပဒါန်ဝါစ္စ။ နိဗ္ဗာန်မဂ်ဖိုလ်ဟူသောပုဒ်သည်လည်း တဒတ္ထ
သမ္ပဒါန်ဝါစ္စ။ အိမ်ဟူသောပုဒ်သည် အပါဒါန်ဝါစ္စ။ မိမိနှင့်
လက်ဟူသောသမ္ဗန္ဓ ဖြစ်နှစ်ခုတို့၏ ဇနက၊ဇညစသောအဖြစ်
ဖြင့်အချင်းချင်းငဲ့ခြင်းလက္ခဏာရှိသော အခြင်းအရာအထူးဟု
ဆိုအပ်သော အစပ်သည် သမ္ဗန္ဓဝါစ္စ။ လမ်းဟူသောပုဒ်သည်
အဓိကရဏဝါစ္စဟူ၍ရင်း။ကံအနက်ကို ဟောသော"ကို,,ဟူ
သောဝိဘတ်သည်ဒုတိယာဝါစက။ ကရိုဏ်းအနက်ကိုဟော
သော"ဖြင့်,,ဟူသောဝိဘတ်သည်တတိယာဝါစက။ သမ္ပဒါန်
အနက်ကိုဟောသော"အား,,၊"ငှာ,,ဟူသော ဝိဘတ်တို့သည်။
စတုတ္ထီဝါစက။အပါဒါန်အနက်ကိုဟောသော"မှ,,ဟူသော
ဝိဘတ်သည်ပဉ္စမီဝါစက။သမ္ဗန်ကိုဟောသော "၏,,ဟူသော
ဝိဘတ်သည်ဆဋ္ဌီဝါစက။ အဓိကရိုဏ်းအနက်ကိုဟောသော
"၌,,ဟူသောဝိဘတ်သည်သတ္တမီဝါစကဟူ၍ရင်း။သဒ္ဒါဆရာ
တို့ပြကြကုန်၏။

တဒ္ဓိကဆရာတို့၏အလိုအားဖြင့်ကား။ ဤသံသဋ္ဌဝါကျ
ပြယုဂ်၌ "ဗုဒ္ဓဘာသာဝင်ဖြစ်သောလူ,, ဟူသောအနေကပဒ

သည်။ကဏ္ဍုဝါဒ္ဓ။ "ထမင်းကို။လ။ ကပ်လှူ၏,,ဟူသော
ကပဒသည် ဝါစကမည်၏။ ။ငင်းသိသဒ္ဒဝါကျ၏အ
ဖြစ်သောသုဒ္ဓဝါကျခြောက်ချဉ်မှုကား။"ဤလူ,,၊"ထိုလူ,,"
ရဟန်း,,ဟူသောပုဒ်တို့သည် ကဏ္ဍုဝါဒ္ဓ။ ဗုဒ္ဓဘာသာဝ
၏။ထမင်းကိုချက်ပြီး၏။ နိဗ္ဗာန်မဂ်ဖိုလ်ကိုအလိုရှိ၏။ အိ
ထွက်၏။လမ်း၌အလှူရပ်၏။ ထိုရဟန်းအား။လ။ကပ်လှူ၏
သောပုဒ်တို့သည်။အသီးသီးဝါစကဖြစ်ကြကုန်၏။ ။ထမ
ကိုချက်ပြီးသောဗုဒ္ဓဘာသာဝင်လူသည်နိဗ္ဗာန်မဂ်ဖိုလ်အ
၍။လ။ကပ်လှူ၏ဟူ၍ဆိုလျှင်"ထမင်းကို။လ။လူသည်,,ဟူ
အနေကပဒသည်ကဏ္ဍုဝါဒ္ဓ။"နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ။လ။က
လှူ၏,,ဟူသောအနေကပဒသည်ဝါစကမည်၏။ ။ထမင်း
ချက်ပြီး၍ နိဗ္ဗာန်မဂ်ဖိုလ်ကို အလိုရှိသော ဗုဒ္ဓဘာသာဝင်
သည်အိမ်မှထွက်၍။လ။ကပ်လှူ၏ဟူ၍ဆိုမှုကား။"ထမင်း
လ။ လူသည်,,ဟူသော အနေကပဒသည်ကဏ္ဍုဝါဒ္ဓ။ "အိမ်
ထွက်၍။လ။ကပ်လှူ၏,,ဟူသောအနေကပဒသည်ဝါစကမ
၏။ ထမင်းကိုချက်ပြီး၍ နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ အိမ်မှထွ
သောဗုဒ္ဓဘာသာဝင်လူသည်လမ်း၌။လ။ကပ်လှူ၏ဟူ၍ဆိုဖြ
မှုကား။"ထမင်းကို။ လ။လူသည်,,ဟူသော အနေကပဒသ
ကဏ္ဍုဝါဒ္ဓ။"လမ်း၌။လ။ကပ်လှူ၏,,ဟူသောအနေကပဒသ
ဝါစကမည်၏။

ဤသို့နိသိတဝါကျတို့သည်။ဝိသေသနပုဒ်ဖြစ်၍တက္ကိ
ဝါဒ္ဓ။ တက္ကိကဝါစကဖြစ်နိုင်ပုံကို သတိပြု၍။ ငင်းတက္ကဝါ
ဝါစကတို့၏သဒ္ဒဝါဒ္ဓ၊ဝါစကတို့မှအထူးကိုမှတ်အပ်၏။

ထမင်းကိုချက်အပ်၏။ နိဗ္ဗာန်မဂ်ဖိုလ်ကို အလိုရှိအပ်၏
ဆွမ်းကိုလှူရာ၏။နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ အိမ်မှထွက်၍။လမ်း
၌။လ။ကပ်လှူ၏။ဟူသောပုဒ်အပေါင်းတို့သည် ကိရိယာကာ
ကနှင့်ပြီးပြည့်စုံ၍သဒ္ဒဝါကျစစ်ပင်ဖြစ်ကြသော်လည်း။ ကဏ္ဍု
ဝါဒ္ဓမပေ၊သေး၍တက္ကိကဝါကျမမည်သေး။

ထမင်းသည်လျှချက်အပ်သောအစာတည်း။နိဗ္ဗာန်မဂ်ဖိုလ်သည်လူအလိုရှိအပ်သောသုခချမ်းသာတည်း။ ဆွမ်းသည်လှူအပ်သောဝတ္ထုတည်း။ဆွမ်းသည်နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှါဒိမ်မှထွက်၍။လမ်း၌အလှူရပ်သောရဟန်းအား။မိမိလက်ဖြင့်ကပ်လှူအပ်သောဝတ္ထုတည်း။ဟူ၍ဆိုမှုကား။ သဒ္ဒါဆရာ၏ ကမ္မဝါစ္စတို့သည်။တက္ကိကဆရာ၏ကတ္တုဝါစ္စဖြစ်လာ၏။

လက်သည်၊လမ်း၌ အလှူရပ်သော ရဟန်းအား ဆွမ်းကိုကပ်လှူကြောင်းဖြစ်၏ဟူ၍ဆိုမှု။ ။သဒ္ဒါဆရာ၏ကရဏဝါစ္စသည်။တက္ကိကဆရာ၏ကတ္တုဝါစ္စဖြစ်လာ၏။

လမ်း၌ အလှူရပ်သောရဟန်းသည်။ ဆွမ်းကိုကပ်လှူအပ်သောပုဂ္ဂိုလ်တည်း။ဟူ၍ဆိုမှုသဒ္ဒါဆရာ၏သမ္ပဒါန်ဝါစ္စသည်တက္ကိကဆရာ၏ကတ္တုဝါစ္စဖြစ်လာ၏။

ဒိမ်သည်ဘဲရာအဆောက်အဦဖြစ်၏ဟုဆိုမှု သဒ္ဒါဆရာ၏အပါဒါန်ဝါစ္စသည်တက္ကိကဆရာ၏ကတ္တုဝါစ္စဖြစ်လာ၏။

မိမိသည်လက်အင်္ဂါ၏ ဥစ္စာရှင်တည်း။ လက်သည်မိမိ၏ဥစ္စာဖြစ်သော အင်္ဂါတည်း။ဟူ၍ဆိုမှု။ သဒ္ဒါဆရာ၏ သမ္ဗန်ဝါစ္စသည်တက္ကိကဆရာ၏ကတ္တုဝါစ္စဖြစ်လာ၏။

လမ်းသည်ရဟန်းအလှူရပ်ရာအရပ်တည်း။ လမ်းသည်အလှူရပ်သောရဟန်းအားဆွမ်းကို။လ။ကပ်လှူအပ်သော အရပ်ဖြစ်၏။ဟူ၍ဆိုမှုကားသဒ္ဒါဆရာ၏အဓိကရဏဝါစ္စသည်တက္ကိကဆရာ၏ကတ္တုဝါစ္စပင်ဖြစ်လာ၏။ ။

ဤသို့သဒ္ဒဝါစ္စအမျိုးမျိုးတို့သည်တက္ကိကဝါစ္စတမျိုးတည်းဖြစ်လာပုံကိုလည်းမှတ်ရာ၏။ ။

သဒ္ဒဝါစ္စ၊ဝါစကတို့မှ။တက္ကဝါစ္စ၊ ဝါစကတို့၏ အထူးကိုဖြပြီး၍ယခုအခါသဒ္ဒဝါကျမှပဋိညာ၏အထူးကိုပြပေအံ့။

တက္ကဝါကျဟူသည်ကားအကြောင်အကြောင်သိုအပ်၊ တောင့်တအပ်သောအနက်ကိုဟောသောသုဒ္ဓဝါကျကို ဆိုလိုသည်။ လိုအပ်၊ တောင့်တအပ်သော အနက် ဟူသည်လည်း ဝဒ္ဓ

ပုဂ္ဂိုလ်သည်လိုအပ်၊တောင့်တ အပ်သောအနက်တည်း။ ဝန္
ပုဂ္ဂိုလ်၏စိတ်၌အာရုံနှစ်ခုကိုနှိုင်းရှည့်၍ ဆုံးဖြတ်ချက် တရ
ကိုထုတ်ဘော်မြွက်ဟ၍ ပြောဆိုလိုသောအခါ။ မိမိ၏လိုအ
သောအနက်ဖြစ်၏။ထိုကြောင့်ဝဒန္တုပုဂ္ဂိုလ်၏အဆုံးအဖြတ်ကို
မှတ်သောစကားတရပ်သည်။သဒ္ဒသာရတ္ထဇာလိနီ၌ယထိစ္ဆိ
တတ္ထော၊ဗျဉ္ဇကော။ဟူသောပါဠိနှင့်အညီ။ဗျဉ္ဇကမည်၏။
ဓွဓပြည်မင်းကြီးလည်း သုဗောဓာလင်္ကာရနိသျကျမ်းသစ်၌
ဗျဉ္ဇကကိုအနည်းငယ်ပြဆိုလေ၏။ဤကားအမှာ။ ။ဤဗျဉ္ဇကကို
သုဏန္တပုဂ္ဂိုလ်က ခံဝန်အပ်သောကြောင့် ပဋိညာတဖွဲ့အနက်
ကိုစွဲ၍ရှေးတက်ကျမ်းဆရာတို့သည် ပဋိညာဟူ၍ခေါ်ကြလေ
၏။ တက္ကဝါကျကို ဝဒန္တုပုဂ္ဂိုလ်ကိုစွဲလျှင် ဗျဉ္ဇက။ သုဏန္တ
ပုဂ္ဂိုလ်ကိုစွဲလျှင်ပဋိညာဟူ၍မှတ်။

ပဋိညာတိုင်းသဒ္ဒဝါကျဖြစ်၏။သို့ရာတွင်။သဒ္ဒဝါကျတိုင်း
ပဋိညာမဖြစ်။ ။"လူသွား၏,,ဟူသောပုဒ်အပေါင်းသည်သဒ္ဒါ
ကျမ်းတချဉ်ပြယုဂ်အဖြစ်ဖြင့်ထုတ်သောအခါသဒ္ဒဝါကျ။ဝဒန္တု
ပုဂ္ဂိုလ်ဆိုလိုသောအခါမှဗျဉ္ဇကဖြစ်၏။အကလေးသည်စကား
သင်စ၌ လူကြီးစကားကိုလိုက်၍ "လူသွား၏,,ဟူ၍ ဆိုသော
အခါအကလေး၌ဝတ္တုကာမတာဟုဆိုအပ်သောပြောဆို လိုသောသ
ဘောဆန္ဒအလျောက်ပြောဆိုသောစကားမဟုတ်ရကား။ ကိ
ရိယာကာရကနှင့် ပြည့်စုံ၍ သဒ္ဒဝါကျပင် ဖြစ်သော် လည်း
ဗျဉ္ဇကမဟုတ်။ ဗျဉ္ဇကမဟုတ်ကလည်းပဋိညာမမည်။ ။မိုး
သည် ဧး၏ဟူသောပြယုဂ်၌ ကိရိယာ ကာရကနှင့် ပြည့်စုံ၍
သဒ္ဒဝါကျဖြစ်၏။ ။ဤသို့ညာယဝိရောဓိဒေါသ၊ လောကဝိ
ရောဓိဒေါသ သင့်သောစကားကို မည်သူ တစုံတယောက်မျှ
ထွက်ဖြူ၍မပြောမဆိုသင့်ရကားလတ်လုံး ဗျဉ္ဇကမဟုတ်။သို့
ရာတွင်စိတ်စက်နောက်၍ဖြစ်စေ။ သူတပါးကို နားလှည့်လို၍
ဖြစ်စေ၊ ပရမတ်ဆတ်ဆတ်သဘောကိုယူ၍ ဖြစ်စေ။ "ရေခဲ
သည်မိုးတည်း,,။ ဟူ၍ဝဒန္တုပုဂ္ဂိုလ်ကတကယ်အဟုတ် ပြော

ဆိုလို၍ပြောပြားအံ့။ ထိုခဏ၌ ဗျဥ္ဆကထိုက်၏။ ထိုကြောင့် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ။ အဟုတ်အဟတ်ပြောဆို လိုသောအဆုံးအဖြတ် စကားတရပ်ကိုဗျဥ္ဆကဟူ၍ ခေါ်အပ် ၏။

မှားသော်လည်း စကားပြောဆို ပြင်းရုံသည့် အခိုက်အ တန့်၌ ထိုစကားကို သုထဏ္ဍပုဂ္ဂိုလ်က မဖျက်မီ ခံဝန်အပ် သောကြောင့်ဗျဥ္ဆကတိုင်းပဋိညာဖြစ်၏ဟူ၍မှတ်အပ်၏။

ကတ္တုဝါစ္စမပါသောသဒ္ဒဝါကျ ဟူသမျှသည်တက္ကဝါကျ မဟုတ် ကြောင်းကို အထက်၌ ပြအပ်ပြီ။ ။သွားသော ကြောင့်ရ၏။ မကောင်းမှုမှရှက်၏။ကျောင်း၌နေ၏။ ဟူသော ပြယုဂ်တို့၌ကရဏဝါစ္စ၊ အပါဒါန်ဝါစ္စ၊ အဓိကရဏဝါစ္စတို့ သည်တက္ကိကဆရာ၏ အလိုအားဖြင့် ဝါစကပုဒ်တို့၏ အစိတ် မျှသာဖြစ်၍။နိုင်းရှည့်အပ်သောပုဒ်နှစ်ပုဒ်အနက် ကတ္တုဝါစ္စမ ပါသေးရကား အဆုံးအဖြတ် စကား တရပ် မဟုတ် သော ကြောင့်တက္ကဝါကျမမည်ဟူလို။ ။သို့ရာတွင်“သွားသော သူသည်ရ၏,,ဟူ၍ကရဏ ဝါစ္စကို ကတ္တုဝါစ္စ အဖြစ် ဖြင့် ပြောင်းလဲ၍ဆိုမူကားတက္ကဝါကျဖြစ်ကြောင်းကိုပြခဲ့ပြီ။

“သင်သွားပါ,,။“သင်လာခဲ့ပါ,,။ဟူသောပြယုဂ်တို့၌ကတ္တု ကာရကပါငြားသော်လည်း အာဏတ္တိကဝါကျဖြစ်၍ ဗျဥ္ဆက မဟုတ်။အဘယ်ကြောင့်ဆိုသော် အမိန့်အာဏာကို ပေးရာ၌ အာရုံတို့ကိုမဆုံးဖြတ်သောကြောင့်တည်း။ ထိုအတူ၊“အမှုကို ပြုလော့,,။ ဟူသောစေခိုင်းခြင်း အာဏတ္တိ အနက်။“အရှင် ဘုရားတရားကို ဟောတော်မူပါ,,ဟူသောအရိုအသေတိုက် တွန်းခြင်းအဇ္ဈေသနအနက်။“ကုသိုလ်ကောင်းမှုကိုပြုကြကုန်,, ဟူသောပြဋ္ဌွန်းသွန်သင်ခြင်းဝိဓိအနက်။“အိုချစ်သား လာခဲ့,, ဟူသော်ခေါ်ငင်ခြင်းအာမန္တနအနက်။“တရားတော်နာကြွတော် မူကြပါ,,ဟူသောပင့်ဘိတ်ခြင်းနိမန္တနအနက်။“သေပါစေ,,ဟူ သောကျိန်ဆဲခြင်းသပထအနက်။“ထမင်းကျွန်၊ ဟင်းကျန်ပေး

ပါ,,ဟူသောတောင်းယမ်းခြင်းယာစနအနက်။ “စိတ်မဆိုး
လင့်,,၊“သည်းခံပါလော့,,“ကယ်ပါ,,စသောတောင်းပန်ခြ
အာယာစနအနက်။“ရှေ့င်းလိုမူလည်း ရှောင်းတော့,,ဟူသေ
ခွင့်ပြုခြင်းအနုမတိအနက်တို့သည်အဆုံးအဖြတ်မဟုတ်။“
သည်သုတ်အဘိဓမ္မာကိုသင်ကြားရမည်လော။ဝိနည်းကိုသ
ကြားရမည်လော,,။ဟူသောစုံစမ်းခြင်း ဝိမံသနအနက်သ
လည်းအဆုံးအဖြတ်မဟုတ်။

“သဗ္ဗေသတ္တာအဝေရာဟောန္တု,,–“ခပ်သိမ်းသောသတ္တ
တို့သည်ရန်မရှိကြသည်ဖြစ် ကြပါစေကုန်သောဝ်,, ဟူသေ
မေတ္တာပို့အာသိဋ္ဌဝါကျ။“အပါယ်လေးပါး၊ ကပ်သုံးပါး၊ 
ဖြစ်ရှစ်ပါး၊ရန်သူမျိုးငါးပါး၊ဘေးရှစ်ပါး၊ဒုက္ခဆယ်ပါး၊အ
မျိုးကိုးဆယ်ရှစ်ပါးတို့မှကင်းလွတ်၍ နိဗ္ဗာန်ချမ်းသာဖြတ်
ရပါလို၏,,ဟူသော ဆုတောင်းပတ္ထိတဝါကျတို့သည် လည်
ဗျာဒိကာ။တနည်း၊ပဋိညာမဟုတ်ကြ၊ ဆုတောင်းခြင်း။ တေ
တခြင်း အာသိသအနက်သည်လည်း အဆုံးအဖြတ် မဟု
သောကြောင့်တည်း။“သင်လာ၏,,။ “သင်သွား၏,, ဟူသေ
စကားရပ်တို့ကားအဆုံးအဖြတ်ဖြစ်ကြပေသည်။

“သင်သွားသလား,,။“ဤသူအဘယ်အရပ်ကလာသနည်း
စသောပြယုဂ်တို့သည်၊ ပုစ္ဆာဗ္ဗကဝါကျဖြစ်ရကား ပဋိညာ
ဖြစ်နိုင်။မသိလျှင်မေး၊ မစင်လျှင်ဆေး။ဟူသောစကားပုံအ
မေးရာ၌ ပုစ္ဆန္တပုဂ္ဂိုလ်သည် အဖြေကို မသိသေး။ အာရုံ
ကားအဘယ်မှာ ဆုံးဖြတ်နိုင်အံ့နည်း။ ။သိရင်း အဖြေ
ပြောဆိုလို၍မေးသော ကထေတုက မျတာပုစ္ဆာ ဆရာလည်
မိမိအဖြေကိုထုတ်ဘော်၍မပြောမချင်းဗျာဒိကာကိုမဆိုသေး။

“ငါ့တူမဟုတ်။ အဘယ်သူဆိုသတုံး,,။ ဟူသောတော
ဘီလူးအကျော် ဆရာတော်ဘုရားပြောဆိုသော စကားကြ
သည်လည်းဗျာဒိကာမဟုတ်။ „။ငါ့တူဟုတ်၏ဟူ၍ငါမဆို။ငါ့တူ
မဟုတ်ဟူ၍ငါမငြင်းပယ်ဟူ၍ဆိုမှုကားဗျာဒိကာနှစ်ခုကိုရ၏

“ဩော်မြတ်စွာဘုရားသည်အံ့ဩဘွယ်ကောင်းလေစွ။အံ့
ဩဘွယ် ကောင်းလေစွ,,။ “ဤအရာကား အံ့ဘွယ်သရဲ တ
ကား,,ဟူသော အာမေဍိတ ဝါကျတို့သည်လည်း ဗျုဋ္ဌကမ
ဟုတ်။ချီးမွမ်းအံ့ဩထောမနာပြုသည် အခါ၌၎င်း။ အံ့ အာသင့်
သည်အခါ၌၎င်း။အာရုံကိုမဆုံးဖြတ်နိုင်သောကြောင့်တည်း။

ထိုအတူ၊ ရွှင်လန်းဝမ်းမြောက်သော အခါ၌၎င်း။ထိတ်လန့်
ကြောက်ရွံ့သောအခါ၌၎င်း။ ပြောဆိုသော စကား တို့သည်
ဗျုဋ္ဌကမဟုတ်။လန့်ဖြတ်၍“မြွေထွက်ပြေးပြီ။မြွေထွက်ပြေးပြီ,,
ဟူ၍ဟစ်အော်မိ၊ ဟစ်အော်သောသူ၏ စိတ်၌အတိမှာအာရုံ
ကိုဆုံးဖြတ်နိုင်အံ့နည်း။ ။ဘယေ၊ ကြောက်သော အရာ၌
၎င်း။ကောဓေ၊အမျက်ထွက်သောအရာ၌၎င်း။ပသံသာယံ။ ချီး
မွမ်းသောအရာ၌၎င်း။ တုရိတေ၊အဆောတလျင် ဖြစ်သောအ
ရာ၌၎င်း။ကောတုဟလေ၊အုတ်ဩော်ကြော်ငြာ ဖြစ်သောအရာ
၌၎င်း။အစ္ဆရေ၊အံ့ဘွယ်သရဲမဖြစ်ဘူးမြဲဖြစ်သော အရာ၌၎င်း။
ဟာသေ၊ရွှင်သောအရာ၌၎င်း။သောကေ၊စိုးရိမ်သော အရာ၌
၎င်း။ပသာဒေ၊ကြည်ညိုသောအရာ၌၎င်း။ဗုဓော၊ပညာရှိသည်။
အာမေဍိတံ၊ အာမေဍိတ်ကို။ကရေ၊ပြုရာ၏။ ဟုအဘိဓာန်၌ဆို
၏။

သဒ္ဒဝါကျ၌ကိရိယာကာရကသမ္ဗန်သည် ယေဘုယျအား
ဖြင့်ဝါစကပုဒ်၌ကွယ်ဖျက်လျက် ပါလေ့ရှိသောကြောင့်၎င်း
သမ္ဗန်ကို မမြင် ကောင်း ဟူ၍ သဒ္ဒါဆရာတို့ ဆိုကြ၏။ ။
စတုတ္ထကဏ္ဍ၌ ပြဆိုအပ်ပြီးသည့်အတိုင်း သတ္တိရုပ်ကို ဗျတ္တိ
ရုပ်ပေါ်အောင် ဒုပ်သော သမ္ဗန်ကို တက္ကိကဆရာ တို့သည်
ပဋိညာ၌ဖော်လေ့ရှိသည်ကိုလည်းသတိထားရာ၏။

သမာသ်ဝါကျ။ တဒ္ဓိတ်ဝါကျ။ ကိတ်ဝါကျတို့ကိုအနည်း
ငယ်မပြလျှင်ဤဝါကျပဋိညာအထူးကိုပြသော အခဏ်းသည်
ပြည့်စုံမည်မဟုတ်။

ဝိဂြိုဟ်ပြုရာ၌ ပုဒ်မပြီးမီဝါကျ အခိုက် အတန့်ဟူ၍ သဒ္ဒါ

ဆရာတို့ပြောဆိုလေ့ရှိကြ၏။ဥပမာ။စက္ခုသောတံ။ မျက်စိ
ဟူသောဒွန်သမာသ်၏ ဝါကျအခိုက် အတန့်ကား။ စက္ခု
မျက်စိရင်း။သောတဥ္စ။နားရင်း။ ဟူသောပုဒ် အပေါင်းတည်း
ဤသမာသ်ဝါကျ၌ကိရိယာမပါ၍ဝါကျစစ် မဟုတ်။ပဒိုဉ
ကားအတိမှာဖြစ်နိုင်အံ့နည်း။

ဂန္ဓိကောဟူသောတဒ္ဓိတ်ပုဒ်၏ဝါကျ အခိုက်အတန့်ကား
အဿ။ထိုသူ၏။ဘဏ္ဍံ။ ဥစ္စာကား။ ဂန္ဓော။နံ့သာတည်း။
သောပုဒ်အပေါင်းတည်း။ဤတဒ္ဓိတ်ဝါကျကားဝါစ္စဝါစက
ပြည့်စုံ၍ပဒိုညာဖြစ်ထိုက်၏။ သို့ရာတွင်ဘာဝတဒ္ဓိတ် စသ
၌ဝါစ္စပုဒ်ကိုမြှုပ်လျက်ဝါကျကိုပြကြ၏။ ။ဥပမာ။ဝိဓေ
ယ။ရခိုးမ၏။ ဘာဝေါ၊အဖြစ်တည်း။ ဝေဓဗ္ဗံ၊ ရခိုးမ၏
ဖြစ်။ ။ဤဝိဂ္ဂြိုဟ်ဝါကျ၌ “ဤအဖြစ်သည်,,ဟူသော ဝါစ္စ
ကိုမြှုပ်၍ဆို၏။ ။ကိတ်ဝါကျ၌လည်းဝါစ္စပုဒ်ကိုမြှုပ်လေ့
ကြ၏။ ။ဥပမာ။ဗုဇ္ဈတိ။သိတတ်၏။ဉာတိတဗ္ဗာ။ထိုကြောင့်
ဗုဒ္ဓေါ။ဘုရား။ ။ဤဝါကျ၌။“ဤပုဂ္ဂိုလ်သည်,,ဟူသောဝါ
ပုဒ် သည် ငုပ်၏။ ။အကြင်ပုဂ္ဂိုလ်သည် သိတတ်၏ ထို
ပုဂ္ဂိုလ်သည် ဘုရားတည်း။ဟူ၍ဆိုသော်ကား။ ပဒိုညာ နှစ်
ဖြစ်၏။

---

## လေ့ကျက်ရန်။

(က) အောက်ပါ သဒ္ဒဝါကျတို့ကို ပဒိုညာဖြစ်အော
လျော်သောဝါစ္စပုဒ်တို့ကိုဖြည့်စွက်လေ။

(၁) အသက်ရှည်သရွေ့ကာလပတ်လုံးပျို၍နေနိုင်၏။
(၂) ထိုခဏာ၌ပင်လျှင်သွား၏။
(၃) ရွာ၌အုပ်စိုး၍နေ၏။

(၄) ရာဇဂြိုဟ်ပြည်၏အကြား၌၎င်း။နာဠန္ဒမြို့၏အကြား၌၎င်း။အခွန့်ခရီးကိုသွား၏။
(၅) အခိုးကြောင့်မီးကိုသိ၏။
(၆) အတ္တမှာသိတ်၏။
(၇) ကျောင်းကိုဆောက်လုပ်ပြီးစီး၏။
(၈) မင်းအားပြစ်မှား၏။
(၉) ဘုရားအားပန်းကိုကပ်လှူ၏။
(၁၀) အစိုးရအရာရှိအားတိုင်ကြား၏။
(၁၁) ရဟန်းတို့အားအပ်၏။
(၁၂) ဥစ္စာအလို့ငှာသွား၏။
(၁၃) ဧည့်သည်တို့ထမင်းချက်၏။
(၁၄) နိဗ္ဗာန်သို့ဝင်ကြ၏။
(၁၅) နိဗ္ဗာန်မှဝေးကြ၏။
(၁၆) ဘုရားမှ ကိုယ်စားပြု၍ အဘိဓမ္မာတရားတော်ကိုဟော၏။
(၁၇) မဟုတ်မမှန်ပြောဆိုခြင်းမှကြဉ်ရှောင်ပါ၏။
(၁၈) မကောင်းမှုမှထိတ်ထန့်၏။

မှတ်ရန်။(၁)နံပါတ်၌ဇော်ဂျီ၊တပဿီ၊ဝိဇ္ဇာခရိဂ်ရ်စသောပုဒ်တပါးပါးကို ထည့်လျှင် သင့်လျော်၏။ (၃) နံပါတ်မှာ ရွာသူကြီး။(၄)နံပါတ်မှာပညာရှိ။ (၁၄)နံပါတ်မှာအာသဝေါ ကုန်ပြီးသော ရဟန္တာစသည်တို့ သင့်လျော်၏။ ဤကား နည်းပြမျှသာ။ ။

(ခ)အထက်အဆိုပါသဒ္ဒဝါကျတို့၌သဒ္ဒဝါစ္စကိုတက္ကဝါစ္စဖြစ်အောင်ပြောင်းလဲ၍ဆိုလေ။ ။ဥပမာ။(၂)နံပါတ်၌ကတ္တုဝါစ္စကိုဘော်လျှင်"ထိုခဏသည်ပင်လျှင်သွားရာအချိန်တည်း,,။ဟူ၍ရ၏။ (၃)နံပါတ်ကိုပြောင်းလဲလျှင်"ရွာသည်အုပ်စိုး၍နေရာဌာနဖြစ်၏,,ဟူ၍ရ၏။(၅)နံပါတ်ကို။ "အခိုးသည်မီးကိုသိ

စေတတ်၏,,။ တနည်း။ "မိုးသည် အခိုးကြောင့် သိအပ်သေ
ဝတ္ထုဖြစ်၏,,။ဟူ၍နှစ်မျိုးရ၏။ဤလည်းနည်းပြဖွယ်သာ။ ။

(ဂ)ဧင်းပဋိညာဉ်တို့၌ သမ္ဘန်ဒုပ်လျှင်ဘော်လော။ ။ဥပမာ
"ထိုခဏသည်ပင်လျှင် သွားရာအချိန်ဖြစ်၏,,။ (၁၃)နံပါတ်
ဘော်လျှင်"အိမ်ရှင်သည်၊ဧည့်သည်တို့ ထမင်းချက်သော
ဖြစ်၏,,။ဟူ၍ရ၏။ ။

(ဃ)အောက်ပါ သံသန္ဓဝါကျ၌ ပဋိညာဉ်အသီးသီးတို့ကို
ထုတ်လော။

ဩဃယောဂ၊ နိဝရဏကင်းရာ။ မဟာအသင်္ခတဓာတ်
နိဗ္ဗာန်မြတ်ကို၊ ဆွတ်ဆွတ်ခင်ဘိ၊အလိုရှိသား၊ တရားအစစ်
အနှစ်ကိုသာ။ သတ္တဝါအား။ ဟောကြားပေတတ်။ ရှုနိုင်
ထား။ မြတ်ဘုရားသည်။ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်ထ
လှောက်။မြောက်တော်မူသောဝါ၌။ရသေ့မျိုးယောင်။ တော
ဈာသိဂိ။ အစရှိသည်။ တောင်တိရံပိတ်။ ဂိရိဗ္ဗဇ။ရပ်ဌာန၌။ မြ
ရောင် ဆောင်းဆောင်း။ ဥဒေါင်းမြီးဟန်။ ဝါးတော ရံသား
ဗိမာန်သာလွန်။ ဝေဠုဝန်ကျောင်းတော်၌။ ဤရိယာလေးဆယ်
မျှတင့် မွေ့လျော်။ စမ္ပာယ်တော်မူပြီး၍။ အကာစင်စစ်။ အနှ
မဟု။ အယူတိမ်းလည်း။ သိဥ္စည်းသူမိုက်။ ပရိဗိုဇ်ဟူသော
ကြောင်းကြောင့်။ အသာရေ သာရမတိ။ အစရှိသည်။ နှစ်ဂါ
ထင်ရှား။မြတ်တရားကို။ပတ်ရံလူနတ်။ ပရိသတ်အများ။ သူ
အားကို။ ဗြဟ္မာကြူးထိတ်။ ကရဝိက် အလား။ သံရှစ်ပါးဖြင့်
ဟောကြားတော်မူလေပြီ။ ။

## ဒသမကဏ္ဍ။

## ပဋိညာအပြားကိုပြရာပြကြောင်းဖြစ်သော ပဋိညာဘေဒခဏ်း။

နဝမကဏ္ဍ၌ဝါကျနှင့်ပဋိညာ၏အထူးကိုပြပြီး၍ယခုအခါ ထိုပဋိညာတို့၏အပြားကိုပြပေအံ့။

စကားကို အမှား၊အမှန်ဟူ၍ ခွဲရာ၌။ပုဒ်တခုတည်းဖြင့် မပြောမဆိုနိုင်။ ပုဒ်ကိုအမှား၊အမှန်ဟူ၍ မခွဲအပ်ဟူလို။ ။ပုဒ်ဖြင့် ဝတ္ထု၊ဒြဗ်၊အာရုံကိုသာသိနိုင်၏။ ။ဥပမာ။နေ၊လ၊အိမ်စသောပုဒ်တို့ဖြင့်အာရုံတခုခု၊ဒြဗ်တခုခုကိုသာသိစွမ်းနိုင်၏။ ။နေသည်မှား၏၊ အိမ်သည်မှန်၏။ ဟူ၍ကား မပြောမဆိုနိုင်။ ပြောဆိုသော်လည်း။ အဓိပ္ပါယ်မရှိ၊ ပုဒ်တပုဒ်ကိုတပါးသောပုဒ်ဖြင့်ဟောမှ။၎င်းဟောအပ်သော်အနက်မှန်၊မမှန်ကိုစိစစ်ရာ၏။မှား၊မမှားကိုသိကောင်း၏။နေဟူသောပုဒ်ကိုပူ၏ဟူသောပုဒ်ဖြင့်ဟောလျှင်။"နေသည်ပူ၏,,။ဟူသောပဋိညာကိုရ၏။၎င်းပဋိညာ၏အနက်မှန်၊မမှန်ကိုစိစစ်၍သိနိုင်ပြီ။နေဟူသော်ပုဒ်ကိုအေး၏ ဟူသောပုဒ်ဖြင့် ဟောမူကား။"နေသည်အေး၏,,ဟူသော စကားသည်အနက်မမှန်ကြောင်းကိုပြောဆိုနိုင်၏။ ထို့အတူ။ "လေသည်စင်ကြယ်၏,,။"အိမ်သည်ခိုင်မာ၏,,စသော အဆုံးအဖြတ်တို့ကိုသာအမှား၊အမှန်ခွဲအပ်၏ဟူလို။ ။

အာရုံနှစ်ခုကိုနှိုင်းရှည့်အပ်သောကြောင့် ပဋိညာ၌ပုဒ်နှစ်ခုကိုဗျည်းနသမ္ဗန်ဖြင့်စပ်၏ဟူ၍အထက်၌ဆိုခဲ့ပြီ။ ။"ယောက်ျားသွား၏,,ဟူရာ၌ ယောက်ျားဒြဗ်၌တည်သော ကတ္တုသတ္တိကိုသွား၏ ဟူသော ကိရိယာဝါစကဟော၏။ ကိရိယာ ဝါစကဟောသည်ဟူသည်ကားတရားဟော့သည်။ဗေဒင်ဟောသည်။

သဒ္ဒါပုဒ်သည်မိမိ၏အနက်ကိုဟောသည်နှင့်မတူ။ သွား၏ဟူသောပုဒ်ကိုကြားမှ၊ ယောက်ျားဖြစ်၍တည်သော ကတ္တုသတ္တိကိုသိစေသည်ကိုပင် ကိရိယာဝါစကဟောသည်ဟူ၏။ ။ဟောအပ်သောပုဒ်ကိုအဘိဓေယျပုဒ်။ဟောတတ်သောပုဒ်ကိုအဘိဓာနပုဒ်ဟူ၍ ခွဲခြားမှတ်အပ်၏။ အဘိဓေယျပုဒ်ကိုဝါစ္စ၊ အဘိဓာနပုဒ်ကိုဝါစကဟူ၍ဤကျမ်း၌အသုံးပြုအပ်ပြီ။

ယခုအခါပဋိညာအပြားကိုဆိုပေအံ့။

ပဋိညာကိုရုဇျပဋိညာ၊ လက္ခဏာပဋိညာဟူ၍ ဝေဘန်အပ်၏။

ရုဇျပဋိညာ ဟူသည်ကား။ ဝါစကပုဒ်သည် ဝါစ္စပုဒ်ကိုတိုက်ရိုက်ဟောသောပဋိညာတည်း။ ။ဥပမာ။"ရွှေသည်ဝါ၏။„ရွှေသည်ဝါသောသေတ္တုဖြစ်၏ဟူလို။ ဤပြယုဂ်၌ရွှေဖြစ်နှင့်ဝါသောသေတ္တုဖြစ်တူခြင်းကိုနှိုင်းရှည့်၍ပြ၏။

လက္ခဏာပဋိညာဟူသည်ကား။ ဝါစကပုဒ်သည် ဝါစ္စပုဒ်ကို မှတ် ကြောင်း လက္ခဏာ အားဖြင့် ဟောသော ပဋိညာတည်း။ ။ဥပမာ။"နေသည်တက်သည်ရှိသော်။ပဒုမာကြာပန်းတို့သည်ပွင့်ကုန်၏„။ ။ဤပြယုဂ်၌နေတက်ခြင်းသည်ပဒုမာကြာပန်းတို့၏ပွင့်ခြင်းကိုမှတ်ကြောင်းလက္ခဏာအင်္ဂါတည်း။ ။၎င်းမှတ်ကြောင်းလက္ခဏာအားဖြင့်သော"ပွင့်ကုန်၏„ဟူသော ဝါစကပုဒ်သည် "ပဒုမာကြာပန်းတို့„ ဟူသော ဝါစ္စပုဒ်ကိုဟော၏။ ဤမှတ်ကြောင်း လက္ခဏာအင်္ဂါနှင့်မညီညွတ်။မပြည့်ဝုံလျှင်ကြာတို့မပွင့်ကုန်ဟူလို။ ။မှတ်ကြောင်းနေတက်ခြင်းကိရိယာကိုလက္ခဏာ၊ ၎င်းကိရိယာ၏ကံကတ္တားကိုလက္ခဏာဝန္တ။မှတ်အပ်သောပွင့်ခြင်းကိရိယာကိုလက္ခ၊ ၎င်းကိရိယာ၏ကံကတ္တားကိုလက္ခ၊ဝန္တဟူ၍သဒ္ဒါသရာတို့ခွဲ၍ဆိုကြကုန်၏။ ။လက္ခဏာပဋိညာသည်လည်း လက္ခဏိကပ

ဋိညာ။ ပိကပ္ပပဋိညာဟူ၍ပြားပြန်သေး၏။ ၎င်းလက္ခဏာကား။ ပိကပ္ပပဋိညာတို့ကို ကေဝီသတိမကဏ္ဍ ဖွင့်ပြသတ္တံ့။

ရချပဋိညာကိုဂုဏ်အားဖြင့်ဝေဘန်သော်ဥတ္တ၊ အနုတ္တဟူ၍ပြား၏။ ဤ၌''ဂုဏ်,,ဟူသည်ကား ဝါစကသည်ဝါစ္စကိုဟောသောဥတ္တဂုဏ်။ မဟောသော အနုတ္တဂုဏ်ဟု ဆိုအပ်သောတဒ္ဓိကဂုဏ်တည်း။ ။သင်္ချာအားဖြင့်ဝေဘန်သော်ကား။ သဗ္ဗဗျာပီ၊ အသဗ္ဗဗျာပီဟူ၍ပြားပြန်၏။ ဤ၌''သင်္ချာ,,ဟူသည်ကား ဝါစ္စနှံ့၊ မနှံ့သည်ကိုပြသောတဒ္ဓိကသင်္ချာတည်း။

ဥတ္တ ပဋိညာ ဟူသည်ကား။ ဝါစကသည်ဝါစ္စကို ဟောသောပဋိညာတည်း။ ။ဤပဋိညာမျိုး၌ဝါစ္စ၊ ဝါစကနှစ်ပုဒ်၏ဒြဗ်အနက်တူခြင်းကိုဟော၏။ ဥပမာ။ ''ရွှေသည်ဝါ၏,,ဟူရာ၌ရွှေဒြဗ်နှင့်ဝါသောဝဏ္ဏဒြဗ်တူခြင်းကိုဟော၏။ တနည်း။ ဂုဏဝါစကဖြစ်၍။ ဝါစကပုဒ်ဟောအပ်သောဂုဏ်သည်။ ဝါစ္စပုဒ်ဟောအပ်သောဒြဗ်၏ ဥစ္စာဖြစ်သည်ကို ဥတ္တပဋိညာဟော၏။ ။ဥပမာ။ ယခင်ပြယုဂ်၌ဝါသော ဂုဏ်သည်ရွှေဒြဗ်၏ ဥစ္စာဖြစ်ကြောင်းကိုဟော၏။ ။ဝါသောဝဏ္ဏဒြဗ်၏ထင်ရှားဖြစ်ခြင်းသတ္တာသဘောနှင့် ဝါသောဂုဏ်သည် ရွှေဒြဗ်၌လည်းရှိ၏ဟုအဓိပ္ပါယ် ရသောကြောင့်ရွှေဒြဗ်နှင့် ဝါသော ဝဏ္ဏဒြဗ်နှစ်ခုသည်။ ထိုသတ္တာသဘောနှင့် ဝါသောဂုဏ်၌၊ တူကြ၏ဟူလို။

အနုတ္တပဋိညာဟူသည်ကား။ ဝါစကသည်ဝါစ္စကိုမဟောသောပဋိညာတည်း။ ။ဤ၌''မဟော,,ဟူသည်ကား ငြင်းပယ်သည်ကိုဆိုလိုသည်။ အဘယ်ကဲ့သို့ငြင်းပယ် သနည်းဟူမူ။ ''ရွှေသည်မပျော်လွယ်,,ဟူရာ၌ ပျော်လွယ်ခြင်းဂုဏ် သည်ရွှေဒြဗ်၌ရှိသည်ကိုငြင်းပယ်၏။ ရွှေဒြဗ်၌ပျော်လွယ်ခြင်း ဂုဏ်ကင်းသည်။ မရှိသည်ကိုဟောသောကြောင့်၎င်း။ ပျော်လွယ်ခြင်းဂုဏ်သည်ရွှေဒြဗ်၏ဥစ္စာမဟုတ်ဟူ၍ ဟောသောကြောင့်၎င်း။ ရွှေဒြဗ်နှင့်ပျော်လွယ်သော ဝဏ္ဏဒြဗ်နှစ်ခု မတူသည်ကိုဟောသောကြောင့်၎င်း။ ''မပျော်လွယ်,,ဟူသောဝါစကပုဒ်သည်

"ဧ္ဆ,,ဟူသော ဝါစ္စပုဒ်ကို ဟောသည်မဟုတ်ပါလော။ ဟေး
လျှင်ဉဟ္ထာပဒိုညာဟူ၍မခေါ်ထိုက်ပါလောဟူငြားအံ့။ သဒ္ဒါ
ရာတို့၏ အလိုအားဖြင့်ခေါ်ထိုက်၏။ တက္ကိကဆရာတို့၏အလ
အားဖြင့်မခေါ်ထိုက်။ အဘယ်ကြောင့်ဆိုသော်။ပဒိုသေဝ-မ
သဒ္ဒါသည်ဝါစကပုဒ်၏ အစိတ်မဟုတ်။ ဗျုပ္ပန္နသမ္ဗန်၏အစိ
ဖြစ်သောကြောင့်တည်း။ ထိုကြောင့်ပျော်လွယ်ခြင်း ဟူသေ
ဝါစကပုဒ်သည်ဧ္ဆဟူသောဝါစ္စပုဒ်ကိုမဟောဟူလို။ ။ဥ
သည်၊သာဓေယျဟူ၍ဂုဏ်း။အနွယိဟူ၍ဂုဏ်း။ဝိဓိဟူ၍ဂုဏ်း။အနု
သည်၊ ဝိဓေယျဟူ၍ဂုဏ်း။ ဗျတိရေကီဟူ၍ဂုဏ်း။ ပဒိုသေဟု
ဂုဏ်း။အချို့ကျမ်း၌ထင်သကဲ့သို့ရှိ၏။

သဗ္ဗဗျာပိပဒိုညာဟူသည်ကား။ ဝါစကပုဒ်သည် ဝါစ္စပု
ကိုအကြွင်းမဲ့ပြု၍ နှံ့အောင်ဟောသောပဒိုညာတည်း။ ။
ပမာ။ "အလုံးရုံသောသေတ္တုတို့သည် မူလခေတ်တည်း,,ဟု
သောပြယုဂ်၌။ မူလခေတ်ဟူသောဝါစကပုဒ်သည်သေတ္တုဟု
သောဝါစ္စပုဒ်ကိုနှံ့အောင်ဟော၏။
"ခပ်သိမ်းကုန်သောသဗ်ဂြိုဟ်ရာတို့သည်။မမြဲကုန်,,ဟု
ရာ၌လည်းထိုနည်းအတူ။
"နှံ့သည်,,ဟူသည်ကား။ ဝါစ္စပုဒ်၏ဒဗ္ဗတ္တတွင်ဖြစ်တခု
မကျန်စေသည်ကိုဆိုလိုသည်။ ဝါစ္စပုဒ်သည်ဟောအပ်သေ
ဖြစ်အနက်ကုန်၏ဟူလို။ ။ဤသို့နှံ့ခြင်းသဘောကိုပြသေ
တက္ကိကသချာ၏ထက္ခဏာတို့ကား။အားလုံးသော။ အလုံးရုံ
သော။ ခပ်သိမ်းကုန်သော။ ခပ်သိမ်းဥဿုံအလုံးရုံသော။ အ
ကြွင်းမဲ့သော။ဟူသမျှ။ တယောက်မကျန်သော။ကိုယ်စီကိုယ်
ဖြစ်သော။မည်သူမဆို။တိုင်း။စသောပုဒ်တို့တည်း။

အကြွင်းမဲ့ဟောသောကြောင့်။ ဤသဗ္ဗဗျာပိပဒိုညာကိုအ
သေသပဒိုညာဟူ၍လည်း ခေါ်ထိုက်၏။ အများနှင့်ဆက်ဆံ၍
သာမညအနက်ရှိသောကြောင့်လည်းသာမညဟ္ထာပဒိုညာဟူ၍

ခေါ်ထိုက်သေး၏။ အလုံးရုန့်သောကြောင့် သကလဗျာပီဟူ၍လည်း ခေါ်အပ်၏။

အသဗ္ဗဗျာပီပဋိညာ ဟူသည်ကား။ ဝါစကပုဒ်သည်ဝါစ္စပုဒ်ကိုအကြွင်းမဲ့ပြု၍နှံ့အောင် မဟောဘဲတစိတ်တဒေသ။ အချို့အဝက် ကိုသာ ဟောသော ပဋိညာတည်း။ ဝါစ္စ ပုဒ်သည်ဟောအပ်သောဒြဗ်အနက်မနှံ့။ မကုန်ဟူလို။ ။ဥပမာ။ "အချို့သောသေတ္တာသည် ဆပ်၏" ဟူသောပြယုဂ်၌ဆပ်၏ဟူသောဝါစကပုဒ်သည် သေတ္တာဟူသမျှနှံ့အောင်၊ကုန်အောင် မဟောသောကြောင့်။ မည်သည့် သေတ္တာသည် ဆပ်၏။ မည်သည့်သေတ္တာကားမဆပ်ဟူ၍မချမပြောမဆိုနိုင်။ သေတ္တာတို့တွင်အချို့အဝက်ဆပ်ကြောင်းကိုသာသိ၏။ "အချို့အဝက်" ဟူသောပုဒ်ဖြင့်တစိတ်တဒေသကိုဆိုလိုသည်။ ထို "တစိတ်တဒေသ" ဟူသည်မည်မျှမည့်ရွေ့နည်းဟူခြားအံ့။ အလျှင်းမရှိခြင်းဟုဆိုအပ်သောသဘောနှင့် အားလုံးဟုဆိုအပ်သော သဘောနှစ်ရပ်ကြားတွင် ဖြစ်နိုင်သောအစိတ်ကိုဆိုလိုသည်။ အားလုံးကို တချကြွင်းပြုလျှင်ပင်။ တနည်း၊ အားလုံးမှာ တခုယုတ်လျှင်ပင်။ အချို့အဝက်ဟူ၍ တက္ကိကဆရာ၏ အလိုအားဖြင့်ဆိုအပ်ပြီ။ ဥပမာ။ အားလုံးဟူသောသဘောကို၁၀၀ဖြင့်မှတ်သော်။ တခုသည်ရင်း။ ၉၉-ခုသည်ရင်း။ အချို့အဝက်ဖြစ်ကြ၏။ ။ဝါစ္စပုဒ်၏တစိတ်တဒေသကိုသာဝါစကဟောသောကြောင့် အသဗ္ဗဗျာပီပဋိညာကို ဧကဒေသပဋိညာဟူ၍လည်း ခေါ်အပ်၏။ အများနှင့်မဆက်ဆံ၍အထူးအနက်ရှိသောကြောင့် ဝိသေသတ္တပဋိညာဟူ၍လည်း ခေါ်ထိုက်၏။ ။"များလှစွာသောမှုလခါတ်တို့သည်သေတ္တာဖြစ်၏။ "ဤပွဲ၌လူအလွန်စည်၏" ။ "ယခုကာလသားသမီးတို့သည်အင်္ဂလိပ်စာတတ်ကြ၏" ။ "အစည်းအဝေး၌အများသဘောတူကြ၏" ။ ဟူသောပဋိညာတို့၌အချို့အဝက်ဟူသော ပုဒ်မပါသော်လည်း ဝါစ္စပုဒ်တို့သည်မနှံ့။ မကုန်သောကြောင့် အသဗ္ဗဗျာပီ ပဋိညာချည်း ဖြစ်ကြ၏။ ထို

ကြောင့် မနှံ့ခြင်း သဘောကိုပြသော တက္ကိကသချို၏သ
ဏာတို့ကား။ များသော၊ များစွာသော။ များပြားသော။ မျ
ပြားလှစွာသော။အလွန်များသော။ အနည်းငယ်သော။ ကျ
လုမတတ်သော။ကုန်လုမတတ်သော။ ကုန်လုဘနန်းဖြစ်သေ
ငသောပုဒ်တို့တည်း။

"မန္တလေးမြို့သည် ရတနာပုံ နေပြည်တော်တည်း,,။ "
နတ်တို့၏ဆရာသည်အမြတ်ဆုံးတည်း,,။စသောပဋိညာတို့
ကေဝိမပဋိညာဟူ၍ လက်ဦးဆရာ အာရိသတောတိလ ဖ
ဝေါ်လေသည်။ အဘယ်ကြောင့်ဆိုသော်။ ဝါစ္စ၊ဝါစကပုဒ်
ဖြင့်ဖြစ် တခုတည်းကိုသာ ဟောသောကြောင့်ဘည်း။ သို့
တွင်မန္တလေးတမြို့လုံး။ဘုရားကိုယ်တော်မြတ်တဆူလုံးကို
ဟောပေသောကြောင့်သဗ္ဗဗျာပိပဋိညာ၌သွင်း၍သပြိုဟ်အ
ကြောင်းကိုနောက်နောက်တက္ကိကဆရာတို့ဆိုကြကုန်၏။

ထိုမှတပါးလည်း "သတ္တဝါတို့သည်အသုံးကျ၏,,ဟူ
သတ္တဝါအားလုံးလော၊ အချို့လောဟူ၍တွေးတောဖွယ်ဟ၊ သံ
ယဖြစ်စရာ ရှိသောကြောင့်။ ၎င်းပဋိညာမျိုးကို သသံသယ
နိုညာဟူ၍ဆရာအာရိသတောတိလခေါ်လေ၏။

အတ္တဗျတ္တိဂုဏ်ကိုအလိုရှိသောတက္ကိကဆရာတို့သည်ဤ
သို့အနက်လျဉ်းပါးဘွယ်ရှိသော သသံသယ ပဋိညာကိုမ
အပ်။ အနက် လျဉ်းပါးဘွယ် မရှိစေခြင်းငှာ "အားလုံးသေ
သတ္တဝါတို့သည်အသုံးကျ၏,, ဟူ၍ ဆိုကောင်းသောကြော
အားလုံးသောဟူသောသဒ္ဒါဖြင့်မ-၍ဆိုမှတက္ကိက ဆရာတို့
လိုအပ်၏ဟူလို။တက္ကိကသချိုတပ်၍မပါသောသသံသယ
နိုညာတမျိုးကိုရသောအခါ တက္ကိကဆရာက လိုအပ်သော
တက္ကိကသချိုလက္ခဏာကိုဖြည့်ရုံအောင် ဖြည့်စွက်မည်ဆို
သော်။ဖြည့်စွက်နိုင်ပြားသော်လည်း၊ဤသို့ဖြည့်စွက်ရန် တက္ကိ
က ဆရာ၏တာဝန်မဟုတ်ချေ။ ပရမတ်အရာ၌ ပရမတ်ဆရာ
လောကီပညာအရာ၌လောကဓာတ်ဆရာ အသီးသီးတို့၏တာ

ဝန်သာ ဖြစ်ပေသည်။ မပြည့်ရုံသော ပဋိညာတ်၌ တက္ကိက သချ်ာကို တက္ကိက ဆရာက ဖြည့်စွက်ရချင် မိမိ၏ပိုင်နက် နယ်မှသူတပါး၏ဆိုင်ရာနယ်သို့ လွန်ကျူးရာရောက်၏၊ ဤသို့ လိုတိုင်းလိုတိုင်းကိုဖြည့်စွက်နိုင်ရန်လည်း၊ တက္ကိကဆရာမှာ လောကီလောကုတ္တရာ ပညာ အရပ်ရပ်ကို နှံ့စပ်ကြေပြွန်မှ ဖြည့်စွက်နိုင်မည်။ သဗ္ဗညုတဉာဏ်တော်ကိုရမှလည်း ဤသို့နှံ့စပ်နိုင်မည်။ ထိုကြောင့်တက္ကိကဆရာတို့မှာမိမိနယ်အတွင်းသာနေ၍၊တက္ကိကသချ်ာတပ်ပြီး၊ပြည့်ရုံသောပဋိညာတ်ကိုသာတက္ကိကနယ ဖြင့်စီရင်အပ်၏ဟူလို။

ယခုအခါသဗ္ဗဗျာပီ။ အသဗ္ဗဗျာပီ။ ဥတ္တ၊ အနုတ္တကိုစပ်၍ ဖြစ်သောပဋိညာလေးမျိုးကိုပြပေအံ့။

ပဋိညာစပ်လေးမျိုးကိုသင်္ကေတအက္ခရာဖြင့်တက္ကိကဆရာတို့အောက်ပါအတိုင်းမှတ်သားလေ့ရှိကြ၏။

(၁) သဗ္ဗဗျာပီဥတ္တပဋိညာ=အ။

(၂) သဗ္ဗဗျာပီအနုတ္တပဋိညာ=ဧ။

(၃) အသဗ္ဗဗျာပီဥတ္တပဋိညာ=ဣ။

(၄) အသဗ္ဗဗျာပီအနုတ္တပဋိညာ=ဩ။

အ-မှာ "အသေသ"ဟူသောပုဒ်၏ပထမသရတည်း။

ဧ-မှာ ဧဝံပုဒ်တွင်"ဧ"၏အစိတ် ဧ-သရတည်း။

ဣ-မှာ ဣဓေသတ္တပုဒ်တွင်"ဣ"၏အစိတ် ဣ-သရတည်း။

ဩ-မှာ အနုတ္တပုဒ်တွင် "နု"၏အစိတ် ဥ-သရကိုဩ-ပြု၍ရသောအာဒေသ-ဩ-သရတည်း။

ဤပြအပ်ပြီးသောသင်္ကေတကိုကောင်းစွာမှတ်မိမှ၊နောက်နောက်ဆိုလတ္တံ့သောစကားတို့ကိုနားလည်မည်ဖြစ်၍ သတိထား၍မှတ်အပ်၏။

အထက်၌ဆိုအပ်ပြီးသောတက္ကိကသချ်ာလက္ခဏာတို့ကို မြင်၍ပဋိညာကိုသဗ္ဗဗျာပီ၊ အသဗ္ဗဗျာပီဟူ၍ရုတ်တရက်ခွဲနိုင်စေရမည်။

နိသေဓနတ္ထအနက်၊ နိဝါရဏတ္ထအနက်တို့၌ဖြစ်သောနိပါတ် ပုဒ် မ–သဒ္ဒါကိုမြင်၍ဗျတိရေကကိုဥဏ္ဍ။အနုဏ္ဍဟူ၍ရုတ်တရက် နိုင်စေရမည်။မြန်မာဘာသာ၌မဟုတ်။မဖြစ်။မရှိ။ မကောင်း။မ စား။ စသောပုဒ်တို့၌။ ၎င်းအနုဏ္ဍလက္ခဏာဖြစ်သော မ–သဒ္ဒါ ပါ၏။သို့ရာတွင် မ–သဒ္ဒါသည် ဗျတိရေကသမ္ဗန္ဓ၏အစိတ်ဖြစ်ပါမှ အနုဏ္ဍပဋိညာဖြစ်၏။ဝါစက၏အစိတ်ဖြစ်မူကား ဥဏ္ဍပဋိညာ သာဖြစ်၏။ဤသို့အထူးကိုကောင်းစွာမှတ်အပ်၏။

ပဋိညာဘေဒဉာဏ် ထက်သန်မှပဋိညာတို့ကို။အ–ဧ–ဣ– ဩ–ဟူ၍ ရုတ်တရက်ခွဲ စွမ်းနိုင်၏။ တခါ တရံ ဤသို့ ခွဲရန်မ လွယ်။

ဥပမာ။“လူဟူသမျှအရိယာမဟုတ်„ဟူသောပြယုဂ်၌လူဟု သမျှကိုနှံ့အောင်ဆိုသောကြောင့်သဗ္ဗဗျာပီ။ မဟုတ်ဟူသော ဗျတိရေကသမ္ဗန္ဓ၌ မ–သဒ္ဒါကို မြင်သောကြောင့်အနုဏ္ဍ။ ဖြစ်၍ရုပ် အားဖြင့် ဧ–ပဋိညာနှင့်တူသော်လည်း“အချို့သောလူတို့သည် အရိယာမဟုတ်„ဟူ၍အဓိပ္ပါယ်ရောက်သောကြောင့် အသဗ္ဗ ဗျာပီအနုဏ္ဍပဋိညာ–ဩ–သာဖြစ်၏။

ထို့အတူ။ဝေါဟာရ၌“တအိမ်လုံးဥပုသ်မရ„ဟူရာ၌အိမ် ၌ရှိသမျှလူတယောက်မျှဥပုသ်မရဟူ၍ဆိုလိုလျှင် –ဧ။ အိမ်ရှိ လူအနက်အချို့ဥပုသ်မရ ဟူ၍ဆိုလိုမူကား၊ ဩ–ဖြစ်၏။ ထို ကြောင့်မိမိလိုသောအနက်ကို သူတပါး မလျှဉ်းပါးရအောင် ထင်ရှားစွာရှင်းရှင်းလင်းလင်းပြောဆိုရာ၏။

“လောက၌သူတော်ကောင်းအလွန်နည်း၏„ဟူသောပြယုဂ် သည်ရုပ်အားဖြင့်၊ ဣ–ဖြစ်သင့်၏။ သို့ရာတွင်လောက၌ လူအ များသည်သူတော်ကောင်းမဟုတ်ဟူ၍အဓိပ္ပါယ်ရောက်သော ကြောင့်၊ဩ–လည်းဖြစ်သင့်သည်သာလျှင်တည်း။

ယခုအခါသောဘုဇနတို့ ဉာဏ်ပွားများစေခြင်းငှာ အချို့ ဟူသောသဒ္ဒါ၏ အနက်လျှဉ်းပါးဘွယ် ရှိသည်ကို အင်္ဂလိပ် တက္ကိကဆရာတို့အလိုအားဖြင့်ပြပေအံ့။

“အချို့ပန်းသည်မွေး၏„ဆိုလျှင်အဝုတ္တသိဒ္ဓိနည်းဖြင့်“အချို့ပန်းသည်မမွေး„ဟူ၍ဝေါဟာရ၌အဓိပ္ပါယ်ရောက်၏။ သို့ရောက်သော်လည်းတက္ကိကကျမ်းအလိုအားဖြင့်။ရင်းပဒိုညာသည်မွေးသောပန်းတို့ကိုသာဟော၍ မမွေးသောပန်းတို့ကိုမဟောဟူ၏။ ဤသို့မဟောသောအနက်ကို အဝုတ္တဗျတ္တိဂုဏ်ကိုလိုသောတက္ကိကဆရာသည်မလိုအပ်။ ထုတ်ဘော်၍အတိအလင်း ပြောဆိုသောစကားမှတပါးသော အနက်အဓိပ္ပါယ်ကိုတွေး၍ယူလျှင် အဝုတ္တဗျတ္တိဂုဏ်နှင့်ဆန့်ကျင်၍တက္ကကျမ်းနှင့်မလျော်ဟူလို။အဘယ်ကြောင့်ဆိုသော်ယေဘုယျအားဖြင့် မိမိမတွေ့ဘူးသော ပန်းများသည်မွေးမည်၊ မမွေးမည်ကိုမသိနိုင်ကြသောကြောင့်တည်း။

“အချို့ပန်းမွေး၏„ ဟူရာ၌ကျွန်ုပ်မတွေ့ဘူးသောပန်းနှင့်မသက်ဆိုင်။ကျွန်ုပ်တွေ့ဘူးသောပန်းများအနက် အချို့မွေး၏။ အချို့မမွေးဟူ၍သာ ဆိုလိုသည်ဟူငြားအံ့။ ဝဒ္ဒပုဂ္ဂိုလ်၏အလိုကိုသုဏာန္တပုဂ္ဂိုလ်ကပိုးစဉ်းမျှ မလျဉ်းပါးရအောင် အသေအချာ။ဂ-ဂ-နှ-နှ-ထုတ်ဘော်၍ ပြောဆိုရာ၏။ မိမိပြောဆိုလိုသောသဘောကိုသူတပါး နားလည်စေ၍သာပြောသည်။ အနက်လျဉ်းပါးခွင့်ကိုအနည်းငယ်မျှမပေးသင့်။မိမိစကားကိုသူတပါးအနက်လျဉ်းပါးချေသော် မိမိ၌သာအကျိုးပျက်၏။ တပည့်နားလည်အောင် မသင်ကြားတတ်သောဆရာ။ ပရိသတ်နားလည်အောင်မဟောတတ်သောဓမ္မကထိကပုဂ္ဂိုလ်။ တရားသူကြီးနားလည်အောင် မလဲဆိုတတ်သော ရှေ့နေ တို့သည်မည်မျှ လောက်ပင် တတ်သော်လည်း။ အသုံး မကျ သကဲ့သို့တည်း။

ဤစကားကိုထင်ရှားစေဦးအံ့။မိမိတွေ့ကြုံဘူးသောလူတိုင်းရယ်သည်ကိုမြင်၍ “လောက၌ရှိသမျှသောလူရယ်၏„ဟူ၍မဆိုနိုင်။အဘယ်ကြောင့်ဆိုသော်၊ ကြွင်းသောလူများရယ်မည်မရယ်မည်ကိုအတတ်မသိသောကြောင့်တည်း။မိမိမတွေ့ဘူ

သောလူများအနက်မရယ်တတ်သည့်လူလည်းရှိကောင်းရှိမည်
ဟူလို။သို့ရာတွင်လူတိုင်းရယ်တတ်သည်၊မရယ်တတ်သည့်
လောက၌ လူကုန်အောင်အသေအချာပါစစ်ရန် စောင့်ဆိုင်း
မနေဘဲ။ မိမိတွေ့ဘူး သမျှနှင့်ပင် ကြုံနှိပ်တွေ့ဘူးသမျှသော
တိုင်းရယ်၏ဟူ၍ ဆိုနိုင်၏။ ဤသို့မဆိုမှု၍။ လောက၌ လူအ
ရယ်၏ဟူ၍မှုလည်းပြောဆိုခွင့်ရှိပြီ။ ဤနှစ်ပိကပ်တွင်။ ဒုတိယ
ပိကပ်နှင့်ပြောဆိုရုံနှင့်အချို့လူမရယ်ဟူ၍ အဓိပ္ပာယ်မရောက်
အဘယ်ကြောင့်ဆိုသော်။ လောက၌ ရှိသမျှသောလူတို့ ရယ်
တတ်မည် ဆိုလျှင် လည်း ရယ်တတ် ကောင်းသေး သေး
ကြောင့်တည်း။

ဝေါဟာရန္တိတွေ့ရသော သဒ္ဒဝါကျတို့မှာ။ နဝမကဏ္ဍ၌ဖြ
အပ်ပြီးသည် အတိုင်း။ ရုပ်အမျိုးမျိုး ရှိသော်လည်း တက္ကိက
ပဋိညာရုပ်ပေါ်အောင်ဘော်ပြီးမှ၊တက္ကနယဖြင့်စီရင်အပ်၏။

ဆိုအပ်ပြီးသော ပဋိညာမျိုးမှ တပါးသော ပဋိညာတို့ကို
ယခုအခါဆိုပေအံ့။

ပဋိညာသည်ဧကသေသ။ပါရိသေသဟူ၍ပြား၏။ဧကသေ
သပဋိညာဟူသည်ကား ဝါစကပုဒ်ဟောအပ်သော ဝါစ္စပုဒ်
ကိုဧဝဋ္ဌအနက်၌ဖြစ်သော“သာလျှင်„ဟူသောသဒ္ဒါဖြင့်ကန့်
လျက်ပါသောပဋိညာတည်း။ ။ဥပမာ။“လူသာလျှင်ဘုရား
ဖြစ်နိုင်၏„ဟူသော ပြယုဂ်၌ ဘုရားဖြစ်နိုင်၏ဟူသောဝါစက
ပုဒ်သည်။ လူသတ္တဝါမှ တပါးသောသတ္တဝါကိုမဟော၊
သာလျှင်ဟူသော သဒ္ဒါသည် လူဟူသောဝါစ္စပုဒ်ကို အဘယ်
ကဲ့သို့ ကန့်သနည်းဟူမူ။ လူမှကြွင်းသော သတ္တဝါတို့ကို ဖြ
သောအားဖြင့်ကန့်၏။ခပ်သိမ်းသောသတ္တဝါတို့မှ၊ လူသတ္တဝါ
ကို တခုကြွင်းပြုသောကြောင့် ဧကသေသပဋိညာဟူ၏။သို့ရာ
တွင်လူတိုင်းဘုရားဖြစ်နိုင်သည်ဟူ၍ကားအဓိပ္ပါယ်မရောက်
လူမှတပါးသော သတ္တဝါတို့ ဘုရားမဖြစ်။ လူမဟုတ် သော
သတ္တဝါတို့ဘုရားမဖြစ်ဟူ၍သာအဓိပ္ပါယ်ရ၏။

ပါရိသေသပဋိညာဟူသည်ကား သိးခြား ထုတ်ဘော်၍ ဆိုအပ်သောအရာမှ ကြွင်းသမျှကို ဝါစကပုဒ်သည် အကုန်ဟောသောပဋိညာတည်း။ ။ဥပမာ။ "ဘုရားရဟန္တာတို့မှ ကြွင်းသော်သတ္တဝါတို့မှာအာသဝေါတရားရှိကြ၏,,။ဟူသော ပြယုဂ်၌အာသဝေါတရားရှိကြ၏ ဟူသောဝါစက ပုဒ်သည် ဘုရားရဟန္တာတို့ကိုချန်လှပ်၍ ကြွင်းသော သတ္တဝါဟူသမျှကို ဟော၏။ဘုရားရဟန္တာတို့မှာအာသဝေါတရားကုန်ပြီ။ ကင်းပြီ။ငြိမ်းပြီ။မရှိပြီ။ကြွင်းသောသတ္တဝါတို့မှာကားမကုန်သေး။မကင်းသေး။ မငြိမ်းသေးဟူလို။ ။ချွင်းအပ်သောအရာကိုအမည်သိးခြားဘော်ထုတ်၍ မဆိုသော ပါရိသေသပဋိညာကို အသဗ္ဗဗျာပီတွင်သွင်း၍သဂြိုဟ်အပ်၏။ ။ဥပမာ။"ဤရွာ၌လူ တယောက်မှတပါးကြွင်းကျန်သော လူတို့သည်။ဘုရားကျောင်းကန်သွားကြ၏,,ဟူသောပြယုဂ်၌ ဘုရားကျောင်းကန် မသွားသောသူသည်။ မောင်ဖြူ၊ မောင်ဖဲစသည်ဖြင့် အမည်သိးခြား ဘော်ထုတ်၍မပါရကား အသဗ္ဗ ဗျာပီဖြစ်၏။ သိးခြား ဘော်ထုတ်၍ဆိုမှုကားသဗ္ဗဗျာပီဖြစ်၏။ အဘယ်ကြောင့်ဆိုသော်အမည်သိးခြားဘော်ထုတ်၍မပါသောပဋိညာ၌ တရွာလုံးဟုဆိုအပ်သော ရွာရှိလူဟူသော အနက်သည်။ မနှံ့သော ကြောင့် အသဗ္ဗဗျာပီဟူလို။ အမည် သိးခြား ဘော်ထုတ်၍ ပါသော ပဋိညာ၌ကား။မောင်ဖြူမှကြွင်းသော ရွာသားအားလုံးအကုန်ဟု ဆိုအပ်သော အနက်သည် နှံ့သော ကြောင့် သဗ္ဗဗျာပီဟူလို။

တနည်း။ပဋိညာသည်သံဝဏ္ဏနာ။ ဝိဂ္ဂါရဂ္ဂ။တဒ္ဒောဟူ၍ သုံးပါးပြား၏။

သံဝဏ္ဏနာပဋိညာဟူသည်ကားဝါစ္စပုဒ်၏ရှိရင်းကွယ်ဝှက်သောအနက်ကို။ဝါစကပုဒ်သည်ဘွင့်ဖြရုံ ဘွင့်ဖြသောပဋိညာတည်း၊ ။ဥပမာ။"ဗုဒ္ဓသည်သိတတ်သောပုဂ္ဂိုလ်တည်း,,။"စိတ်သည်အာရုံကို ကြံတတ်သော တရားတည်း,,။ "တြိဂံသည်

ထောင့် သုံးခုရှိသော ပုံတည်း,,။ ဤပြယုဂ်တို့၌သိတတ်သေ
ပုဂ္ဂိုလ်။ အာရုံကို ကြံတတ်သောတရား။ ထောင့်သုံးခုရှိသေ
ပုံဟူသောဝါစကပုဒ်တို့သည်။ ဗုဒ္ဓ။စိတ်။တရိဂံဟူသော ဝါ
ပုဒ်တို့၏အနက်ကိုဘွင့်ရုံဘွင့်၏ဟူလို။ ဘွင့်အပ်သောဝါစ္စပု
ကိုသံဝဏ္ဏေတဗ္ဗပုဒ်။ ဘွင့်တတ်သောဝါစကပုဒ်ကို သံဝဏ္ဏ
နာပုဒ်ဟူ၍ခေါ်အပ်၏။

ဝိတ္ထာရဝဏ္ဏနာပဋိညာဟူသည်ကား။ဝါစ္စပုဒ်၏အနက်ကိုဝါ
ကပုဒ်သည်ချဲ့သောပဋိညာတည်း။ ။ဥပမာ။"ဗုဒ္ဓသည်မာ
ငါးပါးကို အောင်တော်မူသောဘုရားဖြစ်၏,,။"တရိဂံသည်အ
နားသုံးဘက်ရှိသော ပုံတည်း,,။ဤပြယုဂ်တို့၌ ဝါစကပုဒ်တို့၏
အနက်သည်ဝါစ္စပုဒ်တို့၏အနက်မှ ထူးသောကြောင့် ဝါစ္စပု
၏သိရင်းအနက်မှအနက်တခုကို ပို၍သိရ၏။ ဤသို့အနက်ပို၍
သိရသည်ကိုအနက်ချဲ့သည်ဟူလို။

တဗ္ဗောပဋိညာဟူသည်ကား။ဝါစ္စ၊ဝါစကပုဒ်တို့၏အနက်
မထူးသောပဋိညာတည်း။ အနက်ကို ရှိရင်းအတိုင်းထပ်၍ ပြ
သောကြောင့်။အနုလာပပဋိညာဟူ၍လည်းခေါ်ထိုက်၏။
ဥပမာ။"လောက၌ ဖြစ်ခြင်းမည်သည် ထင်ရှားရှိခြင်းတည်း,,
"ထင်ရှားရှိသမျှသော အရာသည်ဖြစ်၏,,။ဟူသောပြယုဂ်တို့၌
ထင်ရှားရှိခြင်းနှင့် ဖြစ်ခြင်းအနက်နှစ်ပါးမထူး၍ ကျေးဇူးမရှိ
သံဝဏ္ဏနပဋိညာနှင့် တဗ္ဗောပဋိညာတို့၏အထူးကား သံဝဏ္ဏ
နပဋိညာ၌ ဝါစ္စပုဒ်၏ ရှိရင်းအနက် ကွယ်ဝှက်၍ ဘွင့်ရန်ပ
သည်။ တဗ္ဗောပဋိညာ၌ဝါစ္စပုဒ်၏ရှိရင်းအနက်သည် မကွယ်
ဝှက်။ဤကားအထူးတည်း။

ပုဒ်တို့၏ကွယ်ဝှက်သော အနက်ကိုဘွင့်ရန် သဒ္ဒါဆရာ၏
တာဝန်ဖြစ်၏။တက္ကိုကဆရာ၏တာဝန်မဟုတ်။ တက္ကိုကဆရာ
မှာပဋိညာတို့သည်။ အချင်းချင်းတခုနှင့်တခု မည်ကဲ့သို့ဆက်
ဆံကြသည်ကိုရင်း။ မိမိ အားပေးသော ပဋိညာတို့မှ။ တပါး
သောပဋိညာတို့ကိုမည်ကဲ့သို့ ကြံအပ်သည်ကိုရင်း။ ပြန်တာ

ဝန်ရှိ၏။သို့ရာတွင် တက္ကိကဆရာလည်း သဒ္ဒါတတ်သင့်သည် သာလျှင်တည်း။

တနည်း။ပဋိညာသည်။ ရဇ္ဇုဝစန။သာမညဝစန။ပရိကပ္ပ ဝစနဟူ၍ပြား၏။

ရဇ္ဇုဝစနပဋိညာဟူသည်ကား။ သဘောအားဖြင့် အခါခပ် သိမ်း မှန်သောပဋိညာတည်း။ ။ဥပမာ။ "နှစ်ခုသည်၊ တခု ထက်များ၏,,။"တရိဂံတခု၏အနားနှစ်ဘက်၏အပေါင်းသည်။ တတိယအနားတဘက်ထက် ကြီးရမည်,,။ ။ဤပဋိညာမျိုး ကိုကေဝစနပဋိညာဟူ၍လည်းခေါ်ထိုက်သေး၏။

သာမညဝစနပဋိညာဟူသည်ကား။မိမိတွေ့ကြုံဘူးသရွေ့ မှန်တတ်သောပဋိညာတည်း။ ။ဥပမာ။"သံလိုက်ဟူသမျှ သံကိုဆွဲတတ်၏,,။မိမိမတွေ့မကြုံ ဘူးသော သံလိုက်ထဲတွင်။ ချွင်းချက်ရှိမည်၊ မရှိမည်ကို ရဇ္ဇုမပြောမဆိုနိုင်သောကြောင့် ယေဘုယျ ဝစနပဋိညာလည်းဟူ၏။ များသော အားဖြင့် ဆွဲ တတ်သောကြောင့် ဗာဟုလ္လ ဝစန ပဋိညာလည်း မည်ထိုက် သေး၏။

ပရိကပ္ပနဝစနပဋိညာဟူသည်ကား။ ကေန်အချန်ကိုမသိ။ မှန်ကောင်း၊မှားကောင်းသောပဋိညာတည်း။ ။ဥပမာ။ ဤ အကျင့်ကောင်းမြတ်သော ပုဂ္ဂိုလ်ကား ရဟန္တာဖြစ်ရာ၏။ ဟူ သောပြယုဂ်၌ရဟန္တာဟူ၍ ရဇ္ဇုမပြောမဆို၊မစွဲဝံ့။ရဟန္တာဖြစ် ကောင်းဖြစ်မည်ဟူ၍အတွေးဖြင့်ပြောဆို၏။ ။ဤပရိကပ္ပန ဝစန ပဋိညာသည်။ နောက်ပြဆိုလတ္တံ့သော ပရိကပ္ပန ဝစန တက္က။ပရိကပ္ပနတက္ကနှင့်သက်ဆိုင်၏။

အချို့သော တက္ကိကဆရာ တို့ကား။ များသော သဘော၊ မှန်သောသဘောကိုလိုက်၍။ ပဋိညာကိုရဇ္ဇုဝစန။ ရသာဝစန ဟူ၍ဝေဘန်လေ့ရှိကြသေး၏။ သို့ရာတွင် တခုခုသောပဋိညာ ၏အနက်ဖြစ်သောအဆုံးအဖြတ်။မှန်၊မမှန်ကိုစိစစ်ရန်တက္ကိက ဆရာ၏တာဝန်မဟုတ်ချေ။ ။ဤစကားကိုချုံဦးအံ့။

မိမိအားမှန်သောပဋိညာတ်ကို ပေးမှု။ ၎င်းတို့ကိုအခြေပါဒ
ပြု၍ မှန်သောပဋိညာကို ကြံရာ ကြံကြောင်းဖြစ်သော တက္က
နည်းတို့ဖြင့်ကြံ၍ ပေးရန် တက္ကိကဆရာ၏တာဝန်ဖြစ်၏။ ကြံ
နည်းမမှားလျှင် မှန်သောပဋိညာတို့မှ၊ မှန်သောပဋိညာတပါး
ကိုရ၏။ ။အခြေခံပဋိညာမှားလျှင်ကြံနည်းပင်မှန်သော်လည်း
မှားသောပဋိညာတပါးကိုရမည်ဖြစ်၍အခြေခံပါဒကပဋိညာ
တို့ကိုမမှားစေရ။ သို့ရာတွင် ထိုအခြေခံပါဒကပဋိညာတို့မှန်
မမှန်ကိုစိစစ်ရန်တက္ကိကဆရာ၏တာဝန်မဟုတ်က။ မည်သူ၏
တာဝန်ဖြစ်သနည်း။ ။ပရမတ်အရာ၌ပရမတ်ဆရာ၏တာဝန်
လောကီပညာအရပ်ရပ်၌၊ လောကဓာတ်ဆရာတို့တာဝန်ဖြစ်
၏။ ။ဥပမာ။တနင်္ဂနွေဂြိုဟ်မင်းသည်တနှစ်အတွင်း၁၂-ရာသီ
စက်ကိုပတ်မိသည်၊မပတ်မိသည်ကိုစိစစ်ရန် တက္ကိက ဆရာ
၏တာဝန်မဟုတ်။နက္ခတ်ဆရာ၏ တာဝန်သာ ဖြစ်ချေသည်၊
ထိုအတူ။ ကြေးနီ၊သံ၊ခဲစသည်တို့သည် ရွှေ၊ငွေဖြစ်နိုင်သည်၊မ
ဖြစ်နိုင်သည်ကိုစိစစ်ရန်အဂ္ဂိရတ်ဆရာ၏ တာဝန်သာ ဖြစ်ပေ
သည်။ ဤသို့ဖြစ်လျှင်တက္ကကျမ်းသည် အကျိုးမရှိ။အချည်းနှီး
မရှိရာလောဟူ၍အံ့။ အချည်းနှီးမရှိ။ ထိုထိုသော နက္ခတ်
ဆရာ၊အဂ္ဂိရတ်ဆရာတို့သည်တက္ကကျမ်းကိုမှီ၍ကြံအပ်သော
ကြောင့်တည်း။ ၎င်းဆရာအသီးသီးတို့အားထုတ် သင်ကြား
တတ်မြောက်၍သိအပ်သော သဘောတရားတည်း ဟူသော
အဆုံးအဖြတ်တို့ကို ပဋိညာပြုလုပ်၍ တက္ကိက ဆရာလက်သို့
အပ်သည်ရှိသော်။ ၎င်းမိမိအားအပ်သော ပဋိညာတို့ကို အ
ခြေပါဒပြု၍တက္ကိကဆရာမှာ မှန်သော ကြံနည်းဖြင့် ကြံရန်
တာဝန်ရှိ၏။တက္ကိကဆရာသည်ပန်းထိမ်ဆရာနှင့် တူ၏။လော
ကီလောကုတ္တရာ ပညာအရပ်ရပ်ကိုဆည်းပူးသော ဆရာတို့
ကား ရွှေ၊ငွေအထည်များကို အငတ်တန်းဆာပြုလုပ်ရန်အပ်နှံ
သောလူတို့နှင့်တူ၏။ရွှေကောင်းကိုအပ်လျှင်ရွှေလက်ကောက်
ကောင်းကိုဝတ်ဆင်ရ၏။ရွှေညံ့ကိုအပ်မှုကား လက်ကောက်

ပင်ချောသော်လည်း ရွှေလက်ကောက်ညှံ့ကိုရ၏။ပန်းထိမ်ဆရာကိုအပြစ်မဆိုသာ။ရွှေညှံ့ကို အပ်သောသူ၏ ထာဝန်သာဖြစ်၏။

---

## လေ့ကျက်ရန်။

ပဋိညာဉ်သော်ထက်သန်စေခြင်းငှာအောက်ပါ ပဋိညာဉ်တို့ကိုအောက်ပါနည်းအတိုင်းစိစစ်လေ။

(က) ရဈပဋိညာဉ်လော။လက္ခဏာပဋိညာဉ်လော။
(ခ) သမ္ဗဗျာပီ ပဋိညာဉ်လော။ အသဗ္ဗ ဗျာပီ ပဋိညာဉ်လော။
(ဂ) ဥတ္တပဋိညာဉ်လော။အနုတ္တပဋိညာဉ်လော။
(ဃ) အ–လော။ဧ–လော။ဣ–လော၊ဩ–လော။
(င) ဧကသေသ ပဋိညာဉ်လော။ ပါရိသေသပဋိညာဉ်လော။
(စ) ရဈဝစနပဋိညာဉ်လော။သမညဝစနပဋိညာဉ်လော။ ပရိကပ္ပနဝစနပဋိညာဉ်လော။
(ဆ) သံဝဏ္ဏနပဋိညာဉ်လော။ဝိဏ္ဏ ရဏ္ဏပဋိညာဉ်လော။ တဒ္ဓော့ပဋိညာဉ်လော။

မှတ်ရန်–ဒအောက်ပါပဋိညာဉ်တို့၌ဝါစ္စပုဒ်၏တက္ကိက သရိုဘော်၍မပါသောကြောင့်သဗ္ဗဗျာပီ။ အသဗ္ဗဗျာပီခွဲရာ၌ခဲယဉ်းတတ်၏။တတ်နိုင်သရွေ့ ၎င်းသရိုကိုဘော်ပြီးမှခွဲလေ။ ။ ဥပမာ။တစ်နံပါတ်ထိုးသော ပဋိညာဉ်မှာ တလတိုင်တိုင်မပွင့်သောပန်းမျိုးရှိသင့်သောကြောင့်တလတိုင်တိုင် အချို့ပန်းပွင့်၏ဟူ၍သရိုကိုဘော်ပြီးမှအသဗ္ဗဗျာပီဟူ၍ပြလေ။ ။ (၄) နံပါတ်ထိုးသောပဋိညာဉ်၌မှန်သော့စကားဟူသမျှ ရဟန်းအားတင့်တယ်သောကြောင့်သဗ္ဗဗျာပီဟူ၍မှတ်အပ်၏။ ။(၇)

နံပါတ်ထိုးသောပဋိညာဉ်ကား မိန္တာဒေဝနတ်တို့သည် ဘုရား တို့အားတောင့်တမြတ်နိုးကြမည် မဟုတ်သောကြောင့်အချ သောနတ်တို့သည် ဟူ၍ဘောဲဆိုလေ။ ။ဤကား နည်းဖြ သာတည်း။

(၁) တလတိုင်တိုင်ပန်းပွင့်၏။
(၂) ငါ့အားနှိုင်းတုစရာဥပမာသည်ထင်လာ၏။
(၃) ဝေဿန္တရာမင်းသည်ဘုရားဖြစ်၏။
(၄) မြတ်စွာဘုရားသည်အနွယ်အားဖြင့်ဂေါတမမည် တော်မူ၏။ ဇာတ်အားဖြင့်ကား သကျသာကီယ မည်တော်မူ၏။
(၅) ထိုဓမ္မဝိနယ နှစ်ပါးသည် ငါဘုရား၏ပရိနိဗ္ဗာန်စံ လွန်သောအခါ၌သင်တို့၏ဆရာဖြစ်လတ္တံ့။
(၆) ရဟန်းအားမှန်သောစကားသည်တင့်တယ်၏။
(၇) နတ်တို့သည်ဘုရားတို့အား တောင့်တ မြတ်နိုးကြ ကုန်၏။
(၈) သင့်ကိုထင်းတုံးကဲ့သို့ငါထင်မှတ်၏။
(၉) အရှင့်အား အနာမဲ့ခြင်းသည်၊ချမ်းသာခြင်းသည်၊ ကောင်းခြင်းမင်္ဂလာသည်ဖြစ်၏။
(၁၀) တဏှာသည်လူတို့၏ချမ်းသာခြင်းငှာသာဖြစ်၏။
(၁၁) ဓနဥ္စယမင်းသည် ငါတို့ကိုမရှိသေ အပ်ကုန်သည် ဖြစ်ကုန်၏။
(၁၂) အရှင်တို့သည် ငါ့ကိုပြောဆိုခြင်းမှဘဲ ရှောင်ကြ လေပြီ။
(၁၃) လျှပ်စစ်သည်တိမ်တိုက်မှထွန်းပ၏။
(၁၄) ဘုရားသည်လောကသုံးပါးထက်မြတ်၏။
(၁၅) မြတ်စွာဘုရား၏ ဂေါ့ဖ်စေသတိသည် ဘဝဂ်သုံ တိုင်အောင်လွှမ်းမိုး၍တက်၏။

(၁၆) ဒါနထက်သီလမြတ်၏။
(၁၇) ရာဇဂြိုဟ်ပြည်မှ ၄၅ယူဇနာမျှ၌ သာဝတ္ထိ ပြည် သည်ရှိ၏။
(၁၈) ဤဘဒ္ဒကပ် ကမ္ဘာမှ ၉၁ ကမ္ဘာ ထက်၌ ဝိပဿီ ဘုရားပွင့်တော်မူ၏။
(၁၉) သာသနာမှအပဖြစ်သော တိတ္ထိတို့သည် ဘုရားမှ ရှုံးကုန်၏။
(၂၀) ရင်မှဖြစ်သောသားသည်ရှိ၏။
(၂၁) ထိုကျောင်းသည် အပူကိုရင်း၊ အချမ်းကိုရင်း။ သား ရဲသင်ကျားတို့ကိုရင်း ပယ်ဖျောက်ကွယ်ကာ နိုင် ၏။

အောက်ပါစကားပုံတို့ကိုလည်းမှတ်စေ။ ပဒိုညာခွဲ၍သည်း ဖတ်စေခြင်းငှာထည့်လိုက်ပါသည်။

(၁) ပဏ္ဍမြားရတနာ၊ ညွန်မှာမနစ်။
(၂) ကျောက်ကောင်းစစ်လျှင်၊ ဇမ္ဗူရစ်ရွှေမှာ သာနား သည်။
(၃) ပဏ္ဍမြား၏ဂုဏ်ကျေးဇူးကို၊ ရှမ်း၊ ကသူး၊ လူရိုင်းတို့ မသိ။
(၄) ကိုယ်ထက်ဥစ္စာ၊ မမြတ်ရာ။
(၅) ကျားသနားမှ၊ နွားချမ်းသာရသည်။
(၆) လူကြီးရှက်လျှင်ရယ်၊ လူငယ်ရှက်လျှင်ငိုသည်။
(၇) ခွေးလေးချန်၍ဖုံမထ။
(၈) အားနာလျှင်၊ အားပါသည်။
(၉) တစက်တစက် ရေကျဘန်များလျှင်၊ အိုးစရည်း ကြီးပြည့်သည်။
(၁၀) သယ်ဘန်များလျှင်၊ ချမှတောင်တို့ဖြစ်သည်။
(၁၁) အကြီးကြီးလျှင်၊ ပျက်စီးရာ၏။

(၁၂) သမားများ၍သားသေသည်။
(၁၃) အရပ်ရှိလျှင်၊အရိပ်ထွက်မြဲ။
(၁၄) ဖြူပ်သိးမှန်လျှင်၊သန်းခေါင်ဘိုစား၊စပ်၏။
(၁၅) ရွှေမရှိသည့်ဘုရားကိုလူမရိုသေ။
(၁၆) ရှန်းလျှင်အပြစ်။ ချစ်လျှင်အကျိုး။ မြတ်နိုးမှသဒ္ဒါ၊ ကြင်နာမှအသနားဖြစ်၏။
(၁၇) သတ္တဝါတို့ကြမ္မာပယိုယွင်းပျက်စီးသိုသေဘ်၊အဆို တဝေ့၊အနေတခြား၊အသွားတကွဲ၊ဖြစ်စမြဲ။
(၁၈) ဖွတ်မိကျောင်းဖြစ်က၊မြစ်မချမ်းသာ။
(၁၉) ဖရုံတညွှာ၊ဖူးတညွှာ၊တွဲရိုးမရှိ။
(၂၀) နက်ဖြန်သဘက်၊ ရှရင်းတက်လျှင်၊ ငါ့ထက်ညီမ သာလိမ့်မည်။
(၂၁) ရှုပဆောင်၊ရောင်ဝါမမြဲ၊ရှိတတ်သည်။
(၂၂) ဘွီးပင်ငြိမ်သော်လည်း၊ အချိန်ကိုလင့်စား၊ မထိမ်း မြားလျှင်၊ယောက်ျားဖျက်တတ်သည်။
(၂၃) မီးဝေး၊ချိပ်မာ။
(၂၄) ဝိရိယဆိုး၊ညဥ့်ကိုနိုး၊ သူခိုးသော်လည်း ဖြစ်တတ် ၏။
(၂၅) ပင်မ၊လဲလျှင်၊အကိုင်းထင်းဖြစ်၏။
(၂၆) ငါးသိုင်းများ၊ဟင်းပုံသည်။
(၂၇) မရှိက၊ခိုးနိုးနိုး။မလှက၊ပုံးနိုးနိုး။
(၂၈) ကြိုးချင်းထား၊ကြိုးချင်းငြိ။ အိုးချင်းထား၊ အိုးချင်း ထိ။
(၂၉) အကြောင်းသင့်၊ထနောင်းပွင့်။
(၃၀) အသွင်မတူ၊အိမ်သူမဖြစ်။
(၃၁) တခါသေဘူးလျှင် ပျဥ်ဘိုးကိုနားလည်သည်။
(၃၂) အရေးရှိမှ၊အရာ၌ပေါ်သည်။
(၃၃) မလိမ်မာ၊နှစ်ခါပင်ပန်းသည်။

(၃၄) ဖိတ်မတတ်၊ကိုယ်ကြွေသည်။
(၃၅) အကြောင်းတော်၊ထန်းလျှော်ဖါဖြစ်။
(၃၆) မမှားသောရွှေနေ့၊မသေသောဆေးသမားမရှိ။
(၃၇) • အရောဝင်၊အရှိသေတန်သည်။
(၃၈) ခန့်မသင့်၊ခွင့်မလျော်။
(၃၉) နွားရာမှာဝဲစွဲ၊လဲရာမှာထောင်းလျှောင်ဘာကောင်းမလဲ။
(၄၀) နဂိုရှိမှ၊နကိုင်းထွက်သည်။
(၄၁) လူမိုက်နောက်မှအကြံရသည်။
(၄၂) အကြံကုန်ဂဠုန်ဆားချက်။

## ဗျဉ္ဇနသမ္ဗန်တည်းဟူသောအစပ်၏သဘော ကိုကြံရာကြံကြောင်းဖြစ်သောဗျဉ္ဇန သမ္ဗန္ဓဝိဓာနခဏ်း။

ဒသမကဏ္ဍ၌ပဋိညာတို့၏အပြားကိုပြပြီး၍ ယခုအခါဗျဉ္ဇနသမ္ဗန် တည်း ဟူသော ပုဒ်နှစ်ခုတို့၏ အစပ်ကို ကြံရာ ကြံ ကြောင်းဖြစ်သောသမ္ဗန္ဓဝိဓာနဝါဒတို့ကိုဆိုပေအံ့။

တက္ကိကဆရာတို့သည်။ အ-ဓု-ဇေ-ဩ-တည်းဟူသောပဋိညာလေးမျိုးကိုသာအလိုရှိအပ်၏ဟူ၍ပြအပ်ပြီ။ ထိုရာတွင်ရင်းပဋိညာတို့၏ အဓိပ္ပါယ်ကို ကောက်ရာ၌ သဘောအားဖြင့်အယူအဆ၊ဆရာတဦးနှင့်တဦးမတူ၊ကွဲလွဲကြ၏။ ။ဥပမာ။"စက္ကုသည်ဖြူ၏,,ဟူသောပြယုဂ်၌ အဖြူတည်းဟူသောဂုဏ်သည် ဂုဏောဒြဗ်တည်းဟူသောစက္ကု၏ ဥဒ္ဒါအဖြစ်ဖြင့်စပ်၏ဟူ၍ဂုဏသမ္ဗန်ကိုအလိုရှိသော ဆရာတို့ဆိုကြကုန်၏။ ဤဆရာတို့၏အလိုအားဖြင့် စက္ကုဟူသောပုဒ်၏ဒဗ္ဗတ္တ။ ဖြူ၏ဟူသောပုဒ်၏ သကတ္တကို ယူ၍ ပဋိညာ၏ အဓိပ္ပါယ်ကိုကောက်၏ဟူလို။

ဆရာဟာမ္ဗိလတန်၏အလိုအားဖြင့်ကားပုဒ်နှစ်ပုဒ်စလုံး၏သကတ္တကိုလိုမူ။အဖြူဂုဏ်သည်စက္ကုဒြဗ်၏ ဂုဏ်အပေါင်းတွင်အစိတ်အဖြစ်ဖြင့်စပ်၍ဗျဉ္ဇနသမ္ဗန်ကို အဝယဝသမ္ဗန်ဟူ၏။ပုဒ်နှစ်ပုဒ်လုံး၏ဒဗ္ဗတ္တကို လိုမူကားစက္ကုဒြဗ်သည် ဖြူသောဝတ္ထုဒြဗ်တို့၏အစိတ်အဖြစ်ဖြင့်စပ်၍ဗျဉ္ဇနသမ္ဗန်သည်သမူဟသမ္ဗန်မည်၏ဟူလို။

ဆရာမံဆလ်၏အလိုအားဖြင့် မြင်အပ်သော အဖြူရူပါရုံသည်စက္ကုဒြဗ်၌ဖြစ်၏။ ထို့မှတပါး။ဂန္ဓ၊ရသ၊ ဩဇတို့သည်ည်း။ရင်းစက္ကုဒြဗ်၌ပင်ရှိ၏။ထိုအဖြူဂုဏ်နှင့်စက္ကုနံ့၊စသည်

တို့သည်စက္ခုဒြဗ်၌ အတူတကွသဟဇာတ် ဖြစ်ခြင်းဌာလျော်၏ဟူလို။ သို့ရာတွင် ဒဗ္ဗဒြဗ်ထင်ရှားရှိရမည်ဟူ၍မဆိုလို။ ရှိကောင်း၏ဟူ၍စိတ်ထဲ၌ဖြစ်လျှင်ပင်တော်ပြီ။ ။ဥပမာ။"နဂါးအမျက်ထွက်၏,,ဟူရာ၌ နဂါးဒြဗ်ကိုမမြင်ဘူးကြသော်လည်း။ နဂါး၏အဖြစ်နှင့်အမျက်ထွက်ခြင်းသည်အတူတကွ ဒြဗ်တခုတည်း၌သဟဇာတ်ဖြစ်ကောင်းလျှင်တော်ပြီဟူလို။

ဤဝါဒ၌ပုဒ်နှစ်ခု၏အနက်လျော်၊မလျော်ကိုဗျတ္တိနသမ္ဗန်ဖြင့်ပြ၏ဟူ၏။ထိုကြောင့်အနုလောမသမ္ဗန်မည်သင့်၏။ ။

ဆရာယူဘာဝဂ်၏ အလိုအားဖြင့် သော်ကား။"မိန်းမမြုံသားသွား၏,,ဟူရာ၌မိန်းမမြုံ၌သားမရှိရကား။ ၎င်းမရှိသောဒြဗ်၏သွားခြင်းလည်းမရှိနိုင်သောကြောင့်ဤပြယုဂ်သည်သဒ္ဒါဝါကျပင် ဖြစ်သော်လည်း တဂ္ကိကဝါကျဟု ဆိုအပ်သောပနိုညာမဟုတ်ဟူ၏။လောက၌ပရမတ္ထအားဖြင့်ထင်ရှားရှိသောအာရုံနှစ်ခုကိုသာ စိတ်၌စပ်အပ်၏။ ဤသို့စပ်ကောင်းမှလည်း ၎င်းအစပ်ကိုဗျတ္တိနသမ္ဗန်ဖြင့်ပြအပ်၏ဟူလို။

ဆရာဟောဗ္ဗ၏ အလိုအားဖြင့်ကား။ဝါစ္စ။ ဝါစကပုဒ်တို့သည်ဒြဗ်ဖြစ်စေ၊ ဂုဏ်ဖြစ်စေ၊ တခုခုသောအာရုံ၏ အမည်ပညတ်မျှသာဖြစ်ကြ၏ဟူ၏။ တခုသောအာရုံ၏ အမည်နှစ်ခုကိုဗျတ္တိနသမ္ဗန်ဖြင့်စပ်၍ပြ၏ဟူလို။ ။ဤဝါဒကို"ဦးလှိုင်သည် ဇွဲပြည်မင်းကြီးတည်း,, စသော ပြယုဂ်တို့၌ နာမပုဒ်နှစ်ခုကိုစပ်၍ဆိုသောအခါသာမှန်၍ တပါးသောအစပ်တို့၌မမှန်ဟူ၍ဆရာမိလကပယ်လေ၏။ ။အချို့သောဆရာတို့ကားဒြဗ်ကိုဇာတ်အတွင်းသို့၎င်း။ဇာတ်ကလေးကို ဇာတ်ကြီးအတွင်းသို့၎င်းသွင်း၍အဓိပ္ပါယတ္ထကိုကောက်ကြ၏။ ။ဥပမာ။"စက္ကူဖြူ၏,,ဟူသောပြယုဂ်၌စက္ကူဒြဗ်သည်ဖြူသောဝတ္ထု၏ဇာတ်အတွင်းပါဝင်သည်ဟူ၍၎င်း။ စက္ကူဇာတ်သည်ဖြူသောဝတ္ထုဇာတ်တွင် ပါဝင်သည်ဟူ၍၎င်း။ အဓိပ္ပါယ်ကောက်လိုသည်။ သို့ရာတွင်။ ဇာတ်ဟူသည် ဒြဗ်အသီးသီး၏တူသော ဂုဏ်အ

ပေါင်း၏အမည်ပင် ဖြစ်သောကြောင့်။ ယခင်ဆရာဟောဗ္ဗ
နာမဝါဒနှင့် မကွဲမပြားပြီဟူ၍ ဆရာမိလက ဤဝါဒကိုလည်
ပယ်ပြန်၏။ ထို့ပြင်လည်းဖြူသော ဝဏ္ဏ၏ဓာတ်သို့ ရောက်
အောင်စိတ်ထဲ၌ မအောင်မေ့မိ၊ ဟူ၍ဆရာမိလဆိုသေး၏။
အချို့ဆရာတို့လည်းဝါစ္စ။ ဝါစကပုဒ်တို့သည် ဒြဗ်အနက်အာ
ဖြင့်ဎင်း။သချာအားဖြင့်ဎင်း။တူသည်ဟူ၏။ ဤဝါဒကိုနောက်
နောင်မိမိရေးသားသော ကျမ်းများ၌ ဆရာဟမ္မိလတန်ယူလေ
၏။သို့ရာတွင်ဝါစကပုဒ်၏ဒဗ္ဗတ္ထကိုမလိုမူ၍။ သကတ္ထကိုသ
လိုသည်ဆို၍။ ဤအယူကိုလည်း ဆရာမိလပယ်သေး၏။
ဤသို့သူတပါး၏ဝါဒတို့ကိုအတန်တန်ပယ်သော ဆရာမိလ၏
ဝါဒကား အဘယ်နည်း၊ ဟူငြားအံ့။ ။အတူတကွ သဟ
ဓာတ်ဖြစ်၍စပ်ခြင်းဖြင့်ဎင်း။ရှေ့နောက်ဖြစ်၍စပ်ခြင်းဖြင့်ဎင်း
အကြောင်းအကျိုးဖြစ်၍စပ်ခြင်းဖြင့်ဎင်း။တူသောသဘောကို
ပြ၍စပ်ခြင်းဖြင့်ဎင်း။ ဖြစ်ကာမတ္တမျှကိုပြ၍ စပ်ခြင်းဖြင့် ဎင်း၊
ဝါစ္စ၊ ဝါစကပုဒ်နှစ်ခုတို့၏ သကတ္ထတို့ အချင်းချင်း ဆက်ဆံ
သည်ကိုဖျဖြန သမ္မန်သည် ပြ၏ဟူ၏။ဥပမာ။ “ပန်းသည်မွှေး
၏,,ဟူသောပြယုဂ်၌ပန်း၏ သတ္တာသကတ်နှင့်မွှေးခြင်း ဂုဏ်
သကတ်တို့သည်အတူတကွသဟဓာတ်ဖြစ်၍စပ်ခြင်းကိုဖျဖြ
နသမ္မန်သည်ပြ၏။ ။“လူတို့သည်သေတတ်၏,,ဟူသောပြ
ယုဂ်၌လူ၏ဖြစ်ခြင်းဟု ဆိုအပ်သောဓာတိသဘော၏နောင်၊သေ
ခြင်းဟု ဆိုအပ်သော မရဏသဘောသည် အမြဲလိုက်သော
ကြောင့်သကတ်နှစ်မျိုး ၏ရှေ့နောင် အစပ်ကို ဖျဖြနသမ္မန်သည်
ပြ၏။“မိုးသည်လောင်၏,,ဟူသောပြယုဂ်၌မီး၏သတ္တာသကတ်
သည်အကြောင်း။ လောင်ခြင်းကိရိယာသကာတ်သည် အကျိုး
အဖြစ်ဖြင့် စပ်ခြင်းကိုဖျဖြန သမ္မန်သည်ပြ၏။ “မီးသည်ပူ၏,,
ဟူသောပြယုဂ်၌မီး၏ သတ္တာသကာတ်နှင့်ပူခြင်းဂုဏ် သကာတ်
သည်တူသောသဘောရှိ၏ဟူသောအစပ်ကို ဖျဖြနသမ္မန်သည်
ပြ၏။“မီးရှိ၏,,ဟူသောပြယုဂ်၌မီး၏သတ္တာသကာတ်သည်ဖြစ်

ဏာမဂ္ဂမှုကိုပြသောအစပ်ကိုဖျာ္ဖြနသမ္ဗန်သည်ဟော၏။

ဆရာဘိန်း၏အလိုအားဖြင့် အတူတကွ သဟဇာတ်ဖြစ်ခြင်းသဘော ရှေ့နောက်ဖြစ်ခြင်းသဘော။ တူခြင်းမတူခြင်းသဘော။ဤသုံးပါးသောသဘောကိုပြသော အစပ်တို့ကိုသာလိုအပ်၏။ ။ဆရာမာတိန္တို့၏အလိုအားဖြင့်ကားဂုဏောဒြဗ်နှင့်ဂုဏ်၏အစပ်ကိုဋင်း။ ကာလဒေသအားဖြင့် ရှေ့နောက် ဖြစ်သောအစပ်ကိုဋင်း။တပြိုင်နက်အတူတကွဖြစ်သောအစပ်ကိုဋင်း။ အကြောင်းအကျိုးဖြစ်သော အစပ်ကိုဋင်း။ တူမတူအဖြစ်ကိုပြသောအစပ်ကိုဋင်းလိုအပ်၏။

ဤသမ္ဗန္ဓဝတ္ထုစိန္တာအခဏ်း၌ဆိုအပ်ပြီးသည်ကားသမ္ဗန်၌ဋ်။ပဒတ္ထ၌ဋင်း။ ဝါဒကွဲပြား ကြသည် ကိုရော၍ ပြသော နည်းတည်း။ ယခုအခါသမ္ဗန်ဝါဒ။ ပဒတ္ထဝါဒတို့ကိုခွဲ၍ အကျဉ်းအားဖြင့်ပြပေအံ့။

ဆရာဟမ္ဗိလတန်၏သမ္ဗန်ဝါဒ ၌ပုဒ်နှစ်ခု၏အနက်သည်သဘောအားဖြင့် "တူမတူ„သောအခြင်းအရာကို ဖျာ္ဖြနသမ္ဗန်ပြသည်ဟူ၏။ ဋင်းတူမတူသော အခြင်းအရာအားလျော်စွာ သကတ္တ၌ဖြစ်စေ၊ဒဗ္ဗတ္ထ၌ဖြစ်စေ။ပုဒ်တခုသည်ပုဒ်တပါး၌အစိတ်အဖြစ်ဖြင့်ပါဝင်သည်၊မပါဝင်သည်ကိုပရိုညာသည် ဟော၏ဟူလို။

ဆရာမံဆလ်၏ သမ္ဗန်ဝါဒ၌ပုဒ် နှစ်ခု၏အနက် "လျော်မလျော်„သော အခြင်းအရာကို ဖျာ္ဖြနသမ္ဗန်ပြသည်ဟူ၏။ ဋင်းလျော်မလျော်သောအခြင်းအရာအားလျော်စွာဝါစွ၊ဝါစကပုဒ်တို့၏ ဟောအပ်သော ဂုဏ်တို့သည် လောက၌ ဖြစ်ကောင်းသောဒြဗ်တခု၌အတူတကွသဟဇာတ်ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကိုပရိုညာသည်ဟော၏ဟူလို။

ဆရာယူဘာဝဂ်၏ သမ္ဗန်ဝါဒ၌ကား၊ လောက၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသောအာရုံ၊ဝတ္ထု၊ ဒြဗ်အသီးသီးတို့၏ အချင်းချင်းရချ"ဆက်ဆံမဆက်ဆံ„သော အခြင်းအရာကိုဖျာ္ဖြ

နသမ္ဗန္ဓ်ပြသည်ဟူ၏။ ဤသို့ဆက်ဆံသည်၊ မဆက်ဆံ သ
ကိုပင်ပရိုညာလည်းဟော၏ဟူလို။

ဆရာမာတိန္တိ၏သမ္ဗန္ဓဝါဒ၌ဂုဏဒြဗ်နှင့်ဂုဏ်၏အစပ်က
ရင်း။ကာလဒေသအားဖြင့်အစပ်ကိုရင်း။အကြောင်းအကျိုးအ
စပ်ကိုရင်း။ တူမတူသော အခြင်းအရာကိုပြသော အစပ်က
ရင်း။ဗျဉ္ဇနသမ္ဗန္ဓ်ပြသည်ဟူ၏။

ဆရာမိလ၏ သမ္ဗန္ဓဝါဒ၌ဖြစ်ခြင်းကိုရင်း။ အတူတကွဖြ
ခြင်းကိုရင်း။ရှေ့နောက်ဖြစ်ခြင်းကိုရင်း။အကြောင်းအကျိုးဖြ
ခြင်းကိုရင်း။တူခြင်းကိုရင်း။ဗျဉ္ဇနသမ္ဗန္ဓ်ပြသည်ဟူ၏။

ဆရာဘိန်း၏သမ္ဗန္ဓဝါဒ၌၊အတူတကွဖြစ်ခြင်းကိုရင်း။ရှေ
နောက်ဖြစ်ခြင်းကိုရင်း။တူခြင်းမတူခြင်းကိုရင်း။ ဗျဉ္ဇနသမ္ဗန္ဓ်ပြ
သည်ဟူ၏။

သမ္ဗန္ဓဝါဒအမျိုးမျိုးကိုပြပြီး၍ ယခုအခါပဒတ္ထဝါဒအမျိုး
မျိုးကိုပြပေအံ့။

သာမန်ဝါဒ၌၊ဝါစ္စပုဒ်ကိုဒဗ္ဗတ္ထ၌၊ ဝါစကပုဒ်ကိုသကတ္ထ၌
လိုအပ်၏။"ဖြူသည့်ဝါ၏,,ဟူသောပြယုဂ်၌ ဝါ၏ဟူသော ဂု
ဏဝါစကသည်ဖြူဟူသောဂုဏဒြဗ်ကို ဟောသောကြောင့်
သာမန်ဝါဒသည်ဂုဏဝါစကဝါဒလည်းမည်၏။

ဒဗ္ဗဝါဒ၌၊ဝါစ္စ၊ဝါစကနှစ်ပုဒ်လုံးကိုဒဗ္ဗတ္ထ၌လိုအပ်၏။ နှစ်
ပုဒ်လုံးကိုဒြဗ်ဆိုက်အောင်အနက်ပေးရမည်ဟူလို။ထိုကြောင့်
ဤဝါဒသည်ဒဗ္ဗပဒတ္ထိကဆရာတို့၏အယူတည်း။

တုလျဝါဒ၌ဝါစ္စပုဒ်ဖြင့်မှတ်အပ်သောဒြဗ်တို့သည်။ ဝါစ
ကပုဒ် ဟောအပ်သောဒြဗ်တို့နှင့် တူမတူ၊ ညီမညီကိုပြသည်
ဟူ၏။ ဤဝါဒ၌ဒြဗ်ကိုလိုသောကြောင့်ဒဗ္ဗဝါဒနှင့်ပင်သွင်း၍
သင့်ပြုဟ်အပ်၏။

ဆရာဟောဗ္ဗ၏ နာမဝါဒကို အထက်၌ပြခဲ့ပြီ။ ဤဝါဒ
ကားနာမပဒတ္ထိကဆရာတို့၏အယူတည်း။

ဇာတိဝါဒ၌ဝါစ္စပုဒ်ဟောအပ်သောဇာတ်သည်ဝါစကပုဒ်

ဖြင့်မှတ်အပ်သော ဓာတ်ထဲ၌ပါဝင်သည်၊ မပါဝင်သည်ကိုဖြ
သည်ဟူ၏။ဤဝါဒ၌နှစ်ပုဒ်လုံး၏ အနက်မှာ ဓာတ်ကိုလိုသော
ကြောင့်ဓာတုပဒတ္ထိကဆရာတို့၏အယူတည်း။

သကတ္တဝါဒ၌ဝါစ္စ၊ ဝါစကနှစ်ပုဒ်လုံး၏သကတ္တကိုလိုအပ်
၏။နာမနှင့်ဓာတ်လည်းသကတ်ဖြစ်ကြ၍နာမဝါဒနှင့်ဓာတုဝါ
ဒတို့လည်းဤသကတ္တဝါဒ၌ဝင်၏ဟူ၍မှတ်အပ်၏။

ဒဗ္ဗတ္ထ-သကတ္တဝါဒ၌ဒဗ္ဗတ္ထကိုလိုလျှင်ဝါစ္စပုဒ်သည်ဝါစ
ကပုဒ်၌ပါဝင်၏။သကတ္တကိုလိုလျှင် ဝါစကပုဒ်သည်ဝါစ္စပုဒ်၌
ပါဝင်၏။ဝါစ္စပုဒ်၏အစိတ်ဖြစ်၏ဟူလို။

ဤပဒတ္ထဝါဒတို့မှတပါး။ တက္ကကျမ်း၌ ဟောသောအနက်
ဟုဆိုအပ်သော အဘိဓေယျတ္ထအားလျော်စွာ ဝါဒသုံးမျိုးကွဲ
ပြန်သေး၏။၎င်းဝါဒသုံးမျိုးကား။

ဝိဇ္ဇမာန-အဝိဇ္ဇမာနပညတ္တိဝါဒ၌ ယုန်ချိုစသည်ဖြင့် စိတ်
ထဲ၌ဖြစ်ကောင်းသောအာရုံဖြစ်လျှင်၎င်းအာရုံ၏“ပညတ်„ကို
ဝါစ္စ၊ဝါစကပုဒ်တို့ဟောအပ်ပြီဟူ၏။

ဝိဇ္ဇမာန ပညတ္တိဝါဒ၌ကား ပရမတ္ထအားဖြင့် ထင်ရှားရှိ
သောတရားတို့၏“ပညတ်„ကိုသာလျှင် ဝါစ္စ-ဝါစက-ပုဒ်တို့
ဟောကောင်း၏ဟူ၏။ ဤကားဆရာယူဘာဝဂ်စသော ဆရာ
တို့၏ဝါဒတည်း။

ပရမတ္ထဝါဒ၌ပရမတ္ထအားဖြင့်ထင်ရှားရှိသော တရားကို
သာဝါစ္စ၊ဝါစကပုဒ်တို့ဟောအပ်သည်။ပညတ်ကိုမဟောအပ်
ဟူ၏။ ။ဤကားဆရာ ဆပံဆာစသော ဆရာတို့၏ ဝါဒ
တည်း။

ဤသို့ဝါဒအမျိုးမျိုးကို သမ္ဗန္ဓတ္ထဝိန္နာဉာဏ် ထက်သန်စေ
ခြင်းငှာပြခဲ့ပြီးသော်ထည်း။ ပဋိညာဉ်၌ဝါစ္စ၊ဝါစကပုဒ်တို့၏သ
ကတ်ဟုဆိုအပ်သော ဝိသေသန၏ အဖြစ်ကို၎င်း။ ဒြဗ်ဟုဆို
အပ်သောဝိသေသျ၏ အဖြစ်ကို၎င်း။ထိုသကတ်၊ ဒြဗ်တို့၏အ
စပ်ကို၎င်း။ ဆိုလိုသောပုဂ္ဂိုလ်၏ အလိုအားဖြင့်သာလျှင် သိ

အပ်၏။ ။ဥပမာ။"နွားသည်ဖြူ၏,,ဟူသောပြယုဂ်တချို့ဖြူသ
ဂုဏ်သည်နွား၏ခြိမ်ဥဗ္ဗာဟူ၍ဆိုလိုလျှင်အစပ်သည်သံသ
မည်၏။ ဖြူသောဂုဏ်သကာတ်ကိုလိုသောကြောင့် အစပ်သ
ဂုဏသမ္ဗန်လည်း မည်၏။ နွားခြိမ်သည် ဖြူသော ဝဏ္ဏခြိမ်
ပေါင်း၏အစိတ်ဖြစ်၏ဟူ၍ ဆိုလိုမှုကား အစပ်သည် သမူ
သမ္ဗန်ဖြစ်၏။ သို့တည်းမဟုတ်၊ နွားဇာတ် ဝိသေသသည်ဖြ
သောဝဏ္ဏဇာတ်သာမည၏အစိတ်ဟူ၍ဆိုလိုသော်လည်း
စပ်သည်သမူဟသမ္ဗန်ပင်ဖြစ်၏၊ နွား၏ဂုဏ်အပေါင်းတွင်ဖြ
သောဂုဏ်သည် တစိတ်တဒေသဖြစ်၏ဟူ၍ဆိုလိုပြန်သော်
စပ်သည်အဝယဝသမ္ဗန်ဖြစ်၏။

ထိုမှတပါးလည်း အကြောင်းအကျိုးအဖြစ်ဖြင့် စပ်သော်
ဝိသေသျပုဒ်ကိုခွဲ၍။ ဟေတုသမ္ဗန်။ ဖလသမ္ဗန်၊ ဇနကသမ္ဗ
ဇညသမ္ဗန်။ကာရိယိသမ္ဗန်၊ကာရိယသမ္ဗန်ဖြစ်၏။

ကာလအားဖြင့်စပ်သော်။အဝဏ္ဏာသမ္ဗန်။အနန္တရသမ္ဗန်။
မနန္တရသမ္ဗန်။ သဟဇာတသမ္ဗန်။ ပုရေဇာတသမ္ဗန်။ ပစ္ဆာဇ
တသမ္ဗန်စသည်တို့ဖြစ်ကောင်း၏။

ဒေသအားဖြင့်စပ်သော်ကား ဌာနသမ္ဗန်၊ဌာနီသမ္ဗန်။ သ
ဓသမ္ဗန်။သဟဇာတသမ္ဗန်။ ပုဗ္ဗဇာတသမ္ဗန်။ ပရဇာတသမ္ဗ
စသည်တို့ဖြစ်ကောင်း၏၊

အတူတကွဖြစ်ခြင်းဖြင့်စပ်သော် သဟဇာတသမ္ဗန်၊ ဖြ
ကာမဏ္ဍမျှဖြင့်စပ်သော်အဏ္ဏိသမ္ဗန်၊တူခြင်းဖြင့်စပ်သော် သ
သသမ္ဗန်။မတူခြင်းဖြင့် စပ်သော် အသဒိသသမ္ဗန်။ လျော်ခြ
ဖြင့်စပ်သော် အနုလောမသမ္ဗန်၊မလျော်ခြင်းဖြင့်စပ်သော် န
လောမသမ္ဗန်စသည်ဖြင့်လည်း များပြားလာသင့်သေး၏၊

အဘိဓမ္မာ နည်းဖြင့်ကား ပစ္စည်း ၂၄ ပါးအား လျော်
သမ္ဗန်လည်း၂၄ပါးပင်ခွဲမည်ဆိုလျှင်လည်း ခွဲသင့်၏ဟူ၍ ထ
၏။

## လေ့ကျက်ရန်။

အောက်ပါပဋိညာဉ်တို့ကို ပဒဏ္ဍနှင့်သမ္ဗန်ဝါဒအမျိုးမျိုးဖြင့် ခွဲလော။ •

(၁) သိတင်းကျွတ် တလပတ်လုံး ကြာကန်သည် မွေ့လျော်ဘွယ်ရှိ၏။
(၂) မြင်းသည်လျင်မြန်စွာပြေး၏။
(၃) တိဿသည်အမိကိုဖွဲ၍ကောင်း၏။
(၄) ဗာရာဏသီ ပြည်သည် ဂင်္ဂါမြစ်နှင့်တကွ စပ်၍ တည်ထောင်အပ်ပြီ။
(၅) ပညာရှိသောသူသည် သာရိပုတ္တရာအောက်ယုတ်၏။
(၆) လယ်ထွားသည်တစ္ဆေဖြင့် ကောက်စပါးကို ရိတ်၏။
(၇) အဘသည်သားနှင့်တကွဥစ္စာရှိ၏။
(၈) ခြေဖြင့်ခွင်သောသူအသွှခံ၏။
(၉) ရွာမှရဟန်းတို့သည်ဘဲကုန်၏။
(၁၀) စရပ်မှဘဲကြည့်၍ ကုန်သည်တို့သည် လာကြကုန်၏။
(၁၁) တောင်တိုင်အောင်လယ်တောသည်တည်၏။
(၁၂) မူဆိုးသည် ယနေ့၌ သမင်ကိုပစ်ပြီး၍ တလမှပစ်၏။


# ဒွါဒသမကဏ္ဍ။

## ပဋိညာအချင်းချင်းဆန့်ကျင်ခြင်းတည်းဟူသော ပဋိညာပက္ခဋ္ဌခဏ်း။

ဧကာဒသမကဏ္ဍ၌ သမ္မန်အမျိုးမျိုးကို ကြံရာကြံကြေ ဖြစ်သော သမ္မန္တဋ္ဌစိန္တာကိုပြပြီး၍ ယခုအခါပဋိညာတို့၏ ချင်းချင်း ဆန့်ကျင်သောသဘောဟုဆိုအပ်သော ပက္ခဖျ ပြပေအံ့။ ။

ပြဆိုအပ်ပြီးသောသမ္မန်ဝါဒ၊ပဒတ္ထဝါဒတို့တွင် မည်သ ဝါဒကိုမျှ အတည်ကျကျ ဤကျမ်း၌မယူမှု၍။ အလုံးစုံသေ ဝါဒတို့ကိုပင် ထိုက်သည်အားလျော်စွာ ဤကျမ်း၌ အသုံ လတ္တံ့။ ။ဥပမာ။ "အားလုံးသော လူတို့သည်သတ္တဝါချ ဖြစ်ကြ၏,,ဟူသောသဗ္ဗဗျာပိဥတ္တပဋိညာ၏အနက်ကိုလူ၏ ဝိသေသ၌ တည်သော လူဖြစ် အပေါင်းသည် သတ္တဝါဇ သာမည၌ပါဝင်သောသတ္တဝါဖြစ်အပေါင်း၏တစိတ်တဒေ ဖြစ်၏ဟူ၍၊ ဤကျမ်းဆရာက အဓိပ္ပါယ်ကောက်လျှင်၊ ဇ ဝါဒနှင့်ဒဗ္ဗဝါဒကိုပေါင်း၍အသုံးပြုပြီးလျှင်သမူဟသမ္မန်ကို ၏ဟူ၍သိအပ်၏။

ဤအ–ပဋိညာဖြစ်သောပြယုဂ်၏အဓိပ္ပါယတ္ထတို့ကိုပုံခ ပြရမည်ဆိုသော်၊ အောက်၌ပြဆားလျက်ရှိသည်အတိုင်း၊ ဆယ်ပုံတဘုံ၌ကျင်လည်ကုန်သော သတ္တဝါအပေါင်းကို၊ စ ဝိုင်းကြီးတခုဖြင့်ပြ၍၊ ၎င်းအတွင်း စက်ဝိုင်းကလေးတခု လူအပေါင်းကိုမှတ်ရာ၏။





ပုံ–(၁)

ဤပုံ (၁) အရ၊လူသည်သတ္တဝါ အစိတ်။တနည်း။သတ္တဝါ၌ အနွေ ဟူ၍ သိရ၏။ ။ဤ၊အ–ပဋိညာ စက်ဝိုင်း ကလေး အတွင်းရှိသော သတ္တဝါ အားလုံး အကြောင်းကို

လျှင်သိရ၏။ငင်းစက်ပိုင်းကလေး၏ပြင်ဘက်ကျသောသတ္တဝါ တို့၏ အကြောင်းကိုကား မသိစွမ်းနိုင်သေး။ထို့ကြောင့် ငင်း ပဋိညာဉ်ကိုပြန်သောအားဖြင့်"အားလုံးသော သတ္တဝါတို့သည် လူချည်းဖြစ်ကြ၏,,ဟူ၍မဆိုနိုင်။ဆိုလျှင်လည်း မှားလိမ့်မည်။

"အချို့သောလူတို့သည်သူတော်သူမြတ်ဖြစ်ကြ၏,,ဟူသော အသဗ္ဗဗျာပိဥတ္တပဋိညာဉ်၏အဓိပ္ပါယ်ကား လူဇာတ်နှင့်သူတော် သူမြတ်ဇာတ်သည်။တစိတ်တဒေသအားဖြင့်ထပ်တူဖြစ်၏ဟူ လို။(ဤ၌ဇာတိဝါဒသက်သက်ကိုသာအသုံးပြု၍အဓိပ္ပါယ်ကို ကောက်လိုက်သည်။ ဒဗ္ဗဝါဒကိုသုံးလျှင်လည်း ဖြစ်နိုင်သေး သည်သာသျှင်တည်း။ ။ဤကားစကားချပ်)။

ဤ၊ဣ-ပဋိညာဉ်၏သဘောကိုပုံဆွဲ၍ပြရလျှင် အောက်ပါအ တိုင်း စက်ပိုင်းနှစ်ခုကို တစိတ်တဒေသအားဖြင့် ထပ်၍ပြရာ ၏။




ပုံ-(၂)

ဤပုံ (၂)၏ ထပ်သည့် အပိုင်း အတွင်း ၌ လူ တို့သည် သူတော် ကောင်း ဖြစ်ကြောင်းကိုသာ သိရ ၏။ ငင်းထပ်သည့်အပိုင်း၏ပြင်ဘက် ကျသောလူစက်ပိုင်းအတွင်းလူဆိုး တို့ကိုငင်း။ သူတော်သူမြတ် စက်ပိုင်း အတွင်း နတ်ကောင်း၊ ဗြဟ္မာကောင်းတို့ကိုငင်း။ဤပဋိညာဉ်သည်။အသျှင်းမဟော၍မ သိစွမ်းနိုင်။

"လူတို့သည်နတ်မဟုတ်,,ဟူသောသဗ္ဗဗျာပိအနုတ္တပဋိညာဉ် ၌လူနှင့်နတ်မတူကွဲပြားသောသဘောကိုဟော၏။


ဤ၊ဇ-ပဋိညာဉ်ကိုပုံဖြင့်ဆွဲ၍ပြလျှင် စက်ပိုင်းနှစ်ခုကိုမထပ် ဘဲပြရာ၏။




ပုံ-(၃)

ဤပုံ (၃)၌ စက်ဝိုင်းနှစ်ခု
ထပ်သည်ကိုမြင်၍။ လူကိုနတ်
အထဲ၌ ရှာ၍ မတွေ့။ နတ် ကိ
လည်း လူအထဲတွင်ရှာ၍မတွေ့
ဟူ၍သိအပ်၏။ဤအနုတ္တပဋိည
သည်။ယခင်ဥတ္တပဋိညာနှစ်မျိုးမှ အဘယ်ကဲ့သို့ထူးပါသနည်
ဟူမူ။ဥတ္တပဋိညာတို့၌ဝါစကပုဒ်တခုလုံး၏အနက်ကိုမသိစွ
နိုင်။ဤဧ-ပဋိညာ၌ကား။ဝါစကတပုဒ်လုံး၏ အနက်ကိုသိရ၏
ဤကားအထူးတည်း။ ။ဥပမာ။"လူဟူသမျှသတ္တဝါတည်း,,ပ
သော-အ-ပဋိညာကိုပြန်သောအားဖြင့် "သတ္တဝါဟူသမျှ
တည်း,,။ဟူ၍မဆိုအပ်သောကြောင့်သတ္တဝါဟူသောဝါစ
ပုဒ်သည်မနှံ့။ ။"အချို့လူတို့သည်သူတော်သူမြတ်တည်း
ဟူရာ၌လည်းသူတော်သူမြတ်တိုင်းပင်လူချည်းဟူ၍အဓိပ္ပါ
မရောက်ရကား။သူတော်သူမြတ်ဟူသော ဝါစကပုဒ်လည်း
နှံ့ပေ။ ။"လူဟူသမျှနတ်မဟုတ်,,ဟူရာ၌ကား။"နတ်ဟူသ
လည်းလူမဟုတ်,,ဟူ၍သိရပေသောကြောင့် နတ်ဟူသော
စကပုဒ်သည်နှံ့၏။

"အချို့သောလူတို့သည်အပါယ်မသွားကြကုန်,,ဟူသော
သဗ္ဗဗျာပီအနုတ္တပဋိညာ၌အချို့သောလူတို့သည် အပါယ်သွ
ကြသောသူတို့မဟုတ်ဟူ၍ဟော၏။ ဤသို့ဟောသော အန
ကိုပုံဖြင့်အောက်ပါအတိုင်းပြရာ၏။




ပုံ-(၄)

ဤပုံ(၄)၌ထပ်သည့် အပိုင်း
တွင်းကျသောလူဆိုးတို့ကိုဤပြ
ပဋိညာသည်အလျှင်းမဟော။
သည် အပိုင်း၏ အပြင်ဘက်
သောလူကောင်းတို့ကိုသာ ဟေ
၏။ဤသို့ဟောအပ်သောလူကောင်းတို့ကို အပါယ်သွားကြ
အပေါင်းမှ အသီးထုတ်နုတ်၍ ဆိုအပ်သောကြောင့် အပါ

သွားကြသူတို့ဟူသောဝါစကပုဒ်သည်နှံ့၏။ ။ထို့ကြောင့်။

အ-၌၊ဝါစ္စပုဒ်နှံ့၍၊ဝါစကပုဒ်မနှံ့။

ဧ-၌၊ဝါစ္စပုဒ်လည်းမနှံ့၊ဝါစကပုဒ်လည်းမနှံ့။

ဣ-၌၊ဝါစ္စပုဒ်လည်းနှံ့၏၊ဝါစကပုဒ်လည်းနှံ့၏။

ဩ-၌၊ဝါစ္စပုဒ်မနှံ့၊ဝါစကပုဒ်သာလျှင်နှံ့၏။

ပဋိညာဉ်တို့၌ဤသို့ပုဒ်နှံ့၊ မနှံ့ကိုကောင်းစွာစိစစ်အပ်၊ သိအပ်၊မှတ်အပ်၏။သို့မှလည်းအကြံမှန်မည်။

ပဋိညာဉ်လေးမျိုး၌ပုဒ်တို့နှံ့၊မနှံ့၊သဘောကို ပြပြီး၍ယခုအခါ။ ထိုပဋိညာဉ်လေးမျိုးတို့၏ အချင်းချင်း ဆန့်ကျင်ခြင်း။ တနည်း။ဆက်ဆံခြင်းသဘောကိုပြပေအံ့။

“လူဟူသမျှသတ္တဝါတည်း,,ဟုဆိုပြီးမှ၊“အချို့လူသည်သတ္တဝါမဟုတ်,,ဟူ၍နောံထပ်၍မဆိုနိုင်ပြီ။ “လူဟူသမျှသတ္တဝါမဟုတ်,,ဟူ၍ကား။အတိမှာပြောဆိုနိုင်အံ့နည်း။ ။ထို့ကြောင့် အ-သည်၊ဧ-ဩတို့နှင့် အနက်ဆန့်ကျင်၏။ ပြန်သောအားဖြင့် ဧ-ဩ-တို့လည်းအ-နှင့်ဆန့်ကျင်၏ဟူ၍သိအပ်၏။ ။ဤနည်းအတူ။“အားလုံးသောလူတို့သည်နတ်မဟုတ်,,ဟုဆိုပြီးမှ။“အချို့သောလူတို့သည်နတ်ဟုတ်၏,,ဟူ၍ပြောဆိုခွင့်မရှိပြီ။“အားလုံးသောလူတို့နတ်ဟုတ်၏,,ဟူ၍ကား။အတိမှာပြောဆိုနိုင်အံ့နည်း၊ထို့ကြောင့်ဧ-သည်၊ အ-ဣတို့နှင့်ဆန့်ကျင်၏ဟူ၍ မှတ်အပ်၏။ ။သို့ရာတွင်အထူးသတိပြုရမည်မှာ။ အ-မှားလျှင်၊ ဩ-သည်မုချမှန်၏။ ဧ-မှာမူကားမှန်ကောင်းမှ၊မှန်မည်။ မှားလျှင်လည်းမှားနိုင်သေးသည်သာလျှင်တည်း။ ။ဥပမာ။“လူအားလုံးရိုး၏,,ဟူသောစကားသည်မှားသည်ဖြစ်ခဲ့အံ့။“အချို့လူသည်မရိုး,,ဟူ၍အဓိပ္ပါယ်ရော၏။ “လူတိုင်းပင်မရိုး,,ဟူ၍ကားအဓိပ္ပါယ်မရောက်။သို့အ-နှင့်ဩ-မှါမှါးခြင်း၊မှန်ခြင်းသဘောအားဖြင့်ဧကန်ဆန့်ကျင်ကြ၍။ဤပဋိညာဉ်တရုံကိုဝိရုဒ္ဓပဋိညာဉ်ဟူ၍ခေါ်အပ်၏။ကေန္ဒပက္ခပဋိညာဉ်လည်းခေါ်အပ်၏။ ။ အ-နှင့်ဧ-မှာမှားခြင်း၊မှန်ခြင်းသဘောအားဖြင့်အနေကန်ဆန့်

ကျင်ကြ၍။ ၎င်းပဋိညာတရံကို ပဋိပက္ခဋ္ဌပဋိညာဟူ၍ ခေါ်အပ်၏။ အနေကဋ္ဌပက္ခပဋိညာလည်းဟူ။ ။ဤဝိရုဒ္ဓဋ္ဌပဋိပက္ခဋ္ဌသဘောနှစ်ခု၏အထူးကိုထင်ရှားစေဦးအံ့။

အ–ကိုမှားသည်ဟူ၍ သက်သေထင်ရှားပြလိုသော်။ဣ–မှန်ကြောင်းကိုပြလျှင်ပင် လုံလောက်ပြီ။ ဇ–မှန်ကြောင်းကိုပြနိုင်ခဲ့သော်လည်းပြရန်မလိုပြီ။ပြလျှင်အလုပ်သာပိုတော့မည်။ ထိုနည်းအတူဇ–မှားကြောင်းကို ပြလိုသော်။ ဣ–မှန်ကြောင်းကိုပြရုံနှင့်လုံလောက်တော့သည်။ အ–မှန်ကြောင်းကို ပြရန်မလိုပြီ။

မည်သူမဆိုအ–ကိုဖြစ်စေ။ ဇ–ကိုဖြစ်စေပြောဆိုသောအခါ။၎င်းအ–နှင့်ဇ–ကိုမှားသည်ဟုပြလိုလျှင်။ ၎င်းအ–နှင့်ဇ–တို့နှင့်ဆန့်ကျင်သောအနက်၌ ဖြစ်သောချွင်းချက်များကို ထုတ်ဘော်၍ ပြရန်တာဝန်ရှိ၏။ ။ဤသို့စကား အမှားဘမ်းလိုသောဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တို့မှာချွင်းချက်ရှိသမျှကိုသိရန်မလို။ ချွင်းချက်တခု၊နှစ်ခုလောက်ကိုရှာ၍ အမှားဘမ်းလျှင်တော်ပြီ။ အဘယ်ကြောင့်ဆိုသော်။ ချွင်းချက်တခုဖြင့်ပင်ယခင်အ–နှင့်ဇ–စကားရပ်တို့ ပျက်ပြီ ဖြစ်သောကြောင့် တည်း။ ဤကားဝိရုဒ္ဓဋ္ဌပဋိညာဖြင့် သူတပါး၏ စကားကို ဖျက်သော နည်းတည်း။ ။ဤသို့ဝိရုဒ္ဓဋ္ဌပဋိညာဖြင့်မဖျက်မူ၍ ပဋိပက္ခဋ္ဌပဋိညာကိုအကယ်၍မိမိကပြန်ဆိုမိအံ့။ထိုမိမိဆိုမိသောစကားမှန်ကြောင်းကိုသက်သေပြရန်မိမိ၌တာဝန်ရှိပြန်သောကြောင့်သူတပါးကိုမိမိကစကား အမှားဘမ်းသကဲ့သို့။ သူတပါးကလည်းမိမိကိုပြန်၍စကားအမှားဘမ်းခွင့်ရှိလိမ့်မည်။ ။ဥပမာ။ "တိတ္ထိတက္ကဒွန်းဟူသမျှ ဗုဒ္ဓဘာသာဝင်လူမျိုးထက် အကျင့်မြတ်၏"ဟူ၍တိတ္ထိတက္ကဒွန်းဆရာကြီးတဦးကဆိုသော်။ ဗုဒ္ဓဘာသာဝင်လူဟူသမျှ တိတ္ထိတက္ကဒွန်းတို့ထက် အကျင့်မြတ်ကြောင်းကို ပြရန်မလို။ ဗုဒ္ဓဘာသာဝင် လူတဦးနှစ်ဦး၏ အကျင့်အာစာရသည် တိတ္ထိတက္ကဒွန်းတို့၏အကျင့်စာရိတ္တထက်


သာလွန်မြတ်ကြောင်းကို ထင်ရှားပြနိုင်လျှင်ပင်လုံလောက်၍ ထိုတိတ္ထိဆရာကြီး၏စကားပျက်တော့သည်။ သို့ရာတွင်တိတ္ထိဆရာကြီး၏စကားကိုမခံချင်လွန်း၍။ "ဗုဒ္ဓဘာသာဝင်လူဟူသမျှပင်တိတ္ထိတက္ကဒွန်းတို့ထက် အကျင့်မြတ်၏,, ဟူ၍ပဋိညာဉ်စကားလွန်ဖြင့်တုံ့ပြန်ချေမိသော်။ ထိုတိတ္ထိဆရာကြီးကပြန်၍တဘန်ဆင်ခြေ ကန်ခြင်းငှါလွယ်၏။ အဘယ်ကြောင့်ဆိုသော်။ ဗုဒ္ဓဘာသာဝင်လူမျိုးတွင်မုဆိုးတံငါတို့၏အကျင့်သည်တိတ္ထိတက္ကဒွန်းတို့၏အကျင့်အောက်ယုတ်ကြောင်းကို ၎င်းတိတ္ထိဆရာကြီးက ထင်ရှား ပြနိုင်လျှင် မိမိဆိုမိသော ပဋိညာဉ် စကားပျက်ပြန်သောကြောင့်တည်း။ ။စကားအနိုင်အထက်လု၍ပြောဆိုငြင်းခုံကြရာတွင် ပဋိပဋိညာဉ်စကားကိုဆို၍ ဆင်ခြေကန်နိုင်မှစကား နိုင်မည်ဟူ၍ အချို့လူတို့ထင်ကြခြင်းမှာ အသင့်ယုတ္တိမရှိဟူ၍မှတ်အပ်၏။ ။ပဋိပဋိညာဉ်စကားဖြင့်ဆင်ခြေကန်သောသူတို့သည်သူခိုးကိုထားရိုးကမ်းသော သူနှင့်တူ၍၊ စကားတတ်လက္ခဏာသို့မရောက်။ ။ထိုကြောင့်အ-ကိုဩ-ဖြင့်ဖျက်ရာ၏။ဧ-ကိုဣ-ဖြင့်ဖျက်ရာ၏။ပြန်သောအားဖြင့်ဩ-ကိုအ-ဖြင့်။ ဣ-ကိုဧ-ဖြင့်ဖျက်ရာ၏။ ဤဆိုအပ်ပြီးသည့်နောက်နည်းမှတပါးဩ-နှင့်ဣ-ကိုဖျက်ရန်နည်းမရှိပြီ။ • ။ ဤဝိရုဒ္ဓဉာဉ်ဆင်ခြေ။ ပဋိညာဉ်ဆင်ခြေ နှစ်ခု၏အထူးကို ရှေ့နေရှေ့ရပ်တို့ကောင်းစွာမှတ်အပ်၏။

အ-နှင့်-ဧ။အ-နှင့်-ဩ။ ဧ-နှင့်-ဣ။ တို့ကိုနှိုင်းရှည့်၍ ပြပြီးသည်၏အခြားမဲ့၌ ဣ-နှင့်-ဩ-ကိုနှိုင်းရှည့်၍ပြပေအံ့။

ဣ-မှာဥဏ္ဏ။ဩ-မှာအနုဏ္ဏဖြစ်၍ဆန့်ကျင်ကြသော်လည်း။ တူပြိုင်ခြင်းသဘောရှိသေး၏။ ။ဥပမာ။"အချို့သောပုဂ္ဂိုလ်တို့သည်ရဟန္တာဖြစ်ကြ၏။,,ဟူသောဣ-မှန်လျှင်။"အချို့သောပုဂ္ဂိုလ်တို့သည်ရဟန္တာမဟုတ်,,။ဟူသော်-ဩ-လည်းမှန်သေး၏။ ။ဤသို့-ဣ-နှင့်-ဩ-တပြိုင်နက်မှန်ခွင့်ရှိသည်ကိုပင် တူပြိုင်ခြင်းသဘောရှိသည်ဟူ၏။ ။သို့ရာတွင် "အချို့သော

သေတ္တုတို့သည်မူလခေတ်တည်း,, ဟူသော-ဣ-မှန်လျှင်။ "အချို့သောသေတ္တုတို့သည် မူလခေတ်မဟုတ်,, ဟူသော-ဩ-သည်။ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်းမှန်ခွင့်ရှိသော်လည်း။ မမှန်ကြောင်းကို တပါးသော ခေတ္တဘောဒနည်းဖြင့်သိအပ်၏။ ထိုကြောင့်-ဣ-နှင့်-ဩ-မှာတူပြိုင်ခြင်းသဘောရှိသည်ဆိုသော်လည်းဆန့်ကျင်ခြင်း သဘောလည်း ရှိသေးသည်သာလျှင်ကတည်း။ ။သို့ရာတွင်-အ-နှင့်-ဧ-အစုံသည် အချင်းချင်းဆန့်ကျင်ကြသည်ထက်-ဣ-နှင့်-ဩ-အစုံသည် အချင်းချင်းဆန့်ကျင်ခြင်းသဘောနည်းရကား။၎င်း-ဣ-နှင့်-ဩ- တစုံကိုဟိနပဋိပက္ခတ္တ ပဋိညာ ဟူ၍ ခေါ်အပ်၏။ အ-နှင့်-ဧ-တို့၏ ပဋိပက္ခတ္တအောက်ယုတ်သောကြောင့်တည်း။

ယခုအခါအ-နှင့်-ဣ။ဧ-နှင့်-ဩ။တို့ကိုနှိုင်းရှည့်ပေအံ့။ ။အ-မှန်လျှင်၊ဣ-လည်းမှန်၏။ဧ-မှန်လျှင်၊ဩ-လည်းမှန်၏။အဘယ်ကြောင့်ဆိုသော် အပေါင်းမှန်က အစိတ်လည်း မှန်သင့်သောကြောင့်တည်း။ ။သို့ရာတွင်-ဣ-မှန်ငြားသော်လည်း၊အ-မှန်ကောင်းမှမှန်မည်။ထို့အတူ-ဩ-မှန်ငြားသော်လည်း။ ဧ-မှန်ကောင်းမှမှန်မည်။အဘယ်ကြောင့်ဆိုသော် အစိတ်မှန်သော်လည်းအပေါင်းမှားကောင်းသေးသောကြောင့်တည်း။ ။ဣ-သည်-အ-၌။ ဩ-သည်-ဧ-၌၊ အန္တောဂတ အကျုံးဝင်သောကြောင့်။ အ-နှင့်- ဣ-တစုံ။ ဧ-နှင့်- ဩ-တစုံ၊ ၎င်းနှစ်စုံကိုအန္တောဂမနတ္တပဋိညာဟူ၍ ခေါ်အပ်၏။ ထိုတွင်-အ-နှင့်-ဧ-ကိုအန္တောဂမျ။ ဣ-နှင့်-ဩ-ကို အန္တောဂတ၊ ဟူ၍မှတ်အပ်၏။ ။ဤသို့-အ-ဧ-ဣ ဩ-ပဋိညာလေးမျိုးအချင်းချင်း တမျိုးနှင့်တမျိုးဆက်ဆံပုံ။ ဆန့်ကျင်ပုံများကို အောက်ပါအင်းကွက်ဖြင့်အလွယ်တကူသိအပ်၏။




ဤအင်းကွက်၌ အောက်ပါသဘောတို့ကိုအထူးမှတ်အပ်၏။

(၁) ဝိရုဒ္ဓတ္ထပဋိညာနှစ်ရပ်အနက်၊တရပ်တရပ်တွင် ပဋိညာတခုမှန်လျှင်ကျန်သော ပဋိညာတခုမှားရမည်ရချ။ ပြန်သောအားဖြင့်ပဋိညာတခုမှားလျှင်ကျန်သောပဋိညာတခုမှန်ရမည်ကေန္နတည်း။ တရပ်လုံးတပြိုင်နက် မမှန်ကောင်း။ တပြိုင်နက်လည်းမမှားကောင်း။

(၂) ပဋိပက္ခတ္ထ ပဋိညာတရပ်မှာ ပဋိညာနှစ်ခုစလုံး တပြိုင်နက်မမှန်နိုင်သော်လည်း။တပြိုင်နက်မှားနိုင်၏။

(၃) ဟီနပဋိပက္ခတ္ထ ပဋိညာတရပ်မှာ ပဋိညာနှစ်ခုတွင် တခုသာမှားနိုင်သည်။ သို့ရာတွင်တရပ်လုံးမှန်မည်ဆိုသော် မှန်ကောင်းသေး၏။

(၄) အနုလောမနတ္ထပဋိညာနှစ်ရပ်အနက် တရပ်တရပ်တွင် သဗ္ဗဗျာပီမှန်လျှင်အသဗ္ဗဗျာပီလည်းမှန်ရမည်၊ ပြန်သောအားဖြင့်ကား အသဗ္ဗဗျာပီ မှန်ပြားသော်လည်း။ သဗ္ဗဗျာပီမှာမှန်ကောင်းမှန်မည်။မှားနိုင်သေး၏။

ဤသို့ပြအပ်ပြီးသည့်ပဋိညာအင်းကွက်၏သဘောရကိုသိမှတ်ရန်အရေးကြီးသောကြောင့်။ဓာနည်းအားဖြင့်ဇယားသွင်း၍ပြပြီးအံ့။

| အမှန်ဟု ဆိုလိုသော ပဋိညာ။ | အ | ဧ | ဣ | ဩ | |
|---|---|---|---|---|---|
| အ–မှန်လျှင် | မှန်၏ | မှား၏ | မှန်၏ | မှား၏ | သဗ္ဗဗျာပိ |
| ဧ–မှန်လျှင် | မှား၏ | မှန်၏ | မှား၏ | မှန်၏ | |
| ဣ–မှန်လျှင် | ဒွိဟ | မှား၏ | မှန်၏ | ဒွိဟ | အသဗ္ဗဗျာပိ |
| ဩ–မှန်လျှင် | မှား၏ | ဒွိဟ | ဒွိဟ | မှန်၏ | |

ဤဇယား၌"ဒွိဟ,,ဟူသည်ကား အမှန်အမှားနှစ်ဌာနတွင် မှန်၏ဟူ၍လည်းအတတ်မပြောနိုင်။မှား၏ဟူ၍လည်းအတတ် မပြောနိုင်။ မှန်လျှင်လည်း မှန်ကောင်း၏။ မှားလျှင်လည်းမှား ကောင်း၏ဟူ၍ဆိုလိုသည်။

သဗ္ဗဗျာပိပဋိညာကိုမှန်သည်ဟူ၍ဆိုသော်။ အသဗ္ဗဗျာပိ ပဋိညာကိုမှန်သည်ဟုဆိုသည်ထက်အသိများ၏။ ဤ၌"အသိ များသည်,,ဟူသည်ကားအမှန်အမှားကိုအတတ်မသိ၊ဒွိဟသ သယဖြစ်စရာ၊ ဇဝေဇဝါဖြစ်စရာ အချက်တို့နည်းသည်ကို ဆိုလိုသည်။ ။ပြန်သောအားဖြင့်။

| မမှန်ဟုငြင်း ပယ်အပ် သောပဋိညာ။ | အ | ဧ | ဣ | ဩ | |
|---|---|---|---|---|---|
| အ–မှားလျှင် | မှား၏ | ဒွိဟ | ဒွိဟ | မှန်၏ | သဗ္ဗဗျာပိ |
| ဧ–မှားလျှင် | ဒွိဟ | မှား၏ | မှန်၏ | ဒွိဟ | |
| ဣ–မှားလျှင် | မှား၏ | မှန်၏ | မှား၏ | မှန်၏ | အသဗ္ဗဗျာပိ |
| ဩ–မှားလျှင် | မှန်၏ | မှား၏ | မှန်၏ | မှား၏ | |

ဤဇယားကို မြင်သဖြင့် အသဗ္ဗဗျာပိပဋိညာကို မမှန်ဟူ

ငြင်းပယ်သော်။သဗ္ဗဗျာပိကို မမှန်ဟုငြင်းပယ်သည်ထက် အသိများ၏ဟူ၍သိအပ်၏။ ။ဥပမာ။ "အချို့ပုဂ္ဂိုလ်တို့သည်ရဟန္တာဖြစ်ကြ၏,,ဟူသောအသဗ္ဗဗျာပိ-ဣ-ကို ငြင်းပယ်လျှင် အားလုံးသောပုဂ္ဂိုလ်တို့သည်ရဟန္တာဖြစ်ကြ၏ဟူ၍ အဓိပ္ပါယ်မရောက်သောကြောင့်သဗ္ဗဗျာပိ-အ-ကိုလည်းမမှန်ဟူ၍ငြင်းပယ်ရာရောက်၏၊အ-ကိုမမှန်ဟုငြင်းပယ်သော်ကား၊ ဣ-ကိုမမှန်ဟု ငြင်းပယ်ရာမရောက်သေး။ ထို့ကြောင့်အသဗ္ဗဗျာပိကိုငြင်းပယ်လျှင်သဗ္ဗဗျာပိကိုငြင်းပယ်သည်ထက် အသိများ၏ဟူလို။

"လောက၌အချို့သေကြ၏,,ဟူ၍တဦးတယောက်အသဗ္ဗဗျာပိဖြစ်၍ဖြစ်သောစကားကို ဆိုချေသော်။ လောက၌မသေသူမရှိရကားသဗ္ဗဗျာပိဖြစ်၍ဖြစ်သောစကားကို ဆိုသင့်သောကြောင့်ထိုသူ၏အဆိုစကားကိုကြားသော သူကငြင်းပယ်ရန်ရှိ၏။သို့ရှိသော်လည်းစင်စစ်အားဖြင့်မှား၍ငြင်းပယ်အပ်သည်မဟုတ်။ကေန္တမှား၍ငြင်းပယ်အပ်သော စကားသည်ကား"အချို့မသေ,,။ဟူသောပဋိညာသာတည်း။ထို့ကြောင့်-ဣ-ကိုငြင်းပယ်သည်မဟုတ်၊ ဩ-ကိုသာငြင်းပယ်သည်ဟူ၍ မှတ်အပ်၏၊အဘယ်ကြောင့်ဆိုသော်-ဣ-သည်စင်စစ်အားဖြင့် တစိတ်တဒေသမှန်သေးသောကြောင့်တည်း။ ။ဣ-ကိုငြင်းပယ်လိုမူ၊မပြည့်စုံဟူ၍သာငြင်းပယ်ရာ၏။ ။ဥပမာ။"အချို့သေကြ၏,,ဟူသော-ဣ-ကိုမပြည့်စုံဟူ၍ ငြင်းပယ်က၊ မသေသူမရှိဟူ၍အဓိပ္ပါယ်ရောက်၏။"အချို့မသေကြ,,ဟူသော-ဩ-ကိုမှားသည်ဟူ၍ငြင်းပယ်က၊ အားလုံးသောလူတို့သေကြ၏ဟူ၍အဓိပ္ပါယ်ရောက်၏။ ဤသို့ဣ-နှင့် ဩ-တို့ကို ငြင်းပယ်ရာ၌အထူးကိုမှတ်အပ်၏။

ယခုအခါ ဟောအပ်သော သဘောအနက်အား လျော်စွာပဋိညာတို့ကိုဝေဘန်နည်းကိုဆိုပေအံ့။

(က) အားလုံးနှင့်ဆက်ဆံ၍ မဘောက်မပြန် မှန်တတ်

သော နိယမ သဘော တရားတို့၏အကြောင်း အတ္ထုပ္ပတ္တိ
ပြောဆိုကာလ–အ–ကို အသုံးပြုခွင့် ရှိ၏။ ပြုထိုက်၏။ ပြယု
ကား။ "သဗ္ဗေသင်္ခါရာအနိစ္စာ,,။

(၁) လောကဌမဖြစ်ကောင်းသောသဘောတရား၏
ကြောင်း အတ္ထုပ္ပတ္တိကို ပြောဆိုကာလ –ဇ–ကိုအသုံးပြုနိုင်
အသုံးပြုသင့်၏။ပြယုဂ်ကား။ "မည်သူမျှနိဗ္ဗာန်မှပြန်မလာ,,။

(၈) အချို့မှန်၍၊ အချို့မှားကောင်းသော။တနည်း၊ ရံ
ဖြစ်၍၊ရံခါမဖြစ်သော။တနည်း၊ မမြဲသောသဘောတရား၏
ကြောင်းအတ္ထုပ္ပတ္တိကိုပြောဆိုကာလ–ဣ–နှင့်–ဩ–တို့သည်
သုံးကျ၏၊ပြယုဂ်ကား။ "အချို့နတ်ဖြစ်၏,,။ "အချို့နတ်မဖြစ်,,

နိယမသဘောတရားတို့၏အကြောင်းကိုပြောဆိုရာ၌–အ–
နှင့်–ဣ–မှန်လျှင်–ဇ–နှင့်–ဩ–မှား၏။

မဖြစ်ကောင်း သော သဘော တရား တို့၏ အကြောင်းကို
ပြောဆိုရာ၌–ဇ–နှင့်–ဩ–မှန်လျှင်–အ–နှင့်–ဣ–မှား၏။

မမြဲသော သဘောတရား၏ အကြောင်းကို ပြောဆိုရာ၌
ဣ–နှင့်–ဩ–မှန်လျှင်–အ–နှင့်–ဇ–မှား၏။

## လေ့ကျက်ရန်။

ပဋိညာသာဓာရဏာဉာဏ် ထက်သန်စေခြင်းငှာ။ အောက်
ပါပဋိညာတို့တွင်။ အဘယ်ပဋိညာတရပ်သည် ပဋိပက္ခတ္တဖြ
သနည်း။ အဘယ်ပဋိညာတရပ်သည် ဝိရုဒ္ဓတ္တဖြစ်သနည်း။ အ
ဘယ်ပဋိညာတရပ်သည်အနွောဂမနတ္တဖြစ်သနည်း။ အဘယ်
ဋိညာတရပ်သည် ဟိနပဋိပက္ခတ္တဖြစ်သနည်း ဟူ၍ စိစစ်လေ
အနွောဂမနတ္တအရပ်တို့တွင်လည်းအနွောဂတ။ အနွောဂမျ
ခွဲလေ။ အဘယ်ပဋိညာမှန်၍ အဘယ်ပဋိညာ မှားသည်။ ဖြ
သောအားဖြင့် အဘယ်ပဋိညာများလျှင် အဘယ်ပဋိညာ မှ
သည်။အဘယ်ပဋိညာတို့ဒွိဟာဖြစ်သည်ကိုပြလေ။

(၁) မူလခေတ်ဟူသမျှကိုမတွေ့အပ်သေး။
(၂) အလုံးစုံသောမူလခေတ်တို့ကိုတွေ့အပ်ပြီ။
(၃) အချို့သောမူလခေတ်တို့ကိုမတွေ့အပ်သေး။
(၄) အချို့သောမူလခေတ်တို့ကိုတွေ့အပ်ပြီ။

---

(၁) အားလုံးလူတို့သည်ဗြဟ္မာဖြစ်ဘူး၏။
(၂) အချို့လူတို့သည်ဗြဟ္မာမဖြစ်ဘူး။
(၃) လူတွင်မည်သူမျှဗြဟ္မာမဖြစ်ဘူး။
(၄) အချို့လူတို့သည်ဗြဟ္မာဖြစ်ဘူး၏။

---

(၁) နတ်ဟူသမျှရောဂါမရနိုင်။
(၂) အချို့နတ်တို့သည်ရောဂါရနိုင်ကြ၏။
(၃) အားလုံးသောနတ်တို့သည်ရောဂါရနိုင်ကြ၏။
(၄) အချို့သောနတ်တို့သည်ရောဂါမရနိုင်။

---

(၁) တရားနာ ပရိသတ်အပေါင်းသည် သောတာပန် တည်ကြလေ၏။
(၂) တရားနာပရိသတ်အပေါင်းတွင် မည်သူမျှ သောတာပန်မတည်လေ။
(၃) တရားနာပရိသတ်အပေါင်းတွင်အချို့ သောတာပန်တည်လေ၏။
(၄) တရားနာပရိသတ်အပေါင်းတွင်အချို့ သောတာပန်မတည်လေ။

---

(၁) ရန်ကုန်မြို့တွင် တယောက်မျှ နွားသားကိုမရှောင်ကြ။
(၂) ရန်ကုန်မြို့တွင်အချို့နွားသားကိုရှောင်ကြ၏။
(၃) ရန်ကုန်မြို့၌အချို့နွားသားမရှောင်ကြကုန်။

## (၄) ရန်ကုန်တမြို့လုံးနွားသားရှောင်ကြ၍။

(၁) သရက်တော ကျောင်း တိုက်တွင် မည်သည့်
ဟန်းမှုပွဲမကြိုက်။

(၂) သရက်တော ကျောင်းတိုက်တွင် အချို့ရဟန်း
ကြိုက်၏။

(၃) သရက်တော ကျောင်းတိုက်တွင် ရဟန်းတိုင်း ပွဲ
ကြိုက်၏။

(၄) သရက်တောကျောင်းတိုက်တွင် အချို့ရဟန်းပွဲမ
ကြိုက်။

---

## ပဋိညာတမျိုးမှတမျိုးသို့ပြန်ခြင်းတည်းဟူသောပဋိညာ ဝိဘာဂရန္တှင့်ဇဝနဉာဏ်ဖြင့်ကြံခြင်းဟုဆိုအပ်သော အနန္တရိကတက္ကခဏ်း။

ဤဒါဒသမကဏ္ဍ၌ပဋိညာ အချင်းချင်းတခုနှင့်တခု ဆက်ဆံခြင်း၊ဆန့်ကျင်ခြင်းတို့ကိုပြပြီး၍။ ယခုအခါ ပဋိညာတမျိုးမှတမျိုးသို့ပြန်နည်းနှင့်ရုတ်တရက် ဇဝနဉာဏ်ဖြင့်ကြံနည်းတို့ကိုပြပေအံ့။

"ကြံသည်,, ဟူသည်ကားပဋိညာတရပ်မှ ပဋိညာတချပ်သို့အသိဉာဏ်ရောက်သည်ကိုဆိုလိုသည်။ ဤသို့အသိဉာဏ်ဖြစ်သည်ကိုအနုမာနဟူ၍ ခေါ်ကြ၏။ မိမိအတွက်ကြံလျှင်သွဋ္ဌာနုမာန။သူတပါးအတွက်ကြံလျှင် ပရဋ္ဌာနုမာနဟူ၍ရှေးတက်ကျမ်းတို့၌ခွဲကြ၏။ ရုတ်တရက် လျှင်မြန်စွာ အသိဉာဏ် ဖြစ်လျှင်ဇဝနဉာဏ်ကောင်းသည်ဟူ၍ဝေါဟာရ၌ဆိုကြ၏။

ဇဝနဉာဏ်ဖြင့် ကြားသဘောကင်း၍ ကြံခြင်းဟု ဆိုအပ်သောအနန္တရိကတက္ကနိုက်အခြေပြုအပ်သော ပဋိညာဟောင်းကိုပုဗ္ဗပဋိညာ။ ကြံ၍ရအပ်သောပဋိညာသစ်ကိုပရပဋိညာဟူ၍ခေါ်အပ်၏။ ။ဥပမာ။အောက်အကြေတခွင်တွင်မြစ်ရေကြီးသည်ကိုမြင်၍ အညာအရပ်နိုက်မိုးကောင်းသည်ဟူ၍ အသိဉာဏ် ဖြစ်ပေါ်သည်ကိုကြံသည်ဟူ၍ လူတိုင်းဆိုကြ၏။ ဤ၌ "အောက်အကြေတခွင်တွင် မြစ်ရေကြီး၏,, ဟူသောပဋိညာသည်ပုဗ္ဗပဋိညာ။ "အညာအရပ်၌မိုးကောင်း၏,, ဟူသောပဋိညာကားပရပဋိညာဖြစ်၏။

"ပြန်သည်,,ဟူသည်ကားပဋိညာတခု၌ဝါစ္စပုဒ်၊ဝါစကပုဒ်တို့ကိုအပြန်အလှန်ပြု၍ဆိုခြင်းတည်း။ ဤသို့ပြန်သဖြင့်ပဋိညာဟောင်းမှပဋိညာသစ်ကိုရ၏။ ။ဥပမာ။"လူသည်စား၏,,

ဟူသောပြယုဂ်၌ဝါစ္စ၊ဝါစကပုဒ်တို့ကိုပြန်လျှင်"စားသော
သည့်လူတည်း,,။ ဟူ၍ပဋိညာသစ် ဖြစ်လာ၏။ ဤသို့ပဋိည
ဟောင်းမှပဋိညာသစ်ဖြစ်တိုင်းအကြံပါသည်မဟုတ်။
မာ။"မဟာဗန္ဓုလသည် ဓနုဖြူမြို့၌ အင်္ဂလိပ်မင်းဗုံးလက်န
မှန်၍ကျသောမြန်မာစစ်သူကြီးတည်း,,။ ထိုကြောင့်"ဓနုဖြ
၌အင်္ဂလိပ်မင်း ဗုံးလက်နက်မှန်၍ကျသော မြန်မာစစ်သူကြ
သည်မဟာဗန္ဓုလတည်း,,။ ဟူ၍ပြန်ရုံပြန်၍ဆိုသောကြောင့်
ကြီးသည်ဟူ၍မည်သူမျှဆိုမည်မဟုတ်။ ။သို့ရာတွင်။ပြန်ရ
အကြံပါသည်ကိုပြပေအံ့၊

ပြန်အပ်သောပဋိညာကိုပကတိပဋိညာ၊ပြန်၍ရအပ်သေ
ပဋိညာကိုဝိကတိပဋိညာဟူ၍ ခေါ်ဝေါ်သွယ်စေခြင်းငှာမှ
အပ်၏။

ပကတိပဋိညာနှင့် ဝိကတိပဋိညာနှစ်ခုတို့ကို သဘောအ
နက် အဓိပ္ပါယ်အားဖြင့် ထပ်တူဖြစ်စေလိုသော်။ အောက်ပ
အင်္ဂါနှစ်ပါးကိုအမြဲမှတ်အပ်၏။

(၁) ဥဒ္ဒေသကိုဥဒ္ဒေသ။အနုဒ္ဒေသကိုအနုဒ္ဒေသပြန်ရာ၏။ဥဒ္ဒေသကိုအ
နုဒ္ဒေသ။အနုဒ္ဒေသကိုဥဒ္ဒေသမပြန်အပ်ဟူလို၊

(၂) ပကတိပဋိညာ၌ မနှံ့သောပုဒ်ကို ဝိကတိပဋိည
၌လည်းမနှံ့စေအပ်။

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံညီညွတ်မှ သာလျှင် ပဋိညာက
ပြန်ရာ၌အကြံပါသည်မည်၏။

ဤအခန်း၌-အ-ဧ-ဣ-ဩ-တည်းဟူသော ပဋိညာလေ
မျိုးတို့၏ပြန်ပုံအနည်းနည်းကိုသာပြအပ်၏။

"အားလုံးသောလူတို့သည်သတ္တဝါဖြစ်၏,,ဟူသောပဋိညာ
ကို"အားလုံးသောသတ္တဝါတို့သည်လူတည်း,,။ဟူ၍ပြန်သေ
မမှန်။အဘယ်ကြောင့်ဆိုသော်ပကတိပဋိညာသည် အ-ဖြစ်
ကားသတ္တဝါဟူသော ဝါစကပုဒ်သည်မနှံ့။ ဝိကတိပဋိည
လည်း အ-ပင်ဖြစ်၍ သတ္တဝါဟူသောဝါစ္စပုဒ်သည်နှံ့၏။ ထို

ကြောင့်ဒုတိယအင်္ဂါချွတ်ယွင်း၏။ ။သို့ရာတွင်“အချို့သော သတ္တဝါတို့သည်လူတည်း„။ ဟူ၍ပြန်မှုကား ဆိုအပ်ပြီးသည့် အင်္ဂါတို့နှင့်ညီညွတ်၍သင့်၏။ မှန်၏။ ဤသို့ပြန်ခြင်း၌ ပကတိ ပဋိညာသည်အ-ဖြစ်၏။ ဝိကတိပဋိညာကားဣ-ဖြစ်၏။ ဤကဲ့ သို့အ-မှ၊ဣ-သို့ပြန်ခြင်း၌အစ၌“အားလုံး„ဟူသောသဒ္ဒါကို“အ ချို့„ဟူသောသဒ္ဒါသို့အထူးပြု၍ပြောင်းရပြန်သောကြောင့် အ ထူးပြန်ခြင်းမည်၏။ ။အထူးပြန်၍ကြီးခြင်းသည်ဝိသေသနေ ၌-ဝိပရိယာယတက္ကမည်၏။

ပဋိညာ၌ဝါစ္စ၊ဝါစကပုဒ်တို့သည် နေရာပြောင်းလဲရုံပြောင်း ခြင်းသည်ရိုးရိုးပြန်ခြင်းမည်၏။ ။ဥပမာ။“အချို့သောသတ္တ၊ တို့သည်ဆပ်၏„ဟူသောပဋိညာကို„အချို့ဆပ်သောဝတ္ထု၊တို့ သည်သတ္တ၊တည်း„။ဟူ၍ပြန်သော်ရိုးရိုးပြန်သည်မည်၏။ဤ ၌ဣ-သည်-ဣ-ပင်ပြန်၍ဖြစ်၏။ထိုအတူ။ဧ-ကို-ဧ-ပြုနိုင်သေး ၏။ ။ဥပမာ။“မည်သည့်လူမဆိုနတ်မဟုတ်„ဟူသောပဋိညာ ကို“မည်သည့်နတ်မဆိုလူမဟုတ်„ဟူ၍ရိုးရိုးပြန်အပ်၏။ ။ဤ သို့ရိုးရိုးပြန်ခြင်းဖြင့်ကြီးခြင်းသည်။သာမည-ဝိပရိယာယတက္က မည်၏။

ဩ-ကို ဤဆိုအပ်ပြီးသည့် ရိုးရိုးပြန်ခြင်း။ အထူးပြန်ခြင်း ဟုဆိုအပ်သောနည်းတို့ဖြင့်ပြန်၍မရ။ ။ဥပမာ။“ပရမတ္ထအား ဖြင့် ထင်ရှားရှိသောတရား အချို့သည် ရုပ်မဟုတ်„ဟူသော ပဋိညာသည် ဩ-ဖြစ်၍ရုပ်ဟူသောဝါစကပုဒ်သည်နှံ့၏။ ဤ ဩ-ပဋိညာကိုရိုးရိုးပြန်သော် “အားလုံးသော ရုပ်တရားတို့ သည်ပရမတ္ထအားဖြင့်ထင်ရှားရှိသောတရားမဟုတ်„ဟူ၍ ရ လိမ့်မည်။ ။ဤဝိကတိပဋိညာမမှန်သည် ကိုသံဃိပ်ကျောင်း သူ၊မိန်းကလေးတို့သော်လည်းသိရှမ်းနိုင်၏။သို့ရာတွင်အဘယ် ကြောင့် မမှန်သနည်းဟူ၍ မေးသော်ကား အားလုံးသောရုပ် တရားတို့သည်။ ပရမတ္ထဘရား ဖြစ်ကြောင်းကို ဘုရားကိုယ် တော်မြတ် ဟောတော်မူသောကြောင့် ဟူ၍ ဖြေဆိုကြလိမ့်

မည်။ ။တက္ကိကဆရာမှာမှုကား ဤကဲ့သို့မဖြေလို။ အဘ
ကဲ့သို့ဖြေလိုသနည်းဟူငြားအံ့။ ပကတိပဋိညာသည် ဩ-
၍။ပရမတ္ထတရားဟူသောဝါစ္စပုဒ်သည်မ နှံ့ ခဲ့။ဝိကတိပဋိ
ကား၆-ဖြစ်၍ ပရမတ္ထတရားဟူသော ဝါစကပုဒ်သည် နှံ့
ဒုတိယအင်္ဂါ ချွတ်ယွင်း သောကြောင့် ဟူ၍ ဖြေဆို လို
တည်း။ ။"အချို့သော ရုပ်တရားတို့သည် ပရမတ္ထတရား
ဟုတ်,,ဟူ၍အထူးပြန်ခြင်းဖြင့်ပြန်လျှင်လည်းမသင့်။ မှားသေ
သည်သာလျှင်တည်း။ဩ-ကို၍နှစ်နည်းဖြင့်ပြန်၍မရကော
သော်။အဘယ်နည်းဖြင့်ပြန်အပ်သနည်းဟူမူ။ ရှေးဦးစွာအနု
ကိုဥဏ္ဍပြုပြီးမှနောက်တဘန်ရိုးရိုးပြန်အပ်၏ဟူသို။ ။အနု
ကိုဥဏ္ဍပြုရာ၌မြစ်ခြင်းအနက် နိသေဓနတ္ထ၌ဖြစ်သောမ-သ
ကိုဗျဥ္ဇနသမ္ဗန်မှခွင်း၍ဝါစကပုဒ်သို့ကပ်ပြီးလျှင်။ဤသို့မ-သ
ကပ်အပ်သော ဝါစကပုဒ်ကို ပရိယာယသဒ္ဒါ တခုခုဖြင့်
လှယ်၍ဆိုရာ၏။ ။ဥပမာ။"အချို့ပရမတ္ထတရားတို့သည်
မဟုတ်,,ဟူသော ဩ-ပဋိညာ၌မ-သဒ္ဒါကို သမ္ဗန်မှခွင်း၍
ဟူသောဝါစကပုဒ်သို့ကပ်ပြီးလျှင်ရသော "ရုပ်-မဟုတ်,,
"အသောဝါစကပုဒ်သစ်ကို "အရူပ,,သဒ္ဒါဖြင့် လဲလှယ်၍
လျှင် ချို့ပရမတ္ထတရားတို့သည် အရူပတရားတည်း,,ဟူ၍
လတ္တံ့။ဤကဲ့သို့ရသော ဝိကတိပဋိညာကိုတဘန်ရိုးရိုးပြန်
"အချို့ အရူပတရားတို့သည်။ တနည်း။ နာမ်တရား တို့သ
ပရမတ္ထတရားတည်း,,ဟူ၍ အသင့်ကိုကြံအပ်ပြီ။ (ဤ၌"
လုံးသောနာမ်တရားသည်။ပရမတ္ထတရားတည်း,,ဟူ၍ဆို
လျက်။ "အချို့နာမ်တရား,,ဟူ၍ဆိုရာ၌ မှားသည်မဟုတ်
ပြည့်ရုံကာမျှသာဖြစ်၏။ဤကားစကားချပ်)။ ။ဤသို့နှစ်
ပြန်၍ ဩ-ကိုဍ-ပြုခြင်းသည် မြစ်သောအားဖြင့်ပြန်ခြင်းမ
၏။ မြစ်၍ပြန်ခြင်းဖြင့်ကြံခြင်းသည်။ နိသေဓနေန-ဝိပရိယာ
တက္ကမည်၏။
"အားလုံးသော လူတို့သည်သတ္တဝါတည်း,,။ ဟူသော

ပဋိညာကို"သတ္တဝါမဟုတ်သမျှလူမဟုတ်,,ဟူ၍ပြန်လျှင်ဆန့်ကျင်သောအားဖြင့် ပြန်သည်မည်၏။ ဆန့်ကျင်၍ပြန်ခြင်းဖြင့်ကြီးခြင်းသည်။ ဝိရောဓနေန-ဝိပရိယာယတက္ကမည်၏။ ။၎င်းသဘောကိုအောက်ပါပုံဖြင့်သိအပ်၏။




သတ္တဝါ-မဟုတ်။

ဤပုံ၌သတ္တဝါမဟုတ်သောတရားတို့သည် စက်ဝိုင်းကြီး၏ပြင်ဘက်၌ တည်သောကြောင့်။ စက်ဝိုင်း ကလေး၏ ပြင်ဘက်၌လည်း ကျ၏။ ။အကယ်၍သတ္တဝါမဟုတ်သောတရားလူဖြစ်ခဲ့ပါမူ။ပကတိပဋိညာသည်"အားလုံးသောလူတို့သည် သတ္တဝါလည်းဟုတ်၏။ သတ္တဝါလည်းမဟုတ်,,ဟူ၍ဖြစ်ရာ၏။ ဤသို့ကားမဖြစ်။ဖြစ်လျှင်လည်းမှန်သောကြောင့် သတ္တဝါမဟုတ်သမျှသောတရားသည် လူမဟုတ်ဟူ၍သိအပ်၏။ ။သို့ရာတွင်"လူမဟုတ်သမျှသတ္တဝါမဟုတ် ဟူ၍ကား မပြန်အပ်။ လူမဟုတ် သော နတ်၊ ဘီလူးတိရစ္ဆာန် စသည် တို့သည် သတ္တဝါ ပင် ဖြစ်သောကြောင့်တည်း။

ဤဆန့်ကျင်၍ပြန်ခြင်း၌။တနည်း။ဝိရောဓနေန-ဝိပရိယာယတက္က၌အလွန်မှားလေ့ရှိကြ၏။ထိုကြောင့်အ-ပဋိညာ၌ဝါစကပုဒ်ဟောင်း၏ ပဋိပက္ခပုဒ်ကို ဝိကတိပဋိညာ၌ ဝါစ္စပုဒ်ပြု၍ နှံ့စအပ်၏။ပကတိပဋိညာ၌ဝါစ္စပုဒ်ဟောင်းကို ဝိကတိပဋိညာ၌ဝါစကပြု၍ပြန်ရန်အထူးသတိပြုအပ်၏။

ဤနောက်ဆုံး ဆိုအပ်ပြီးသောနည်းဖြင့် ဍ-နှင့်ဩ-ကိုအကျင်းပြန်၍ မရကောင်းဟူ၍မှတ်အပ်၏။ ဧ-ကိုကားရှေးဦးစွာအ-ပြုပြီးမှဤနည်းဖြင့်ပြန်ရာ၏။ ။ဥပမာ။"ပုထုဇ္ဇဉ်တို့တွင်မည်သူတစုံတယောက်မျှပညာမပြည့်စုံ,,။ဟူသောဧ-ပဋိညာကို"အားလုံးသောပုထုဇ္ဇဉ်တို့သည်ပညာချို့တဲ့ကြ၏,,။ဟူသောအ-ပဋိညာပြုပြီးမှ။ "ပညာမချို့တဲ့သော ပုဂ္ဂိုလ်ဟူသမျှပုထုဇ္ဇဉ်-

မဟုတ်တည်း,,ဟူ၍ပြန်ရာ၏။ (ဤ၌မ–သဒ္ဒါသည် သမ္ဗန်၏ ဝိတ်မဟုတ်။ပုထုဇ္ဇဉ်ဟူသောဝါစကပုဒ်၏အဓိတ်ဖြစ်၍ ကြ ထွင်မျဉ်းတိုထား၍ပြသည်။နောက်နောက်ဤသို့မျဉ်းတိုခံ ဤနည်းချည်းမှတ်အပ်၏။ ဤကားစကားချပ်)။ "ပုထုဇ္ဇဉ် ဟုတ်,, ဟူသောပုဒ်ကို အရိယာဟူသော ပရိယာယ်သဒ္ဒါဖြ လဲလှယ်၍ဆိုသော်။ "ပညာမချို့တဲ့သောပုဂ္ဂိုလ်ဟူသမျှသ အရိယာတည်း,,ဟူ၍ဖြစ်၏။ မချို့တဲ့ဟူသောပုဒ်ကိုပရိယာ သဒ္ဒါဖြင့်လဲလှယ်၍ ဆိုသော်ကား "ပညာပြည့်စုံသောပုဂ္ဂိုလ် ဟူသမျှ ပုထုဇ္ဇဉ်မဟုတ်,, ဟူ၍ အဓိပ္ပါယ်ရ၏။ ဤ၌မ–သ သည် ပုထုဇ္ဇဉ်ဟူသောပုဒ်၏ အဓိတ်မဟုတ်။ သမ္ဗန်၏အဓိ သာဖြစ်သောကြောင့်။ ၎င်းဝိကတိပဋိညာသည် ဧ–ဖြစ်၏။ ကြောင့်ပကတိဧ–သည်ဝိကတိဧ–ဖြစ်လာ၍ ရိုးရိုးပြန်သည် တူပြီ။

ပဋိညာတို့ကို အနည်းနည်းပြန်၍ ကြံခြင်းအမျိုးမျိုးကို ပြ ၍ယခုအခါ ဤသို့မပြန်ဘဲရုတ်တရက်ဇဝနဉာဏ်ဖြင့် လျင်မြ စွာကြံခြင်းတို့ကိုပြပေအံ့။

ပဋိညာ၌ဝါစ္စ၊ ဝါစကပုဒ်တို့ကို နေရာမပြောင်းဘဲရုတ် ရက်ဇဝနဉာဏ်ဖြင့်ကြံသောတက္ကသုံးပါးရှိ၏။ထိုသုံးပါးကာ

(၁) ဥတ္တပဋိညာမှ မိမိနှင့် အနက် အဓိပ္ပါယ်တူသေ အနုတ္တပဋိညာကိုကြံခြင်း။ ပြန်သောအားဖြင့် အနုတ္တမှဥတ္တ ကြံခြင်း။ဤကြံခြင်းနှစ်မျိုးသည်ဝိရုဒ္ဓတ္ထတက္ကမည်၏။ဆန့်ကျ သောအနက်ဖြင့်ကြံခြင်းဟူလို။ ။ဥပမာ။"အားလုံးသောလူ သည်သခ်ီတချည်းဖြစ်ကြ၏,,။ ဟူသောအ–ပဋိညာမှ "လူ သမျှအသခ်ီတမဟုတ်,,ဟူသောဧ–ပဋိညာကိုရုတ်တရက်ကြံ အပ်၏။ဤ၌သခ်ီတ၊ အသခ်ီတသဒ္ဒါအနက် ဆန့်ကျင်ခြင်း ကြံ၏။ထိုအတူ။"ပုထုဇ္ဇဉ်ဟူသမျှ အလင်းမရကြ,,ဟူသော ပဋိညာမှ"အားလုံးသော ပုထုဇ္ဇဉ်တို့သည် မောဟတရား လွှမ်းအပ်၏,,ဟူသော။အ–ပဋိညာကိုရပြန်၏။

အချို့သောသူတို့သည်ယုံကြည်အပ်၏,,။ဟူသောဣ-ပဋိညာမှ“အချို့သောသူတို့သည်မယုံကြည်အပ်သည် မဟုတ်,,။ဟူသော ဩ-ပဋိညာကိုရ၏၊ ။“အချို့သော သူတို့သည် ယုံကြည်အပ်သည်မဟုတ်,,။ဟူသောဩ-ပဋိညာမှ“အချို့သော သူတို့သည်မယုံကြည်အပ်,,ဟူသောဣ-ပဋိညာကိုရ၏။

(၂) ပဋိညာ၌ဝါစ္စ၊ဝါစကနှစ်ပုဒ်စလုံးကိုတူသောဝိသေသနပုဒ်ဖြင့်အထူးပြု၍ကြံခြင်းသည်ဝိသေသနဣတဤမည်၏။ ။ဥပမာ။ “လူဟူသမျှ သတ္တဝါတည်း,,။ ဟူသောပဋိညာ၌လူဟူသောဝါစ္စ။ သတ္တဝါဟူသော ဝါစက ပုဒ်တို့ကို“ကောင်းသော,, ဟူသော ဝိသေသန ပုဒ်ဖြင့်မ-၍ ဆိုလျှင်“ကောင်းသောလူဟူသမျှကောင်းသောသတ္တဝါတည်း,,ဟူ၍ဖြစ်၏။ထိုအတူ။“သံသည်ရုပ်တရားဖြစ်၏,,ဟူသောပဋိညာမှ“မာသောသံသည်မာသောရုပ်တရားဖြစ်၏,,ဟူ၍ကြံအပ်၏။ ။သို့ရာတွင်“ရှင်ဘုရင်ဟူသမျှလူချည်းဖြစ်ကြ၏,, ဟူသောပဋိညာမှ“တရားနှင့်မညီသော ရှင်ဘုရင်ဟူသမျှ တရားနှင့် မညီသောလူတည်း,,ဟူ၍ကြံချေသော်များ၏။အဘယ်ကြောင့် ဆိုသော် တရားနှင့်မညီသောဟူသောဝိသေသနပုဒ်သည် ရှင်ဘုရင်ဟူသောဝါစ္စပုဒ်ကို အထူးပြုသည့် အခိုက် ‘ရာဇ ဓမ္မမင်းကျင့်တရားဆယ်ပါးနှင့် မညီသော,ဟူ၍ အဓိပ္ပါယ်ရသည်၊ လူဟူသောဝါစကပုဒ်ကိုအထူးပြုသည့်အခိုက်။‘လူတို့၏ဝတ်တရားနှင့်မညီသော,ဟူ၍အဓိပ္ပါယ်ရ၏။ သဒ္ဒါတူသော်လည်းအနက်ကွဲသောကြောင့်၍ဖြယုဂဲ၌ ဝိသေသနပုဒ်သည် နှစ်ပုဒ်ဖြစ်သကဲ့သို့ရှိ၏။ မင်းကျင့်တရားနှင့် မညီသောမင်းသည် လူဝတ်တရားနှင့်မညီဟူ၍ အဓိပ္ပါယ်မရောက်။ မင်းကျင့် တရားပင်ပျက်သော်လည်းလူဝတ်တရားနှင့်ကားညီနိုင်သေး၏ဟူလို။ ။နှိုင်းရှည့်ခြင်းအနက်ပရိမာနဣတ၌ ဖြစ်သောပဋိညာတို့ကို ၍ဝိသေသနဣတဤနယ ဖြင့်ကြံ၍မရကောင်း။ ။“တဲသည်အဆောင်အဦပေတည်း,,။ဟူသောပဋိညာမှ “ကြီးသောတဲသည်

ကြီးသောအဆောက်အဦပေတည်း,, ဟူ၍ကြီလျှင်မသင့်။ဒ
ဘယ်ကြောင့် ဆိုသော်တဲသည့် ကြီးသော်လည်း တိုက်ကြ
တာကြီးတို့နှင့်နှိုင်းရှည့်လျှင်ငယ်သေးသောကြောင့်တည်း။

(၃) ပဒိုညာ၌ဝါစ္စ၊ဝါစကပုဒ်တို့ကိုတပါးသော ပုဒ်တို့
ဖြင့်ပေါင်းစပ်၍ကြီခြင်းသည်သမ္ဗန္ဓတက္ကမည်၏။ဤတက္က
သည်ဝိသေသနတ္တတက္ကနှင့် တူသလိုလိုရှိ၏။ အထူးကား။ယ
ခင်နည်း၌ဝိသေသနပုဒ်ဖြင့် ဝါစ္စ၊ဝါစကပုဒ်တို့ကိုအထူးပြု၏
ဤနည်း၌သမ္ဗန်အမျိုးမျိုးဖြင့်အထူးပြု၏။ ။ဥပမာ။

"မြင်းသည် အခြေလေးချောင်းတိရစ္ဆာန်ဖြစ်၏,,ဟူသော
ပဒိုညာမှ"မြင်း၏အရိုးရသည်။အခြေလေးချောင်းတိရ စ္ဆာန်၏
အရိုးရတည်း,,။"မြင်းကိုညှဉ်းဆဲခြင်းသည့်အခြေလေးချောင်း
တိရစ္ဆာန်ကိုညှဉ်းဆဲခြင်းပင်တည်း,,။ "မြင်းပေါ်မှဆင်းခြင်း
သည်အခြေလေးချောင်းတိရ စ္ဆာန်ပေါ်မှ ဆင်းခြင်းတည်း,,။စ
သည်ဖြင့်ကြီကောင်း၏။

သို့ရာတွင်ဤတက္ကမျိုးဖြင့်ကြီရာ၌လွန်တတ်သည်ကို သတိ
ထားရာ၏။ ။ဥပမာ။ "မဟာဂဏ္ဍိတ္ထိ တို့သည်ဗုဒ္ဓ ဘာသာ
တည်း,,။ဟူသောပဒိုညာမှ"မဟာဂဏ္ဍိတ္ထိတို့အနက်အများသည်။
ဗုဒ္ဓဘာသာ အနက်အများတည်း,,ဟူ၍ဇင်း။ "မဟာဂဏ္ဍိတ္ထိတို့
တွင် အကျင့်အကောင်းဆုံးသောပုဂ္ဂိုလ်သည်။ ဗုဒ္ဓဘာသာ
တွင် အကျင့်အကောင်းဆုံးသော ပုဂ္ဂိုလ်တည်း,,။ ဟူ၍ဇင်း။
ကြီသော်မသင့်။ ။

## လေ့ကျက်ရန်။

ပဒိုညာတို့ကိုပြန်ခြင်းအမျိုးမျိုး။ ကြီခြင်းအမျိုးမျိုး၌ ဇဝန
ဥာဏ် ထက်သန်စေခြင်းငှာ အောက်ပါပဒိုညာတို့ကိုအထူးထူး
သောနည်းဖြင့်ပြန်၍ကြီလေ။

(၁) ပညာမည်သည်အကျိုးမရှိဟူ၍မရှိ။
(၂) မလုပ်သောသူမရတတ်။
(၃) သတ္တဝါဟူသမျှမိမိအသက်ကိုချစ်၏။
(၄) ခပ်သိမ်းသောတရားတို့သည်အနတ္တတည်း။
(၅) ဓမ္မဒါနသည်ခပ်သိမ်းသောဒါနထက်မြတ်၏။
(၆) ဗုဒ္ဓဘာသာ လူမျိုးသည် ကံ၊ကံ၏ အကျိုးကို ယုံကြည်၏။
(၇) သူတော်ကောင်းအားလောဘနည်း၏။
(၈) အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၏။
(၉) နတ်တို့သည်ကာမသုဂတိဘုံသားတို့တည်း။
(၁၀) အချို့အရိယာသည်ဖြူပုထုဇဉ်တည်း။
(၁၁) အချို့အရိယာသည်သောတာပန်တည်း။
(၁၂) အချို့ရဟန္တာသည်ရွာနေလာဘ်ပုဂ္ဂိုလ်မဟုတ်။
(၁၃) ရဟန်းတို့တွင် မည်သည့်ပုဂ္ဂိုလ်မျှ မြင်းထိမထိုးသင့်။
(၁၄) မြင်းထိထိုး၍ မြင်းပွဲကို ကြည့်သော ရဟန်းတို့သည်အပြစ်မလွတ်။

# ဒွါဒသမကဏ္ဍ။

---

## ဝါစကထိုက်သောပုဒ်မျိုးဟုဆိုအပ်သောဝါစကံပဒ၊ သရုပ်ခွဲခြင်းသရူပဘေဒဟုဆိုအပ်သောတက္ကိက ဘေဒ။ပုဒ်နက်ကိုပိုင်းခြားသတ်မှတ်ခြင်းဟု ဆိုအပ်သောတက္ကိကဝစနဋ္ဌခဏ်း။

တေရသမကဏ္ဍ၌ပဋိညာတ်ရှိကိုဖြန့်ခြင်း၊ ကြံခြင်းကိုပြပြီး၍။ယခုအခါပဋိညာဉ်၌ဝါစ္စပုဒ်ကို ဟောစွမ်းနိုင်သော ဝါစက ထိုက်သောပုဒ်အပြားကိုပြပေအံ့။

ဝါစကထိုက်သော ပုဒ်သည် အမျိုးအားဖြင့် ငါးပါးရှိ၏။ ထိုငါးပါးကား။ မဟာသာမညာ ကာရဏာတ်ကို ဟောသော ပုဒ်လည်းတပါး။ ဝိသေသ သာမညာ ကာရဏာတ်ကိုဟော သောပုဒ်လည်းတပါး။ ဝိသေသသကာတ်ကို ဟောသော ပုဒ် လည်း တပါး။ သာမည သကာတ်ကို ဟောသော ပုဒ်လည်း တပါး။အဝဋ္ဌာသကာတ်ကိုဟောသောပုဒ်လည်းတပါး ။ဟူ၍ ငါးပါးတည်း။

ထိုတွင်"မဟာသာမညာကာရဏာတ်,,ဟူသည်ကား။ဝိသေ သသာမညာကာရဏာတ်တို့ ပါဝင်သောအမျိုးကြီးကို ဆိုလို သည်။ ။ဥပမာ။သတ္တဝါအမျိုး၌၊လူအမျိုး၊ တိရစ္ဆာန်အမျိုး စသော်ဝိသေသသာမညာကာရဏာတ်တို့ပါဝင်သောကြောင့် သတ္တဝါအမျိုးသည်မဟာသာမညာကာရဏာတ်မည်၏။ ၎င်း ဇာတ်ကြီးကိုဟောသောသတ္တဝါ ဟူသောသဒ္ဒါသည် မဟာ သာမညာကာရဏာတ်ပုဒ်မည်၏။ ။"ဝိသေသသာမညာကာရ ဇာတ်,,ဟူသည်ကား မဟာသာမညာကာရ ဇာတ်၏အစိတ် ဖြစ်၍ဖြစ်သောအမျိုးကလေးကိုဆိုလိုသည်။ ။ဥပမာ။သတ္တဝါ ဟူသောအမျိုးကြီးကိုထောက်သော်လူအမျိုးသည် ဝိသေသ

သာမညာကာရဇာတ်ဖြစ်၏။ ။သို့ရာတွင်မင်းမျိုး။ ပုဏ္ဏား
မျိုး။ကပ္ပလိမျိုး။ အင်္ဂလိပ်လူမျိုးစသည်တို့ကို ထောက်သော်
ကားလူအမျိုးသည် မဟာသာမညာကာရဇာတ် ဖြစ်ပြန်၏။
ထို့ကြောင့်မဟာသာမညာကာရဇာတ်။ ဝိသေသသာမညာ
ကာရဇာတ်မည်သည် အကြီးအငယ်ကို နှိုင်းရှည့်သော ပရိ
ယာယအနက်သဘောကိုယူ၍ဖြစ်၏။ ။အပေါင်းသဘော
ရှိသော သမူဟဇာတ်ကိုဆိုလိုလျှင် မဟာသာမညာ ကာရ
ဇာတ်၊အစိတ်သဘောဖြစ်သော အဝယဝဇာတ်ကိုဆိုလိုလျှင်
ဝိသေသသာမညာကာရဇာတ်ဟူ၍မှတ်အပ်၏။ရင်းအဝယဝ
ဇာတ်ကို ဧကဒေသသာမညာကာရ ဇာတ်လည်းဟူ၏။ ဤ
ဇာတ်ကလေးကို ဟောသောသဒ္ဒါသည် ဝိသေသ သာမညာ
ကာရဇာတ်ပုဒ်မည်၏။ ။ဤဇာတ်ပုဒ်နှစ်မျိုး၏ဒဗ္ဗသည်
နှစ်အရေအတွက်တည်း။ သင်္ချာကား ဇာတ်ကြီးဖြစ်စေ။
ဇာတ်ကလေးဖြစ်စေ။ အချင်းချင်းတဇာတ်ကိုတဇာတ်မှထူး
ခြားတတ်သောဂုဏ်အပေါင်းတည်း။ ။ရင်းဇာတ်ပုဒ်နှစ်မျိုး၏
ဒဗ္ဗကိုနှိုင်းရှည့်သော် ဇာတ်ကလေးမှာထက်ဇာတ်ကြီးမှာ
နှစ်အရေအတွက်များ၏။ သင်္ချာကို နှိုင်းရှည့် သော်ကား
ဇာတ်ကြီးမှာထက်ဇာတ်ကလေးမှာသင်္ကေတ်အနက်များ၏။
ဇာတ်ကြီးနှင့်ဇာတ်ကလေးတို့၏ သင်္ကေတ်ခြားနားခြင်းဟု
ဆိုအပ်သော ဂုဏ်ထူးသည်"ဝိသေသသင်္ကေတ်,,မည်၏။ အ
ဘယ်ကြောင့် ဝိသေသသင်္ကေတ်မည်သနည်းဟူမူ။ ဇာတ်က
လေးကိုဇာတ်ကြီးမှရင်း။ တပါးသောဇာတ်ကလေးတို့မှရင်း။
ထူးစေ တတ်သော ကြောင့်တည်း။ ဤဝိသေသ သင်္ကေတ်
ကြောင့်သာလျှင် ဇာတ်ကြီးမှ ဇာတ်ကလေးတို့ အသီးသီး
ကွဲကြ၏ဟူလို။ ။သွားခြင်း ကိရိယာ သင်္ကေတ်သည် နွား
ခြင်းကို ကမ္ဘာဦးသူတို့၏ စိတ်ထဲ၌အထူးပြုလေသောကြောင့်
ယခုထက်တိုင် ဂေါသဒ္ဒါကိုသဒ္ဒါဆရာတို့ အသုံးပြုကြသော်
လည်း တက္ကိက ဆရာ အလို့ငှာ ရင်းသွားခြင်း သင်္ကေတ်

သည် ဝိသေသသကတ်မည်။ အဘယ်ကြောင့် ဆို
နွားဓာတ်ကလေးကို တိရစ္ဆာန်ဓာတ်ကြီးမှ၎င်း။ ထပါး
ကျဲဓာတ်၊ မြင်းဓာတ် စသည်မှ၎င်း၊ အထူးမပြုနိုင်
ကြောင့်တည်း။ ဝိသေသသကတ် ဆိုသောကြောင့်
ကတ်ကိုဟောသောပုဒ်၌ ဒဗ္ဗတ္ထကိုမရကောင်းဟူ၍ တ
ဆရာတို့ဆိုကြ၏။ သကတ်ကို ဟောသောအခိုက်အတ
ရည်၍ဆိုသတည်း။

ဝိသေသသကတ်ကို လိုသော် ဓာတ်ကလေး၏ သက
တွင်ဓာတ်ကြီး၏ သကတ်ကိုနုတ်ရာ၏။ တနည်း။ ဓာတ်
၏သကတ်တွင် ဝိသေသသကတ်ကို ပေါင်းသော် ဓာ
လေး၏သကတ်ကိုရပြန်၏။ ၎င်းသဘောကိုအက္ခရာသ
ဖြင့်ပြသော်၊ အောက်ပါအတိုင်းပြအပ်၏။

ဓာတ်ကလေး(၏သကတ်) = ဓာတ်ကြ
(၏သကတ်) + ဝိသေသသက

ဥပမာ။ "အဆောက်အဦ" ဟူသောပုဒ်ဖြင့်ဓာတ်ကြီးကို
သော်၊ ၎င်းပုဒ်တွင် "ရဟန်းနေသော" ဟူသော ဝိသေ
ကတ်ပုဒ်ကို ပေါင်းလျှင်အောက်နှိုက် ပြထားသည့်အ
"ကျောင်း" ဟူသောဓာတ်ကလေးထွက်၏။

ကျောင်း = ရဟန်းနေသော + အဆောက်အ

"ကျောင်း" ဟူသောပုဒ်တွင် "တောရ" ဟူသော ဝိ
သသကတ်ပုဒ်ကို ပေါင်းသော် "တောရကျောင်း" ဟူ
ဓာတ်ကလေး တဆင့်ထွက်ပြန်၏။ ဤသို့အဆင့်ဆင့် ဓ
ကလေးခွဲ၍ခွဲ၍သွားသော် ပုဂ္ဂိုလ်၊ ဝတ္ထု၊ ဖြစ်သို့မဆိုက်
မီအောက်ဆုံးဓာတ်ကလေးတခုသို့ရောက်လတ္တံ့။ ။ဥပ

ဓာတ်ကလေး = ဝိသေသသကတ် + ဓာတ်

သဉ်္ဂါရ = ကံစိတ်ဥတုအာဟာရအကြောင်းတရား
လေးပါးပြုပြင်စီရင်အပ်သော + ဓမ္မ
သင်္ခတ = အသက်ရှိသော + သဉ်္ဂါရ
လူ = လူ့ဘဝကိုရသော + သတ္တဝါ
မြန်မာ = မြန်မာတိုင်းပြည်သားဖြစ်
သော + လူ
ဒြဗ်
မင်းတုံးမင်း = မြန်မာပြည်ကိုအစိုးရ
တော်မူသော + မြန်မာ

မင်းတုံးမင်းသို့ရောက်သောအခါ ဇာတ်မဟုတ်၊ဒြဗ်ဖြစ်ပြီ။
းဒြဗ်သို့မရောက်မီ၍ပြယုဂ်၌ မြန်မာဇာတ်သည်အငယ်ဆုံး
သာဇာတ်တည်း။ ဇာတိပရံပရာယဟုဆိုအပ်သော ဇာတ်
က်၌မြန်မာဇာတ်ထက်လူဇာတ်သည်ကြီး၏။လူဇာတ်ထက်
ဝါဇာတ်သည်ကြီး၏။သတ္တဝါဇာတ်ထက်သဉ်္ဂါရဇာတ်
ည်ကြီး၏။ သဉ်္ဂါရဇာတ်ထက်ဓမ္မဇာတ်သည်ကြီး၏။ ဓမ္မ
တ်ထက်ကြီးသော ဇာတ်ကိုလူတို့၏ အသိဉာဏ်ဖြင့်မသိ
ာင်းသောကြောင့် ၎င်းဇာတ်အဆက်၌ အကြီးဆုံးသော
တ်မည်၏။ ဇာတ်ကလေးတခုတခုသည် မိမိအောက်မိမိ
ာက်ဇာတ်ကလေးနှင့် နှိုင်းရှည့်လျှင်ဇာတ်ကြီး။ အထက်
ထက် ဖြစ်သော ဇာတ်ကလေးနှင့် နှိုင်းရှည့်လျှင် ဇာတ်
လေးဖြစ်ပုံကိုမှတ်အပ်၏။

"သာမညသကတ်"ဟူသည်ကား ဇာတ်တခု လုံးနှင့်
က်ဆံသော်လည်း တပါးသောဇာတ်တို့မှ မိမိကိုအထူးပြု
း၍ မလိုသောဂုဏ်စသည်တည်း။"ဇာတိသကတ်"မှ အ
ူးကားဇာတိသကတ်သည်တပါးသောဇာတ်တို့မှ မိမိကိုအ
ူးပြုသောသဒိသဂုဏ်ရတည်း။ ထို့ကြောင့် ဇာတိသကတ်
ည် ဝိသေသသကတ် ပင်တည်း။ သာမညသကတ်သည်

ဓာတ်တခုလုံး၏ ဥစ္စာဖြစ်ရကား"သကာသကာတ်,,လည်းမ
သင့်၏။ ။ဥပမာ။တရိဂံဟူသမျှ၌ထောင့်သုံးခု၏ အပေါ
သည်ရိပ်ထောင့်နှစ်ခု၏အပေါင်းနှင့်ညီမျှ၏။ဤသို့ညီမျှခြင်း
မညသကာတ်သည် တရိဂံဟူသမျှ၏ဥစ္စာဖြစ်သော်လည်း
ရိဂံကိုစတုဂံ၊ပဉ္စဂံစသည်တို့မှ အထူးပြုရာ၌အသုံးမပြု"
ဂံဟူသည်ကား၊အနားသုံးဘက်ရှိသောပုံတည်း,,ဟူ၍ဆိုရုံ
လောက်သောကြောင့်တည်း။ဤသာမညသကာတ်သည် ဓာ
ကြီးနှင့်သက်ဆိုင်သော သကာသကာတ်။ ဓာတ်အငယ်ဆုံး
သက်ဆိုင်သော သကာသကာတ်ဟူ၍နှစ်ပါးပြား၏။ ။အ
သကာသကာတ်သည်တဓာတ်တည်းနှင့်သာဆိုင်၏။ အချို
များသောဓာတ်တို့နှင့်ဆိုင်၏။ ။သွားခြင်းကိရိယာသက
သည်သွားတတ်သော သတ္တဝါဓာတ်ကြီး တခုလုံးနှင့် ဆ
ဆံသောကြောင့် ၎င်းဓာတ်၏သကာသကာတ်ဖြစ်၏။
ဓာတ်ကြီး၌ ပါဝင်သော လူဓာတ် တိရစ္ဆာန်ဓာတ် စ
ဓာတ်ကလေး တို့နှင့် ဆက်ဆံသော ဤသာမည သက
ဖြင့် ၎င်းဓာတ်ကိုကွဲဓာတ်မှအထူးမပြုနိုင်။(သွားခြင်းကို
သဒ္ဒါတို့၌ ကိရိယာသကာတ်ဟူ၏။သို့ရာတွင်အထက်၌မှာ
အပ်ပြီးသည့်အတိုင်းသိုးဆောင်းတက္ကိကဆရာတို့ကသက
၅စ်ပါးလုံးကိုပင်ဂုဏ်ဟူ၍ သာမန်ပြောဆိုကြသော
ဤအခဏ်း၌ ဂုဏ်ဟူ၍ဆိုလျှင်ဂုဏသကာတ်တခုတည်းက
ယူအပ်။ထိုက်ရာသကာတ်ကိုယူလေ။ဤကားစကားချပ်။)

"အဝစ္ဆာသကာတ်,,ဟူသည်ကားဓာတ်၌တပါးသော
တို့ကိုမထူးစေဘဲအမှတ်တမဲ့ဖြစ်သောဂုဏ်တည်း။ ၎င်း
သည်ဓာတ်၌ဖြစ်တတ်သည်လည်းရှိ၏။မဖြစ်တတ်သည်လ
ရှိ၏။ ဓာတ်၏မမြဲသောဂုဏ်ဟူလို၊ လူ၌ဓာတ်ချက်မြ
သည်အမှတ်တမဲ့ဖြစ်သောအဝစ္ဆာသကာတ်တည်း။
မာ။ အင်္ဂလိပ်လူမျိုးတယောက်သည် မြန်မာပြည် ရန်ကု
မှာဖြစ်စေ၊မန္တလေးမြို့မှာဖြစ်စေ၊မွေးဖွားသော်လည်း၊ မ

၏လူဇာတ်သည်ဒင်း။အင်္ဂလိပ်ဇာတ်သည်ဒင်း။ မထူးပြီ။လူတို့၏အဝတ်အစားလည်းဤနည်းအတူ အဝတ္တာသကတ်ပင်ဖြစ်၏။ ။ဥပမာ။ဘိလပ်ပြန်ဝတ်လုံတော်ရမင်းတဦးကအင်္ဂလိပ်အဝတ်အစားကိုဝတ်ဆင်ငြားသော်လည်း ဤသူသည် အင်္ဂလိပ်လူမျိုးဖြစ်သွားပြီဟူ၍အင်္ဂလိပ်လူမျိုးကမဆို။ ။တရိဂံအသီးသီးတို့သည်တခုနှင့်တခုကြီးငယ်ပမာဏအားဖြင့်မတူကြသော်လည်းတရိဂံဇာတ်မထူး။ စက်ဝိုင်းကြီးငယ်တို့လည်းထိုအတူ။အဘယ်ကြောင့် ဆိုသော်။ ဤကြီးငယ်ပမာဏသည်အဝတ္တာသကတ်ဖြစ်၍တည်း။ ။ဒြဗ်မှခွါ၍ရကောင်းသောအဝတ္တာသကတ်။မရကောင်းသောအဝတ္တာသကတ်ဟူ၍နှစ်ပါးပြား၏။ ။ဥပမာ။လူ၏မွေးရပ်။အရပ်အမောင်း၊အမြင့်အနိမ့်၊အမှတ် အသားစသည် တို့သည် ခွါ၍ မရ ကောင်းသော အဝတ္တာသကတ်တို့တည်း။အဝတ်အစားစသည်တို့ကား ခွါ၍ရကောင်းသောအဝတ္တာသကတ်တို့တည်း။ ။ဤအဝတ္တာသကတ်သည်။ ဇာတ်၌တည်သော ဒြဗ်အသီးသီးကို တခုမှတခုထူးစေတတ်။အသီးပုဂ္ဂလဖြစ်စေတတ်သောကြောင့် "ပုဂ္ဂလိကသကတ်,,ဟူ၍လည်းခေါ်ထိုက်၏။

## လေ့ကျက်ရန်။

(က)အောက်ပါပုဒ်တို့၌ဇာတ်ကြီး။ဇာတ်ကလေး။ဝိသေသသကတ်။ သာမညသကတ်။ အဝတ္တာသကတ်တို့ကို ဘော်လော။

စက်ဝိုင်း။ စတုရန်း။ အား။အသိ။ ကာမဂုဏ်။လူ။ နတ်။ ဗြဟ္မာ။ပုထုဇ္ဇဉ်။ ရဟန္တာ။သကဒါဂံ။ အရိယာ။ အဂ္ဂသာဝက။ ပစ္စေကဗုဒ္ဓါ။ဘုရား။

(ခ) အောက်ပါ ပဋိညာဉ်တို့၌ ဝါစကပုဒ်တို့သည် မဟာ

သာမညာ ကာရဇာတ်လော။ ဗိသေသသာမညာကာရဇာတ်လော။ဗိသေသသကတ်လော။သာမညသကတ်လော။အာဝဏ္ဏ သကတ်လောဟူ၍စိစစ်လေ။

(၁) သကြားသည်ချို၏။
(၂) ပွင့်သောအပင်ဟူသမျှသိး၏။
(၃) ရန်ကုန်မြို့သည်၊ အောက်မြန်မာ နိုင်ငံ၏ မြို့တော်တည်း။
(၄) စလေဦးပုညဆရာသည်၊လက်အင်္ဂါချို့တဲ့၏။
(၅) ကောင်းကင်၌ဌက်တို့သည်ပျံကုန်၏။
(၆) ပရိနိဗ္ဗာန်စံတော်မူသည်နှင့်တကွမြေလှုပ်၏၊
(၇) ပါသဏ္ဍာတက္ကဝွန်းအယူတို့ထက် မြတ်စွာဘုရား၏ ဝိနည်းတော်သည်မြတ်၏။
(၈) သင်္ဃာတော်ကို ပေးလှူခြင်းသည်၊ အကျိုးများ၏၊
(၉) ရှင်သာရိပုတ္တရာသည်၊ ဘဲသွား၍ မကြာမီ အချိန် ရောက်လတ်သော်ပုဏ္ဏားသည်သေလေ၏။
(၁၀) ရဟန္တာအပေါင်းတို့တွင်၊အာနန္ဒာသည်တပါး အပါအဝင်တည်း။

ဝါစကထိုက်သောပုဒ်မျိုးငါးပါးကိုပြပြီး၍၊ယခုအခါ၌ဓါတ်ကြီးကိုဓာတ်ကလေးအဆင့်ဆင့်ခွဲပုံကို တက္ကကျမ်းအစောင်စောင်တို့၌ပြလေ့ရှိသည်အတိုင်း၊အောက်၌ပြလိုက်ပေအံ့။

ထရား

ရုပ်အထည်ဒြဗ်ရှိသော | ရုပ်အထည်ဒြဗ်မရှိသော

ဝတ္ထု

သက်ရှိသော | သက်မရှိသော

ဘဝ

သညာရှိသော | သညာမရှိသော

သတ္တဝါ

ဉာဏ်ပညာရှိသော | ဉာဏ်ပညာမရှိသော

လူ

တိဿ | သာရိပုတ္တရာ | တပါးသောပုဂ္ဂိုလ်

မူလယောနကဆရာပေါ်ဖိရီအသ်အမည်ကိုအစွဲပြု၍၊ယ
ထက်တိုင်ဤပုံသည်ပေါ်ဖိရီ၏ဇာတ်ပင်ဟူ၍တွင်၏။

ဤဇာတ်ပင်၌ တရားထက် အရာကျယ်သောဇာတ် မရှိ
ကား၊ဇာတ်အကြီးဆုံးမည်၏၊ လူဇာတ်ကိုမိမိထက်ငယ်သေး
ဇာတ်မခွဲမူ၍ပုဂ္ဂိုလ်အသီးသီးသာခွဲရကား၊ ဇာတ်အငယ်ဆုံ
မည်၏၊ဤတရားဇာတ်၊လူဇာတ်တို့၏အကြား၌ဖြစ်သောဝတ္ထု
ဇာတ်၊ဘဝဇာတ်၊ သတ္တဝါဇာတ်တို့သည်၊ ဇာတိပရံပရာယ
၌ထက်အောက်ဖြစ်ကြသောဇာတ်တို့တည်း။ ရုပ်အထည်ဖြစ်
ရှိခြင်းဂုဏ် ၊အသက်ရှိခြင်းဂုဏ်၊ သညာရှိခြင်းဂုဏ်၊ ဉာဏ်
ပညာရှိခြင်းဂုဏ်တို့ကား ဇာတ်ကွဲကလေးတို့ကိုဇာတ်ကြီးမှ
ငင်း၊ ဇာတ်ကလေး အချင်းချင်းမှ ငင်း၊ အထူး ပြုတတ်သော
ဝိသေသသကတ်တို့တည်း။ ။(ပုံရုပ်ထွေးမည်ကိုစိုး၍ ထ
ဘက်သတ်သတ်ခွဲ၍ပြလိုက်သည်၊ ရုပ်အထည် ဒြဗ်မရှိသော
နာမ်တရား၊ သက်မဲ့ ဝတ္ထု၊ အသညီ ဘဝ၊ ဉာဏ ဝိပ္ပယုတ်
သတ္တဝါတို့ကိုလည်း ခွဲနိုင်သေးသည် သာလျှင် ကတည်း။ ဤ
ကားစကားချပ်)။

## ယခုအခါတက္ကိကဘေဒကိုပြပေအံ့။

"တက္ကိကဘေဒ" ဟူသည်ကား ဇာတ်ကြီး၌ ပါဝင်သော
ဇာတ်ကလေးတို့ကိုသရုပ်ခွဲ၍အပြားကိုဝေဘန်ခြင်းတည်း။ ၊
ဇာတ်ကြီး၏ဒဗ္ဗတ္တကို ဝိသေသသကတ်အားလျော်စွာ ဇာတ်
ကလေးအသီးသီးတို့၌၊ တနည်း၊ ဇာတ်ကလေး အသီးသီးတို့
ဖြင့်ဝေဘန်ခြင်းဟူလို။ ။ဥပမာ၊ကျမ်းဟူသောဇာတ်တခုကို
၁၂-ကြောင်းပေ၊၁၀-ကြောင်းပေစသည်ဖြင့် ခွဲလျှင်ကြောင်း
ရေသည်ဇာတ်ကလေး ခွဲကြောင်းဖြစ်၍ဖြစ်သော "မူလဘူတ
ဝိသေသသကတ်" ဖြစ်၏၊မည်သည့်သကတ်ကိုမဆိုမူလဘူတ
ဝိသေသသကတ် အဖြစ်ဖြင့် အလိုရှိလျှင်၊ ၎င်း လိုအပ်သော
သကတ်သည်အချို့ဇာတ်ကလေးကိုသာအထူးပြုအပ်၏၊အချို

ကိုကား အထူးမပြုအပ်။ ။ဥပမာ။ ဂုဏ်သကတ်ကို လိုလျှင် ၎င်းသကတ်သည်။ အချို့ဇာတ်ကလေး၌ဖြစ်၍။ အချို့၌ကားမဖြစ်သင့် ဟူလို။ ။ဇာတ်ကြီး တခု လုံးနှင့် ဆက်ဆံသောသာမညသကတ်ကိုမူလဘူတပိသေသသကတ်ပြု၍၎င်းဇာတ်ကြီး၌ပါဝင်သောဇာတ်ကလေးတို့ကို သရုပ်မခွဲကောင်း။ ။ဥပမာ။ တိရစ္ဆာန်ဇာတ်ကို နွားဇာတ်၊ ကျွဲဇာတ်စသည်ဖြင့်ခွဲလိုလျှင်သွားခြင်း ကိရိယာသကတ်ကို မူလဘူတ ပိသေသသကတ်ပြု၍မခွဲအပ်။ ခွဲသော် ဇာတ်ကြီးနှင့် ဇာတ် ကလေးအသီးသီးတို့မထူးရာ။ ဤသို့ခွဲ၍နွားဇာတ်သည် ကျွဲဇာတ်စသည်တို့မှထူးသည်ဟူအံ့၊ ကျွဲမြင်းစသည်တို့သည် သွားတတ်သောတိရစ္ဆာန်မဖြစ်ပြီ။

တက္ကိကဘေဒ အရာ၌အမြဲ မှတ်အပ်သောအင်္ဂါငါးပါးကား။

(၁) ဇာတ်ကိုသာခွဲအပ်၏။ ဒြဗ်တခုတည်းကို မခွဲအပ်။ ဇာတ်သဒ္ဒါကိုခွဲအပ်၏။ ဒြဗ်တခုတည်းကိုဟောသော ဧကဝိပုဒ်ကို မခွဲအပ်ဟူလို။ ။ဧကဝိပုဒ်ကို ခွဲလျှင် ဒဗ္ဗဘေဒသော်လည်းကောင်း။ ပရမတ္ထဘေဒသော်လည်းကောင်းဖြစ်ရာ၏။

"ဒဗ္ဗဘေဒ,, ဟူသည်ကား၊ ဒြဗ်တခုတည်းကို အစိတ်အစိတ်ဖြစ်အောင်ခွဲခြင်းတည်း။ ။ဥပမာ။ သစ်ပင် တပင်ကို သစ်မြစ်။ သစ်ကိုင်း။ သစ်ခက်။ သစ်ရွက်။ သစ်ပွင့်။ သစ်သီးစသည်ဖြင့်ခွဲလျှင်ဒဗ္ဗဘေဒကိုရ၏။ ရွှေဘဲကို အမှုန့်ဖြစ်အောင် တစဉ်းတိုက်သော် ရွှေမှုန့် တမှုန့် တမှုန့်တို့သည်လည်း ရွှေဒြဗ်၏အစိတ်မျှသာဖြစ်၍ဒဗ္ဗဘေဒသာဖြစ်၏။ ထိုအတူ။ ဆားတခဲကိုကြိတ်သော် တပွင့်တပွင့်သော ဆားသည် ဆားဒြဗ်ပင်ဖြစ်သေး၍ဒဗ္ဗဘေဒမည်၏။

"ပရမတ္ထဘေဒ,,ဟူသည်ကား၊ ဒြဗ်တခုကို ဒြဗ်အားဖြင့်မခွဲမူ၍ဂုဏ်အားဖြင့်စိတ်ထဲ၌ ခွဲခြင်းတည်း။ ။ဥပမာ။ ယခင်ရွှေ

တမုန့်ကိုဖြစ်စေ။ဆားတပွင့်ကိုဖြစ်စေ။ ပထဝီ၊ အာပေါ၊
တေဇော၊ဝါယော၊ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာတည်းဟူသောအဝိနိ
ဂရုပ်ရှစ်ပါးဖြင့် စိတ်၌ခွဲသော် ပရမတ္ထ ဘောဒကိုရ၏။ ထို
တူ။စိတ္တုပ္ပါဒ်တခုတခု၌ ဖဿ၊ဝေဒနာ၊စေတနာ၊ ဧကဂ္ဂတာ
ဇီဝိတိန္ဒြေ ဖြစ်သော စေတသိက် တရား တို့ကို စိတ်
သော်ပရမတ္ထဘောဒကိုရ၏။ ။စ.ာားအလျဉ်းသင့်၍ ဓာ
ဘောဒကိုလည်းပြလိုက်ပေအံ့။

“ဓာတုဘေဒ,,ဟူသည်ကား။ဒဗ္ဗဘေဒ ဖြင့်နောက်ထပ်
ခွဲ၍မရကောင်းပြီဖြစ်သော သမူဟဝတ္ထုဒြဗ်ကိုဓာတုဘေ
ယဖြင့်စိရင်၍အဝယဝဖြစ်၍ဖြစ်သောမူလဓာတ်ကို အော
ခြင်းတည်း။ ။ဥပမာ။ ယခင်ဆားတပွင့်ကို ဒဗ္ဗဘေဒအ
ဖြင့်စိတ်၍စိတ်၍ သွားသော် နောက်ဆုံးထပ်၍ မခွဲနိုင်ပြီ
သောအချိန် အခါသို့ရောက်လတ္တံ့။ ။ထိုအခါ ဓာတုဘေ
နယဖြင့် စိရင်၍ဆို ဒီယံသေတ္တုနှင့် ကလိုရင် ဓာတ်ခိုး ကို
လျှင်ဒဗ္ဗဘေဒမဟုတ်ပြီ။ ဓာတုဘေဒဖြစ်ပြီဟူ၍ မှတ်အပ်
ဒဗ္ဗဘေဒ၌ဆားဟူသောအမည်ပညတ်ကိုမစွန့်။ စွန့်ပြန် လျှ
လည်းသဘောအားဖြင့် မဘောက်ပြန်။ သေးငယ်ခြင်းမျှသာ
ဖြစ်၏။ ဓာတုဘေဒ၌ကား ဆားဟူသော အမည်ပညတ်
စွန့်၍။လက္ခဏာ၊ရသအားဖြင့်လည်း ဘောက်ပြန်၏။ ဤသို့
ဘေဒနှင့်ဓာတုဘေဒ၏ အထူးကိုမှတ်အပ်၏။ ပရမတ္ထ ဘော
၌လည်းအပေါင်း၏အမည်သည်အစိတ်၌မဖြစ်နိုင်။ ။ဤ
ပြအပ်ပြီးသောဒဗ္ဗဘေဒ။ ပရမတ္ထဘေဒနှင့်ဓာတု ဘေဒတို့
တက္ကိကဘေဒ၏အထူး ိုကောင်းစွာမှတ်အပ်၏။

(၂) ဓာတ်ကြီး၏ အမည်သည်။ ဓာတ်ကလေး တို
လည်းဖြစ်နိုင်ရမည်။ဤအင်္ဂါနှင့် မညီသော်ဒဗ္ဗဘေဒ ဒေါ
ပရမတ္ထဘေဒဒေါသ၊ဓာတုဘေဒဒေါသသင့်တတ်သည်။
(၃) ဓာတ်ကလေး အသီးသီးကို ပေါင်းသော် ဓာ

ကြီးနှင့်ညီမျှစေရမည်။ကျဉ်းလွန်းလျှင် အဗျာပိတဒေါသသင့်၏။ကျယ်လွန်းပြန်လျှင်လည်းအတိဗျာပိတဒေါသသင့်၏။


(၄) ဓာတ်ကလေးတခုကိုတခုနှင့်မထပ်စေအပ်။ ထပ်လျှင်ပုနဘော်ဒဒေါသသင့်၏။

(၅) ခွဲကြောင်းမူလ ဘူတဗိသေသ သကတ်မှာ တခုတည်းသောဂုဏ် ဖြစ်စေရမည်။ တခုထက်ပိုရိုလျှင် သံသဗ္ဘဝဒေါသသင့်၏။ ။ဥပမာ။

ကျမ်းဟူသောဓာတ်ကြီးတခုကို ၁၀-ကြောင်းပေ။၁၂-ကြောင်းပေ။ သက္ကဋ။မဂဓ။ သဒ္ဒါ။ အဘိဓာန်။ အလင်္ကာ စသည်ဖြင့်ဝေဘန်သော်ဓာတ်ကလေးတို့အချင်းချင်း ရောရှက်ရ၏။အဘယ်ကြောင့်ဆိုသော်။သက္ကဋသဒ္ဒါ၊မဂဓအဘိဓာန်။ သက္ကဋ အလင်္ကာ။ မဂဓအလင်္ကာ စသည် တို့သည် ၁၀-ကြောင်းပေလည်းကောင်း၊ ၁၂-ကြောင်း ပေလည်း ကောင်း ရှိရာသောကြောင့်တည်း။ဤသို့ရောရှက်ခြင်း အကြောင်းမှာ ကြောင်းရေ။ဘာသာ။ကျမ်းနက်တည်းဟူသော၊ သကတ်သုံးပါးဖြင့်ခွဲခြင်းကြောင့်တည်း။


တက္ကိကဘောဒအင်္ဂါ ငါးပါးအပြားကို ပြပြီး၍ ဒုကဘောဒနယကိုဆိုပေအံ့။


အင်္ဂါငါးပါးနှင့်ညီ၍ဒေါသကင်းသော တက္ကိကဘေး
လိုမှု။ဒုကဘေဒနယဖြင့်အောက်ပါအတိုင်းခွဲအပ်၏။



ဤသို့ဒုကဋ်၏အစွမ်းအားဖြင့်မခွဲ၊မဝေဘန်သော်။ လိုသော်လည်းလိုတတ်၏။ပိုသော်လည်းပိုတတ်၏။ ။ဥပမာ။အိမ်မျိုးခွဲလျှင်၊အုဋ္ဌဖြင့် ပြီးသော တိုက်အိမ်။သစ်သားအိမ်၊ ဝါးအိမ်၊ သံအိမ်။ဖလံအိမ်။ မြေအိမ်။ ပျဉ်ထောင်အိမ်။ သွတ်မိုး အိမ်။ အုဋ္ဌကြွပ်မိုးအိမ်၊ ဝါးကပ်မိုးအိမ်။ ဓနိမိုး အိမ်။ သက် ကယ်မိုးအိမ်။ထန်းကလက်တဲအိမ် စသည်ဖြင့်ခွဲလျှင် ကုန်လောက်ပြီဟူ၍ရုတ်တရက်ထင်မှတ်စရာ ရှိသော်လည်း။ ဗာရာဏသီပြည်၌ကျောက်ဖြင့်ပြီးသောအိမ်၊ဩစတြေလိယာကျွန်း၌သစ်ခေါက်ဖြင့်ပြီးသောအိမ်။ အလွန်အေးသော အရပ်တို့၌နှင်းခဲဖြင့်ပြီးသောအိမ်။မမြို့၌ ကဲ့သို့စက္ကူဖြင့်ပြီးသော အိမ်တို့လည်းရှိသေးသည်သာလျှင်တည်း။ ထိုမှတပါးလည်း အဝတ်ဖြင့်ပြီးသောတဲလည်း အိမ်တမျိုးတည်း။ လှေကို အိမ်ပြု၍ နေလျှင်လည်းလှေအိမ်ပင်တည်း။ထို့ကြောင့်လို၍ အဗျာပိတ ဒေါသရောက်၏။ တိုက်အိမ်၌ ရုံခါ သွတ်မိုး၍ ရုံခါ အုဋ္ဌကြွပ် မိုးရကားတိုက်အိမ်၊သွတ်မိုးအိမ်၊ အုဋ္ဌကြွပ် မိုးအိမ်တို့ ရောရှက်၏။ထို့အတူ။သစ်သားအိမ်။ပျဉ်ထောင်အိမ်။ ဝါးကပ်မိုးအိမ်။ ဓနိမိုးအိမ်စသည်တို့လည်း ရောရှက်ကြ၍ သံသဋ္ဌဒေါသသင့်၏။ ။

ထိုနည်းတူ၊ မြန်မာပြည်သားများကို လူမျိုးခွဲလျှင်ရခိုင်
မာ၊တလိုင်း၊ရှမ်း၊ကရင်၊ချင်း၊ပလောင်၊ကချင်၊ ယော၊ကဒူး
စသည်ဖြင့် တခါတည်း ခွဲသွားလျှင်ဆလုံလူမျိုး၊ ဆင်ပူလု
စသည်တို့ကြွင်းကျန်သေးသောကြောင့်လို၏။ ဒွိကဘေဒ
အားဖြင့်အောက်ပါအတိုင်းခွဲသော်ကား။ ဤသို့မကြွင်းရာ။






အကယ်၍ယခုမသိကြသေးသော လူရိုင်းတမျိုးကိုတော ကြီး၊တောင်ကြီးထဲ၌ နောက်နောက် တွေ့အံ့။ ၎င်းလူမျိုး ကို ဆင်ပူမဟုတ်ဟူသောအမျိုး၌သွင်း၍ အထက်အတိုင်းတဆင့် ခွဲသွားရာ၏။

တက္ကိကဘောဒ၌ အထူးသတိပြုရမည်မှာအရာကျယ်လွန်း သောဓာတ်ကြီးမှ။ အရာကျဉ်းလွန်းသော ဓာတ်ကလေး သို့ ရုတ်တရက်မခုန်ရ။အဆင့်ဆင့်သာခွဲရာ၏ဟူလို။

တက္ကိကဘောဒကိုပြပြီး၍ ယခုအခါတက္ကိက ဝစနတ်
ပြပေအံ့။

"တက္ကိကဝစနတ္ထ"ဟူသည်ကား။ဇာတ်၌ တည်သော
အသီးသီးနှင့် ဆက်ဆံသောသဒ္ဒိသဂုဏ်အပေါင်းကိုဘော
ခြင်းတည်း။ ။ဘိုင်းပြည့်၏နယ်နိမိတ်ကိုပိုင်းခြားသတ်မှ
သကဲ့သို့ပုဒ်၏ သကာတ်အနက် သဘော အများတွင် ဝ
ပုဂ္ဂိုလ်၏ဆိုလိုသောအဓိပ္ပါယ်ကိုပိုင်းခြားသတ်မှတ်ခြင်း
လို။ဤသို့ပိုင်းခြား သတ်မှတ်ရာ၌ သကာတ်အနက် ကျန်
အဓိပ္ပါယ်သဘောပြည့်စုံ လုံလောက်သည်မည်၏။ ထိုသို့ပို
ခြားသတ်မှတ်ကြောင်းကိုနိမိတ်။ တနည်း၊နိမိတ္တတ္ထဟူ၍ ခေါ်
အပ်၏။ဤနိမိတ်သည်နှစ်ပါးပြား၏။ထိုတွင် သဒ္ဒါဆရာတို့က
သဒ္ဒါ ဖြစ်ကြောင်းကို ဗျုပ္ပတ္တိနိမိတ်။ ဖြစ်သော သဒ္ဒါတည်
ကြောင်းကို သဒ္ဒပဝတ္တိ နိမိတ်ဟူ၍ ခေါ်ကြ၏။ ဤနိမိတ်နှ
မျိုးတွင်။ဝိဂ္ဂဟ်ဝစနတ်။ပြုတုံလတ်။ဗျုပ္ပတ်မျှော်ထောက်ရ ဟ
သောနိယံနှင့်အညီ။ဝိဂ္ဂဟ်ပြုရာ၌သဒ္ဒါဆရာတို့သည်ဗျုပ္ပတ်ကို
ရှုကြ၏၊ထိုကြောင့်တက္ကိကဝစနတ်ကိုဝိဂ္ဂဟ်ဟူ၍လည်း ခေါ်
အပ်သေး၏။ ဝိဂ္ဂဟ်မှာ၊ဝိဂ္ဂဟ်ပြ၊ ဝိဂ္ဂဟ်တု၊ ဝိဂ္ဂဟ်စစ် ဟူ
လည်းသဒ္ဒါဆရာတို့ခွဲကြ၏။

စကားအလျဉ်းသင့်၍သံဝဏ္ဏနာကို အနည်းငယ် ပြလို
ပေအံ့။ ။ဘွင့်အပ်သောပုဒ်ကို သံဝဏ္ဏေတဗ္ဗ။ အဘွင့်ကို
သံဝဏ္ဏနာဟူ၍ သဒ္ဒါဆရာတို့ခေါ်ကြ၏။ထိုတွင် ဝိဂ္ဂဟ်ဖြ
သောအနက်ကိုဘွင့်ကြောင်းဖြစ်သောသံဝဏ္ဏနာသည်။ အဘိ
ဓာနတ္ထသံဝဏ္ဏနာမည်၏။ဝိဂ္ဂဟ်တုအားဖြင့်ဘွင့်လျှင်လဟုက
နည်း။ဝိဂ္ဂဟ်စစ်ဖြင့်ဘွင့်လျှင်ဂရုကနည်းဟူ၏။ ။ပရိယာယ်
ဖြစ်သောအနက်ကို ဘွင့်ကြောင်းဖြစ်သော သံဝဏ္ဏနာ သည်
အဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။

တနည်း။ သဒ္ဒါသည် ဟော အပ်သော အနက်ကို ဘွ
ကြောင်းသည် သဒ္ဒတ္ထသံဝဏ္ဏနာ။ တနည်း။ အဘိဓေယျ

ံဝဏ္ဏနာမည်၏။ ။သဘောဖြစ်သောအနက်ကိုဘွင့်ကြောင်း
ည်၊ ဘာဝတ္ထသံဝဏ္ဏနာ။ တနည်း။ သဘာဝတ္ထ သံဝဏ္ဏနာ
ည်၏။ ။"ဟူသည်ကား,,။ ဟူသောပုဒ်ဖြင့်ယှဉ်၍ဘွင့်သော်
ဿဂ်နည်း။ငင်းပုဒ်ဖြင့်မယှဉ်မူ၍ဘွင့်သော်ဥတ္တိနည်းမည်၏။ ။
ကျယ်ကိုလိုလျှင်သဒ္ဒါပုဒ်စစ်ကျမ်းစသည်တို့၌ကြည့်လေ။
တက္ကိကဘောဒ၌ သရုပ်ခွဲသည်။ သရုပ်အပြား ကိုဘော်ပြ
ည်ဟူလို။တက္ကိကဝစနတ်၌သဘောကိုဘော်ပြသည်။တက္ကိ
ဘောဒသည် ဒဗ္ဗတ္ထနှင့် သက်ဆိုင်၏။ ထိုကြောင့် ဒဗ္ဗတ္ထ
ဝဏ္ဏနာလည်း မည်သင့်၏။ ။တက္ကိက ဝစနတ် သည်
ကတ္ထနှင့်သက်ဆိုင်၏။ထိုကြောင့်သကတ္ထသံဝဏ္ဏနာလည်း
ည်သင့်၏။ ။ဤသို့အထူးကိုလည်းမှတ်အပ်၏။
ဓာတိသဒ္ဒါ၏တက္ကိကဝစနတ်ကိုပြုရာ၌တပါးသောဓာတ်
မှမိမိကိုအထူးပြုလောက်ရုံဖြစ်သော သဒိသဂုဏ်အပေါင်း
ဆိုအပ်သော သကတ်ကိုအတိုဆုံးသောနည်းဖြင့် ဆိုရာ၏။
ို့အတိုဆုံးသောနည်းဖြင့် ဆိုခြင်းဖြင့်လည်း ဓာတိပရံပရာ
တည်းဟူသောဓာတ်ဆက်၌လိုအပ်သောဓာတ်၏နေရာကို
ပြိုင်နက်သိအပ်၏။ ။မိမိထက်တဆင့်ကြီးသောဓာတ်၏
ကတ်တွင်။ ဝိသေသသကတ်ကို ပေါင်းသောအားဖြင့် လို
ပ်သောဝစနတ်ကိုရ၏။
တက္ကိကဝစနတ်၌ စကားအပိုမပါ ရှိစေအပ်။ အဝတ္ထာ
ကတ်များပါရှိမူဓာတ်သည်လိုရင်းထက်ကျဉ်းသွား၏။ ။ဥ
မာ။"စတုဂံဟူသည်ကားအနားလေးဘက်ရှိသောပုံတည်း,,
၍ဆိုရုံနှင့် ပြည့်စုံလုံလောက်ပါလျက်။"အနားလေးဘက်ညီ
ာပုံတည်း,,ဟူ၍ ဆိုချေသော်"ညီသော,, ဟူသော ဂုဏ်
ဒ်ဖြင့် မူလလိုရင်း စတုဂံဓာတ်ထက်ငယ်သွား၍ ဟီနဒေါသ
င့်၏။ ဓာတ်တခုလုံးနှင့် ဆိုင်သော သာမည သကတ်ဖြင့်
ွင့်သော်ကား အကျိုးမထူး။ နိရတ္ထကဒေါသသင့်၏။ ။
ဥပမာ။ "အနားပြိုင်သောစတုဂံဟူသည်ကား ပက္ခဖြစ်သော

အနားတို့ညီမျှ၍ပြိုင်သည့်ပြင်။ ပဉ္စဂေထာင့်တို့လည်း ညီ
ရှိသော အနားလေးဘက်ပုံတည်း,,ဟူ၍ ဝစနတ်ကိုပြု
နားပြိုင်သည်ဟုဆိုရုံနှင့်“ပဉ္စအနား။ ပဉ္စထောင့်တို့လည်
ကြ၏,, ဟူသော ဂုဏ်တို့သည် အဝုတ္တသိဒ္ဓိ နည်းဖြင့်
တည်း ပြီးသောကြောင့် ၎င်းဂုဏ်တို့ဖြင့် အနက်ကို ဖေ
ကျေးဇူးမထူးဟူလို။

ယခုအခါ။တက္ကိကဝစနတ်အင်္ဂါငါးပါးကိုပြပေအံ့။
ငါးပါးကား။

(၁) လိုရင်းဇ္ဈသ္တိတသကတ်ဖြင့် ဇာတိသဒ္ဒါ၏ အ
အဓိပ္ပါယ်ကို ပိုင်းခြားသတ်မှတ်၊ ဝိဂ္ဂိုဟ်ဝစနတ်ပြုရာ၏
“ဇ္ဈသ္တိတသကတ်,, ဟူသည်ကား ဇာတ်ကြီး၏သကတ်
သောသသကတ်တို့၏အပေါင်းကိုဆိုလိုသည်။ ။ဤဇ္ဈသ္တိ
သကတ်မကုန်လျှင် ဝစနတ်မပြည့်စုံ၍အဗျာပိဘဒေါသ
၏။ ။ဥပမာ။“ရေသည်ဇလံသဝတ္ထုတည်း,,ဟူ၍ဘွင့်ချေ
“ဆီသည်ဇလံသဝတ္ထုတည်း,,။ဟူ၍လည်း ဆိုနိုင်သေး
ကြောင့်ဆီနှင့်ရေသည်မခြားသကဲ့သို့ရှိရာ၏။ အဘယ်ကြေ
ဆိုသော် ဇလံသဟူသောပုဒ်ဖြင့် ဇ္ဈသ္တိတသကတ်မကုန်
ကြောင့်တည်း။

“လူသည်ချက်ပြုတ်စားသောက်သောသတ္တဝါဖြစ်၏,,
သဉ် အဘိုးအပေါဆုံးသောသတ္တုတည်း,,။စသောဝစန
ကား အမှတ်တမဲ့ အခိုက်အတန့်ကိုစွဲ၍ ဖြစ်သော အဝ
သကတ်ပုဒ်တို့ဖြင့်ဘွင့်သောကြောင့်အဝတ္တာဒေါသသ
“သစ်ပင်ဟူသည်ကား အမြစ်၊ အကိုင်း၊အခက်၊ အလက်
တက်၊ အရွက်စသည်တို့တည်း,,။ဟူ၍ဆိုလျှင်ဒဗ္ဗတ္ထ၏အ
အစိတ်ကို သရုပ်ခွဲရုံ သရူပဝစနတ်ဖြစ်၏။ တက္ကိကဝစ
မမည်။အဘယ်ကြောင့်ဆိုသော် တက္ကိကဝစနတ်၌ သက
ကိုလိုသောကြောင့်တည်း။ထိုနည်းအတူ။ “အာရုံဟူသည်
ရူပါရုံ၊ သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတည်း,,

သာဝစနတ်သည် သရူပဝစနတ် ပင်ဖြစ်၏။ ဤသို့သရူပဝစ
တ်နှင့်တက္ကိကဝစနတ်၏အထူးကိုလည်းမှတ်အပ်၏။

(၂) တက္ကိကဝစနတ်၌ ဘွင့်အပ်သော သံဝဏ္ဏေတဗ္ဗ
နှင့် ၎င်းပုဒ်၏ပရိယာယသဒ္ဒါတို့ကို သံဝဏ္ဏနာ၌မပါမရှိစေ
ပ်။ပါရှိခဲ့မူ၊ပုနရုတ္တိဒေါသ၊တနည်း၊ဧကတ္တဒေါသသင့်၏။ ။
ပမာ။"စိတ်ဟူသည်ကားအာရုံကိုကြံတတ်သော်တရားတည်း„
၍ဝစနတ်ကိုပြုသော် စိတ်သဒ္ဒါသည် ကြံခြင်းအနက်၌ ဖြစ်
သာကြောင့် မြန်မာလို အနက်ပြန်ရုံရှိ၏။ ဤသို့တဘာသာမှ
ဘာသာသို့အနက်ပြန်သည်ကိုအနက်သမ္ဗန်သည်ဟူ၍၎င်း။
က် ယောဇနာသည် ဟူ၍၎င်း ခေါ်၏။ သဒ္ဒါ၏ အနက်ကို
နှင့်ကြောင်းဖြစ်၍ သဒ္ဒတ္ထဝဏ္ဏနာ မည်၏။ ဝိဂြိုဟ်ဖြစ်သော
နက်ကို ဘွင့်ကြောင်းဖြစ်၍ အဘိဓာနတ္ထသံဝဏ္ဏနာမည်၏။
ာ်နှင့်အကြံကို ပရိယာယသဒ္ဒါဟူ၍ယူလျှင် ပရိယာယ်ဖြစ်
သာအနက်ကို ဘွင့်ကြောင်းဖြစ်၍ အဘိဓေယျတ္ထသံဝဏ္ဏနာ
၏။"စိတ်ဟူသည်ကားအာရုံကို သိတတ်ခြင်းလက္ခဏာရှိ
ာတရားတည်း„ဟူ၍ဆိုမူသဘောဖြစ်သောအနက်ကိုဘွင့်
ကြောင်းဖြစ်သောကြောင့် သဘာဝတ္ထသံဝဏ္ဏနာမည်၏။ ဤ၌
ည်းအကြံနှင့်အသိကိုပရိယာယ်ဟူ၍ယူလျှင်အဘိဓေယျတ္ထ
ဝဏ္ဏနာပင် မည်သင့်၏။ တက္ကိကဝစနတ်မမည်။ ထိုအတူ"
ာရုံဟူသည်ကားစိတ်သည်မွေ့လျော်အပ်သောအရာတည်း„
ဆိုပြန်သော်လည်း၊ရမဓာတ်အနက်ကိုဘော်ရုံရှိ၏။

(၃) တက္ကိကဝစနတ်ကို ပြုရာ၌ ပုဒ်၏ ဒဗ္ဗတ္ထတွင် လို
ည်း မလိုစေအပ်။ပိုလည်းမပိုစေအပ်။ လိုလျှင်ကျဉ်းလွန်း၍
ျာပိတဒေါသ။ ပိုလျှင် ကျယ်လွန်း၍ အတိဗျာပိတဒေါသ
င့်၏။ ။ဥပမာ။"သေတ္တာဟူသည်ကားလေးသောမူလဓာတ်
ည်း„။ဟူ၍ဆိုလျှင်ပေါ့သောသေတ္တာတို့မပါဝင်၍ကျဉ်းလွန်း
ည်။ ။"သေတ္တာဟူသည်ကားပထဝီသတည်း„ဟူ၍ဆို
န်သော်ကား ဇလံသဖြစ်သော ပြဒါး သေတ္တာမပါ၍ ကျဉ်း

ထည်း ကျဉ်းလွန်းသည်။ ပထဝီသဖြစ်သော သစ်သားစ
တို့ပါဝင်၍ကျယ်ထည်းကျယ်လွန်းသည်။ "လူဟူသည်က
သက်ရှိသောသတ္တဝါတည်း" ဟူ၍ဆိုသော်နတ်ဗြဟ္မာစ
တို့ပါဝင်၍ကျယ်လွန်းသည်။

(၄) အနက်အသိခက်သောပုဒ်ဖြင့်ဝင်း။ လျဉ်းပါးသ
ရှိသောပုဒ်ဖြင့်ဝင်း။ဥပစာပုဒ်ဖြင့်ဝင်း။မဘွင့်အပ်။ ။အ
အသိခက်သောပုဒ်ဖြင့်ဘွင့်သော်ကိလိဋ္ဌဒေါသ။ အနက်လ
ပါးဘွယ်ရှိသောပုဒ်ဖြင့်ဘွင့်သော်။ သသံသယဒေါသ။ ဥပ
ပုဒ်ဖြင့်ဘွင့်သော်ဥပစာဒေါသသင့်၏။ ။ဥပမာ။ "အသက်
သည်ကား ဝိညာဏဇီဝတည်း"။ ဟူ၍ဆိုသော်ဘွင့်အပ်
"အသက်" ဟူသောပုဒ်ထက် "ဝိညာဏဇီဝ" ဟူသော
ကြောင်းပုဒ်သည်အနက်သါ၍အသိခက်၏။ ။"စိတ်ဟူသည်
အာရုံကိုသိတတ်သောတရားတည်း" ဟူ၍ဘွင့်သော် "စိ
ဟူသောပုဒ်ထက် "အာရုံ" ဟူသောပုဒ်၏အနက်ကိုသာ၍အ
ခက်သလိုရှိ၏။အဘယ်ကြောင့်ဆိုသော်။ စိတ်ဟူသောပု
လူတိုင်းကြားဘူး၍အာရုံဟူသောပုဒ်ကို သဗ္ဗြိုဟ်ဆရာတို့
ပါး ကြားဘူးသောသူ နည်းသောကြောင့်တည်း။ သသံ
ပုဒ်ဖြင့်ဘွင့်သော်ဝင်း။ဥပစာပုဒ်ဖြင့်ဘွင့်သော်ဝင်း။ အန
သိခက်သောကြောင့် သသံသယဒေါသ၊ဥပစာဒေါသ
ထည်းကိလိဋ္ဌဒေါသနှင့်သွင်း၍သဗ္ဗြိုဟ်အပ်၏။

(၅) တက္ကိကဝစနတ်ကိုပြုရာ၌ ဥတ္တပဒိုညာဖြင့်
သောအခါအနုတ္တပဒိုညာဖြင့်မဆိုအပ်။ ။ဥပမာ။ "ကျ
ဟူသည်ကားအကုသိုလ်မဟုတ်"။ "ဒုစ္စရိုက်ဟူသည်က
စရိုက်မဟုတ်"။ "ဒုက္ခဟူသည်ကားသုခမဟုတ်"။ "ပ
သည်ကား မောဟတရားမဟုတ်"။စိတ်ဟူသည်ကား
ရားမဟုတ်"။စသေါအနုတ္တဝစနတ်တို့ကါးအသုံးမကျ
ဒေါသသင့်၏။ ။သို့ရာတွင်နိဗ္ဗာန်ဟူသောပုဒ်ကိုဥတ္တ
ပြုလျှင်မမှန်။ ။ဥပမာ။ "နိဗ္ဗာန်ဟူသည်ကားဘုရားရ

စံရာဒ္ဒြေပြည်မြတ်တည်း,,။ ဟူ၍ဆိုလျှင်။ဥပစာမျှသာဖြစ်၏။မမှန်ဟူလို။ ။ထို့ကြောင့်"နိဗ္ဗာန်ဟူသည်ကား၊လောဘ၊ဒေါသ၊မောဟ မီးသုံးပါး ငြိမ်းခြင်းတည်း ဟူ၍၎င်း။ ဒုက္ခကုန်ခြင်းတည်းဟူ၍၎င်း။ အဏ္ဏမှဆိတ်ခြင်းတည်း။ ဟူ၍၎င်း။ဘဝမရှိခြင်းတည်းဟူ၍၎င်း။ ကံ၊စိတ်၊ဥတု၊ အာဟာရ အကြောင်းတရား လေးပါးကင်းခြင်းတည်း,,။ ဟူ၍၎င်း။ အနုဏ္ဏဝစနတ်တို့ကိုပြုသင့်၏။

## လေ့ကျက်ရန်။

(၁) အောက်ပါပုဒ်တို့ကို တက္ကိကဘေဒ ဒေါသလွတ်အောင်ဒုကဘေဒနယဖြင့်သရုပ်ခွဲလေ။

လူ။တိရစ္ဆာန်။ပုံ။ပန်း။ တိုင်းပြည်။သဏ္ဌာန်။ဝဏ္ဏ။ အမည်။အရောင်။ ဘာသာ။အယူဝါဒ။သဒ္ဒါ။နာမ်။တဒ္ဓိတ်။ သမာသ်။အလင်္ကာဒေါသ။ဂါထာ။စိတ်။ချပ်။ပညတ်။ပညာ။ အာယတန။ဓာတ်။ရသာ။အာရုံ။ဗျဉ္ဇနာ။ပဋိညာ။

(၂) အောက်ပါပုဒ်တို့ကိုတက္ကိကဝစနတ်ပြုလေ။

စားပွဲ။ကုလားထိုင်။ ကန့်လန့်ကာ။ ကျောင်းသား။ ထက္ကသိုလ်။ သိပ္ပံကျောင်းတော်ကြီး။စာအုပ်။ အစာ။ ဥစ္စာ။ လှေ။ဖောင်၊ ရထား။မြင်း။ဘိုးသူတော်။ ရှင်သာမဏေ။ ဦးပဉ္စင်း။ကျွန်း။ ဥယျာဉ်။တောင်။ပင်လယ်။ရသေ့။ရဟန်း။ အနာဂံ။ရဟန္တာ။ဘုရား။

(၃) အောက်ပါဝစနတ်တို့၌ တက္ကိကဝစနတ္တ ဒေါသရှိ၊ မရှိကိုစိစစ်၍။ ရှိလျှင်အဘယ်တက္ကိကဝစနတ္တအင်္ဂါချွတ်ယွင်း၍။အဘယ်ဝစနတ္တဒေါသသင့်သည်ကိုပြလေ။

(က) နွား ဟူသည်ကား အခြေ-၄-ချောင်း ရှိသောသတ္တဝါတည်း။

(ခ) ကျဲ့ဟူသည်ကား ဦးချို့ရှိသောသတ္တဝါတည်း။
(ဂ) မြင်းဟူသည်ကား ရထားကိုဆွဲသော တိရစ္ဆာန်တည်း။
(ဃ) ဒွက်ဟူသည်ကား ပျံတတ်သောသတ္တဝါတည်း။
(င) အသက်ဟူသည်ကား ဇီဝိတိန္ဒြေတည်း။
(စ) ဘာဝရုပ် ဟူသည်ကား အင်္ဂါ ဓာတ်၏ အကြောင်းတည်း။
(ဆ) အပေါင်းဟူသည်ကား အစိတ်အစိတ်တို့၏ အစုအပုံတည်း။
(ဇ) အနံ့မရှိ အလျားသာ ရှိသော အကြောင်းသည်မျဉ်းမည်၏။
(ဈ) အမှတ်ဟူသည်ကား အလျားအနံ့မရှိသောအရာတည်း။
(ည) အစွမ်းဟူသည်ကား ရွေ့စေတတ်သောသတ္တိကိုဆိုလိုသည်။
(ဋ) အားဟူသည်ကား ရွေ့စေတတ်သောအစွမ်းကိုဆိုလိုသည်။
(ဌ) ဒွေ့ဟူသည်ကား အဘိုးထိုက်တန်သောသေတ္တာတည်း။
(ဍ) ကျောက်ဟူသည်ကား မာသောဝတ္ထုတည်း။
(ဎ) ရုပ်ဟူသည်ကား ဘောက်ပြန်တတ်သောတရားတည်း။
(ဏ) အာယတနဟူသည်ကား တည်ရာကိုဆိုလိုသည်။
(တ) ဓာတ်ဟူသည်ကား မိမိသဘောကိုဆောင်တတ်သောတရားတည်း။
(ထ) အဝိဇ္ဇာဟူသည်ကား မောဟတည်း။
(ဒ) ကမ္ဘဝဟူသည်ကား သင်္ခါရတည်း။
(ဓ) စိတ်ဟူသည်ကား နာမ်တရားတည်း။

(၃) ခန္ဓာ ဟူသည်ကား ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့တည်း။

(ပ) အနတ္တဟူသည်ကား အတ္တမဟုတ်သည်ကိုဆိုလိုသည်။

(ဗ) အနိစ္စဟူသည်ကားနိစ္စမဟုတ်တည်း။

## ပန္နရသမကဏ္ဍ။

### တက္ကိကဆရာတို့လိုအပ်သောနည်းတည်း ဟူသောတက္ကနယခန်း။

ဝါစကထိုက်သောပုဒ်။ပုဒ်ကိုသရုပ်ခွဲခြင်းဟု ဆိုအပ်သော တက္ကိကဘောဒ။ ပုဒ်အနက်သဘောကို ဘောင်ခြင်းဟု ဆိုအပ် သောတက္ကိကဝစနတ်ကိုပြပြီး၍ ယခုအခါတက္ကိကဆရာတို့ လိုအပ်သောတက္ကနယကိုပြပေအံ့။

#### ၎င်းတက္ကနယ၏အင်္ဂါနှစ်ပါးမှာ။

(၁) မည်သည့်ပုဒ်ကို မဆိုအသုံးပြုလိုလျှင် ရှေးဦးစွာ မိမိလိုအပ်သောအနက်အဓိပ္ပါယ်ကိုတက္ကိကဝစနတ်ပြုရာ၏။ ဤသို့မပြုလျှင်မိမိ၏အလိုကိုသူတပါးမသိနိုင်ရာသောကြောင့် တက္ကိကဝစနတ်ဖြင့်မိမိလိုအပ်သောအနက်ကိုရှေးဦးစွာပိုင်း ခြားသတ်မှတ်အပ်၏ဟူလို။ အနက်ကိုမပိုင်းခြား၊မသတ်မှတ် အပ်သေးသောပုဒ်ကိုအလျှင်းအသုံးမပြုသင့်၊မပြုအပ်။

(၂) မည်သည့်စကားကိုမဆို၊ပြောဆိုလျှင် လူအများ သိပြီးသောယုတ္တိသက်သေသာဓကတို့ဖြင့် ထောက်ခံပြောဆို ထင်ရှားပြနိုင်စေရမည်။ဤသို့အထောက်အခံမရှိသော စကား ကို အခါခပ်သိမ်း မပြောမဆိုအပ်ဟူလို။ ပထမအင်္ဂါကား လိုအပ်သောအနက်ကို သိလွယ်သောပုဒ်တို့ဖြင့် ဘွင့်ပြီးမှအ မည်၊သညာ၊သင်္ကေတ၊ပညတ်တခုခုကို ပေးခြင်းတည်း။ ။ ဥပမာ။ဂဏန်းတို့ကိုနှစ်ခုဖြင့်စား၍ကုန်သည်လည်းရှိ၏။မကုန် သည်လည်းရှိ၏။ နှစ်ခုဖြင့်စား၍ကုန်သောဂဏန်းတို့ကို"ကိန်း ရုံ"။မကုန်သောဂဏန်းတို့ကို"ကိန်းမ"ဟူ၍အမည်ပေးကြ၏။ ဤသို့အမည် ပေးရခြင်းအကျိုးကား ၎င်းဂဏန်းနှစ်မျိုး၏ခြား

းခြင်းကို ထပ်ခါထပ်ခါ ထုတ်ဘော်၍ မဆိုရခြင်းအကျိုး
ရှိ၏။ စကားတိုခြင်းအကျိုးရှိ၏။ ခေါ်ဝေါ်လွယ်ခြင်း အကျိုး
ရှိ၏။စကားတိုလျှင် တနေရာမှတနေရာသို့ ပြောင်းလွယ်ခြင်း
ကျိုးရှိ၏။ ခေါ်ဝေါ် လွယ်လျှင် ထပ်ခါ ထပ်ခါ သုံးစွဲရန်
လွယ်၏။ ထပ်ခါထပ်ခါ သုံးစွဲလွယ်လျှင် အနက်မရှုပ်ထွေး
င်းအကျိုးရှိ၏။ သို့ရာတွင် မိမိပေးသောအမည်သည် ရုဠ္ဌိ
ညာဖြစ်စေ။ အန္တွတ္ထသညာဖြစ်စေ။ အနေကတ္ထပုဒ်ပင်ဖြစ်
သော်လည်း မိမိလိုအပ်သော အနက်မှတပါးသော အနက်
၌ မဖြစ်စေရန် အထူးသတိပြုအပ်၏။ ။ဥပမာ။ ကျန်
မျိုးမျိုးရုံသည်ကို ကုန်ရုံခေါ်ဝေါ်သကဲ့သို့ ကိန်းရုံဟူရာ၌
န်းအမျိုးမျိုးရုံသည် ဟူသော အနက်တပါး ရှိသေးသော်
ည်း။ “ကိန်းရုံဟူသည်ကား နှစ်ချဖြင့်စား၍ မကုန်သော
ဏန်းတည်း„ဟူ၍ ဥဒ္ဒေသိကနည်းဖြင့်၎င်း။“နှစ်ချဖြင့်စား၍ မ
န်သော ဂဏန်းသည် ကိန်းရုံမည်၏„ဟူ၍ ဝုတ္တိနည်းဖြင့်
း၊ရှေးဦးစွာတက္ကိကဝစနတ်ကိုပြုသည်ရှိသော် ဤသို့ဝဒန္တ
ပုဂ္ဂိုလ်၏လိုအပ်သောအနက်မှ တပါးသောအနက်ကို မငဲ့ပြီ။
ကြောင့် မည်သည့်ဝဒန္တပုဂ္ဂိုလ်မဆို။ မိမိလိုအပ်သောအ
က်ကိုရှေးဦးစွာရှင်းရှင်းလင်းလင်းဘော်ပြပြီးနောက် မိမိပေး
သောအမည်ကို ခေါ်ဝေါ်လွယ်ခြင်းအကျိုးငှာပေးကောင်း
ဟူ၍မှတ်အပ်၏။ ။ဥပမာ။ခါတ်အစီအရင်ဖြင့် တဆင့်
စိတ်၍ရကောင်းသော ဝတ္ထုတို့ကိုသမ္မဟာဝတ္ထု။ ဤသို့ တ
ဆင့်ခွဲစိတ်၍မရကောင်းသောဝတ္ထုတို့ကိုမူသခါတ်။ ပရမာ
ဏုပမာဏရှိသောချပ်ကလာပ်မှုန့်ကိုအဏ္ဏမ်း။ အဏ္ဏမ်းတခု
က်ပိုရှိသောကလာပ်ကိုမော်လေကြူးစသည်ဖြင့်ခါတုဘော
ဆရာသည်အမည်အသီးသီးကိုပေး၏။ အထူးပြုတတ်သော
ဝိသေသနကိုသကတ်။ အထူးပြုအပ်သောဝိသေသျကို ဒြဗ်စ
သည်ဖြင့် သဒ္ဒါဆရာတို့အမည်ပေးကြ၏။ အခုံကိုသိတတ်
ပြတတ်သောတရားကိုစိတ်။ ၎င်းစိတ်၌ယှဉ်သော တရားကို

စေတသိက်စသည်ဖြင့် ပရမတ်ဆရာတို့ အမည်ပေးဖြ
၏။ ။အဖျားဖြတ်ဆေးကို သိုးဆောင်း ဆေးသွားတို့
ကွ°နိုင်ဟူသော အမည်ကိုပေး၏။ မြန်မာဆေးသွားတို့
ဓာတ်ဝဂ်စသည်ဖြင့်အမည်များကိုအသုံးပြုကြ၏။ ထို့
တူ။ ဤကျမ်းကိုပြုသောသူလည်း တက္ကိကဘေဒ။ တ
ဝစနတ်။ ပဋိညာ၊ ဗျာယာစသောအမည်တို့ကိုအသုံးပြု၏။
အမည်ပေးရာ၌အပြစ်မရှိသော်လည်း။ မတူသောအနက်
၌အမည်တခုတည်းကို မပေးသင့်။ ပေးရှိပြန်ကလည်း
သယာဒေါသလွတ်အောင် သီးခြားပြောဆိုရာ၏။ ။ဥ
ယောက်ျား ဟူသောအမည်သည်လင်အနက်။ မိန်းမ-မ
ဟူသောအနက်နှစ်ပါး၌ရကောင်းသောကြောင့်။ တပါး
ယောက်ျား အကြောင်းကို ပြောဆိုသောမိန်းမသည်
လင်အကြောင်းကိုပြောဆိုသည်ဟု သုတာနှံ့ပုဂ္ဂိုလ်ကအ
မခံရအောင်အထူးသတိပြု၍ပြောဆိုရာ၏၊ ယောကျ်ားမဆို
လည်းအတိုသူ၊ အမသူဟူ၍ခွဲ၍ပြောဆိုရာ၏။ ။သူ
ပုဂ္ဂိုလ်ကလည်း အနက်ကိုပိုင်းခြားသတ်မှတ် ပြောဆို
ဝဒနံ့ပုဂ္ဂိုလ်၏အလိုကိုသာနှလုံးသွင်းအပ်၏။ ။ဥပမာ
ရုံဟူသောအမည်ကို ကြားတိုင်းကြားတိုင်းနှစ်ချဖြင့်စား
ကုန်သောဂဏန်း။ နှစ်ချဖြင့်စား၍မကုန်သောဂဏန်းဟူ
စိတ်၌ သတိရမှတ်မိလျှင် အနက်လျဥ်းပါးဘွယ်မရှိ
ကျမ်းကို ဘတ်ရှုကြသောသူတို့လည်း ကျမ်းပြုသူ
သောအနက်တို့၌သာအမည်များကိုမှတ်အပ်၏။

ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တို့နှင့် ငြင်းခုံပြောဆိုသောအခါ
ပုဂ္ဂိုလ်အသုံးပြုသော ပုဒ်တို့၏အနက်ကို ရှေးဦးစွာပို
သတ်မှတ်စေ၍။ထိုပိုင်းခြားသတ်မှတ်အပ်သော နယ်နိ
တွင်းသာနေ၍ပြောဆိုစေရမည်။ ။ဝိတဏ္ဍာဝါဒီပုဂ္ဂို
မဟုတ်။ မည်သူမဆို စကားပြောတိုင်းပြောတိုင်း ပို
ဖြတ်ဖြတ်ပြောဆိုလျှင်။ ထိုမှဤမှ စကားချန်ခြင်းဟု

သာ အမရာဗိကွေပဒေါသလွတ်၍။ ကိလိဋ္ဌဒေါသ၊ သသံ
ယဒေါသတို့လည်းမသင့်နိုင်ရာပြီ။
ဤဆိုအပ်ခဲ့ပြီးသည့် အင်္ဂါနှစ်ပါးနှင့် ညီညွတ်နိုင်လျှင် အ
ကောင်းဆုံးဖြစ်သောနည်းလမ်းပေတည်း။ သို့ရာတွင် အဆုံးစွန်
ရောက်လျှင် မညီညွတ်နိုင်ပြီ။အဘယ်ကြောင့်ဆိုသော်၊ အ
ည်တခု၏အနက်ကိုဖော်လိုလျှင် ၎င်းပုဒ်ထက် လွယ်သော
မည်တပါးဖြင့် ဘွင့်ရမည်။ ဤဘွင့်ကြောင်းအမည်၏ အ
က်ကို ကဘန်မိမိထက်လွယ်သောအမည်ဖြင့် ထပ်၍ဘွင့်ရ
ည်။ ဤသို့တဆင့်ထက်တဆင့်၊ သာ၍လွယ်သောပုဒ်တို့ဖြင့်
င့်၍သွားသော်အစွာသောအမည်ကိုဘွင့်ရန်၊သာ၍လွယ်
သာပုဒ်ရှိတော့မည်မဟုတ်။ ။ထိုနည်းအတူ။မိမိပြောသော
ားတခွန်းကို။ ၎င်းစကားထက်သာ၍ထင်ရှားသောယုတ္တိ
က်သေသာခကစကားဖြင့်ထောက်ခံရမည်။ ၎င်းသာခက
ားကိုတဆင့်ထက်တဆင့်၊သာ၍ထင်ရှားသော သာခက
ားဖြင့်ထောက်ခံ၍သွားသည်ရှိသော် နောက်ဆုံးအစွာ
သာခကစကားကို ထောက်ခံရန်၊ သာ၍ထင်ရှားသော
ခကစကားရှိတော့မည်မဟုတ်။
မယုတ်မလွန်။အလယ်အလတ်ဖြစ်သော"မဇ္ဈိမတက္ကနယ„
သည့်ကားလွယ်အားကြီးသော ပုဒ်တို့၏အနက်ကို အထူး
င့်ရန်၎င်း။ ထင်ရှားလွန်းသော သဘောတရားတို့ကို ယုတ္တိ
က်သေ သာခက ထောက်ခံရန်၎င်း မလိုဟူသော နည်း
ည်း။ဤနည်း၌အနက်အသိခက်သောပုဒ်တို့ကိုဘွင့်၍။ မထင်
ားသေးသော သဘောတရားတို့ကိုသာ သက်သေသာခက
ောက်ခံရာ၏ဟူလို။ ပုဒ်၏အနက်ကိုအမည်အဆင့်ဆင့်ဖြင့်
ွင့်ရာ၌နေ၀ံဆုံးခြိမ်သို့ ဆိုက်ရောက်ကာလ၊ ဤမဇ္ဈိမတက္က
ယသည်ဆုံး၏။ ။ဥပမာ။ဗိတက်ဟူသည်ကားအဘယ်တ
ားနည်း ဟူ၍မသိ၍မေးသော်။ ဗိတက်ဟူသည်ကား မိမိ၏
ာမ္မယုတ္တခမ္မတို့ကို အာရုံ၌ ပစ်တင်တတ်သော စေတသိက်

တရားတည်း။ဟူ၍ဖြေဆိုခဲ့မှု။သမ္ဗယုတ္တဓမ္မဟူသောပုဒ်။အ
ဟူသောပုဒ်၊ စေတသိက်တရားဟူသောပုဒ်သုံးပုဒ်ဖြင့်
သောကြောင့် ၎င်းပုဒ်သစ်သုံးခုတို့၏ အနက်သည် အဘ
နည်းဟူ၍မေးဘွယ်ရှိ၏။ သမ္ပယုတ်တရားဟူသည်ကား
၌အတူတကွယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော စေတသိက်
ရားတည်းဟူ၍ တဆင့်ဘွင့်ပြန်လျှင် စိတ်ဟူသော ပုဒ်သ
စေတသိက်ဟူသော ပုဒ်ဟောင်းတို့၏ အနက်ကို မသိသေ
စိတ်ဟူသည်ကား အာရုံကိုကြံတတ်၊ သိတတ်သောတ
တည်းဟူ၍တဆင့်ဘွင့်ပြန်လျှင် ယခင်မသိသေးသော အ
ဟူသောပုဒ်ကိုဘွင့်ရန်ကျန်သေး၏။ အာရုံဟူသည်ကား
အပ်။ကြားအပ်။နံအပ်။လျက်အပ်။ထိအပ်။ သိအပ်သောတ
တည်းဟူ၍ဘွင့်ပြီးနောက်။ မြင်အပ်။ကြားအပ်။နံအပ်။ လ
အပ်၊ ထိအပ်သောတရားတို့ကိုထပ်၍မဘွင့်နိုင်ပြီ၊ ရူပါရုံ
အုံ၊ အပြုအနီအဝါစသည်ကိုလက်ညှိုးထိုး၍သာ ပြနိုင်
မည်ဟူလို၊

ဤသို့အဆင့်ဆင့်ဘွင့်သွားသော် နဒီယာဝဋ္ဋဒေါသ မ
ရအောင်အစေ့းသတိပြုရာ၏။ ။"နဒီယာဝဋ္ဋဒေါသ"ဟူသ
ကား။မြစ်၌ဝဲလည်သကဲ့သို့ဘွင့်ခြင်းတည်း၊ ။"က"ဟူသ
ကား "ခ"တည်း။ "ခ"ဟူသည်ကား "ဂ"တည်း။ "ဂ"
သည်ကား"ဃ"တည်း။"ဃ"ဟူသည်ကား"က"တည်း။
၍မူလအစကအနက်မသိသော"က"ပုဒ်ဖြင့်ထပ်၍ ဘွင့်သေ
ကခွတ်ကင်းချောက်သကဲ့သို့ ဤဒေါသ သင့်၏။ ။ဥပ
"စိတ်"ဟူသည်ကား "အာရုံ"ကို ကြံတတ်၊ သိတတ်သေ
တရားတည်း။"အာရုံ"ဟူသည်ကား"စိတ်"၏ မွေ့လျော်
ကြက်စားရာတည်း။ ဟူ၍ဘွင့်လျှင်ဤဒေါသမလွတ်။ ပရ
ဆရာတို့သတိထားကြလေ။ ။ဤကားမဏ္ဍိမတက္ကနယ
တို့ကိုဘွင့်ခြင်းနှင့်ဆိုင်သောစကားရပ်တို့တည်း။

၎င်းမဏ္ဍိမတက္ကနယ၌ ယုတ္တိသက်သေသာဓကထော

ခြင်းနှင့်စပ်လျဉ်း၍ ဆိုပေအံ့။ ။ယခုနှစ်မြစ်ရေကြီး၏။ အဘ
အယ်ကြောင့်ဆိုသော်။ အညာ၌မိုးသည်းရွာသောကြောင့်တည်း။
အဘယ်ကြောင့် အညာ၌ မိုးသည်းရွာသနည်းဟူမူ။ ပင်လယ်၌
မိုးစိုင်းရိပ်ဖြစ်သောကြောင့်တည်း။ အဘယ်ကြောင့် မိုးစိုင်းရိပ်
ဖြစ်ရသနည်းဟူငြားအံ့။ နေပူသောကြောင့်တည်း။ အဘယ်
ကြောင့် နေပူသနည်း ဟူ၍ထပ်၍မေးသည်ရှိသော်ကား သ
ဘောအားဖြင့်။တနည်း။မွေ့တာအားဖြင့် ပူ၏ဟူ၍သာ ဖြေဆို
နိုင်တော့မည်။၅ဤနေ၁ံဆုံးအဖြေကား ပူသောကြောင့်ပူ၏ဟူ၍
အဓိပ္ပါယ်ရောက်သောကြောင့် အဖြေစစ်မဟုတ်။ ပူခြင်းမှတ
ပါးသောအကြောင်းကွဲကို မပြောမဆိုနိုင်သောကြောင့်တည်း။
ဤသို့ပင်မပြောမဆိုနိုင်သော်လည်း။ ဘာ့ကြောင့်ဟူ၍ သုံးခါ
ထပ်နိုင်သောသူကို လောက၌ပညာရှိဟူ၍ မှတ်အပ်ပြီဟု ဆို
ကြ၏။ ။ဤသို့အဆင့်ဆင့်အကြောင်းပြရာ၌လည်းနဒီယာဝန္တ
ဒေါသ သင့်တတ်၏။ ၎င်းဒေါသသည် ချာယ ပိုင်းတွင် ထင်
ရှားလတ္တံ့။

ဤသို့ ယုတ္တိသက်ဗေ သာခကဖြင့် ထောက်ခံခြင်း၌။
အနုတ္တပနိုညာကိုထင်ရှားစေမှုသည်၊ ဥတ္တပနိုညာကိုထင်ရှား
စေမှုထက်ခဲယဉ်း၏။ ။ဥပမာ။ သဘော်ပျက်၍ လွင့်ပါး
သော သူတဦးသည် ကျွန်းတခုသို့ ရောက်သော် ဤကျွန်း၌
လူရှိသလော၊ မရှိသလောဟူ၍စိတ်၌အကြံဖြစ်၍ လူရှိ၊မရှိကို
ထင်လင်းသိသာရန် ဖှည့်လည် ကြည့်ရှုသော် အနည်းငယ်
ဖှည့်လည်လျှင်ပင် လူခြေရာကိုသောင်ပေါ်၌ တွေ့မြင်ထတ်
သော်။ ''ဤကျွန်း၌လူသူရောက်ဘူးပြီ,,ဟု ဥတ္တပနိုညာတခုကို
ပြောဆိုခွင့်ကိုရရှိပြီ။ ခြေရာတခုကိုတွေ့မြင်ရုံမျှနှင့် လူရောက်
ဘူးကြောင်းထင်ရှားလှလေပြီဟူလို။ ။''ဤကျွန်း၌လူမရောက်
ဘူးသေး,,ဟူသောအနုတ္တပနိုညာကိုကား၊ တကျွန်းလုံးနှံ့စပ်
အောင် သွားရောက်ကြည့်ရှု၍နိမိတ်တစုံတရာကို မတွေ့မမြင်
မှသာပြောဆိုခွင့်ရှိသည်။

ထာဝရဘုရားရှိ၏၊ထာဝရဘုရားမရှိ။ ယခုခေတ်၌ရဟန္တာရှိ၏၊ရဟန္တာမရှိ။ မဟာလောကခေတ်အနန္တတွင် ဘုရားအနန္တပွင့်၏။မပွင့်စသောဥတ္တ၊အနုတ္တပဋိညာတ်တွင်အနုတ္တပဋိညာကိုသက်သေထင်ရှားပြရန်လွယ်လွန်းသည်ဟူ၍မမှတ်အပ်၊ သို့ရာတွင်ထာဝရဘုရားရှိသည်၊ယခုကာလရဟန္တာရှိသည်၊မဟာလောကခေတ်၌ဘုရားအနန္တပွင့်သည်ကို ကျွန်ုပ်မသိဟူ၍ဆိုလျှင် သက်သေထင်ရှားပြရန်မိမိ၌ တာဝန်မဖြစ်။ ထာဝရဘုရားရှိ၏။ ယခုကာလ ရဟန္တာရှိ၏။ မဟာ လောကခေတ်၌ဘုရားအနန္တပွင့်၏ဟူ၍ဆိုသောသူတို့၌သာသက်သေထင်ရှားပြရန်တာဝန်ရှိသည်။ ထိုသူတို့ပြသောသက်သေကိုသာ မမှန်လျှင်အမှားဘမ်းရာ၏။

ဆရာပဏ္ဍကလ်၏အလိုအားဖြင့်တက္ကနယ၏အင်္ဂါတို့ကား၊

(၁) အနက်အသိခက်သော ကိလိဋ္ဌပုဒ်။ အနက်လျှို့ပါးသွယ်ရှိသောသံသယပုဒ်တို့ကိုအနက်မသွင့်ဘဲအသုံးမပြုရာ။

(၂) သံဝဏ္ဏနာ၌လည်း အနက်သိနားလည်ပြီးသောပုဒ်များဖြင့်သာသွင့်ရာ၏။

(၃) ကြီးရာ၌ ပကတိသဘောအားဖြင့် အလွန်ထင်ရှားသောသဘောတရားတို့ကိုသာအခြေအမြစ်ပြုရာ၏။

(၄) မထင်ရှားသော သဘောတရားတခုကို ထင်ရှားပြီးသောသဘောတရားဖြင့်သာသက်သေသာဓက ထောက်ခံရာ၏။ ။မထင်ရှား သေးသော အဆုံးအဖြတ် တရပ်ကိုထင်ရှားစေမှု။ ရှေး၌မိမိပြုပြီးသော တက္ကိက ဝစနတ်တို့ဖြင့်သော်၎င်း။ထင်ရှားလွန်း၍အခြေပါဒပြုထိုက်သောသဘောတရားတို့ဖြင့်သော်၎င်း။ရှေး၌သိနားလည်ပြီးသော အဆုံးအဖြတ်တို့ဖြင့်သော်၎င်း။ဒိဋ္ဌမျက်မြင်၊ကိုယ်တွေ့ဖြစ်သောသဘောတရားတို့ဖြင့်၎င်း။ ယုတ္တိသက်သေသာဓက ထောက်ခံရာ၏ ဟူလို။

(၅) အနက်လျှဉ်းပါးဘွယ်ရှိသော ပုဒ်တို့ကို အသုံးပြု တိုင်းပြုတိုင်းဖင်းပုဒ်တို့၏လိုအပ်သောအနက်ကိုစိတ်ထဲ၌ အခြသတိပြု၍ဆောင်ရာ၏။

ဆရာ်ဒကာရတ၏ အလိုအားဖြင့် တက္ကနယ၏ အင်္ဂါတို့ကား။

(၁) မိမိကိုယ်တိုင် ကြေနပ်ရချမှန်သည်ဟု မသိရသေးသောအရာ၌ယုတ္တိယုတ္တာမရှိဘဲနှင့်မယုံကြည်အပ်။ အာဝရိယဝါဒပင်ဖြစ်သော်သဉ်းယုတ္တိရှိ၊ မရှိကိုစိစစ်ရာ၏ဟူလို။ ။ဆရာ့စကားမှန်၊မမှန်ကိုမစိစစ်တတ်သောသူမှာ သင်စတပည့်နှင့်တူ၏။ မစိစစ်ဝံ့သော သူကား မိမိဏ္ဍာန်ဖြေနုသေးသည်ထင်မှတ်၍သူရဲဘောနည်းသောသူနှင့်တူ၏။ မိမိဏ္ဍာန်ပြေပင်ရင့်သော်လည်းဆရာ့စကား၏ယုတ္တိရှိ၊ မရှိကိုမစိစစ်လိုသောသူကားမိမိဆရာ့စကားသည် ဗေဒပသိကာဂုဏ်နှင့် မပြည့်စုံဟူ၍ထင်မှတ်သောသူနှင့်တူ၏၊ မိမိဆရာ့ဂုဏ်ကိုစိတ်မချ၍ ရှက်ချာရောက်၏ဟူလို။

(၂) ခဲယဉ်းသောအရာ၌သရုပ်ကိုခွဲစိတ်ဖြာ၍ ကြည့်ရှုရာ၏။

(၃) သရုပ်ခွဲရာ၌မကြွင်းမကျန်စေအပ်။

(၄) အလွယ်မှ အခက်သို့ တဆင့်ထက်တဆင့်တက်ရာ၌အကြံ၏အစဉ်ကိုမကျိုးစေအပ်။

[illegible] { ရိယ်းသွင်းတော ခု-သံ ယီက / မဂေ့ရှမပြောင်း-မရောင်းရ } [illegible]

pdf creator - Wanna Soe